SILVER STAR
FASHION SHOP

The VOICE Weekly

Vol.13 / No.21

Monday, June 26 - July 2, 2017

http://www.thevoicemyanmar.com

မိုးရာသီရဲ့
ညှော်သည်ဆိုး
စာ 25

တံငါသည်သား
ဆရာဝန်လောင်း
စာ 10

လျှာနှစ်ခွ
ကုန်သွယ်ရေး
မူဝါဒကြားမှ မူဆယ်
စာ 12

မိုးပျံ မြေလျှိုး
မြန်မာ့စီးပွား
စာ 39

တက္ကသိုလ်
ဘယ်ဘာသာကိုရွေးမလဲ
စာ 19

လျှပ်စစ်အတွက် မြန်မာတို့ရွေးချယ်ချိန်

Contents

EDITORIAL

20 လွတ်လပ်၍
သမာသမတ်ကျသော

NEWS ANALYSIS

36 နိုင်ငံခြားသားတို့အတွက်
ခွင့်ပြုသွင်းကုန်
အမယ်အသစ် –
အဖွင့်လား၊ အပိတ်လား

PERSPECTIVE

17 ဂျစ်ကန်ကန် ၂၁ ရာစု
ပင်လုံအလွန်

ရန်ကုန်က နေစရာအိပ်မက်

SOCIETY

16 အရိုးထဲက အနုပညာ

www.thevoicemyanmar.com Like us on

The VOICE Weekly

The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)

Chief Editor
Kyaw Min Swe

Deputy Chief Editor
Zeya Thu

Editor in-Charge
Thu Rein Hlaing@Khunn Thu

Managing Editor
Kyaw Naing

Contributor
Nathan Maung

Senior Executive Editors
Khine Cho Zaw Win Tin,
Zin Zin Thaw,
Mya Hnin Aye,
Aung Myint Htun,
Naw Ko Ko, Ye Naing Oo

Proof Editor
U Nine Bu

Photo Editor
Moe Kyaw Lwin

Foreign Affairs
Aung Nyein Chan

Editors
Sid Nyein Thu,
Aung Myo Htet

Contributing Writer
Khet Zaw, Yin Yin Hnoung

Graphic Editors
Hein Tint, Ei Mon Kyaw

Reporters
Ohmar Lwin, Naing Lin Aung,
Ya Lay, Khine Khine

Editorial Assistant
Swe Nyein Aye,
Su Eindray Oo

Photographer
Tun Tun Myint

Mandalay
Myat (Kalay)



လျှပ်စစ်အတွက် မြန်မာတို့ရွေးချယ်ချိန်

ရဲနိုင်ဦး၊ ဉမ္မာလွင်

မြန်မာသည် ရွေးချယ်ရတော့မည်။ မြန်မာ့ပကတိအခြေအနေနှင့် ကိုက်ညီသည့် တစ်စုံတစ်ခုသို့မဟုတ် ထိုထက်ပို၍ ရွေးချယ်ရပေလိမ့်မည်။

“ဆင်းရဲနွမ်းပါးမှုဆိုတာ သဘာဝအရ ဖြစ်တည်တာမဟုတ်ဘူး။ လူတွေလုပ်တာ” ဟု တောင်အာဖရိကသမ္မတ နယ်လ်ဆင်မင်ဒဲလားက ပြောခဲ့ဖူးသည်။

ဒီမိုကရေစီခရီး အစရောက်နေသည့် မြန်မာကိုခြိမ်းခြောက်နေသည့်ပြဿနာမှာ ဆင်းရဲနွမ်းပါးမှုဖြစ်သည်။ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင် မြန်မာတွင် သမ္မတဦးထင်ကျော်အစိုးရ တက်လာပြီးနောက် ယခင်အစိုးရများနည်းတူ ဆင်းရဲနွမ်းပါးမှု၏ ခြိမ်းခြောက်ခံနေရသည်။

မြန်မာ့လူဦးရေ၏ ၂၅ ဒသမ ၆ ရာခိုင်နှုန်းသည် ကမ္ဘာကသတ်မှတ်ထားသည့်ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ကျရောက်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် အဆင့် ၈ နေရာတွင် ရပ်တည်လျက်ရှိပြီး လာအိုနှင့် ဖိလစ်ပိုင်နိုင်ငံတို့နောက်၌ ရပ်တည်လျက်ရှိကြောင်း အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် ADB အစီရင်ခံစာများကဖော်ပြသည်။

ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန် လျှပ်စစ်မီးလိုပါသည်။ အကြောင်းမှာ လျှပ်စစ်မီးမရှိဘဲမည်သည့်နိုင်ငံမျှ ကမ္ဘာ့စီးပွားရေး၊ စစ်ရေးအင်အားကြီးနိုင်ငံဖြစ်မလာသောကြောင့်ပင်။

ထို့ကြောင့် မြန်မာသည် တစ်ခုခုကိုတော့ ရွေးချယ်ရပေလိမ့်မည်။

အရှိတရားကို အာရုံစိုက်ခြင်း

ပထဝီအနေအထား အားသာချက်နှင့် မည်မျှပင် အခွင့်အလမ်းကောင်းများရှိနေသည်ဖြစ်စေ မြန်မာ့လက်ရှိပကတိတရားကိုမျက်ကွယ်ပြုရန် မဖြစ်နိုင်ပေ။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် စာရင်းများအရလူတစ်ဦး၏ လျှပ်စစ်သုံးစွဲမှုကတစ်နှစ်လျှင် ၂၂၂ မဂ္ဂါဝပ်ဖြစ်သည်။ မြန်မာ

ဓာတ်ပုံ-မိုးကျော်လွင်

ဓာတ်ပုံ-မိုးကျော်လွင်

နိုင်ငံသည် တစ်ဦးချင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုတွင် အာဆီယံနိုင်ငံများအနက် အောက်ဆုံးတွင်ရှိသည်။ နိုင်ငံဖွံ့ဖြိုးလာသည်နှင့်အမျှ လူတစ်ဦး၏ လျှပ်စစ်သုံးစွဲမှုသည် တိုးတက်လာလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စု စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းသာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိပြီး အစိုးရက ခက်ခက်ခဲခဲဖြန့်ဝေနေရခြင်းဖြစ်သည်။ ကျန်ရှိသည့် အိမ်ထောင်စု ၆၇ ရာခိုင်နှုန်းမှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရ။ (ဒီဇယ်၊ ကိုယ်ပိုင်အစီအစဉ်စသည့် အခြားနည်းဖြင့် ဈေးကြီးပေးပြီး လျှပ်စစ်ဓာတ်အားရသူများလည်း ၆၇ ရာခိုင်နှုန်းတွင် ထည့်တွက်ထားသည်) မြန်မာတွင် လူတစ်ရာလျှင် ၂၅ ဦးသာ လျှပ်စစ်မီးရသည်။ လာအိုတွင် လူတစ်ရာလျှင် လူ ၈၀ က လျှပ်စစ်မီးရသည်။ ဗီယက်နမ်တွင် လူတစ်ရာလျှင် ၉၇ ဦးက လျှပ်စစ်မီးရသည်။

စီးပွားရေးအင်အားရှိရန် လျှပ်စစ်လိုသည်။ ကိန်းကဏန်းများက ညွှန်းဆိုသော မြန်မာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်လျှင် မြန်မာသည် ယခုတိုင်ဖွံ့ဖြိုးမှုအနည်းဆုံး (Least Developed Country-LDC) စာရင်းဝင်နိုင်ငံဖြစ်သည်။ Doing Business 2016 တွင်မူ မြန်မာ့နိုင်ငံသည် လုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲသည့် နိုင်ငံများစာရင်းတွင် အဆင့် ၁၇၀ ရှိနေသည်။ အဓိကတစ်ချက်မှာ လျှပ်စစ်မီးမရရှိသောကြောင့် ဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင်လည်း စီးပွားရေးကျဆင်းလျက်ရှိသည်ဟု မြန်မာ့စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းသာရှိတော့သည်။

စီးပွားရေးမကောင်းသော မြန်မာနိုင်ငံသည် ၂၀၁၀ က စတင်ခဲ့သည့် ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းကို ယခုတိုင် ရပ်ဆိုင်းထားရသည်က သက်သေပင်ဖြစ်သည်။

လျှပ်စစ်ရရှိရာအရင်းအမြစ်များ

ယေဘုယျအားဖြင့် လျှပ်စစ်ရရှိရာ အရင်းအမြစ် ခုနစ်ခုရှိပါသည်။ ရေအားမှ ထုတ်ယူခြင်း၊ ကျောက်မီးသွေးမှ ထုတ်ယူခြင်း၊ သဘာဝဓာတ်ငွေ့မှ ထုတ်ယူခြင်း၊ နေစွမ်းအင်မှ ထုတ်ယူခြင်း၊ လေစွမ်းအင်မှ ထုတ်ယူခြင်း၊ သဘာဝဓာတ်ငွေ့မှ ထုတ်ယူခြင်း၊ ဒီဇယ်လောင်စာမှ ထုတ်ယူခြင်းနှင့် နျူကလီးယားစွမ်းအင်မှ ထုတ်ယူခြင်းတို့ဖြစ်သည်။

အရင်းအမြစ်မျိုးစုံ၏ အားနည်းချက်၊ အားသာချက်များကို ဇယားတွင် ဖော်ပြထားသည်။

နျူကလီးယားကဲ့သို့သော လျှပ်စစ်ထုတ်ယူနည်းမှာ အကုန်အကျများရုံသာမက မြန်မာတွင် နည်းပညာလည်းမရှိချေ။ ပြည်ပကုမ္ပဏီများ လာရောက်လုပ်ကိုင်လျှင်လည်း နည်းပညာကိုမြန်မာတို့ရရှိမည်မဟုတ်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အငြိမ်းစားဒုတိယဝန်ကြီး ဦးမော်သာထွေးကဆိုသည်။ နျူးကလီးယားကြောင့်ဖြစ်လာသော စွန့်ပစ်ပစ္စည်း (Nuclear Waste) အတွက်လည်း လက်ရှိအချိန်ထိတိုင် နိုင်ငံကြီးများပင် အဖြေရှာမရ။

ရေအားမှ ထုတ်ယူသည့် စွမ်းအင်သည်ပင် အားနည်းချက်များမကင်း။ နေရာရွေးချယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကိုသေချာမလုပ်ပါက ဒေသခံများထိခိုက်မှုရှိနိုင်သည်။ ရေများကို ထိန်းသိမ်းထားသည့် တာတမံများကို သဘာဝဘေးခံနိုင်ရန်အထိ စနစ်တကျ တည်ဆောက်ရန်လိုသည်။ အဆိုပါတာတမံများ ကျိုးပျက်မှုကြောင့် ထိခိုက်ဆုံးရှုံးရမှုများရှိနိုင်သည်။

သို့သော်လည်း အာရှ၏ ဘက်ထရီဟုတင်စားသော အိမ်နီးချင်းလာအိုနိုင်ငံတွင် တည်ဆောက်ပြီး ရေအားလျှပ်စစ်စီမံကိန်း ၃၁ ခု၊ တည်ဆောက်ဆဲ ၆၄ ခုရှိပါသည်။ ယင်းစီမံကိန်းများမှ မဂ္ဂဝပ် ၂၀၀၀၀ နီးပါး ရရှိမည်ဖြစ်သည်။

မြန်မာတွင်လည်း ရေအားလျှပ်စစ်ထုတ်ရန် အားသာချက်များရှိသည်။ မြန်မာ၏ အားသာချက်မှာ မြောက်မှ တောင်သို့ သွယ်တန်းစီးဆင်းနေ သော မြစ်ကြီးလေးစင်းရှိသည်။ (ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း)။ ရေချိုအရင်းအမြစ် ပေါကြွယ်ဝသည်။ မြန်မာတွင် နှစ်စဉ်စီးဆင်းသောရေချိုသည် တစ်ကမ္ဘာလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်း၊ အာရှတိုက်၏ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ အရှေ့တောင်အာရှ၏ ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

အရင်းအမြစ်များအလိုက်ကောင်းကျိုးဆိုးကျိုးများရှိသည်။ အရင်းအမြစ်များအလိုက် လျှပ်စစ်တစ်ယူနစ် ထုတ်လုပ်မှုကုန်ကျစရိတ်များကိုအောက်တွင် ဖော်ပြထားသည်။ အဆိုပါကုန်ကျငွေတွင် ဖြန့်ဖြူးခြင်းအတွက် ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။ ပုံ (၁)

မြန်မာသည် ကိုယ့်အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် အရင်းအမြစ်တစ်ခု သို့မဟုတ် ထိုထက် ပိုမိုရွေးချယ်၍ လျှပ်စစ်ထုတ်ရမည်ဖြစ်သည်။ ယင်းသို့

ပုံ (၁) လျှပ်စစ်တစ်ယူနစ် ထုတ်လုပ်မှုစရိတ် (ကျပ်)



ပုံ (၂) ၂၀၃၀ ခုနှစ်အတွက် မျှော်မှန်း Generation Mix (လက်ရှိတွင် ပြင်ဆင်ရန်စီစဉ်နေသည်)



လျှပ်စစ်ထုတ်ယူရာတွင် ကာလတိုအတွက် အရင်းအမြစ်၊ ကာလရှည်အတွက် အရင်းအမြစ်ဟူ၍ သင့်လျော်ရာကိုရွေးချယ်နိုင်ပေသည်။

နိုင်ငံတိုင်းတွင် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်စနစ်ကို ကျင့်သုံးကြပါသည်။ မည်သည့်အရင်းအမြစ်မှ လျှပ်စစ်မည်မျှထုတ်မည်ဆိုသည့် အချိုးအစားကိုမူ နိုင်ငံ့စီးပွားရေးနှင့် အားသာချက်ပေါ်မူတည်၍ တွက်ဆကြပါသည်။ မြန်မာအတွက် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် Generation Mix (လျှပ်စစ်ထုတ်ယူနိုင်သည့် အရင်းအမြစ်အချိုးအစား) ကို ပုံ (၂) တွင် ဖော်ပြထားသည်။

၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် မျှော်မှန်းထားသည့် Generation Mix အရ ကျောက်မီးသွေးကို ၃၃ ရာခိုင်နှုန်းအထိ တိုးမြှင့်၍ လျှပ်စစ်ထုတ်ယူရန် စဉ်းစားထားကြောင်းတွေ့ရသည်။

"Power mix မှာ အမြန်ဆုံးလုပ်မယ်ဆိုတဲ့ အကြောင်းပြချက်ကိုဘဝင်မကျဘူး။ ကျောက်မီးသွေးကိုပဲ ဘာကြောင့်တွင်တွင်ပြောနေလဲ။ ပြန်ပြည့်မြဲစွမ်းအင် ၂၀ ရာခိုင်နှုန်းထက် ပိုလုပ်သင့်တယ်" ဟု ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ပြောကြားသည်။

ကျောက်မီးသွေးသည် လက်ရှိတွင် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ ကန့်ကွက်မှုအခံရဆုံး အရင်းအမြစ်ဖြစ်လျက်ရှိသည်။ ကန့်ကွက်မှုများရခြင်းမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သောကြောင့်ဖြစ်သည်။

ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် အဓိကအားသာချက်မှာ ကုန်ကျစရိတ်သက်သာခြင်းနှင့် အချိန်တိုအတွင်း မဂ္ဂါဝပ်များစွာထုတ်လုပ်နိုင်ခြင်းတို့ဖြစ်သည်။ ထို့ပြင် ကျောက်မီးသွေးကုန်ကြမ်းသည် လာမည့်နှစ်ပေါင်း ၁၀၀ အထိ ဝယ်ယူနိုင်ခြင်း (မြန်မာနိုင်ငံတွင် ထွက်သည့် ကျောက်မီးသွေးမှာ လျှပ်စစ်ထုတ်ရန် အရည်အသွေးမပြည့်ချေ) တို့ကြောင့် ဖြစ်သည်။

"ကျောက်မီးသွေးတွင်းကိုသွားဝယ်ထားတာက ဂျပန်တို့ အင်ဒိုတို့ က။ ကျောက်မီးသွေးကို ဈေးကစားလို့မရအောင်လုပ်ဖို့လိုတယ်" ဟု စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ဆိုသည်။

ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ငါးနှစ်အတွင်း မဂ္ဂဝပ်ထောင်ချီအထိ ဖြည့်တင်းနိုင်ခြင်းကဲ့သို့ အားသာချက်များလည်း ရှိသေးသည်။ ထို့ကြောင့် နိုင်ငံ၏ လတ်တလော လိုအပ်ချက်ကို ရေတိုအတွင်း ပြည့်မီနိုင်သည်။ သို့သော်လည်း ဂရုမပြုလျှင် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်နိုင်သည်။ ကျောက်မီးသွေးကိုမီးရှို့လျှင် ကာဗွန်ဒိုင်အောက်ဆိုက် (CO_2) ထွက်လာသည်။ CO_2 သည်ကမ္ဘာကြီးပူနွေးမှု၏ လက်သည်ပင်ဖြစ်သည်။ ထို့ပြင် လူကိုဒုက္ခပေးသော နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလည်းထွက်သည်။ ပြာထွက်သည်။ အမှုန်အမွှားထွက်သည်။ လေထဲသို့ရောက်သွားလျှင် အက်ဆစ်မိုးအဖြစ် ပြန်လည်ရွာသွန်းသည်။

သို့သော်လည်းလက်ရှိတွင် အမှုန်ကို ၉၉ ဒသမ ၉ ရာခိုင်နှုန်း၊ ဆာလဖာဒိုင်အောက်ဆိုက်ကို ၉၈ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင်အောက်ဆိုက်ကို ၉၂ ရာခိုင်နှုန်းအထိ သန့်စင်နိုင်သည့် Sub Critical, Super Critical, Ultra Super Critical နည်းပညာများပေါ်ထွက်လာပြီဟုဆိုကြ

ပုံ (၃) နှစ်အလိုက် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးလေလွင့်မှုများ



လျှပ်စစ်ထုတ်ယူနိုင်မည့် အရင်းအမြစ်များနှင့် အားသာချက်၊ အားနည်းချက်များ

	အရင်းအမြစ်	အားသာချက်	အားနည်းချက်	မှတ်ချက်
၁။	နျူကလီးယား	ဈေးသက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းခြင်း၊ ကုန်ကြမ်းဖြစ်သည့်ယူရေနီယမ်ကိုကမ္ဘာ့နိုင်ငံများမှ ဝယ်ယူနိုင်ခြင်း၊ လျှပ်စစ်ထွက်ရန် ခုနစ်နှစ်ခန့်သာကြာမြင့်ခြင်း၊	နည်းပညာအမြင့်များလိုအပ်ခြင်း၊ နိုင်ငံရေးကောင်းမွန်ရန်လိုအပ်ခြင်း၊ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများပင် နျူကလီးယား စွန့်ပစ်ပစ္စည်းကို မထိန်းသိမ်းနိုင်ခြင်း၊	မတော်တဆပေါက်ကွဲလျှင် မျိုးဆက်အလိုက် ဆုံးရှုံးမှုကြီးမား။
၂။	ရေအား	ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းခြင်း၊ မဂ္ဂါဝပ် (၃၀) အထက် စက်ရုံများကို ငါးနှစ်မှ ၁၀ နှစ်အတွင်း တည်ဆောက်နိုင်ခြင်း၊ နျူကလီးယားနှင့် ကျောက်မီးသွေးကဲ့သို့ ရေအရင်းအမြစ်ဝယ်ရန်မလိုခြင်း၊	စက်ရုံတည်ရှိရာတွင် ဒေသခံများ၏ လူမှုစီးပွားကို ထိခိုက်နိုင်ခြင်း၊ ဒေသခံများအပြောင်းအရွှေ့ဖြစ်ရခြင်း၊ မိုးနည်းချိန်တွင် လျှပ်စစ်ထုတ်ရန် အခက်တွေ့နိုင်ခြင်း၊	မြန်မာတွင် ရေအားအရင်းအမြစ် လုံလောက်စွာရှိခြင်း၊ တာတမံများကို ကောင်းမွန်ခိုင်ခံ့စွာ တည်ဆောက်ပြီး ထိန်းသိမ်းရန်လိုခြင်း၊
၃။	ကျောက်မီးသွေး	ကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးကိုလွယ်ကူစွာဝယ်ယူနိုင်ခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ အချိန်တိုအတွင်း လျှပ်စစ်မီးလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခြင်း၊ ငါးနှစ်အတွင်း လျှပ်စစ်မဂ္ဂါဝပ် ထောင်ဂဏန်းအထိ ဖြည့်တင်းနိုင်ခြင်း၊	နည်းပညာအမြင့်များမသုံးလျှင် လူနှင့် သဘာဝ ပတ်ဝန်းကျင်ကိုဆိုးရွားစွာထိခိုက်နိုင်ခြင်း၊ အက်ဆစ်မိုးများရွာသွန်းနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်သမားများ ပြင်းထန်စွာ ကန့်ကွက်လျက်ရှိခြင်း၊	လူနေထိုင်မှုနှင့်ဝေးသောနေရာတွင် တည်ဆောက်ရန်လိုသည်။
၄။	သဘာဝဓာတ်ငွေ့	သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းခြင်း၊ သဘာဝဓာတ်ငွေ့အရည်ကို သုံးပြီး နှစ်အနည်းငယ်အတွင်း ထုတ်ယူနိုင်ခြင်း၊	ဓာတ်ငွေ့စားနှုန်းနည်းသော စနစ်ကိုသုံးပါက ဓာတ်အားခဈေးမြင့်နိုင်ခြင်း၊	တွင်းထွက်လောင်စာဖြစ်ကာ အကန့်အသတ်ရှိသည်။
၅။	နေစွမ်းအင်	နေရာအကျယ်အဝန်းများစွာလိုအပ်ခြင်း၊ လျှပ်စစ်မဂ္ဂါဝပ်ရာဂဏန်းအတွက် အချိန်တစ်နှစ်အတွင်း ထုတ်ယူနိုင်ခြင်း၊ တစ်ပိုင်တစ်နိုင်ထုတ်လုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်မထိခိုက်ခြင်း၊	နေရောင်ခြည်ကောင်းစွာရမှ အလုပ်ဖြစ်ခြင်း၊ ဘတ်ဂျက်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သုံးစွဲရန်အခက်ကြုံခြင်း၊ ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်း၊	နေရောင်မရှိပါက စွမ်းအင်ရရှိမည်မဟုတ်ပါ။
၆။	လေစွမ်းအင်	သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းခြင်း၊ ပင်လယ်ပြင်နှင့် ကုန်းမြင့်များတွင် တပ်ဆင်နိုင်ခြင်း၊ လေတိုက်ရာလမ်းကြောင်းများကို သုံးနှစ်ခန့်အချိန်ယူတိုင်းတာရ၍ တည်ဆောက်ချိန်ကြာမြင့်ခြင်း၊	မုန်တိုင်း၊ ရာသီဥတုအခြေအနေကို လေ့လာရခြင်း၊ တည်ငြိမ်သည့် ဓာတ်အားမရခြင်း၊	သစ်တောထူထပ်မှု၊ တာဘိုင်ကို တစ်စုတစ်ဝေး ဆောက်ရန် နေရာကျယ်ကျယ်လိုအပ်မှု။

ဓာတ်ပုံ-မိုးကျော်လွင်

ပုံ (၄) လျှပ်စစ်တစ်ယူနစ် ထုတ်လုပ် + ဖြန့်ဖြူးစရိတ် (ကျပ်)



သည်။ နိုင်ငံစီးပွားရေးနှင့် တွက်ဆ၍ ကြိုက်သည့်နည်းပညာဖြင့် တည်ဆောက်နိုင်ပြီဖြစ်သည်။

သို့သော်လည်း ဤကဲ့သို့နည်းပညာဖြင့် တည်ဆောက်မည်ဆိုလျှင် ကုန်ကျစရိတ်မှာ ပိုမိုမြင့်တက်လာသည်။ ကျောက်မီးသွေးသက်သက်မျှ ဈေးမပေါတော့။

အခြေခံအားဖြင့်ကျောက်မီးသွေးစက်ရုံများကို လူသူဝေးသည့်နေရာများတွင် တည်ဆောက်ကြသည်။ သို့သော်လည်း ဂျပန်ကဲ့သို့နိုင်ငံတွင် လူနေအိမ်ခြေများအနီးတွင်ပင် တည်ဆောက်ထားသည်။ ဂျပန်နိုင်ငံရှိတာခဲဟာရ (TAKEHARA) ကျောက်မီးသွေးသုံးစက်ရုံသည် Clean Coal Technology ဟုအခေါ်များသည့် နည်းပညာသုံးထားသည့် ကမ္ဘာပေါ်ရှိ ညစ်ညမ်းမှုအနည်းဆုံး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် တစ်ရုံဖြစ်သည်။

တကယ်တမ်း Clean Coal Technology ဆိုသည်မှာ သန့်စင်သော ကျောက်မီးသွေးမဟုတ်ဘဲ ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာသော ညစ်ညမ်းမှုများကို လူထုအကြား၊ ပတ်ဝန်းကျင်အကြား မရောက်အောင် နည်းပညာဖြင့် အဆင့်ဆင့် ပြုလုပ်ရခြင်းဖြစ်သည်။

သို့သော် မြန်မာနိုင်ငံတွင် အဓိကပြဿနာမှာ အုပ်ချုပ်ရေး ယန္တရား၏ ခြစားမှု၊ စောင့်ကြည့်ကြီးကြပ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးမှုဖြစ်သည်။ သာမန်ကျောက်မီးသွေးတွင်းကဲ့သို့သော လုပ်ငန်းများကိုပင် စောင့်ကြည့်ကြီးကြပ်နိုင်ခြင်း၊ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိ၊ ထိုအခါ ညစ်ညမ်းမှုကို လျှော့ချနိုင်သည်ဆိုသည့် နည်းပညာသုံး ကျောက်မီးသွေးသုံးလုပ်ငန်းများကို မည်သို့ကြီးကြပ်နိုင်မည်နည်း။

မြန်မာတွင် ရှမ်းပြည်နယ်၌ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ပြီးနောက် ဒေသခံများမှာ ကျန်းမာရေးချို့တဲ့သူများဖြစ်ပေါ်လာခဲ့သည်။ ကျောက်မီးသွေးစက်ရုံမှ စွန့်ပစ်ရေဆိုးများ လယ်ကွက်ထဲသို့ရောက်ရှိပြီး သီးနှံများပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည်။ လက်ရှိတွင်မူ ကျောက်မီးသွေးစက်ရုံမှထွက်ရှိသည့် ဓာတ်ငွေ့ပမာဏကို ကမ္ဘာ့စံနှုန်းများနှင့်ချိန်ထိုး၍ ပြည်သူများသိရန် ပြသထားသည်။

“အခု ကျောက်မီးသွေးစက်ရုံမဆောက်သေးတာတောင် သူတို့မှာ အင်အားကြီးနေတယ်။ ကျောက်မီးသွေးဆောက်ပြီး လျှပ်စစ်တကယ်ပေးလိုက်ရင် သူတို့ပေးထားတဲ့ကတိတွေ အကုန်ချိုးဖောက်လို့တယ်။ အဲဒီချိုးဖောက်တဲ့သာဓကတွေကလည်း အင်ဒိုနီးရှားမှာတွေ့ရတယ်” ဟု စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမျိုးသူက ဆိုသည်။

“အခုရှမ်းပြည်တီကျစ်ပဲကြည့်လေ။ တည်ပြီးသွားတဲ့အခါ ပြဿနာတက်တော့ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ သူတို့အကြိုက်ပဲ လိုက်လုပ်ပေးရတာဖြစ်တယ်”

သူတို့ဆိုသည်မှာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်။ ၎င်းတို့ပေးသည့် ကတိမတည်ခြင်း၊ စည်းမျဉ်းချိုးဖောက်ခြင်းတို့အပေါ် မြန်မာနိုင်ငံအရေးယူမှု မရှိသလောက် အားနည်းခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လ ၇ ရက်နေ့ကမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဗဟိုအလုပ်အမှုဆောင် ဦးဝင်းထိန်က ကျောက်မီးသွေးဆန္ဒပြသူများကို ကြောက်နေရန်မလိုဘဲ လျှပ်စစ်မီးရရှိပါက အသံတိတ်သွားမည်ဟုပြောဆိုထားသည်။ NLD ထိပ်တန်းပုဂ္ဂိုလ်တစ်ဦး၏ အဆိုပါမှတ်ချက်က မြန်မာ့စွမ်းအင်မူဝါဒအပေါ် တစ်စုံတစ်ရာ သက်ရောက်မှုရှိနိုင်မည်လား။

လက်ရှိတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ပြည်နယ်အစိုးရက ထောက်ခံထားသည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်က ပြောကြားသည်။

“ဒီကျောက်မီးသွေးကို ကျွန်မစိတ်ဝင်စားတာကြာပြီ။ လျှပ်စစ်မီး ဘယ်

နိုင်ခံ့သေသပ်လှပ ဈေးနှုန်းချိုသာသော.....

လူနေအိမ်များ၊ စက်ရုံများ၊ ရုံးခန်းများ၊ ဂိုဒေါင်များနှင့် အမိုးအကာ၊ ခြံစည်းရိုးများကို Steel Structure ဖြင့် ဓရ၊ မီး ဆေးအစုံပါဝင်ပြီး ဈေးနှုန်းဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ ဆောက်လုပ်ပေးနေပါပြီ။

PTG (Yangon) Co.,Ltd.

Contact ph: 09 -79 423 7423, 78 4333 367

ဓာတ်ပုံ-မိုးကျော်လွင်

ဓာတ်ပုံ-မိုးကျော်လွင်

က ရရှိနိုင်လဲ။ မြန်မြန်ဆန်ဆန်နဲ့ လူထုလက်ထဲရောက်နိုင်တယ်။ ကျွန်မကတော့ ပြတ်ပြတ်သားသားပြောနိုင်တယ် ကျွန်မလုပ်တာကို တာဝန်ယူရဲတယ်။ ဒီလုပ်ငန်းကို ကျွန်မဦးဆောင်ပြီးတော့ ကြိုးစားဆောင်ရွက်ပေးခဲ့တယ်။ ကျွန်မတို့လိုပဲ တိုင်းနှင့် ပြည်နယ်တွေအကုန်လုံးက ဒီလမ်းကိုလိုက်ကြပါ”

ကရင်ပြည်နယ်တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်ပြီး TTCL ကုမ္ပဏီမှ ဇွန်လ ၂၁ ရက်နေ့တွင်ပြုလုပ်သည့်ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်ဆိုင်ရာဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ကပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် Generation Mix အချိုးအစားကိုပြန်လည်ပြုပြင်ရန် လုပ်ဆောင်လျက်ရှိသည်ဟု ဦးစိုးမြင့်က ဆိုသည်။ လက်ရှိအချိုးအစားတွင် ကျောက်မီးသွေးက ၃၃ ရာခိုင်နှုန်း ပါဝင်နေသောကြောင့် အချိုးအစား မျှတရန် ပြန်လည်ပြင်ဆင်နေရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မည်သည့်အရင်းအမြစ်မှထုတ်လုပ်မည်ကိုအငြင်းပွား၍ အချိန်ကုန်လျက်ရှိသည်။ လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများလည်း ရှိသေးသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားပျောက်ဆုံး (ဆုံးရှုံး) မှုမှာထုတ်လုပ်မှု၏ ၂၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ထုတ်လျှင် ၇၅ မဂ္ဂါဝပ်ကျော်သာ အသုံးပြုနိုင်ခြင်းဖြစ်သည်။ နှစ်အလိုက်လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုကိုပုံ (၃) တွင် ဖော်ပြထားသည်။

လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုတွင် နည်းပညာပိုင်းအရ လေလွင့်ပျောက်ဆုံးမှုနှင့် ဝန်ထမ်းများကြောင့် ပျောက်ဆုံးမှုဟူ၍နှစ်မျိုးရှိပြီး ယင်းသို့ပျောက်ဆုံးမှုကြောင့် တစ်ယူနစ် မီတာခပိုမိုကြီးမြင့်လာရသည်။ ထို့ပြင် လျှပ်စစ်တစ်ယူနစ်လျှင် ၂၃ ကျပ်အရှုံးပေါ်နေသည်ကို ကုစားရန်လိုအပ်လျက်ရှိသည်။

အရင်းအမြစ်များအလိုက် လျှပ်စစ်ဓာတ်အားတစ်ယူနစ်ဈေးနှုန်းများကိုပုံ (၄) တွင် ဖော်ပြထားသည်။

ရွေးရမည့်အချိန်

သဘာဝပတ်ဝန်းကျင်သမားက သဘာဝပတ်ဝန်းကျင်အကြောင်းကိုပြောပါလိမ့်မည်။ စီးပွားရေးသမားက အမြတ်ကိုပြောပါလိမ့်မည်။ အစိုးရကမူ ပြည်သူ့အကျိုးစီးပွားကို ဦးတည်ကာ မျှတစွာရွေးချယ်တတ်ရပေလိမ့်မည်။

မည်သည့်အရင်းအမြစ်ကိုရွေးချယ်သည်ဖြစ်စေ အကောင်းအဆိုးများ ဒွန်တွဲရှိနေသောကြောင့် စနစ်တကျလုပ်ရန်လိုသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လည်းလိုသည်။ အစိုးရအပေါ် ပြည်သူက မယုံကြည်လျှင် ကန့်ကွက်နေကြမည်ဖြစ်သည်။ ပြည်သူ့ယုံကြည်မှုရရှိရန်သည် လက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိချေ။

ထို့ကြောင့် အစိုးရ၏စီမံကိန်းများကို ပြည်သူလူထုသို့ သေချာရှင်းပြရန်လိုအပ်သည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး ဦးမော်သာထွေးက ဆိုသည်။

ဒေသခံများရပ်ရွာတွင် စီမံကိန်းများ အကောင်အထည်ဖော်မည်ဆိုပါက စီမံကိန်းအကျိုးကိုဒေသခံများကို ဦးစွာခံစားစေသင့်သည်။ ဒေသခံများ မထိခိုက်အောင် မည်သို့ဆောင်ရွက်မည်ကိုလည်း နှုတ်အားဖြင့် သာမက ယန္တရားစနစ်အားဖြင့်ပါ အာမခံနိုင်ရမည်။ သို့မှသာ စီမံကိန်းဖြစ်လာလည်း ‘ငါတို့မှ မခံစားရတာ’ ဟူသည့်အတွေးများဖြင့် ကန့်ကွက်မှုများကို လျှော့ချနိုင်မည်။

လက်ရှိတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာတွင် တည်ဆောက်မည့် ၁၂၈၀ မဂ္ဂါဝပ် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းသို့ ပေးမည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံများသည် လျှပ်စစ်ဓာတ်အားရရန် မသေချာ။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခံစားရနိုင်ခြေရှိသည့် ဒေသခံများက ကန့်ကွက်ကြခြင်းဖြစ်သည်ဟု ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ရှားမှုကွန်ရက်အဖွဲ့ဝင် စောသာဖိုးက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးမည်သည်ကိုဦးစားပေးမည်နည်း။ သို့မဟုတ် နှစ်ခုလုံးဘက်စုံ ဦးစားပေးနိုင်သည့် အခြေအနေများ မြန်မာတွင်ရှိနေပြီလား။ ဤသို့မဟုတ်လျှင် ရွေးချယ်ကြရပါလိမ့်မည်။ ဤပုံစံအတိုင်း အငြင်းပွားနေရုံဖြင့် မီးထိန်ထိန်လင်းလာမည်မဟုတ်ပါ။ အရင်းအမြစ်များအားလုံးကိုကန့်ကွက်၍မရ။ ကန့်ကွက်လျှင် လျှပ်စစ်မီးမရ၊ မီးမရလျှင် စီးပွားရေးမကောင်း။

မြန်မာနိုင်ငံ၏ ယခုဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်က ယူနစ်သန်းပေါင်း ၁၉,၀၀၀ ကျော်ဖြစ်သည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်က ယူနစ်သန်းပေါင်း ၆၃,၈၁၃ ဖြစ်လာမည်။ ထို့ကြောင့် တစ်နှစ်လျှင် မဂ္ဂါဝပ် ၅၀၀ ထုတ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန်လိုအပ်နေမည်ဖြစ်သည်ဟုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။

မည်သို့ဆိုစေ မြန်မာပြည်သူ ၁၀၀ လျှင် ၇၅ ဦးက မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရ။ အများစုမှာကျေးလက်များတွင် နေထိုင်ကြသည်။ ထို့ကြောင့် အများစုမှာ လယ်သမားများ၊ စိုက်ပျိုးသူများနှင့် လက်လုပ်လက်စားများဖြစ်မည်မှာ မလွဲပေ။

လျှပ်စစ်မီးရရန် အရင်းအမြစ် တစ်ခုခုကို ရွေးချယ်ရပေမည်။ သို့မဟုတ် တစ်ခုထက်ပို၍လည်း ရွေးချယ်ရပေမည်။ ဆင်းရဲနွမ်းပါးမှုဆိုသည် လူတို့လုပ်သည့်အရာပင် မဟုတ်ပါလား။

ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့နယ် မင်းရွာဆိပ်ကြီးကျေးရွာတွင် နေထိုင်သူ ကိုလှမိုးက ဒလဆိပ်ကမ်းတွင် ဆိုင်ကယ်ကယ်ရီမောင်းသူဖြစ်သည်။ ၇၅ ဦးထဲတွင် ကံထူးစွာ ပါဝင်နေသူ ကိုလှမိုးသည် သူက ညအမှောင် များကို ဘက်ထရီအိုးတစ်လုံး တစ်နေ့နှစ်ရာကျပ်ဖြင့်အငှားသုံး၍ အန်တုနေရသူဖြစ်သည်။

“ကျွန်တော်တို့အတွက်တော့ မီးရဖို့အရေးကြီးတယ်။ မီး ဘယ်လိုပဲရရ၊ မီးရှိမှ အရာအားလုံး လုပ်လို့ရမယ်” ဟု ၎င်းကဆိုလေသည်။ ■

“ချေးငွေရဖို့အတွက် ကော်မရှင်ခပေးရတယ်ဆိုတာမျိုးကြားရင် ကျွန်တော်တို့ကိုပြောပါ”

CB ဘဏ် ချေးငွေဌာနတာဝန်ခံနှင့် တွေ့ဆုံခြင်း

စစ်ငြိမ်းသူ

အသေးစား၊ အလတ်စားလုပ်ငန်း (SME) များအတွက် ချေးငွေအာမခံစနစ် (Credit Guarantee Insurance)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ချေးငွေနှင့် ဂျာမနီနိုင်ငံပိုင် ဖွံ့ဖြိုးရေးဘဏ် (KFW) တို့၏ ချေးငွေများထုတ်ချေးနေမှုနှင့်ပတ်သက်၍ ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော သမဝါယမဘဏ် (CB) ၏ SME ချေးငွေဌာနတာဝန်ခံဦးစောဒီနိုကူးနှင့် The Voice က တွေ့ဆုံမေးမြန်းထားခြင်းဖြစ်ပါသည်။

Voice : အခုလက်ရှိအသေးစား၊ အလတ်စားချေးငွေတွေကို နောက်ထပ်အသစ်ထပ်ပေးဖို့ လုပ်နေတာတွေ ရှိပါသလား။

SDNK : ဒီနှစ် ဇွန်လ ၁၂ ရက်နေ့တုန်းက CB ဘဏ်နဲ့ KFW ဆိုတဲ့ဂျာမနီဘဏ်ကနေတစ်ဆင့် ပံ့ပိုးထားတဲ့ ချေးငွေအသစ်ရှိတယ်ဗျ။ အဲဒါကို ဩဂုတ်လမှာစဖို့ရှိပါတယ်။ အဲဒီမတိုင်ခင် ကျွန်တော်တို့မြန်မာ့အာမခံနဲ့ CB ဘဏ်နဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဗဟိုဌာနနဲ့ ပူးပေါင်းလုပ်ထားတဲ့ ချေးငွေအာမခံ (CGI) ဆိုတာရှိပါတယ်။ အဲဒီချေးငွေအာမခံက တော်တော်ကြီးကို ပေါ်ပြူလာဖြစ်တယ်။ အခုလက်ရှိ အခြေအနေမှာ အသေးစား၊ အလတ်စား (SME) လုပ်ငန်းရှင် ၁၁၅ ဦး၊ သိန်းပေါင်းတစ်သောင်းကျော်ချေးပြီးသွားပြီ။ ဒီချေးငွေကကျတော့ အပေါင်ပစ္စည်းမပါဘဲနဲ့ ချေးလို့ရတယ်။ ကျွန်တော်တို့ဘဏ်က ၁၃ ရာခိုင်နှုန်းအတိုး ယူတယ်။ မြန်မာ့အာမခံကိုချေးငွေယူမယ့် သူက ၃ ရာခိုင်နှုန်းသွင်းရတယ်။ တစ်နှစ်ကို ၁၆ ရာခိုင်နှုန်းအတိုးပေါ့။ သိန်း ၅၀ ကနေပြီးတော့ သိန်း ၂၀၀ အထိချေးပေးတယ်။

Voice : SME ချေးငွေအတွက် ဘယ်လုပ်ငန်းမျိုးကိုမဆိုထုတ်ချေးတာလား။

SDNK : လုပ်ငန်းနဲ့ပတ်သက်ပြီး ကန့်သတ်ထားတာတော့မရှိဘူး။ ဒါပေမဲ့အရက်ချည်းပဲရောင်းတဲ့ဆိုင်၊ လုပ်ငန်းတွေ မချေးဘူး။ စားသောက်ဆိုင်လိုဟာမျိုးဘီယာနဲ့ စားစရာ တွဲရောင်းတာမျိုးဆိုရင်တော့ရတယ်။ ကေတီဗီ၊ ကာရာအိုကေလို ဖျော်ဖြေရေးလုပ်ငန်းတွေကိုမချေးဘူး။ နောက်ပြီး လုပ်ငန်းကအလားအလာတော့ ရှိတယ်။ ဒါပေမဲ့ သူ့လုပ်ငန်းရဲ့စွန့်ပစ်ပစ္စည်းတွေကပတ်ဝန်းကျင် ညစ်ညမ်းစေတဲ့လုပ်ငန်းတွေဆိုရင် လောလောဆယ်မှာချေးငွေမပေးဘူး။ မပေးဘူးဆိုတာက ချေးငွေပေးဖို့ ငြင်းတာမျိုးမဟုတ်ဘူး။ သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းတွေပြည့်မီအောင်လုပ်နိုင်ရင် ကျွန်တော်တို့ဆီလာပြီးတော့ ချေးငွေချေးနိုင်တယ်။ နောက်တစ်ခုကလက်ဖက်ရည်ဆိုင်တွေ၊ အဲဒီဆိုင်တွေမှာ ကလေးလုပ်သားတွေ သုံးတဲ့ဆိုင်တွေကိုချေးငွေမပေးဘူး။ သူများကိုခေါင်းပုံဖြတ်ပြီး အမြတ်ရှာတဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ဘဏ်ရဲ့ချေးငွေနဲ့လုပ်တာမျိုးမဖြစ်စေချင်ဘူး။ ပုံမှန်အသက်ပြည့်တဲ့သူတွေကိုသုံးမယ်ဆိုရင်တော့ အချိန်မရွေး ကျွန်တော်တို့ဆီမှာချေးငွေရယူနိုင်ပါတယ်။

Voice : လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်၊ မှတ်ပုံတင်ထားတဲ့လုပ်ငန်းဆိုတာမျိုးကဒီမှာ အတော်နည်းသေးတယ်။ ဆိုတော့ ချေးငွေထုတ်ပေးရာမှာ ဒီဟာကို ဘယ်လိုစိစစ်ပြီး ထုတ်ချေးသလဲ။

SDNK : များသောအားဖြင့် လုပ်ငန်းတွေကတော့ စည်ပင်လိုင်စင်တော့ ရှိကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာချေးငွေအာမခံနဲ့ ချေးငွေရယူမယ်ဆိုရင်တော့ အသေးစား၊ အလတ်စားလုပ်ငန်း ဗဟိုဌာနမှာ လုပ်ငန်းမှတ်ပုံတင်ထားရမယ်။ ပြီးရင် သူတို့ဆီက ထောက်ခံချက်တောင်းရမယ်။ ထောက်ခံချက်ရတော့မှ လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ သုံးနှစ်ဘဏ္ဍာရေးရှင်းတမ်း၊ အခွန်ဆောင်ထားတဲ့ဟာတွေ၊ လုပ်ငန်းစီမံချက်တွေနဲ့ ကျွန်တော်တို့ဆီမှာလာပြီးတော့ချေးငွေလျှောက်လို့ရတယ်။

Voice : ချေးငွေလျှောက်တဲ့အချိန်ကနေ ချေးငွေရတဲ့အချိန် ဘယ်လောက်ကြာသလဲ။

SDNK : စာရွက်စာတမ်းတွေ ပြည့်စုံတယ်ဆိုရင် သုံးပတ်ကနေ တစ်လလောက် ကြာတတ်တယ်။ နောက်ပိုင်းမှာတော့ နှစ်ပတ်အတွင်းချေးငွေ ရနိုင်အောင် လုပ်နေပါတယ်။ ဒါပေမဲ့ လက်ရှိအနေအထားမှာအမှန်အတိုင်းပြောရရင် ကျွန်တော်တို့ ဝန်ထမ်းပိုင်းကိုလည်း အရည်အသွေးပိုပြီးမြှင့်ရမှာတွေရှိသေးတာပေါ့။

Voice : ချေးငွေရယူထားတဲ့ လုပ်ငန်းတွေမှာ ဘယ်လိုလုပ်ငန်းတွေများသလဲ။ ဘယ်ဒေသတွေကလဲ။

SDNK : အခုလက်ရှိမှာတော့ ကုန်ထုတ်လုပ်ငန်းတွေများတယ်။ အသေးစားလုပ်ငန်းတွေ ဥပမာ သပိတ်ထုတ်တဲ့ လုပ်ငန်းတွေ၊ စက်နဲ့ထုတ်တာပေါ့။ ပြီးတော့ ဆေးထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ တချို့ရုပ်ရှင် သရုပ်ဆောင်တွေလည်းလာချေးကြတယ်။ သူတို့ကိုယ်ပိုင်စီးပွားရေးပိုးထည်ဆိုင်ဖွင့်တာမျိုးပေါ့။ နောက် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေလည်း ပါတယ်။ ဒေသအလိုက်ဆိုရင်တော့ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ရောဝတီ၊ မကွေး၊ ရှမ်း၊ မွန်ပြည်နယ်တို့က လုပ်ငန်းတွေပေါ့။ ရန်ကုန်ကတော့ အများဆုံးပေါ့။ ရန်ကုန်က များတယ်ဆိုတာကလည်းအသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဗဟိုဌာနရဲ့ထောက်ခံချက်နဲ့တက်လာတဲ့ဟာတွေက ရန်ကုန်ကလုပ်ငန်းတွေများနေတာကြောင့်ပါ။ နောက်ပိုင်းတော့ တခြားတိုင်းနဲ့ပြည်နယ်တွေကိုလည်းလုပ်ဖို့ရှိပါတယ်။

Voice : ချေးငွေလျှောက်ပေမယ့် ချေးငွေမရဘူး၊ ငြင်းပယ်ခံရတယ်ပေါ့။ ချေးငွေရတဲ့သူကရပြီး မရတဲ့သူက မရဘူးဖြစ်နေကြတော့ ဘဏ်နဲ့သိမှရတယ်ဆိုတာမျိုးပြောကြရတာရှိတယ်။ ချေးငွေရတယ်၊ မရဘူးဖြစ်ရတဲ့အကြောင်းက ဘာကြောင့်ပါလဲ။

SDNK : ငြင်းပယ်တယ်လို့တော့ ကျွန်တော်တို့မသတ်မှတ်ပါဘူး။ သတ်မှတ်ထားတဲ့ဘောင်အတွင်းမဝင်တဲ့လုပ်ငန်းတွေကိုတော့ သူတို့ရဲ့စာရွက်စာတမ်းတွေပြန်ပေးလိုက်တာပေါ့။ ဒီမှာတစ်ခုရှိတာကချေးငွေလျှောက်တဲ့လုပ်ငန်းတွေကိုစာရွက်စာတမ်းတွေ အကုန်တောင်းလိုက်တယ်ပေါ့၊ အမှန်ကစလာလျှောက်ကတည်းက ဒီလုပ်ငန်းကကိုယ့်သတ်မှတ်ချက်နဲ့ ဖြစ်နိုင်လား၊ မဖြစ်နိုင်ဘူးလားဆိုတာကို ချက်ချင်းအကြောင်းပြန်လိုက်တာ ကောင်းတယ်။ အဲဒီလိုလုပ်ရမှာပေါ့နော်။ ဒါကိုလွတ်သွားပြီးလုပ်ငန်းရှင်တွေကို စာရွက်စာတမ်းတွေပေးပါဆိုပြီးလုပ်လိုက်တော့ စာရွက်စာတမ်းတွေပြည့်စုံတဲ့အခါလည်းကျရောဒီလုပ်ငန်းက ဘဏ်ရဲ့မူနဲ့မကိုက်တာမျိုး၊ နောက်တစ်ခါတချို့လုပ်ငန်းတွေရဲ့ ချေးငွေပမာဏက သိန်း ၂၀၊ ၃၀ လောက်ပဲချေးတာကျတော့ ကျွန်တော်တို့ဘဏ်အတွက် အဲဒီလောက်ပမာဏအထိဆင်းပြီး လုပ်ဖို့က နည်းနည်းလေးခက်ခဲတယ်။ ဒီလိုလုပ်ငန်းမျိုးဆိုရင် များသောအားဖြင့် သက်ဆိုင်ရာဒေသမှာရှိတဲ့အသေးစားငွေကြေးလုပ်ငန်းတွေနဲ့ဆက်သွယ်ပါဆိုပြီး အကြောင်းပြန်လိုက်တယ်။ ဒါပေမဲ့ အကြောင်းပြန်တဲ့အချိန်ကတော့ တော်တော်လေးလွန်သွားတာပေါ့။ သူတို့စောင့်ရတဲ့အချိန် ခြောက်လ၊ ခုနစ်လလောက်အတွင်းမှာသူတို့အတွက်လည်းနစ်နာမှုရှိတာပေါ့။ နောက်တစ်ခုကစားသုံးသူတွေအတွက် ဘယ်လောက်အထိ ဘေးကင်းလုံခြုံမှုရှိသလဲဆိုတာ မသိနိုင်တဲ့လုပ်ငန်းမျိုးတွေကို ချေးငွေလျှောက်လွှာပြန်ပေးလိုက်တာမျိုးရှိတယ်။ အကယ်၍ ကျွန်တော်တို့ချေးငွေထောက်ပံ့ပြီးမှ ဒီလုပ်ငန်းကစားသုံးသူတွေကို တစ်စုံတစ်ခုထိခိုက်မှုရှိတယ်ဆိုရင် ဘဏ်ရဲ့ Reputation Risk ပေါ့။ နာမည်ဂုဏ်သိက္ခာကိုလည်းထိခိုက်နိုင်တယ်။ နောက်တစ်ခု ဘာတွေ့ရလဲဆိုတော့ လူတွေကဘဏ်ကချေးငွေယူဖို့ဘာလုပ်ငန်းပြရမလဲလို့ ကျွန်တော်တို့ကိုမေးတတ်တယ်။ အမှန်တကယ်က သူတို့ဘက်ကလုပ်ငန်းပြလို့ ကျွန်တော်တို့က ငွေချေးတာ။ ရှိပြီးသားလုပ်ငန်းကို ထပ်တိုးတက်စေချင်လို့ ငွေချေးတာ။ သူတို့ကငွေချေးချင်လို့ လုပ်ငန်းပြတာဖြစ်နေတယ်။

Voice : အခုက SME တွေအတွက် ချေးငွေအာမခံစနစ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရဲ့ SME ချေးငွေစတဲ့ ချေးငွေတွေရှိနေတော့ ဒီချေးငွေတွေရဲ့ သက်တမ်းနဲ့ ကွာခြားချက်တွေကဘာတွေရှိလဲ။

SDNK : ချေးငွေအာမခံစနစ် (CGI) က သိန်း ၂၀၀ အထိအပေါင်မလိုချေးငွေပေါ့။ ဂျာမနီနဲ့လုပ်မယ့်ဟာကသိန်းတစ်ထောင်အထိချေးလို့ရတယ်။ တချို့ SME တွေသိန်း ၃၀၀၊ ၅၀၀ ချေးချင်သူတွေကို ဒီဂျာမနီချေးငွေနဲ့ ပေးလို့ရတာပေါ့။ KFW ချေးငွေကိုမြန်မာ့စီးပွားရေးဘဏ်ကနေ ကျွန်တော်တို့က ၃ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ထပ်ဆင့်ချေးငွေ ယူတယ်။ ကျွန်တော်တို့က လုပ်ငန်းရှင်တွေကို ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ပြန်ချေးတယ်။ ချေးငွေသက်တမ်းက တစ်နှစ်ကနေငါးနှစ်အထိ ပေးတယ်။ CGI ကတော့ တစ်နှစ်ပဲ။ နောက်တစ်ခုက KFW ချေးငွေရဲ့ ၇၅ ရာခိုင်နှုန်းကို မရွှေ့ပြောင်းနိုင်တဲ့ဟာတွေ၊ စက်ရုံအလုပ်ရုံဆောက်တာတို့၊ စက်ပစ္စည်းဝယ်တာတို့မှာသုံးရမယ်။ ကျန် ၂၅ ရာခိုင်နှုန်းကိုလုပ်ငန်းငွေလည်ပတ်မှုမှာသုံးရတယ်။ ဒီမှာထူးခြားချက်က ၇၅ : ၂၅ ရာခိုင်နှုန်းသတ်မှတ်ထားပေမယ့် လုပ်ငန်းရှင်တစ်ဦးချင်းစီအတွက် သတ်မှတ်တာမဟုတ်ဘဲ KFW ချေးငွေစုစုပေါင်းမှာ ဒီသတ်မှတ်ချက် ပြည့်မီရင်ရပြီ။ အကယ်၍ ငွေလည်ပတ်မှု အတွက်သီးသန့်ချေးချင်သူတွေကိုလည်း စီစဉ်ပေးလို့ရတာပေါ့။ JICA ချေးငွေကျတော့ အဲဒီလိုမဟုတ်ဘူး။ သူကကျတော့ ချေးငွေရဲ့ ၈၀ ရာခိုင်နှုန်းကမရွှေ့ပြောင်းနိုင်တဲ့ဟာတွေ ခုနပြောသလိုမျိုးနေရာတွေမှာသုံးရမယ်။ ၂၀ ရာခိုင်နှုန်းက လုပ်ငန်းငွေလည်ပတ်မှုမှာ သုံးနိုင်တယ်။ အဲဒီသတ်မှတ်ချက်က လုပ်ငန်းရှင်တစ်ဦးချင်းစီကို သတ်မှတ်ထားတယ်။ KFW ချေးငွေကလုပ်ငန်းရှင်တစ်ဦးချင်းစီနဲ့မဆိုင်ဘဲ သူထောက်ပံ့တဲ့ ချေးငွေလုံး

စာမျက်နှာ ၃၇ သို့

တံငါသည်သား ဆရာဝန်လောင်း

အောင်မြင့်ထွန်း

ဆရာဝန်အိပ်မက်မက်နေသည့် မောင်သန်းဝေ နဝမတန်းအရောက်တွင် ကျောင်းထွက်ရမည့် ကိန်းဆိုက်သည်။

တံငါသည်အလုပ်ဖြင့် ဇနီးနှင့် သားသမီးခြောက်ဦးကို ကျွေးမွေးစောင့်ရှောက်နေသည့် ၎င်း၏ ဖခင် အစာအိမ်ဝေဒနာကြောင့် ဝမ်းဗိုက်ခွဲစိတ်လိုက်ရသည်။ ဖခင်ဖြစ်သူ အလုပ်မလုပ်နိုင်တော့သဖြင့် ပညာထူးချွန်သော်လည်း ၎င်း၏ ပညာရေးခရီးလမ်းမှာ အဟန့်အတားဖြစ်ခဲ့ရသည်။

“တစ်ရက်လုပ်မှ တစ်ရက်စားရတာ။ အဖေ အလုပ်မလုပ်နိုင်တော့ ကျောင်းဆက်မတက်နိုင်ဘူး။ ရည်မှန်းချက်တွေ ပျက်ပြီဆိုပြီး စိတ်ပျက်သွားတာပေါ့” ဟု မောင်သန်းဝေက ၎င်းဘဝတွင် အခက်အခဲဆုံးအချိန်ကာလကို ပြောဆိုသည်။ ကျောင်းဆက်မတက်နိုင်လျှင် လယ်လုပ်ငန်း သို့မဟုတ် တံငါလုပ်ငန်းကို လုပ်ကိုင်ရတော့မည်ဖြစ်သည်။

သို့သော်လည်း သူ ကံကောင်းခဲ့သည်။ ကယ်တင်မည့်သူ တစ်ဦး ပေါ်လာခဲ့သည်။

မောင်သန်းဝေသည် မြောက်ဦးမြို့မှ စက်တပ်လှေဖြင့် သုံးနာရီခန့် မောင်းနှင်၍ သွားရသည့်ရဲဖျားကျေးရွာသား ဖြစ်သည်။ အလယ်တန်းအထိ ရွာကျောင်းတွင် တက်ခွင့်ရပြီး အဋ္ဌမတန်းမှာ အစိုးရစစ်ဖြစ်သဖြင့် ယင်းရွာအနီးက ပျားတဲကျေးရွာ စာစစ်ဌာနတွင် ဖြေဆိုရသည်။ ယင်းစာမေးပွဲတွင် သူ ပထမဆု ဆွတ်ခူးခဲ့သည်။

ပညာထူးချွန်သည့် မောင်သန်းဝေကို ပျားတဲ့ တွဲဖက်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းမထွက်စေလိုပေ။ ထို့ကြောင့် ကျောင်းဆက်တက်ရန် တိုက်တွန်းပြီး ဆရာမကြီးကလည်း ကူညီပံ့ပိုးပေးခဲ့သည်။

ပညာသင်စရိတ် မယူသည့်အပြင် မောင်သန်းဝေကို နေထိုင်ရေး၊ စားရေး သောက်ရေးအတွက် ပျားတဲကျေးရွာသားများထံ အကူအညီတောင်းခံပေးသဖြင့် နေစရိတ်၊ စားစရိတ်ပါ ငြိမ်းဖြင့် နဝမတန်း သင်ကြားခွင့်ရခဲ့သည်။

“ပျားတဲရွာသားတွေကပဲ ကျွန်တော့်ကို ထမင်းကျွေးထားတယ်” ဟု မောင်သန်းဝေက ပြောဆိုသည်။

ကျောင်းပြောင်းတော့မည့် ဆရာမကြီး ဒေါ်သန်းသန်းအေးသည်မောင်သန်းဝေနှင့် ပတ်သက်၍ သောကရှိနေခဲ့သည်။ ပျားတဲကျောင်းတွင် တက္ကသိုလ်ဝင်တန်း ဆက်တက်လျှင် ထွန်းထွန်းပေါက်ပေါက် မဖြစ်နိုင်သဖြင့် နည်းလမ်းရှာခဲ့သည်။ ကံကောင်းသည်ဟု ထပ်ဆိုရပြန်မည်။ ကယ်တင်ရှင် ထပ်တွေ့ပြန်သည်။

ပရဟိတလုပ်ငန်းများ လုပ်ဆောင်နေသူ စစ်တွေမြို့ခံ လူငယ်စာရေးဆရာ ဝေဟင်အောင်(အမည်ရင်းအောင်ကျော်ဝင်း) ပျားတဲကျေးရွာသို့စာပေဟောပြောရန်ရောက်ချလာသည်။နည်းလမ်းရှာနေသည့်ကျောင်းအုပ်ကြီးက စာရေးဆရာဝေဟင်အောင်ထံ အကူအညီတောင်းခံခဲ့သည်။

မောင်သန်းဝေကို စစ်တွေမြို့သို့ ခေါ်ဆောင်၍ ပညာဆက်လက်သင်ကြားခွင့်ရအောင် စီစဉ်ပေးရန်ဖြစ်သည်။

“မိဘ အရမ်းဆင်းရဲတယ်။ ကိုးတန်းတောင် မသင်နိုင်လို့ ခေါ်သင်ပေးထားရတယ်။ ဆယ်တန်းဆိုရင် ပိုအခက်အခဲဖြစ်မယ်။ ကလေးကလိမ္မာတယ်။ ကြိုးစားချင်စိတ်လည်းရှိတယ်။ စစ်တွေကိုယူပြီးတော့ စာသင်ပေးပါဆိုပြီး အကူအညီတောင်းတယ်” ဟု ဝေဟင်အောင်က ပြန်ပြောင်းပြောဆိုသည်။

ပရဟိတသမားဖြစ်သည့် ၎င်းအတွက်လည်း ငြင်းရန်ခက်နေခဲ့သည်။

“နဂိုကပင်လည်း ပရဟိတ လုပ်နေတယ်။ ဆရာမကြီးကိုလည်း အားနာတဲ့အတွက် တော်တာ မတော်တာမသိဘဲ ခေါ်လာလိုက်တယ်” ဟုဝေဟင်အောင်က ပြောကြားသည်။

ယင်းနောက် ဆွေမျိုးတော်စပ်သူနှင့် ရင်းနှီးသည့် မိတ်ဆွေများ စုပေါင်းတည်ထောင်ထားသည့်စစ်တွေမြို့မှ မဟာပညာကျော် ကိုယ်ပိုင်အထက်တန်းကျောင်းကို အကူအညီ တောင်းခဲ့ရကြောင်း၊ ယင်းကျောင်းက ပညာသင်စရိတ်နှင့် နေထိုင်စရိတ်ကို ဒါနပြုကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ကျောင်းစရိတ်၊ နေစရိတ် ငြိမ်းရုံဖြင့် အပူက မငြိမ်းသေး။ စားစရိတ်အလှူရှင် ထပ်ရှာရပြန်သည်။ ပရဟိတ လူငယ်များ (စစ်တွေ) အဖွဲ့ကို အကူအညီတောင်းရာ အကူအညီရကြောင်း ဝေဟင်အောင်က ဆိုသည်။

အခြားလိုအပ်သည့် အသုံးစရိတ်များကို ထောက်ပံ့ကာ သားတစ်ဦးသဖွယ် စောင့်ရှောက်ပေးမည့်သူလည်းရခဲ့ပြီး ၎င်းမှာမူ ခရီးအသွားများသဖြင့် အသုံးစရိတ်အနည်းငယ်နှင့် အဝတ်အထည်အချို့ကိုသာ ထောက်ပံ့နိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

ကြိုးစားမှုနှင့် ကံတရား ပေါင်းစပ်မိသောအခါ အကျိုးရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။

ဆင်းရဲနွမ်းပါးမှုကြောင့် ပညာသင်ကြားရန် ရုန်းကန်ခဲ့ရသည့် မောင်သန်းဝေ ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို သိပ္ပံတွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

“ဆင်းရဲတဲ့ဘဝက လာပေမယ့် သူ့ဘဝက အခုတော့ ဖြောင့်ဖြူးနေပါပြီ” ဟု ဝေဟင်အောင်က မှတ်ချက်ပေးသည်။

ယင်းသို့ ထူးချွန်အောင်မြင်ရန် တစ်ရက်လျှင် လေးနာရီခန့်သာ အိပ်စက်အနားယူခဲ့ပြီး စာကြိုးစားခဲ့ကြောင်း မောင်သန်းဝေက ဆိုသည်။

မောင်သန်းဝေက ရုန်းကန်ခဲ့ရသည်ဆိုသော်လည်း ၎င်းထက် ကံဆိုးခဲ့သူများလည်း ရှိသည်။

မူလတန်း၊ အလယ်တန်းတွင် သင်ရိုးစာအုပ်များ မဝယ်နိုင်သဖြင့် ကျောင်းသားဟောင်းများထံမှ စာအုပ်တောင်းယူခဲ့ရပြီး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျေးရွာတွင် တာဝန်ကျသည့် ဆရာ၊ ဆရာမများက ကူညီကြကြောင်း မောင်သန်းဝေက ပြောဆိုသည်။

မောင်သန်းဝေသည် မိသားစုတွင် စတုတ္ထမြောက်သား ဖြစ်သည်။ ၎င်း၏ အစ်မသုံးဦးမှာ ၎င်းထက် ပညာရေးကံဆိုးသူများဖြစ်သည်။ အမြင့်ဆုံး တတိယတန်းအထိသာ တက်ခွင့်ရခဲ့ကြသည်။

ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးသည့် မိသားစုများ အမျိုးသမီးများကို စာရေးတတ်ဖတ်တတ်သည်အထိ သင်ကြားပေးကြသည်။ ပညာရေးတွင် အမျိုးသားများကိုသာ ဦးစားပေးကြလေ့ရှိသည်။ မောင်သန်းဝေ၏ အစ်မသုံးဦးမှာလည်း ယင်းသဘောအတိုင်း ဖြစ်ခဲ့သည်။

“အချိန်တန်ရင် လင်ရသွားမှာပဲဆိုပြီး ကျောင်းဆက်မထားဘူး” ဟု ၎င်းကပြောဆိုသည်။

၎င်း၏ညီနှင့်ညီမဖြစ်သူတို့မှာ လက်ရှိတွင် ပညာသင်ကြားခွင့်ရနေကြပြီး ၎င်းတို့ကိုလည်း ဆုံးခန်းတိုင် ပညာသင်ကြားခွင့်ရစေလိုကြောင်း ၎င်းကဆိုသည်။

မောင်သန်းဝေတွင် ငယ်စဉ်ကပင် မက်ခဲ့သည့်အိပ်မက်တစ်ခုရှိသည်။ ဆရာဝန်အိပ်မက်ပင်ဖြစ်သည်။

ငယ်စဉ်ကပင် ဆရာဝန်ဖြစ်လိုသော်လည်း မိဘ ငွေကြေးမတတ်နိုင်သဖြင့် ဆယ်တန်းအထိပင် တက်နိုင်မည်ဟု မထင်ခဲ့ကြောင်း မောင်သန်းဝေက ပြောဆိုသည်။ နှစ်စဉ်ဂုဏ်ထူးဖြင့် အောင်မြင်သူများကို ဂုဏ်ပြုထုတ်ဝေသည့် ရခိုင်ပြည်နယ် ပညာရေးပြက္ခဒိန်တွင် ဖော်ပြခံရသူများကို ကြည့်၍ အားကျခဲ့ဖူးကြောင်း ၎င်းက ပြောဆိုသည်။

“ကျွန်တော်က ဆရာဝန် ဖြစ်ချင်တယ်။ ခွဲစိတ်ကို စိတ်ဝင်စားတယ်” ဟု ၎င်းက ပြောဆိုသည်။

ပညာရေးရှေ့ခရီးအတွက်လည်း အကူအညီ လိုသေးသည်။

မောင်သန်းဝေ ပညာရေးရှေ့ခရီး ဆက်နိုင်ရန် ကူညီလိုသူအချို့ကမ်းလှမ်းထားသော်လည်း အနှောင်အဖွဲ့ကင်းသည့် အလှူရှင်များကို လိုက်ရှာနေပြီး ၎င်း၏ ပညာရေးဆုံးခန်းတိုင် ထောက်ပံ့မည်ဟု လတ်တလောတွင် သံဃာတော်တစ်ပါးက နှုတ်ကတိပေးထားကြောင်း ဝေဟင်အောင်က ပြောဆိုသည်။

“အနှောင်အဖွဲ့မကင်းရင် ဖြစ်တန်သလောက်မဖြစ်တာရှိတဲ့အတွက်အနှောင်အဖွဲ့ကင်းတဲ့ အလှူမျိုးကို ချိတ်ဆက်နေတယ်” ဟု ၎င်းကဆိုသည်။

မောင်သန်းဝေ အောင်မြင်မှုကို အားရကျေနပ်သဖြင့် ယခု ပညာသင်နှစ်တွင်လည်း ဆင်းရဲနွမ်းပါးပညာသင်လိုသူများကိုထပ်မံထောက်ပံ့ရန် ဇာမရီပညာရေး ဖောင်ဒေးရှင်းကို၎င်းကဦးဆောင်၍ စိတ်ပါဝင်စားသူများနှင့် တည်ထောင်လိုက်ကြောင်း ဝေဟင်အောင်က ပြောဆိုသည်။

ယခုနှစ်တွင် ၁၀ ဦးခန့်ကို မောင်သန်းဝေကဲ့သို့ ထောက်ပံ့ကူညီမည်ဖြစ်ပြီး လာမည့်နှစ်များတွင် နဝမတန်းကို တိုးချဲ့မည်ဖြစ်ကာ ကျောင်းသားဦးရေကိုလည်း တိုးမြှင့်ကူညီရန် စီစဉ်ထားကြောင်း၊

စာမျက်နှာ ၃၈ သို့

ဓာတ်ပုံ-ဝေဟင်အောင်

ကျောရိုးကျန်းမာရေးအတွက် သတိပြုရမယ့် အချက်ငါးချက်

ရလေး

အနေအထားမမှန်မှုတွေကြောင့် နောက်ကျောကျောရိုး နာကျင်တာတွေဖြစ်လေ့ရှိရာမှာ ရေတိုနည်းနဲ့ ဖြေရှင်းခြင်းထက် ရေရှည်အတွက် အနေအထားမမှန်မှုကို ပြုပြင်နေထိုင်ဖို့ အရေးကြီးပါတယ်။ ကျောရိုးကျန်းမာရေးနဲ့ပတ်သက်ပြီး သတိပြုဆင်ခြင်ရမယ့် အချက်ငါးချက်ကို ဖော်ပြပေးလိုက်ပါတယ်။

အိတ်ကိုကျောနှစ်ဖက်မှာ တည့်အောင်လွယ်ပါ

အိတ်လွယ်တဲ့အခါ ပစ္စည်းများများထည့်လွယ်တတ်တယ်ဆိုရင် ကျောပိုးအိတ်ပဲ လွယ်သင့်ပါတယ်။ ကျောပိုးအိတ်လွယ်တဲ့အခါမှာလည်း တစ်ဖက်ထဲကို လွယ်ထားတာဟာ ကျောရိုးနာကျင်စေပါတယ်။ လွယ်အိတ်လွယ်တဲ့အခါ ဘက်မျှအောင် တည့်တည့်လွယ်ဖို့အရေးကြီးပါတယ်။

ကားမောင်းစဉ်ခါးကိုမတ်ထားပါ

ကားမောင်းစဉ် ခါးကုန်းမိတာကလည်း နောက်ကျောရိုးနာစေတဲ့ အကြောင်းအရာတစ်ခုဖြစ်ပါတယ်။ ယာဉ်ကြောကျပ်တတ်တဲ့အခြေအနေလည်းရှိတာကြောင့် ကားမောင်းချိန်က ကြာရှည်တဲ့အတွက် ပျင်းပြီး ခါးကိုင်းပြီး မောင်းရင် မောင်းမိပါလိမ့်မယ်။ ခါးကို သက်သောင့်သက်သာဖြစ်စေမယ့်အရာလေးတွေ ခုပေးတာဖြစ်စေ၊ ခါးကို သတိနဲ့ပြန်တည့်မတ်ပေးတာဖြစ်စေ လုပ်ပေးပါ။

ဖုန်းကိုအာရုံစိုက်ပြီး အကြာကြီးသုံးတာရှောင်ပါ

Social Media ခေတ်ဖြစ်တဲ့အတွက် ဖုန်းမသုံးပါနဲ့လို့ ပြောရခက်ပါတယ်။ လူငယ်တော်တော်များများက ဖုန်းကို လူမှုကွန်ရက်စာမျက်နှာ (Facebook) သုံးဖို့ဖြစ်စေ၊ ဂိမ်းကစားဖို့ဖြစ်စေ အလွန်သုံးလာကြပါတယ်။ ဖုန်းသုံးရင်း ဇက်ကြောနဲ့ ကျောရိုးတစ်လျှောက်နာကျင်တာကို ခံစားဖူးကြမှာပါ။ သတိထားရမှာက ဖုန်းကို ခေါင်းငိုက်ပြီးအသုံးများရင် လည်ပင်းတစ်ဝိုက်နဲ့ ဇက်ကြောတွေ သိသိသာသာနာလာမှာဖြစ်တာကြောင့် လည်ပင်းကို တည့်မတ်တဲ့အနေအထားနဲ့ ဖုန်းကိုသုံးပါ။

ကွန်ပျူတာကိုမျက်စိနဲ့ တန်းနေတဲ့အနေအထားဖြစ်ပါစေ

အိမ်မှာဆိုရင် တီဗီကြည့်မယ်။ လမ်းသွားရင်း ဖုန်းသုံးမယ်။ ရုံးမှာဆိုရင် ကွန်ပျူတာကြည့်ကြပါတယ်။ သက်သောင့်သက်သာ မဖြစ်တဲ့အနေအထားနဲ့ အချိန်ပြည့်နေနေရမှာပါ။ ကွန်ပျူတာသုံးတဲ့အခါမှာ ကွန်ပျူတာက မျက်စိနဲ့ တန်းနေတဲ့အနေအထားမဟုတ်ဘဲ ငုံ့သုံးနေရတဲ့အနေအထားဆိုရင် ကျောရိုးအဆစ်တွေ နာလာပါလိမ့်မယ်။ ကွန်ပျူတာကို မျက်စိနဲ့တန်းနေတဲ့ အနေအထားမှသာ ကျောရိုးကလည်းတည့်မတ်နေမှာ ဖြစ်တာကြောင့် ကွန်ပျူတာတင်တဲ့ခုံကို မြင့်တာဖြစ်စေ၊ ကွန်ပျူတာအောက်မှာ တစ်ခုခုခံလိုက်တာဖြစ်စေ လုပ်သင့်ပါတယ်။

အလေးအပင်မရင် သတိထားပါ

အလေးအပင်မတဲ့အခါ သတိပေးလေ့ရှိတာက ခါးကိုကုန်းပြီးမသယ်ဖို့ပါ။ ခါးကုန်းပြီးပစ္စည်းသယ်တာဟာ ကျောရိုးနာဖို့၊ ကျောရိုးအဆစ်ထိခိုက်စေဖို့ အကြောင်းအရာတစ်ခုပါ။ ပစ္စည်းအလေးအပင်သယ်တဲ့အခါ လူက ပစ္စည်းနဲ့ တန်းနေတဲ့အနေအထားနဲ့ သယ်သင့်ပါတယ်။ ■

Reference : https://brightside.me

ဓာတ်ပုံ-မြင့်မိုးညို

ဓာတ်ပုံ-မြင့်မိုးညို

ကျောင်းမုန့်ဈေးတန်း အစားအစာတွင် ထည့်သည့်ငါးပိ ဆိုးဆေးပါဝင်မှုစစ်ဆေး

ရန်ကုန်၊ ဇွန် ၂၁

ဈေးကွက်တွင်းက ငါးပိ ၅၄ ရာခိုင်နှုန်းတွင် ဆိုးဆေးပါဝင်နေမှုကြောင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းနေသည့် သရက်သီးသုပ်တွင် အသုံးပြုနေသည့် ငါးပိတွင် ဆိုးဆေးပါဝင်မှု ရှိ၊ မရှိကို စစ်ဆေးနေကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ စီမံကိန်းနှင့် စစ်ဆေးရေးဌာနခွဲက ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က ပြောကြားသည်။

ယင်းသို့စစ်ဆေးခြင်းကို မြို့ကြီးများ အပါအဝင် နယ်မြို့များတွင်ပါစစ်ဆေးနေကြောင်း၊ နေပြည်တော်တွင် စစ်ဆေးပြီးသည့် ကျောင်းလေးကျောင်းတွင်မူ ဆိုးဆေးပါဝင်နေမှုကို မတွေ့ရသေးကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"ဈေးထဲမှာရောင်းတဲ့ငါးပိသည်တွေကလည်း ကိုယ်တိုင်ဆိုးဆေးထည့်တာမဟုတ်တဲ့အတွက် အဓိကဆိုးဆေးထည့်တဲ့ ဒိုင်ကြီးတွေကိုပဲ စုံစမ်းစစ်ဆေးသွားမယ်" ဟု ၎င်းကဆိုသည်။

ကျောင်းမုန့်ဈေးတန်းများစစ်ဆေးခြင်းတွင် ဆိုးဆေးပါနိုင်သည့်ငါးပိသုံးနေခြင်းသာမက ဆိုးဆေးပါဝင်သည့် အခြား အန္တရာယ်ရှိမုန့်များကိုပါ စစ်ဆေးနေကြောင်း FDA ထံမှ သိရသည်။

စာသင်ကျောင်းများ၏ မုန့်ဈေးတန်းများ သန့်ရှင်းရေး၊ အစာသန့်ရှင်းရေး၊ တည်ခင်းရောင်းချမှု သန့်ရှင်းခြင်း၊ မုန့်ဈေးတန်းရောင်းချသူများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး စစ်ပေးခြင်းတို့ကို ကျောင်းဖွင့်ရာသီအစမှစ၍ စစ်ဆေးလေ့ရှိသည်။ ■

ကျန်းမာရေးသတင်းတိုများ

- မည်သူမဆို မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ပါဝင်စီးနင်းနိုင်သည့် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဇွန်လ ၂၅ ရက်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး(တင့်ကားကုန်းဝင်ပေါက်ရှေ့)မှ စထွက်မည်ဖြစ်ရာ နံနက် ၅ နာရီခွဲနေရာယူရန် ကြေညာထားသည်။ ကန်တော်ကြီးကို နှစ်ပတ်စီး၍ တင့်ကားကုန်းဝင်ပေါက်သို့ ပြန်လည်ပန်းဝင်မည်ဖြစ်သည်။ နံနက် ၆ နာရီတွင် သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပြီး သရုပ်ပြစီးနင်းမည့် ပွဲဖြစ်သောကြောင့် ရှေ့ပြေးမော်တော်ယာဉ်က ဦးဆောင်၍ သက်ဆိုင်ရာစည်းကမ်းထိန်းသိမ်းရေး အားကစားသမားများဝန်းရံကာ စီးနင်းကြမည် ဖြစ်သည်။■

- တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သော လက်ပ်တိုစပိုင်ရိုးစစ် ရောဂါ (Leptospirisis) ကူးစက်ဖြစ်ပွားမှုမရှိစေရန် မိုးရာသီနှင့် ကောက်ရိတ်သိမ်းချိန်ကာလများအတွင်း ရေလျှံသောနေရာများရှိ ရေအိုင်များတွင် ကစားခြင်း၊ ရေချိုးခြင်း၊ ရေကူးခြင်း၊ မသန့်ရှင်းသော ရေများသောက်ခြင်း၊ သုံးခြင်းကိုရှောင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ရောဂါသံသယရှိလျှင် နီးစပ်ရာ ကျန်းမာရေးဌာနကို ချက်ချင်းသတင်းပို့၍ အချိန်မီဆေးကုသမှုခံယူရန် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဖုန်း ၀၆၇၄၃၁၄၃၂၊ ၀၆၇၄၃၁၄၃၃ ဖက်စ် ၀၆၇ ၄၃၁၄၃၄ ကို ဆက်သွယ်သတင်းပေးနိုင်သည်။ ■

- ကျန်းမာရေးအတွက် ဆရာဝန်၊ ဆေးရုံ၊ ဆေးခန်းများ၏ လိပ်စာနှင့် အဆက်အသွယ်များနှင့် ကျန်းမာရေးအသိပညာများကို 'May May' မေမေ မိုဘိုင်းလ်အပလီကေးရှင်းတွင် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်။■

လျှာနှစ်ခွ ကုန်သွယ်ရေးမူဝါဒကြားမှ မူဆယ်

ရဲနိုင်ဦး

မြန်မာသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယကြားတွင် ရောက်နေသောကြောင့် ဈေးကွက်အခွင့်အလမ်းရှိသည်ဟုဆိုကြသော်လည်း တကယ်တမ်းမူ ထိုအခွင့်အလမ်းကို လှမ်းမဆုပ်ကိုင်နိုင်သေးချေ။

ဆန်ဝယ်လိုအားကြီးမားသည့်ယူနန်ပြည်နယ်နှင့် ထိစပ်နေသည့် မူဆယ်နယ်စပ်သည်လည်း ထို့အတူပင်။ ဆန်လိုအပ်ချက်ကိုဖြည့်တင်းပေးနိုင်သော်လည်း တရုတ်က လွယ်လွယ်နှင့်လက်မခံ။ ဤမျှမက မူဆယ်နယ်စပ်ရှိ မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကိုတရုတ်အာဏာပိုင်များက ပိတ်ပစ်လိုက်ပြန်သည်။

ထို့ကြောင့် မြန်မာတို့ အခက်ကြုံရသည်။ ယခုကိစ္စတွင် မူဆယ်ကုန်သည်များအတွက် ဖြေဆေးကားအဘယ်နည်း။

ဆန်မှောင်ခိုဂိုဏ်းများဂယက်

တရုတ်နိုင်ငံတွင် ယခုဇွန်လအတွင်း ဆန်မှောင်ခိုဂိုဏ်းများကို ဖြိုခွဲခဲ့သည်။ ဆန်မှောင်ခိုဂိုဏ်းများသည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆန်များကို တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့် ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတစ်ဆင့် ဆန်တန်ချိန် သုံးသိန်းမှောင်ခိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဆန်မှောင်ခိုဂိုဏ်းများကို ဖြိုခွင်းမှုတွင် ရဲအရာရှိ၄၀၀ ကျော်အသုံးပြုခဲ့ပြီး တရားခံ ၃၉ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ အဆိုပါဆန်မှောင်ခိုမှုသည် ကာလပေါက်ဈေး အမေရိကန်ဒေါ်လာသန်း ၁၈၀ ကျော်မည်ဟု ဆင်ဟွာကဆိုသည်။

ဆန်မှောင်ခိုဂိုဏ်းများကို ဖြိုခွင်းပြီးနောက် ဇွန်လ ၁၅ ရက်တွင် မူဆယ်ရှိ မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို ပိတ်ပစ်လိုက်သည်။

ကုန်သည်များအဆိုအရ ဘဏ်စာရင်းတစ်ထောင်ခန့် အပိတ်ခံလိုက်ရသည်။ အခြားသောမူဆယ်သတင်းအရင်းအမြစ်များကလည်း အနည်းဆုံးဘဏ်စာရင်း ၂၀၀ ခန့်ရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကမူ မြန်မာကုန်သည်များ၏ ငွေကြေးကျပ် ၄၀၀ ဘီလီယံခန့် ထိန်းချုပ်ခံလိုက်ရသည်ဟု ခန့်မှန်းသည်။

ဆန်၊ သကြား၊ ပဲ၊ ပြောင်း၊ နှမ်းကုန်သည်များသာမက အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုန်မာပစ္စည်းရောင်းသူများ၏ ဘဏ်စာရင်းများလည်း ပိတ်သည့်အထဲပါဝင်သွားသည်။

မြန်မာကုန်သည်များ၏ ဘဏ်စာရင်းကိုပိတ်လိုက်ချိန်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ တရုတ်နိုင်ငံသို့ရောက်ရှိနေချိန်လည်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကမူ မြန်မာကုန်သည်များ၏ ဘဏ်စာရင်း ၁၃၂ ခု အပိတ်ခံရသည်ဟုဇွန်လ ၂၁ ရက်နေ့တွင် The Voice သို့ အတည်ပြုသည်။

ဘဏ်စာရင်းအပိတ်ခံရသူများတွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းကုန်ကူးသူများ၏ ဘဏ်စာရင်းလည်းပါဝင်သည်ဟု မူဆယ်ကုန်သည်အသိုင်းအဝန်းကဆိုသည်။ ဤအချက်က တရုတ်တို့ အသံကောင်းလွှင့်ရန် အကွက်ဆင်ခြင်းလည်းဖြစ်နိုင်သည်ဟု ကုန်သည်တို့က သံသယရှိကြသည်။

ဇာစ်မြစ်

ယူနန်ပြည်နယ်သည် ကုန်းတွင်းပိတ်ဖြစ်သည်။ ပြည်မကြီးနှင့်ဝေး၍ တရုတ်ပြည်တွင်းမှဆန်ကိုဝယ်ယူလျှင်ပင် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်မှသွင်းသည်ထက် ပိုဈေးကြီးသည်။ လူဦးရေများ၍ ဆန်လိုအပ်ချက် ကြီးမားသည်။ ဒေသထွက်ဆန်များနှင့် မလုံလောက်ပေ။ ထို့ကြောင့် ဝယ်လိုအားရှိသည့် ယူနန်သို့ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းတို့က တင်ပို့ကြသည်။

တရုတ်တွင် ဆန်တင်သွင်းမှုက တရားမဝင်။ တရုတ်နိုင်ငံတွင်းရှိလယ်သမားများကို ကာကွယ်ထားသောကိုယ်ကျိုးစီးပွားမူဝါဒအရ နယ်စပ်မှ တရားဝင်တင်သွင်းခွင့်မပြု။ ထို့ကြောင့် မြန်မာက ဆန်တင်ပို့မှုသည် တရုတ်အတွက် မှောင်ခိုဖြစ်သည်။ မြန်မာဘက်ကမူ တရုတ်သို့ပို့ခြင်းသည် တရားဝင်ဖြစ်သည်။ ဆန်ကုန်သည်များက နိုင်ငံတော်ကို အခွန်ဆောင်ရသည်။

မူဆယ်မြို့တွင် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းရှိသည်။ မူဆယ်မြို့သည် ယူနန်ပြည်နယ်၊ ရွှေလီခရိုင် ကြယ်ဂေါင်မြို့နှင့် ရွှေလီမြစ်တစ်စင်းသာ ခြားထားပြီး နယ်နိမိတ်ချင်း ထိစပ်နေသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းသည် မြန်မာ၏ အကြီးဆုံးကုန်သွယ်ရေးစခန်းဖြစ်သည်။ လယ်ယာထွက်ကုန်မျိုးစုံ မူဆယ်မှတစ်ဆင့် တရုတ်သို့ပို့သည်။ ပြည်ပပို့မြန်မာ့ဆန်၏ ၆၀ ရာခိုင်နှုန်းခန့်ကို အဆိုပါနယ်စပ်မှ တင်ပို့သည်။ ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် လျှပ်စစ်ပစ္စည်းမျိုးစုံကိုတရုတ်ဘက်မှ ပြန်လည်တင်သွင်းသည်။

တရုတ်ကုန်သည်များသည် မူဆယ်ဘက်ရှိ ဆန်ကို လာရောက်ဝယ်ယူကြသည်။ ထို့နောက်တွင် ဇက်ကဲ့သို့ဖောင်ကြီးများဖြင့်ရွှေလီမြစ်ကိုဖြတ်၍ တစ်ဖက်ကမ်းသို့ ကူးကြသည်။ ထို့နောက်တွင် ကြယ်ဂေါင်သို့ရောက်သည်။ ထိုမှတစ်ဆင့် ယူနန်ထဲသို့ ခရီးဆက်ကြသည်။

တရုတ်ကုန်သည်များက မူဆယ်ရှိ ဆန်ကိုကုန်သည်ချင်း ယုံကြည်မှုဖြင့် အကြွေးဝယ်သွားသည်။ ပုံမှန်အားဖြင့် ယူသွားသည့် ကုန်စည်အတွက် ငွေကြေးကိုရွှေလီရှိABCဟုကုန်သည်များအလွယ်ခေါ်ကြသည့် (Agriculture Bank of China –ABC) ဘဏ်မှတစ်ဆင့် လွှဲပေးသည်။

မူဆယ်သည် တရုတ်တို့နှင့်အရောင်းအဝယ်လုပ်ရာ ဈေးကွက်ဖြစ်သောကြောင့် တရုတ်ယွမ်ငွေကို အသုံးပြုသည်။ ABC ဘဏ်သည် မြန်မာကုန်သည်အများစု ငွေကြေးအပ်နှံထားသည့် ဘဏ်ဖြစ်သည်။ ကုန်ရောင်းကုန်ဝယ်လုပ်လျှင် အသုံးပြုကြသည်။ ငွေအပ်သည်၊ ငွေစုသည်၊ ဘဏ်ဖြင့် ငွေလွှဲသည်။

ယူနန်တွင် အဖမ်းခံရသည့်အခါမျိုးတွင် ဆန်ဖိုးအကြွေးကိုမြန်မာကုန်သည်သို့ မပေးနိုင်။ ထိုအခါတွင် မူဆယ် မြန်မာဆန်ကုန်သည်များ ငိုချင်းချရတော့သည်။ တရုတ်တွင် အဖမ်းကြမ်းလျှင် မူဆယ်ဆန်ကုန်သည်များ ဘုရားတကြသည်။

ပြီးခဲ့သည့်ရက်ပိုင်းကမူ အဆိုပါဘဏ်ရှိမြန်မာကုန်သည်များ၏ဘဏ်စာရင်းများကိုပါ တရုတ်အာဏာပိုင်များက ထိန်းသိမ်းထားလိုက်သည်။

"လောလောဆယ်တော့ ကျပ်ဘီလီယံ ၄၀၀ လောက်ဖြစ်နိုင်တယ်။ အခုပိတ်ခံရတာက ပမာဏများတာကိုး" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကဆိုသည်။

ပိတ်ရသည့် အကြောင်းရင်းကို ဒေသခံများက ဘဏ်သို့သွားမေးရာ ရဲကပိတ်ခိုင်း၍ ပိတ်ရခြင်းဖြစ်သည်ဟု ဘဏ်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဒေသခံများက ပြန်လည်ပြောပြသည်။

"သူ့အကြောင်းပြချက်က မှောင်ခိုနှိမ်နင်းရေး တစ်စိတ်တစ်ပိုင်း၊ မှောင်ခိုနဲ့ ပတ်သက်ပြီးဝင်လာတဲ့ ငွေမည်းကိစ္စနဲ့ သူ လုပ်တယ်ပြောတာ။ သူတို့ Target ထားတဲ့ အကောင့်နဲ့ ဆက်သွယ်တဲ့ တခြားမဆိုင်တဲ့ ကုန်သည်တွေလည်း

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ | လျှာနှစ်ခွ ကုန်သွယ်ရေးမူဝါဒကြားမှ မူဆယ် မှအဆက် ...

ပါသွားရော" ဟု မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်း ဇဟိုအလုပ်အမှုဆောင် ဦးစိုင်းခင်မောင်ကဆိုသည်။ ဦးစိုင်းခင်မောင်သည် မူဆယ်မြို့တွင် သစ်သီးပွဲရုံကြီးတစ်ခုထောင်၍ တရုတ်နိုင်ငံသို့ တင်ပို့နေသူဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ကမူ အွန်လိုင်းလောင်းကစားလုပ်ငန်းများကိုအရေးယူရန်အတွက် တရုတ် ဗဟိုအစိုးရဘဏ်စာရင်းများ ၃၀၀ ကျော် ခေတ္တပိတ်ပစ်သည့်အနက် မြန်မာကုန်သည်များ၏ ဘဏ်စာရင်း ၁၃၂ ခုခန့် ပါသွားခြင်းဖြစ်သည်ဟုဆိုသည်။

ဘဏ်စာရင်းများ ပိတ်ပစ်ရာတွင် ယူနန်အစိုးရပင် ကြိုတင်သိရှိမထားကြောင်း ၎င်းကဆိုသည်။

ဘဏ်စာရင်းများ အပိတ်ခံလိုက်ရခြင်းကြောင့် မူဆယ်ဈေးကွက်ရှိဆန်၊ ပဲ၊ ပြောင်းနှမ်းတင်ပို့မှုဈေးကွက်မှာ ရပ်ဆိုင်းလုနီးပါးဖြစ်သွားသည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင်မှ ပြန်ကြားရေးတာဝန်ခံ ဦးမင်းသိန်းက ဆိုသည်။

"အကောင့်တွေအပိတ်ခံရတယ်ဆိုတော့ ရတဲ့ပိုက်ဆံတောင် သေချာမလွှဲရဲတဲ့သဘောဖြစ်နေတယ်။ အရောင်းအဝယ်ကလည်း မကောင်းဘူး။ ကိုယ့်ပိုက်ဆံရှိလည်း ငွေလဲသမားတွေက မလဲရဘူး။ ဆန်သမားတင် ၃၀၊ ၄၀ လောက်ပါသွားတာ။ တခြား ပဲပြောင်းနှမ်းသမားတွေလည်းအများကြီးပါသွားတယ်။ မျိုးစုံပဲဗျ" မူဆယ်ဆန်ကုန်သည်တစ်ဦးဖြစ်သူ ဦးစိုင်းကျော်က ဆိုသည်။

ဇွန်လ ၁၇ ရက်နေ့တွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ မူဆယ်တစ်ဖက်ကမ်းရှိ ရွှေလီတရုတ်အာဏာပိုင်များနှင့် သွားရောက်ညှိနှိုင်းလျက်ရှိကြောင်း မူဆယ်ဆန်ကုန်သည်များက ဆိုသည်။

ပေါက်ဖော်တို့ သဘောထားနှင့် ရပ်ကြည့်နေရသူများ

မြန်မာကုန်သည်များ၏ ဘဏ်စာရင်းကို ပိတ်လိုက်ချိန်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ တရုတ်နိုင်ငံသို့ ရောက်ရှိနေချိန်လည်း ဖြစ်သည်။

ဇွန်လ ၈ ရက်နေ့ကပင် ဒုတိယအကြိမ်မြောက် တရုတ်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ် 'ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနေ့' ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သေးသည်။

EPA

ဘဏ်ကိုခုတုံးလုပ်ပြီးဘဏ်က Customer တွေရဲ့ငွေတွေကိုမတရားသိမ်းပိုက်တဲ့ပုံစံမျိုး လုပ်နေတယ်။ နိုင်ငံကြီးသားမပီသဘူးပေါ့လေ။

တစ်ပတ်အကြာတွင် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများအပိတ်ခံခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကမူ ဇွန်လ ၁၇ ရက်နေ့တွင် ကြေညာချက်ထုတ်သည်။ ယင်းကြေညာချက်တွင် ဘဏ်စာရင်း အပိတ်ခံရခြင်းကိုသတိပြုမိကြောင်းနှင့် နှစ်နိုင်ငံတာဝန်ရှိသူများနှင့် အချိန်မီညှိနှိုင်းလျက်ရှိကြောင်းပါဝင်သည်။

ယာယီပိတ်လိုက်သည့်ဘဏ်စာရင်းများတွင် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများပါဝင်သည်ကိုလည်း သိရှိကြောင်း တရုတ်သံရုံးကဖော်ပြထားသည်။ ဘဏ်စာရင်းများကိုပိတ်ခြင်းသည် နှစ်နိုင်ငံတရားဝင်နယ်စပ် ကုန်သွယ်ရေးလုပ်ကိုင်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကို ကာကွယ်စောင့်ရှောက်ရန်ဟု ဆိုထားသည်။

တရုတ်တို့သည် မူဆယ်ကုန်သွယ်ရေးတွင် ၎င်းတို့၏ အင်အားကိုမကြာခဏပြလေ့ရှိသည်။ မြန်မာ့ဘက်က တင်ပို့သည့် ဆန်များကို မကြာခဏဖမ်းသည်။ ဆန်လိုအပ်လျှင် ကားအစီးလိုက်တင်သွင်းသည်များကို လွှတ်ပေးထားသည်။ ပုံမှန်အားဖြင့် လွှတ်ပေးသည်။ သို့သော် မကြာခဏဖမ်းသည်။ ယင်းသို့ဖမ်းလျှင် အဓိကနစ်နာသည်မှာ မြန်မာကုန်သည်များဖြစ်သည်။

ယခင်ကလည်း ဘဏ်စာရင်းများ အပိတ်ခံရဖူးသည်။ သို့သော် ဆယ်ဂဏန်းမပြည့်ချေ။ မူဆယ်မှ ဝယ်သွားသည့် ဆန်ကားများကိုမူ မကြာခဏဖမ်းလေ့ရှိသည်။ ယခုမူ ဘဏ်စာရင်းတစ်ရာကျော်ကိုပိတ်ပစ်လိုက်သည်။

စာမျက်နှာ ၃၈ သို့

"အခုက ဆန်မှောင်ခိုနဲ့ မဆိုင်ဘူး"

လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်နှင့် တွေ့ဆုံခြင်း

ရဲနိုင်ဦး

မူဆယ်ရှိ မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို တရုတ်အာဏာပိုင်များက ကြိုတင်အကြောင်းမကြားဘဲ ဇွန်လ ၁၅ ရက်နေ့တွင် ယာယီပိတ်ပစ်လိုက်သည်။ ထို့ကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးရှိဆန်၊ ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်မှာ ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရသည်။ အဆိုပါကိစ္စအတွက် မြန်မာအစိုးရ မည်သို့မည်ပုံဆောင်ရွက်နေသည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကို The Voice က ဆက်သွယ်မေးမြန်း ထားခြင်းဖြစ်သည်။

Voice - မြန်မာကုန်သည်တွေ Bank Account အပိတ်ခံရတာနဲ့ ပတ်သက်ပြီးဝန်ကြီးဌာနရဲ့ လက်ရှိဆောင်ရွက်မှုအခြေအနေကို သိချင်ပါတယ်။

UKML - လက်ရှိမှာတော့ ၁၅ ရက်နေ့ကစဖြစ်တာ။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေရဲ့ ဘဏ်စာရင်းတွေကို သူတို့ဘက်က ပိတ်တယ်ဆိုပြီးသိရတာပေါ့။ သိရတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီးရော၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ချုပ်ရော တရုတ်ပြည်ရောက်နေတယ်။ အဲဒီမှာပဲ တရုတ်ပြည်စီးပွားရေးကောင်စစ်ဝန်နဲ့ စပြီးညှိတယ်။ အမြန်ဆုံးဖွင့်ပေးဖို့ ညှိနှိုင်းတယ်။ ၁၆ ရက်နေ့မှာ တရုတ်နိုင်ငံသံရုံးကို အမြန်ဆုံးဖြေရှင်းပေးဖို့ ဖုန်းဆက်ပြီးအကြောင်းကြားတယ်။ မူဆယ်စခန်းတာဝန်ခံကလည်း ရွှေလီစီးပွားရေးရာတာဝန်ခံတွေကိုအကြောင်းကြားတယ်။ စီးပွားကူးသန်းအနေနဲ့လည်း သံရုံးကို အမြန်ဆုံးဖြေရှင်းပေးဖို့ တရားဝင်အကြောင်းကြားတယ်။ ၁၈ ရက်နေ့မှာ မူဆယ်ကုန်သွယ်ရေးဇုန် အုပ်ချုပ်ရေးမှူးရယ်၊ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးတွေရယ် ရွှေလီဒုတိယမြို့တော်ဝန်နဲ့ ဆွေးနွေးခဲ့တယ်။ သူတို့က တရုတ်မှာရှိတဲ့ ပြည်နယ်အချို့က အွန်လိုင်းလောင်းကစားနဲ့ ပတ်သက်ပြီးတရားမဝင်ငွေကြေး လွှဲပြောင်းမှုတွေ ဆောင်ရွက်တာကို ရွှေလီမှာရှိတဲ့ Bank Account (ဘဏ်စာရင်း) ၃၄၉ ခုကို စစ်ဆေးဖို့ခဏပိတ်ထားတယ်။ အဲဒီအထဲမှာ မြန်မာကုန်သည် Bank Account ၁၃၂ ခုပါဝင်တယ်ဆိုပြီး ပြောတယ်။ အဓိကတော့ လောင်းကစားမှုက တရုတ်ရဲချုပ်ရုံးနဲ့ ဗဟိုအစိုးရက တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းနေတာ။ Bank Account တွေစစ်ဆေးဖို့အတွက် အဖွဲ့ ဖွဲ့ပြီး ဆောင်ရွက်နေတယ်လို့ ရှင်းပြတယ်။ ၁၇ ရက်မှာ တရုတ်သံရုံးကို အကြောင်းကြားတဲ့အခါ သံရုံးယာယီတာဝန်ခံက ဒါနဲ့ပတ်သက်ပြီး အလေးအနက်ထားဆောင်ရွက်နေပါတယ်။ စီးပွားကူးသန်းရဲ့အကြောင်းကြားချက်အရ ဗဟိုအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံအစိုးရတို့ကိုဆက်ပြီး အသိပေးတင်ပြနေပါတယ်ပေါ့။ ဒီကိစ္စက ယူနန်ပြည်နယ်အစိုးရတောင် မသိဘဲနဲ့ ဗဟိုအစိုးရက တိုက်ရိုက်ဆောင်ရွက်ခဲ့တာ။ တရုတ်ဘက်အနေနဲ့ ရွှေလီဘက်က ဒုတိယမြို့တော်ဝန်ဦးစီးပြီး အမြန်ဆုံး ဆောင်ရွက်နေပါတယ်ဆိုပြီး သံရုံးဘက်က အကြောင်းပြန်ပါတယ်။ ကိုယ်တို့ဘက်ကတော့ တောက်လျှောက်ညှိနှိုင်းနေတယ်။ သူတို့ဘက်ကတော့ ကိုယ်တို့ကုန်သည်ကို (ပစ်မှတ်ထား) ပိတ်တာမဟုတ်ဘဲ အွန်လိုင်းကနေလောင်းကစားလုပ်သူတွေ၊ ငွေကြေးလွှဲပြောင်းမှုတွေကို ပိတ်တာပေါ့။ မြန်မာ Account ၁၃၂ ခုပါဝင်သွားတယ်။ သိသိချင်းပဲသံရုံးတွေ၊ ယူနန်ပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်နေပါတယ်။ ဘဏ်စာရင်းတွေ စစ်ဆေးတဲ့အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်နေတယ်။

Voice - အချိန်ကြာတာနဲ့အမျှ မြန်မာကုန်သည်တွေက ထိခိုက်မှုပိုဆိုးလာနိုင်တယ်လေ။ ဒီဖြစ်စဉ်ပြေလည်ဖို့ အချိန်ဘယ်လောက် ကြာနိုင်ဦးမလဲဗျ။

UKML - ဟုတ်ပါတယ်။ အဓိကတော့ အွန်လိုင်းလောင်းကစားမှုနဲ့ မပတ်သက်တဲ့ ဘဏ်စာရင်းတွေကိုတော့ အမြန်ဆုံးဖွင့်လှစ်ပေးမယ်လို့ သူတို့ဘက်က ပြောတယ်။ ကိုယ်တို့ဘက်ကလည်းသံရုံးနဲ့ စီးပွားကူးသန်းဆက်သွယ်ပြီး ဆောင်ရွက်နေတယ်။ သူတို့ဘက်ကလည်း ရွှေလီဒုတိယမြို့တော်ဝန်ခေါင်းဆောင်တဲ့ အထူးအဖွဲ့ဖွဲ့ထားပြီးသွားပြီ။ အမြန်ဆုံးဆောင်ရွက်နေတယ်။

Voice - ကုန်သည်တွေဘက်တော့ ဒီကိစ္စက တရုတ်က ဆန်မှောင်ခိုဂိုဏ်းတွေကိုဖြိုခွင်းမှုရဲ့ဂယက်လို့ထင်နေတယ်။ ဆန်ကလည်း ဒီကတရားဝင်ပို့ပေးမယ့် တရုတ်ကမှောင်ခိုလို့သတ်မှတ်တယ်။ ရေရှည်အတွက် ဘာတွေစီမံထားလဲဗျ။

UKML - အခုကဆန်မှောင်ခိုနဲ့ မဆိုင်ဘူး။ သူတို့ဘက်က ဘဏ်စာရင်းပိတ်တာက ဆန်မှောင်ခိုနဲ့ မဆိုင်ဘူး။ အွန်လိုင်းလောင်းကစားနဲ့ ပတ်သက်ပြီးပိတ်တာ။ မြန်မာကုန်သည်တွေချည်းပဲ မဟုတ်ဘူး။ ပိတ်တဲ့ဘဏ်စာရင်းက ၃၄၉ ခုမှာ မြန်မာကုန်သည်ဘဏ်စာရင်းက ၁၃၂ ခု။ ပိတ်ရတဲ့အကြောင်းရင်းက လောင်းကစားမှုကြောင့်ပါ။ သူတို့ဘက်မှာလည်း အချိန်ယူပြီး လုပ်ထားတာပါ။ လောင်းကစားနဲ့ မပတ်သက်တာတွေကို အမြန်ဆုံးဖွင့်လှစ်ဖို့ ဒီဘက်ကလည်း အမြန်ဆုံးဆောင်ရွက်နေပါတယ်။

Voice - ကျေးဇူးတင်ပါတယ်။ ■

ရဲနိုင်ဦး

ဓာတ်ပုံ-မိုးကျော်လွင်

ရန်ကုန်က နေစရာအိပ်မက်

နိုင်လင်းအောင်

ကျောတစ်ခင်းစာနေရာအတွက် နေ့စဉ်နှင့်အမျှ ရင်မောနေရသည်က ရန်ကုန်မြို့နေလူထု။

ရန်ကုန်မြို့၏ ပကတိအခြေအနေသည် လူနေမှုစရိတ်စကကြီးမြင့်ပြီး လူနေအိမ်ရာ၊ ကွန်ဒိုနှင့် တိုက်ခန်းဈေးနှုန်းများလည်း မိုးထိမြင့်မားနေဆဲဖြစ်သည်။ အာဆီယံနိုင်ငံများတွင် ဈေးအကြီးဆုံးဟုပင် သတ်မှတ်လေ့ရှိသည်။

ထိုဈေးနှုန်းကြောင့်ပင် ရန်ကုန်သည် အိမ်ပိုင်ဆိုင်ခွင့် အိပ်မက်များစွာကို ရိုက်ချိုးထားသည်။ အခြေခံလူတန်းစားများအတွက် အိမ်ပိုင်ခွင့်အိပ်မက် မက်ခွင့်မဲ့သောနေရာသည် ရန်ကုန်ဟုပင်ဆိုရမည်။

သို့သော် ၂၀၁၄ ခုနှစ်နောက်ပိုင်း တအိအိကျဆင်းလာခဲ့သည့် အိမ်၊ ခြံ၊ မြေဈေးကွက်ကြောင့် မိုးထိုးအိမ်၊ ခြံ၊ မြေဈေးကျဆင်းလာမလားဟု တွက်ဆလာကြသည်။ ထို့အပြင် အရှိန်ရလာသော ကွန်ဒိုနှင့် တိုက်ခန်းများ ဖော်ထုတ်မှုကြောင့်လည်း အိမ်ဈေးများ ကျဆင်းလာလိမ့်မည်ဟု ယူဆကြသည်။

အနာဂတ် အိမ်၊ ခြံ၊ မြေဈေးကွက်က အဘယ်နည်း။ အထူးသဖြင့် မြို့ပြနေလူထုအတွက် အရေးပါသည့် ကွန်ဒို၊ တိုက်ခန်းဈေးကွက်ကမည်သို့နည်း။

မိုးမျှော်တိုက်များ

အစိုးရသစ်တက်လာချိန်တွင် ရန်ကုန်မြို့၏ အထပ်မြင့်ကွန်ဒို၊ တိုက်ခန်းအချို့ကို မြို့ပြအင်ဂျင်နီယာနှင့် ကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးရန် တည်ဆောက်ခွင့်ရပ်ဆိုင်းခဲ့သည်။ သို့သော် လအနည်းငယ်ကြာချိန်တွင် ပုံမှန်အတိုင်းပင် ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

အဆိုပါ အထပ်မြင့်ကွန်ဒိုဆောက်လုပ်ရေးလုပ်ငန်းများသည် လက်ရှိတွင် အရှိန်ရစပြုလာသည်။ ရပ်ဆိုင်းမှုတွင် မပါဝင်သော ဆောက်လုပ်ရေးလုပ်ငန်းများလည်း ရုပ်လုံးပေါ်လာကြပြီဖြစ်သည်။

ကွန်ဒိုများ၊ အိမ်ရာများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများစွာ အပြိုင်အဆိုင်ပေါ်ထွက်လာသည်။ ရန်ကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေသည့် အထပ်မြင့်ကွန်ဒိုစီမံကိန်း ၁၉၀ ကျော်ရှိသည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဆိုသည်။

အဆိုပါစီမံကိန်းများ ပြီးစီးပါက လာမည့်သုံးနှစ်အတွင်း ရန်ကုန်မြို့တွင် နေအိမ်အခန်းပေါင်း ၁၈,၀၀၀ မှ ၂၀,၀၀၀ ကြား ပေါ်ထွက်လာရန် ရှိနေသည်ဟု ခန့်မှန်းကြသည်။ ဆောက်လုပ်ရေးစီမံကိန်းများ အပြိုင်အဆိုင်ဖြစ်လာခြင်းကြောင့် သူ့ထက်ငါ ဈေးကွက်ထိုးဖောက်ရောင်းချရန် ပြင်ဆင်လာပြန်သည်။

ကွန်ဒိုအရည်အသွေးပိုင်း အဆင့်မြှင့်တင်လာကြပြီး ဈေးနှုန်းများလည်း ပြောင်းလဲလာခဲ့ကြောင်း Your Property Finder ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချမ်းမြသူက ဆိုသည်။

“ဈေးကွက်ထဲမှာတွေ့ရတာက Competition (ပြိုင်ဆိုင်မှု) တွေများလာတယ်။ Project တွေလည်း နေရာတော်တော်များများမှာ တွေ့နေရပါတယ်။ ကြိုပွိုင့်တွေရော၊ ပြီးပြီးသား Properties တွေရော တွေ့နေရတယ်။ အပြိုင်အဆိုင်တွေက ဘာတွေ ပြိုင်သလဲဆိုရင် အရည်အသွေးပိုင်းနဲ့ ဈေးနှုန်းပိုင်းမှာ အဓိကပြိုင်ဆိုင်လာကြတယ်” ဟု ၎င်းကဆိုသည်။

အရည်အသွေးပိုင်းတွင် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လာသည်ဟု ၎င်းကဆိုသည်။ ဈေးနှုန်းကိုလည်း ကွန်ဒိုစံချိန်စံညွှန်းအဆင့်သတ်မှတ်ချက်အပေါ်မူတည်ကာ ယှဉ်ပြိုင်လျှော့ချလာခဲ့သည်။

လက်ရှိကာလသည် ဈေးနှုန်းများ အပြိုင်အဆိုင် လျှော့ချလာခြင်းကြောင့်

စာမျက်နှာ ၁၅ သို့

တစ် ပတ် အ တွင်း ရွှေ ဈေး

ရက်စွဲ	မြန်မာ့ရွှေဈေး (ကျပ်)		ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)	
	ဖွင့်ဈေး	ပိတ်ဈေး	ဖွင့်ဈေး	ပိတ်ဈေး
၁၉.၆.၂၀၁၇	၉၀၉,၅၀၀	၉၁၀,၀၀၀	၁၂၅၁	၁၂၅၀
၂၀.၆.၂၀၁၇	၉၁၉,၅၀၀	၉၀၉,၀၀၀	၁၂၄၆	၁၂၄၇
၂၁.၆.၂၀၁၇	၉၀၉,၀၀၀	၉၀၉,၅၀၀	၁၂၄၆	၁၂၄၆

Source ॥ ॥ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာပေါက်ဈေး

ရက်စွဲ	အမေရိကန်ဒေါ်လာ (ကျပ်)	ယူရို (ကျပ်)	စင်ကာပူဒေါ်လာ(ကျပ်)
၁၉.၆.၂၀၁၇	၁၃၅၂	၁၅၁၁	၉၇၆
၂၀.၆.၂၀၁၇	၁၃၅၇	၁၅၀၇	၉၇၄
၂၁.၆.၂၀၁၇	၁၃၅၅	၁၅၀၆	၉၇၆

အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။

စာမျက်နှာ ၁၄ | ရန်ကုန်မှ နေစရာ အိပ်မက် မှအဆက် ...

ဝယ်ယူသူ ဈေးကွက်ဟုပင်ဆိုနိုင်ကြောင်း Success Property Consultant ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးကျော်စည်သူက ဆိုသည်။

"ဒီအချိန်က ဝယ်သူရဲ့ Market လို့ ပြောလို့ရတယ်။ ရေရှည်အတွက် ဒီအချိန်က ဝယ်လို့ကောင်းတယ်။ ဈေးတွေက အပြိုင်အဆိုင်လေးတွေလုပ်ကြတဲ့အတွက် ဝယ်လို့ကောင်းတဲ့အချိန်ပေါ့" ဟု ၎င်းကဆိုသည်။

ဈေးနှုန်းပြိုင်ဆိုင်မှုရှိသော်လည်း ကွန်ဒိုတိုက်ခန်းဈေး အလွန်အကျွံကျဆင်းမည်မဟုတ်ဟု ၎င်းကထင်မြင်သည်။ ဈေးနှုန်းမျှတသွားသည့် အခြေအနေဖြစ်နိုင်သည်။ ဆောက်လုပ်ရေးကုန်ပစ္စည်း စုစုပေါင်း ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်ပြီး တည်ဆောက်ရေးကုန်ကျစရိတ်များ မြင့်မားခြင်းကြောင့် ကွန်ဒိုတိုက်ခန်းဈေးလည်း အလွန်အကျွံမကျနိုင်ကြောင်း ၎င်းကဆိုသည်။

ပြိုင်ဆိုင်မှုကြောင့် ကွန်ဒိုတိုက်ခန်း ဖော်ထုတ်သူ (Developer) များ အနေနှင့်လည်း အကျိုးအမြတ် အလွန်အကျွံမြှင့်တင်ရောင်းချရန်လည်းမဖြစ်နိုင်ပေ။ သို့ဆိုလျှင် ကွန်ဒိုဈေးတည်ငြိမ်သွားနိုင်သည်။

လက်ရှိ ကွန်ဒိုတိုက်ခန်းဈေးမှာ တစ်ပေပတ်လည် အမေရိကန်ဒေါ်လာ ၁၂၀ မှ ၃၅၀ (ကျပ် ၁၆၀,၀၀၀ မှ ကျပ် ၄၇၀,၀၀၀) ကြားတွင်ရှိသည်။ နေရာထိုင်ခင်း၊ ဝန်ဆောင်မှုများပေါ်တွင် မူတည်ကာ ဈေးကွာခြားသည်။ အဆိုပါ နှုန်းထားသည့် ကွန်ဒိုဝယ်ယူသူများ လက်ခံနိုင်သည့်နှုန်းထားတစ်ခုဖြစ်ပြီး ယင်းထက်ဈေးမြင့်လျှင် ဝယ်ယူရန် အခက်အခဲရှိသည်။

ကွန်ဒိုတိုက်ခန်းဈေးမှာ လက်ရှိပေါက်ဈေးအတိုင်း ဆက်လက်တည်ရှိနေဖွယ်ရှိပြီး ဈေးကျရန် မျှော်လင့်၍မရသေး။ လက်ရှိကွန်ဒိုဈေးကွက်မှာမူ မိုးရာသီဖြစ်နေခြင်းကြောင့် အရောင်းအဝယ်ပါးနေပြီး ပွင့်လင်းရာသီရောက်ပါက ဈေးကွက်ပိုကောင်းလာမည်ဟု ခန့်မှန်းကြသည်။

လိုလားချက်

သို့သော် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေ (ကွန်ဒိုဥပဒေ) အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် လိုအပ်သည်။ အလားတူ အိမ်၊ ခြံ၊ မြေအခွန်နှုန်းထားများ လျှော့ပေါ့ပေးနိုင်လျှင် ကွန်ဒို၊ တိုက်ဈေးကွက် ပိုသွက်လက်လာနိုင်မည် ဖြစ်သည်။

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (ကွန်ဒိုမီနီယံဥပဒေ) ကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း တရားဝင်ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ကွန်ဒိုတိုက်ခန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းကို နိုင်ငံခြားသားများအား ရောင်းချခွင့်ရရှိမည်ဖြစ်သည်။ နိုင်ငံခြားသားသည် ၎င်းပိုင်ဆိုင်သည့် တိုက်ခန်းကို ရောင်း၊ ပေါင်၊ ငှား တရားဝင်လုပ်ခွင့်ရှိသည်။

သို့သော် နည်းဥပဒေထွက်ပေါ်လာခြင်းမရှိသည့်အတွက် အမှန်တကယ် ရောင်းချနိုင်ခြင်းမရှိသေးပေ။ လက်ရှိ ကွန်ဒိုဆောက်လုပ်ရေး တည်ဆောက်သူများသည် အဆိုပါနည်းဥပဒေကို မျှော်လင့်ကြသည်။ ကွန်ဒိုဈေးကွက် အခြေအနေမှာလည်း အဆိုပါဥပဒေပေါ်တွင် တိုက်ရိုက်မူတည်နေသည်ဟု ၎င်းတို့က သုံးသပ်ကြသည်။

နောက်ထပ် စိန်ခေါ်မှုမှာ အိမ်၊ ခြံ၊ မြေအခွန်နှုန်းထားဖြစ်သည်။ အိမ်၊ ခြံ၊ မြေဈေးကွက်သည် အခွန်သုံးရပ်ဖြင့် ဆက်နွှယ်သည်။ တံဆိပ်ခေါင်းခွန်၊ ရာပြတ်ခွန်နှင့် ဝင်ငွေခွန်တို့ဖြစ်သည်။

တံဆိပ်ခေါင်းခွန်သည် အိမ်၊ မြေ၊ အဆောက်အအုံအစရှိသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းအတွက် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရသည်။ ယင်းတံဆိပ်ခေါင်းခွန်နှင့်ပတ်သက်ပြီး ပြီးခဲ့သည့်လအတွင်း ၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ဖြေလျှော့ခဲ့သည်။

အလားတူ ရာပြတ်တန်ဖိုး၊ စည်းကြပ်သည့် ဝင်ငွေခွန်နှုန်းထားများလျှော့ချလာပါက ကွန်ဒိုဈေးကွက်အပြင် အိမ်၊ ခြံ၊ မြေဈေးကွက်တစ်ခုလုံး ပြန်လည်ဦးမော့လာနိုင်ကြောင်း အိမ်၊ ခြံ၊ မြေလောကသားများက ယုံကြည်ကြသည်။

အိမ်၊ ခြံ၊ မြေဝင်ငွေခွန်စည်းကြပ်ရာတွင် ၁ ကျပ်မှ သိန်း ၃၀၀ အထိကို ၁၅ ရာခိုင်နှုန်း၊ သိန်း ၃၀၁ ကျပ်မှ သိန်း ၁၀၀၀ အထိကို ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀ အထက်ကို ၃၀ ရာခိုင်နှုန်းကောက်ခံသည်။

"အခွန်နှုန်းထားလည်း လျှော့မယ်။ နည်းဥပဒေလည်း ထွက်လာရင် အိမ်၊ ခြံ၊ မြေကဏ္ဍတစ်ခုလုံး ပိုကောင်းလာမယ်။ နိုင်ငံခြားသားတွေကို ကွန်ဒိုတိုက်ခန်း ၄၀ ရာခိုင်နှုန်းရောင်းချပိုင်ခွင့်ရှိမယ်။ အမှန်တကယ်ဈေးကွက်ထဲ ယုံယုံကြည်ကြည်ဝယ်ယူနိုင်မယ်" ဟု iMyanmar House.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူကဆိုသည်။

အိမ်လိုသည်

သို့သော်လည်း အိမ်ရာလိုအပ်ချက်မှာ ဆက်လက်မြင့်မားနေဦးမည်ဖြစ်သည်။ လက်ရှိ ရန်ကုန်မြို့အနှံ့ ပေါ်ထွက်လာသော မိုးမျှော်တိုက်များမှာမူ လက်တစ်ဆုပ်စာ လူနည်းစုအတွက်သာ ဖြစ်သည်။ သိန်းထောင်ချီဈေးပေးရသော အဆိုပါ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများကို အခြေခံ ပြည်သူများ လက်လှမ်းမမီ။

"ကွန်ဒိုကတော့ Very Limit (အကန့်အသတ် အများကြီးရှိတယ်)။ ဝယ်နိုင်ဖို့လည်းမလွယ်ဘူး ဓနအင်အားအရင်းအနှီးရှိသူတွေပဲ ဝယ်ကြတယ်။ ပြည်ပကလာဝယ်တာမရှိဘူး။ ကွန်ဒိုယဉ်ကျေးမှုနဲ့မစိမ်းတော့တဲ့သူတွေ ဝယ်ကြတယ်။ အခြေခံပြည်သူကတော့ အလှမ်းဝေးလွန်းတယ်" ဟု မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးက ကပြောကြားသည်။

အခြေခံပြည်သူများလက်လှမ်းမီသည့် တန်ဖိုးသင့်တင့်သည့် တိုက်ခန်းများ၊ တန်ဖိုးနည်းတိုက်ခန်းများ များစွာ လိုအပ်နေကြောင်း မဏ္ဍိုင် အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုလုပ်ငန်း၏ ဥက္ကဋ္ဌလည်းဖြစ်သူ ၎င်းက ဆိုသည်။

"မဖြစ်မနေဝယ်မယ့် လူဦးရေကိုတောင် မဖြည့်ဆည်းနိုင်သေးဘူး။ ဝယ်ယူပိုင်ဆိုင်နိုင်ဖို့ဆိုတာ ထားလိုက်ဦး။ ငှားနေနိုင်ဖို့တောင် မလွယ်ဘူး" ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့သည် စက်မှုဆိပ်ကမ်းနှင့် စီးပွားရေးမြို့တော်တစ်ခုဖြစ်ပြီး လူဦးရေ ၇ ဒသမ ၃၆ သန်းကျော်ရှိသည်။ လူဦးရေ တိုးတက်မှုနှုန်းမှာလည်း တစ်နှစ်လျှင် ၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်။

နှစ်စဉ်အိမ်ခန်း လိုအပ်ချက်မှာမူ အိမ်ခန်းယူနစ်ပေါင်း ၂၅၀၀၀ မှ ၃၅၀၀၀ အထိရှိနိုင်သည်ဟု အိမ်ခြံမြေ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ရန်ကုန်မြို့တွင် အိမ်ရာမဲ့ ကျူးကျော်ဦးရေသည်ပင် လေးသိန်းကျော်ရှိ သည်။ ၎င်းတို့ကို ပြန်လည်နေရာချထားလျှင်ပင် အိမ်ရာလိုအပ်ချက်လေးသိန်းကျော်ဖြစ်သည်။

ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်ကို ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများက ၇၀ ရာခိုင်နှုန်းနှင့် အစိုးရက ၃၀ ရာခိုင်နှုန်း ဖြည့်ဆည်းရန် ပြင်ဆင်လျက်ရှိသည်။ သို့သော် လက်ရှိအိမ်ရာအခန်းလိုအပ်ချက်နှင့် အိမ်ရာဖော်ထုတ်နိုင်မှု ပမာဏကိုယှဉ်ကြည့်လျှင် ဆင်ပါးစပ်နှမ်းပက်ရုံဖြစ်သည်။

တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများ အဓိကဖော်ထုတ်နေသည့်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဦးစီးဌာနသည် လာမည့်နှစ်အတွင်း အိမ်ရာအခန်းပေါင်း ၈၀၀၀ ကျော်ဖော်ထုတ်မည်ဖြစ်သည်။ ပုဂ္ဂလိက အခန်းထုတ်လုပ်လာမည်ဖြစ်သော်လည်း အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖွယ်မရှိသေးကြောင်း လုပ်ငန်းရှင်များက တွက်ချက်သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့)ပိုင်း မြို့နယ်တွင် အကောင်အထည်ဖော်ခဲ့သည့် မဟာဗန္ဓုလအငှားအိမ်ရာသည် အိမ်ခန်းပေါင်း ၁၂၀၀ ကျော် ငှားရမ်းပေးနိုင်သည့် အငှားအိမ်ရာတစ်ခုဖြစ်သည်။ ပင်စင်စားဝန်ထမ်းများကို အဓိကငှားရမ်းပေးခြင်းဖြစ်ပြီး ယင်းအိမ်ရာငှားရမ်းခွင့် လျှောက်လွှာခေါ်ယူချိန်တွင် ပင်စင်စားဦးရေ ၃၆,၀၀၀ ကျော် လျှောက်ထားခဲ့သည်။

အိမ်ရာဖြည့်ဆည်းနိုင်မှုထက် အဆပေါင်း ၃၀ ကျော်များပြားနေသည်။ ထိုအခြေအနေကိုကြည့်လျှင် ရန်ကုန်မြို့၏ အိမ်ခန်းလိုအပ်ချက် မည်မျှရှိသည်ကို ထောက်ရှုနိုင်ကြောင်း ဦးသန်းဦးက ဆိုသည်။

ပုဂ္ဂလိက ကန်ထရိုက်တိုက်များမှာလည်း မြန်မာ့စီးပွားရေးနှေးကွေးနေသဖြင့် အပြီးသတ်ဆောက်လုပ်ရန် ကြန့်ကြာမှုများရှိနေသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော်မည့် မြို့သစ်စီမံကိန်းမှာလည်း လက်တွေ့အကောင်အထည်ဖော်ရန် ကြာမြင့်ဦးမည့် အနေအထားကြောင့် အိမ်ရာလိုအပ်ချက်မှာ ဆက်လက်မြင့်မားနေဖွယ်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဦးစီးဌာနက ဖော်ထုတ်သည့်အိမ်ခန်းများကို CHDB ဘဏ်နှင့် ချိတ်ဆက်ရောင်းချပေးနေသော်လည်း အလျဉ်မမီနိုင်။

CHDB ဘဏ်တွင် အိမ်ရာစုဆောင်းငွေဘဏ်စာရင်း ဖွင့်လှစ်ထားသူ ၁၇,၀၀၀ ကျော်တွင် လူဦးရေ ၁၄၀၀ ခန့်သာ ဖြည့်ဆည်းပေးနိုင်သည်။

တန်ဖိုးနည်းတိုက်ခန်းများသည် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှ။ ရောင်းလိုအားရှိသော ကွန်ဒိုမီနီယံ တိုက်ခန်းမှာလည်း ဈေးနှုန်းအရ လက်လှမ်းမမီ။ လိုအပ်တာ မရ၊ ရတာ လက်လှမ်းမမီသည်မှာ ရန်ကုန်မြို့၏ တိုက်ခန်းပိုင်ခွင့် အိပ်မက်ပင်ဖြစ်သည်။

ယင်းနှင့် ပတ်သက်ပြီး ဦးသန်းဦးက အောက်ပါအတိုင်း ပြောဆိုသည်။

"အရမ်းကြီး အလှမ်းဝေးနေသေးတယ်" ■

နိုင်လင်းအောင်

ဓာတ်ပုံ-မိုးကျော်လွင်

အွန်လိုင်းပေါ်က စျေးသည်ကြီးတွေ

မောင်မိုးဇွန်

"အရမ်းတန်တယ်။ အကျႌလေးတွေ ဝယ်လို့ရပြီနော်။" "အထူးနှုန်းနဲ့ စျေးချထားတဲ့ အလှကုန်လေးတွေ အားပေးကြပါဦး..." အစရှိသည့် အင်တာနက်နှင့် လူမှုကွန်ရက်များမှတစ်ဆင့် စျေးရောင်းချသည့် Content များ၊ Post များကို ယနေ့ခေတ်တွင် မကြာခဏမြင်တွေ့နိုင်ပါသည်။

ဓာတ်ပုံ-မြင့်မိုးညို

ဆက်သွယ်ရေးစနစ် ပွင့်လင်းလာပြီးနောက် လူနေမှုပုံစံနှင့် ငွေကြေးသုံးစွဲမှုပုံစံများလည်း လိုက်ပါပြောင်းလဲလာနေပြီး အင်တာနက်ကို အသုံးပြု၍ ငွေပေးချေခြင်း၊ ကုန်စည်ရောင်းချခြင်း၊ စျေးဝယ်ခြင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုများပေးခြင်းနှင့် အနုပညာဖန်တီးမှုများ ခံစားခြင်းများသည် လက်ရှိခေတ်ရေစီးကြောင်း ပြောင်းလဲမှု၏ ပြယုဂ်တစ်ခုဖြစ်သည်။

အထူးသဖြင့် အင်တာနက်နှင့် အွန်လိုင်းကို အသုံးချ၍ ပစ္စည်းရောင်းချမှုများမှာ ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း သိသိသာသာပင်ခေတ်စားလာခဲ့သည်။ အဓိကအားဖြင့် လူမှုကွန်ရက် Facebook ကို အသုံးပြု၍ ရောင်းချသည့်စနစ်မှာ ပိုမိုတွင်ကျယ်လာနေသည်။

"e-Commerce စနစ်နဲ့ အွန်လိုင်းပစ္စည်းရောင်းချမှုတွေက နိုင်ငံတကာမှာ ပုံသဏ္ဌာန်မျိုးစုံနဲ့ တိုးတက်လာတာပါ။ တစ်နေရာနဲ့ တစ်နေရာတော့ အနေအထားနဲ့ Trend ချင်းမတူပါဘူး။ အမေရိကမှာလည်း အမေရိကပုံစံရှိသလို တရုတ်ကလည်း တရုတ်ပုံစံနဲ့ပါ။ ကျွန်တော်တို့ဆီမှာကျတော့လည်း Web Based ထက် Facebook Based က ပိုတွင်ကျယ်နေတယ်။ ဒါကိုက ဒီနိုင်ငံရဲ့ Trend ဖြစ်မယ်ထင်ပါတယ်" ဟု အာဆီယံဒေသတွင်း e-Commerce နှင့် m-Commerce လုပ်ငန်းများဆောင်ရွက်နေသည့် 2C2P ကို တည်ထောင်သူ ကိုအောင်ကျော်မိုးက ဆိုသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းမှ စျေးရောင်းဝယ်သည့်လုပ်ငန်းစတင်ခဲ့သည်မှာ ၂၀၀၆ ခုနှစ်ကတည်းကဖြစ်သော်လည်း အမှန်တကယ် အွန်လိုင်းစျေးရောင်းချမှုများ ထွန်းကားလာခဲ့သည်မှာ လွန်ခဲ့သည့် ၂၀၁၃ ခုနှစ် ဝန်းကျင်ခန့်ကမှသာဖြစ်သည်။ ပြည်တွင်းတွင် အွန်လိုင်း ရှော့ပင်လုပ်ငန်းများ စတင်ခဲ့စဉ်က Internet Website အခြေပြုရောင်းချမှုများဖြင့် စတင်ခဲ့ကြသော်လည်း နောက်ပိုင်းကာလများတွင် လူမှုကွန်ရက် Facebook ပေါ်မှတစ်ဆင့် ရောင်းချမှုများပိုမို တွင်ကျယ်လာနေသည်။

၂၀၁၃ ခုနှစ်မှစတင်၍ ပြည်တွင်း Facebook သုံးစွဲသူများကြားတွင် ခေတ်စားလာသော အွန်လိုင်းရှော့ပင်လုပ်ငန်းများသည် ထိုစဉ်က အရေအတွက်အားဖြင့် ၁၀၀ ဝန်းကျင်ခန့်သာရှိခဲ့ရာမှ ယခုအခါ ခန့်မှန်းခြေ ၃၀၀၀၀ မှ ၆၀၀၀၀ ကြားအထိ အရေအတွက် တိုးပွားလာနေပြီဖြစ်ကြောင်း လေ့လာချက်များက ဆိုသည်။

လက်ရှိတွင် အစားအစာ၊ အဝတ်အထည်၊ အလှကုန်နှင့် စာအုပ်များသာမက မီးဖိုချောင်သုံးပစ္စည်း၊ မော်တော်ယာဉ်၊ ကလေးကစားစရာ၊ အိမ်သုံးပရိဘောဂ၊ အီလက်ထရွန်နစ်ပစ္စည်း၊ ဆေးဝါး၊ လက်ဝတ်ရတနာ၊ နာရီ၊ မိုဘိုင်းလ်ဖုန်းနှင့် ကွန်ပျူတာများအထိ ပြည်တွင်းရှိ Facebook အခြေပြု အွန်လိုင်းရှော့ပင်းလုပ်ငန်းများမှတစ်ဆင့် ဝယ်ယူနိုင်ကြပြီဖြစ်သည်။

"ငွေပေးရမယ့်အပိုင်းမှာ သိပ်အဆင်မပြေပေမယ့်လည်း ကျွန်မအပါအဝင် လူငယ်တွေကတော့ အွန်လိုင်းရှော့ပင်းတွေ ပေါ်လာတာ သဘောကျပါတယ်။ MPU စနစ်နဲ့မိုဘိုင်းလ် ငွေပေးချေစနစ်တွေက ခုထက်ပိုဆင်ပြေမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့" ဟု ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်း ဒေါ်နေကြာက ဆိုသည်။

မိုဘိုင်းလ်ငွေပေးချေမှုစနစ်နှင့် MPU စနစ်တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေမှုတို့ကြောင့် အွန်လိုင်းပေါ်မှ စီးပွားရေးလုပ်ငန်းအများစုသည် ဝယ်ယူအားပေးသူများနှင့် အပြန်အလှန် ငွေပေးချေမှုကဏ္ဍအတွက် ပုဂ္ဂလိက အမြန်ချောပို့လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ကိုင်နေရသည်။

"တချို့က MPU က လွှဲတယ်။ တချို့က ဘဏ်က လွှဲတယ်။ ဒါပေမဲ့ မြို့တွင်းသမားတွေက Delivery သမားနဲ့ပဲ ငွေချေကြတယ်။ ခုနောက်ပိုင်း Delivery ကုမ္ပဏီတချို့ကလည်း ဒီဘက်ကို ငွေကြိုချေသွားပေးတာမျိုးရှိတယ်။ အဲလိုကျအဆင်ပြေတယ်" ဟု The Paradise Online Shopping ကိုဦးဆောင်နေသူ မသူသူထက်က ဆိုသည်။

ငွေကြိုရှင်းပေးသည့် Delivery ရှိသကဲ့သို့ မရှင်းပေးသည့် သူများလည်းရှိသည်။ ပစ္စည်းတန်ဖိုးများသည့်အခါ Delivary သမားများကလည်း ငွေအကုန် မချေသွားနိုင်သောကြောင့် ဝယ်သူဆီ ပစ္စည်းမရောက်မချင်း စိတ်ပူနေရတတ်ကြောင်း သူမက ဆိုသည်။ ထို့အပြင် ပစ္စည်းပို့လမ်းကြောင်း အခက်အခဲကြောင့် ဝယ်သူဘက်မှ စောဒကတက်သည်မျိုးလည်း ကြုံရတတ်သည်ဟု ဆိုသည်။

အွန်လိုင်းပေါ်မှ အရောင်းအဝယ်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းအများစုမှာ ဝယ်ယူသူထံ ပစ္စည်းအရောက် ပို့ဆောင်ပြီးမှသာ ကျသင့်ငွေကိုရရှိကြခြင်းဖြစ်သည်။ သို့သော်လည်း အချို့သော လုပ်ငန်းများသည် ဝယ်ယူသူထံမှ ကျသင့်ငွေကိုဘဏ်များ သို့မဟုတ် MPU ကတ်များမှ တစ်ဆင့် ကြိုတင်လက်ခံရရှိပြီးမှသာ မှာယူသည့် ပစ္စည်းများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည်မျိုးလည်း ရှိတတ်ကြသည်။

"ပစ္စည်းအတွက် ကျသင့်တဲ့ ဝန်ဆောင်ခက ဝယ်ယူသူဘက်ကပဲ ပေးရတာဆိုပေမယ့် ဝယ်သူတချို့ကပစ္စည်း လက်ခံရရှိတဲ့အခါမှာ ကြိုက်နှစ်သက်မှု မရှိတော့လို့ ငြင်းပယ်တယ်ဆိုတဲ့ ကိစ္စတွေက မကြာခဏကြုံရတယ်။ နောက်ပြီး တချို့ဝယ်သူတွေက လိပ်စာမှားတွေ ဖုန်းနံပါတ်မှားတွေနဲ့ ပစ္စည်းမှာကြတာတွေ မကြာခဏဖြစ်တတ်တယ်" ဟု Celebrity Online လုပ်ငန်းမှတာဝန်ရှိသူ တစ်ဦးက သုံးသပ်ပြောကြားသည်။

ထို့အပြင် အချို့သော ဝယ်သူများမှာ ဘဏ်ငွေလွှဲဖြတ်ပိုင်းအတုများဖြင့် ပစ္စည်းဝယ်ယူနေမှုများလည်း ကြုံနေရသည်ဟု ၎င်းကဆိုသည်။

ယင်းသို့သောပြဿနာများမှာ Mobile Banking ကဲ့သို့သော ငွေပေးချေမှုစနစ်များ

စာမျက်နှာ ၂၀ သို့

ဂျစ်ကန်ကန် ၂၁ ရာစု ပင်လုံအလွန်

အောင်နိုင်ဦး

ကိုးတန်းလောက်က ထင်သည်။ သူများတွေ ဂစ်တာသင်တော့ ကိုယ်လည်း သင်ဖြစ်သည်။ ရပ်ကွက်ထဲမှ ဂစ်တာကိုင်သူ၊ ကိုယ့်ထက်တတ်သူများကို အားကိုးရသည်။

သင်ကာစဆိုတော့ လက်ကွက်အတွက် လေ့ကျင့်ရသည်။ အချိန်ရတိုင်း ဘိ (beat) ကိုလေ့ကျင့်ရသည်။ လက်ကွက်က မမှန်၊ beat က မမှန်။ ကျွန်တော့်အဖေက ကျွန်တော် ဂစ်တာတီးသင်ချင်တာကို သဘောမကျပါ။ သို့သော်လည်း အပြစ်မပြောပါ။ တစ်နေ့တော့ ရွာထိပ်ဆန်စက်ရှေ့ စက်ပိတ်ချိန်တွင် ဂစ်တာတီးလေ့ကျင့်နေသောနေရာသို့ ကျွန်တော့်အဖေရောက်လာသည်။ ကျွန်တော် ဂစ်တာတီးလေ့ကျင့်နေတာကို ကြည့်ပြီး "မင်းတို့ဟာကလည်းကွာ ငါကြားတာကတော့ ဂျစ်ကန်ကန်၊ ဂျစ်ကန်ကန်နဲ့" လို့ပြောပြီး ထွက်သွားပါသည်။

မေလ ၂၄ ရက်နေ့တွင် စတင်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) သို့ ကျွန်တော်နှင့် ဒေါက်တာအင်ဒရူးကို အစိုးရဘက်မှ 'ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့' စာရင်းမှ ဖိတ်ကြားခံခဲ့ရသည်။ ထို့အတွက် ကျေးဇူးတင်မိသည်။ မိတ်ဆွေဟောင်းများနှင့် တွေ့ရပြီး မိတ်ဆွေသစ်များရခဲ့သည့်အတွက် ဝမ်းမြောက်ရပါသည်။ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး ကူညီနိုင်ခဲ့ပါသည်။

မေလ ၂၈ ရက်နေ့တွင် ဆွေးနွေးပွဲများ တန့်သွားသည်။ သမ္မတရုံးမှ အစည်းအဝေး နောက်ထပ်တစ်ရက် ရွှေ့ဆိုင်းကြောင်း အကြောင်းကြားလာပါသည်။ တနင်္ဂနွေနေ့မှာ ထပ်ရှိဦးမည်ဆိုသည့်သဘော။

တနင်္ဂနွေနေ့မှာ မနက် ၉ နာရီကတည်းကညှိတာ ညရောက်သွားသည်။ စိတ်ပျက်လက်ပျက်အသံများလည်း ကြားရသည်။ ယုံကြည်မှု အနာတရဖြစ်သွားသည်ဟု ဆိုကြသည်။ သို့သော် နောက်ဆုံးတွင် ပြေလည်သွားကြသည်။ အချက်ပေါင်း ၄၁ ချက်မှ ၃၇ ချက် သဘောတူသွားသည်။ နိုင်ငံရေးဆွေးနွေးပွဲများ တစ်စုံတစ်ရာခိုင်မာသွားပြီဟုဆိုရမည်။ ကျွန်တော် ဝမ်းသာမိပါသည်။

မေလဆန်းမှ အခြေအနေကိုပြန်ကြည့်လျှင် မျှော်လင့်ချက်မဲ့နေသလိုပင် ခံစားရသည်။ အဖြေမရလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အနာဂတ်ကိုပင် စိုးရိမ်ရကြောင်းရေးသားခဲ့ဖူးသည်။ အခုတော့ ယုံကြည်ရာ တစ်စုံတစ်ရာ ပြန်ရသွားသည်ဟုဆိုရမည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၏ အတက်အကျသဘောကိုလည်း ဆင်ခြင်မိသည်။

မေလ ၂၉ ရက်၊ တနင်္ဂနွေနေ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံပြီးတော့ အဖေပြောခဲ့တာကို သွားသတိရမိသည်။ ညီလာခံကို ဂျစ်ကန်ကန် ၂၁ ရာစုပင်လုံဟု ပြောရမလိုဖြစ်သည်။

ဆွေးနွေးပွဲထဲတွင် အမှန်တကယ် ဂျစ်ကန်ကန်လုပ်သူများလည်း ရှိသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ဖွဲ့ထဲ အတွင်းမှာပင် အတိုင်အဖောက်မညီတာတွေ ရှိသည်။ ပြင်းပြင်းထန်ထန် ဆွေးနွေးသူတွေရှိသည်။ ကြားဝင်ပြေလည်အောင် ဆောင်ရွက်သူများလည်းရှိသည်။ နောင်မတွေ့ချင်အောင်ဖြစ်သွားတာမျိုးတွေလည်း ကြားရသည်။ ပြင်ပ ပယောဂများကြောင့်ဟု ပြောသည်ကိုလည်း ကြားခဲ့ရသည်။

ဂစ်တာတီးခါစမှာ သီချင်းကလည်း အရမ်းဆိုချင်သည်။ လက်ကွက်က မမှန်၊ beat က မမှန်။ ထို့ကြောင့် ကျွန်တော့် အဖေပြောသလို ဂျစ်ကန်ကန်အသံ ထွက်လာသည်။

ထိုကဲ့သို့ပင် ဒုတိယပင်လုံကို ဂျစ်ကန်ကန်ဟု ဆိုရမလိုပင်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) ၏ နိုင်ငံရေးဆွေးနွေးပွဲများသည် အမှန်တကယ်ဆုံးဖြတ်ချက်ချရမည့်အပိုင်း ရောက်လာပြီဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲ၏ အစပင်ဖြစ်သည်။ အဖြေလည်းလိုချင်ကြသည်၊ ရစ်သမ်က မမှန်သေး။ နှစ်ဖက်စလုံးတွင် စိုးရိမ်ချက်များရှိသည်။ လေ့ကျင့်မှု၊ ပြင်ဆင်မှုလည်း နည်းနေသေးသည်။ ထို့အပြင် အမှန်တကယ် သဘောတူရတော့မည်၊ လက်မှတ်ထိုးရတော့မည် ဆိုသည့်အခါ ထိုးလိုက်ရင်ဖြစ်ပါ့မလား၊ ထိုးပြီးရင် နောက်ဆုတ်၍မရတော့ဟု ယူဆထားကြသည်။

ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ရေးဆွဲခဲ့စဉ်က ညီလာခံကိုယ်စားလှယ် ၇၀၀ ဖြင့် ဆွေးနွေးလျှင် အဖြေမရနိုင်ဟု နားလည်ခဲ့ကြသည်။ ထို့ကြောင့် NCA တွင် UPDJC (ခေါ်) ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းမှုကို သဘောတူခဲ့ကြသည်။ UPDJC ကိုပိုပြင်အောင်ဆောင်ရွက်ရန် အကြံပေးခဲ့ကြသည်။ UPDJC သည် အဓိကညှိနှိုင်းရေးအဖွဲ့ဖြစ်လာသည်။ အဖွဲ့ဝင် ၄၈ ဦးပါသဖြင့် ခက်ခက်ခဲခဲညှိနှိုင်းခဲ့ရသည်။

ဒါတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်မြဲဓမ္မတာ ဖြစ်၍ ကျွန်တော် မအံ့ဩပါ။ သို့သော် ယခုအခါ ခိုင်မာသောအဖြေများရ၍ ဆွေးနွေးပွဲနောက်တစ်ဆင့် တက်သွားပြီဟုဆိုရမည်။ သို့သော် လွယ်လွယ်နှင့်မရ။ အများကြီး ပြင်ရမည်။ အဖွဲ့တိုင်းက ဆွေးနွေးပွဲ၏ အနေအထား၊ ရလဒ်များကို ပြန်လည်ဆန်းစစ်ကြလိမ့်မည်။ နှစ်မကုန်ခင် ကျင်းပမည့် ၂၁ ရာစု ပင်လုံတွင် ပို၍ကောင်းလာမည်ဟု မျှော်လင့်မိသည်။ ရစ်သမ်တွေ ပို၍မှန်လာမည်ဟုလည်း ယူဆမိပါသည်။ ဂျစ်ကန်ကန်အဆင့်ကိုကျော်လွှားရမည်။ အားလုံးက ကောင်းအောင်ကြိုးစားချင်သည့် ဆန္ဒများကို ဖော်ပြကြသည်။

သို့သော် ဆန္ဒရှိရုံနှင့် မရ။ ဤဆွေးနွေးပွဲမှ သင်ခန်းစာများကို ယူရမည်။ ယခုထက် ၁၀ ဆ ပို၍ပြင်ဆင်ရမည်။ သို့မဟုတ်လျှင် ဂျစ်ကန်ကန်အဆင့်ကို ကျော်သွားရန် ခက်ပေလိမ့်မည်။

('အောင်နိုင်ဦး' သည် 'မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ သင်ခန်းစာများ' စာအုပ်ကို ရေးသားထုတ်ဝေသူဖြစ်သည်။) ■

အောင်နိုင်ဦး

Cartoon Of The Week

စင်ကာပူမြို့ပြ ဖွဲ့စည်းတည်ဆောက်မှု စနစ်နှင့် မန္တလေး

လရောင်

Urban Planning ဆိုတာ ကိုယ့်မှာရှိတဲ့ မြေ၊ ရေတွေနဲ့ အားလုံး အဆင်ပြေပြေသွားလာနိုင်၊ ကုန်သွယ်နိုင်အောင် သန့်စင်တဲ့ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ကအစ ဘယ်လိုစီမံမလဲဆိုတာဖြစ်ပါတယ်။ Urban Planning မှာ အစိုးရကဖန်တီးပေးတဲ့မြို့ပြကို လူတွေလာတယ်။ အလုပ်တွေ ရကြတယ်ပေါ့။

မြို့ပြတစ်ခုကို ဒီဇိုင်းဆွဲတဲ့အခါ အရေးကြီးတဲ့အချက်က မြို့လယ်ရဲ့ ၅ ရာခိုင်နှုန်းလောက်ကိုပဲ ရုံးတွေ၊ အဆောက်အအုံတွေ ဆောက်ပါတယ်။ ကျန်တဲ့ ၉၅ ရာခိုင်နှုန်းကိုတော့ ပန်းခြံတွေ၊ မြေလွတ်တွေနဲ့ ပြည်သူတွေအတွက် ဖန်တီးပေးဖို့ပါ။

စင်ကာပူက အကန့်အသတ်ရှိတဲ့မြေနေရာကို အစိုးရက ကဏ္ဍ ၁၂ ရပ်ကို ခွဲဝေအသုံးပြုပါတယ်။ Urban Planning စလုပ်တော့ သူတို့ နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေကို ခန့်ထားတယ်။ မြေအနေအထားခွဲဝေတယ်။ နောက် Benchmark စဉ်းစားတယ်။ ဥပမာ - မီးရထားစနစ်မှာ ဂျပန်စနစ်ယူမလား၊ ဂျာမနီစနစ်ယူမလား ပေါ့။ အဲဒါပြီးမှ မြို့ Plan တွေ ဆွဲပါတယ်။

နောက်တစ်ခုက ကိုယ့်ရဲ့ဘဏ္ဍာရေးအခြေအနေ။ ငွေဘယ်လောက်သုံးနိုင်တယ်ဆိုတဲ့အပေါ် မူတည်ပြီး Phase 1 မှာ ဘယ် အထိဆောက်မယ်။ ရထားလမ်းကို ဘယ်ကနေ ဘယ်ထိအရင်ဆက်မယ်။ နောက် ရေလှိုင်နိုင်တဲ့နေရာ စသဖြင့်။ အဲဒါဆို အစိုးရအနေနဲ့ စီမံကိန်းချတာပြီးသွားပါပြီ။ နောက်တစ်ဆင့်က Resource တွေကို ဘယ်လိုရှာမလဲ။

Resource အများကြီးရှိပါတယ်။ Supply Chain, IT, Banking စတဲ့ Urban Planning ကို အထောက်အပံ့ပြုမယ့် နည်းပညာတွေ အားလုံးကို တစ်ပြိုင်နက်ကြီးထွားလာအောင် လုပ်ပေးရမှာပါ။

Master Plan လုပ်တုန်းကတော့ ငှားထားတဲ့ ကျွမ်းကျင်သူတွေနဲ့ ရေးဆွဲတယ်။ ဒါပေမဲ့ Project တစ်ခုချင်းလုပ်တော့မယ်ဆို Design တွေ၊ Reference တွေ ရှာရပါတယ်။ မြန်မာနိုင်ငံရဲ့အားသာချက်က ကိုယ်က ခုမှစလုပ်မှာဆိုတော့ နိုင်ငံတကာက Case Study (အမှားများကို လေ့လာသုံးသပ်ချက်) တွေကို နမူနာယူလို့ရပါတယ်။ အဲဒါတွေကြည့်ပြီး အကောင်းဆုံးဒီဇိုင်းကို ရေးဆွဲနိုင်ပါတယ်။

မန္တလေးအတွက် ဒီဇိုင်းဆွဲရင် မြန်မာမှုတွေ ပျက်မသွားစေဖို့ ဘယ်သူတွေကို တာဝန်ပေးမလဲ၊ ဘယ်သူတွေကို အကဲဖြတ်ခိုင်းမလဲ။ နောက်ပြီး ရုပ်ဝတ္ထုပစ္စည်းတွေဖြစ်တဲ့ အုတ်၊ သဲ၊ ကျောက်တွေ၊ ဘိလပ်မြေတွေအတွက်ပါ ထည့်စဉ်းစားရပါမယ်။ မြို့တည်ဖို့အတွက် ဒီပစ္စည်းတွေ လုံလုံလောက်လောက်ရှိသလား။ ဘယ်နေရာမှာ သိုလှောင်မလဲ။ လူထုကို အနှောင့်အယှက်မဖြစ်စေဘဲ လုပ်ငန်းခွင်ရောက်အောင် ဘယ်လိုသယ်မလဲ။

မြို့ပြစနစ်တစ်ခု စတင်လိုက်ပြီဆိုတာနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာတယ်။ လူတွေ ဝင်ငွေကောင်းလာတယ်။ အစိုးရလည်း ဝင်ငွေကောင်းတယ်။ ကျွန်မဒီမှာ Rules and Regulations and Practices အကြောင်း ရှင်းပြပါမယ်။

Developer တစ်ယောက်ဟာ ကိုယ့်ပရောဂျက်ထဲကို ဘိလပ်မြေ ယာဉ်အစီး ၂၀ သွင်းမယ်ဆိုရင် ဆယ်စီးတိုက်လောက်ဟာ ခဲသွားတာနဲ့ အလေအလွင့်အပျက်အစီးထဲမှာ ပါသွားပါတယ်။ ဒါက နစ်နာချက်တွေပါ။ ဒါက Developer တစ်ယောက်အနေနဲ့ပါ။ အစိုးရအနေနဲ့ဆို အလေအလွင့်၊ အပျက်အစီးအရမ်းများလို့ အရမ်းနစ်နာပါတယ်။ အဲဒီငွေတွေကို အခြား ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးလို့ရတယ်။ ဒီဇိုင်းမှားလို့ဖျက်လိုက်၊ တစ်ခါဖျက်၊ နှစ်ခါဖျက်။ အဲဒီလိုဖျက်ရတဲ့အတွက် ကုန်သွားတဲ့ ငွေတွေဆိုတာ ဘာမှပြန်ရတာမဟုတ်ပါဘူး။ ဆုံးရှုံးသွားတာ။

အဲဒီလိုတွေမဖြစ်ရအောင် နည်းပညာ၊ ဥပဒေ၊ နည်းဥပဒေ၊ Practices တွေ ကျင့်သုံးဖို့လိုပါတယ်။ ဒီဖိုင်းကတော့ ငွေပေးခိုင်းတာပါ။ နောက်တစ်ခုက အများပြည်သူနဲ့သက်ဆိုင်တဲ့ အဆောက်အအုံတွေ ခဏခဏပိတ်ဆို့မနေအောင် စီစဉ်ဖို့လည်းလိုပါတယ်။

ဆိုပါတော့ နိုင်ငံခြားသားတစ်ယောက် ရန်ကုန်လာလည်တယ်။ သူ့အနေနဲ့ တစ်သက်လုံးမှ တစ်ကြိမ်လာလည်တာ။ ရွှေတိဂုံဘုရားလည်း တက်ဖူးရော ဘုရားကြီးက ရွှေချဖို့ငြမ်းတွေဆင်၊ ဖျာတွေနဲ့ အကုန်ပတ်ကာထားတယ်။ ဖူးလို့မရတော့ဘူး။

ဒီကိစ္စတွေကိုလည်း အသေးစိတ် ထည့်သွင်းစဉ်းစားရမယ်။

နောက်တစ်ခုက ပရောဂျက်တွေဘယ်တော့ပြီးမလဲတဲ့၊ ကိုယ်တာဝန်ယူထားတဲ့အချိန်မှာ ပရောဂျက်တွေကို ပြီးအောင်လုပ်ရပါမယ်။ မပြီးရင် ကိုယ်လည်း ထွက်သွားရော ဒါကြီးက တိုးလို့တန်းလန်းကျန်ခဲ့မယ်ဆိုတာ မဖြစ်သင့်ဘူးပေါ့။ ဒီတော့ ဒီပရောဂျက် ဘယ်တော့ပြီးရမယ်ဆိုတာ အသေသတ်မှတ်၊ အဲဒီကာလအတွင်း မပြီးပြီးအောင် အတင်းတွန်းလုပ်ရမယ်။

နောက် မြို့ပြစနစ်တစ်ခုကို တည်ဆောက်တဲ့နေရာမှာ မြို့သူမြို့သားတွေ ဘာနဲ့သွားချင်သလဲ။ စက်ဘီးနဲ့ သွားချင်သလား။ ခြေလျင်သွားချင်သလား စသဖြင့်။ အဲဒီတော့ လမ်းတွေကို ဖြစ်နိုင်သမျှ သူတို့စိတ်ကြိုက်ဖြစ်အောင် ဖန်တီးပေးထားရပါမယ်။

နောက်တစ်ခုက ဈေးကွက်ထဲမှာ ခရမ်းချဉ်သီးပြတ်လပ်သွားတာတွေ၊ နံနံပင်ပြတ်လပ်သွားတာတွေ မဖြစ်ရအောင်။ ကိုယ့်မြို့ရဲ့ စားသုံးမှုအခြေအနေကို သိထားရမယ်။ ကိုယ့်မြို့လူထုလိုအပ်တဲ့ အဲဒီအစားအသောက်တွေကို ထောက်ပံ့ပေးနိုင်သလား။ Urban Planning မှာ ထည့်စဉ်းစားရပါတယ်။ ဥပမာ - ဘန်ကောက်မှာဆို အစားအသောက် အရမ်းပေါတယ်။ အပင်ကလေးတွေ အသီးတွေကအစ။ အစိုးရက ခတ်ခွဲ ခန်းတွေကိုလယ်ကွင်းတွေထဲ အရောက်ယူသွားတယ်။ လယ်သမားတွေကို အကူအညီပေးတာပေါ့။

အပန်းဖြေတဲ့နေရာတွေ၊ စာကြည့်တိုက်တွေလည်း လိုပါတယ်။ ကလေးငယ်တွေအတွက်လည်း လွတ်လပ်ပေါ့ပါးပြီး အန္တရာယ်ကင်းတဲ့ ကစားကွင်းတွေ လိုပါတယ်။ အဲဒီကစားကွင်းတွေဟာ သူတို့အိမ်အနီးမှာပဲ ရှိနေရမယ်။ စိတ်ရောကိုယ်ပါ လုံခြုံမှုရှိရမယ်။ အပြင်ထွက်လိုက်တာနဲ့ တဂွီဂွီ တဂွမ်ဂွမ်အသံတွေနဲ့ သူတို့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတာတွေ မရှိစေရဘူး။

နောက် အိမ်တွေဆောက်တဲ့အခါမှာ အနီးအနားမှာ သံဖြူလုပ်ငန်းတွေ၊ ဆီကြော်လုပ်ငန်းတွေစတာတွေ မရှိစေရဘူး။ လေထုညစ်ညမ်းမှုဖြစ်စေတဲ့အရာတွေကို လူနေအိမ်ခြေတွေနဲ့ ဝေးတဲ့နေရာတွေမှာ နေရာချပေးရပါမယ်။

အိမ်တွေဆောက်တဲ့နေရာမှာ အလယ်အလတ်တန်းစားတွေအတွက် သူတို့တတ်နိုင်တဲ့အိမ်၊ အိမ်ခန်းတွေ ဆောက်ပေးရမယ်။ ဝင်ငွေနည်းတဲ့သူတွေအတွက်လည်း သူတို့တတ်နိုင်တဲ့အိမ်ခန်းတွေ ဆောက်ပေးရမယ်။အလယ်အလတ်တန်းစားတွေကြားထဲ ဆင်းရဲသားတွေ ထိုးထည့်ရင် သူတို့ပျော်မှာမဟုတ်ဘူး။ အဲဒီလို ငွေရှိတဲ့သူတွေအတွက်လည်း သူတို့နေချင်တဲ့အိမ်ခန်းတွေ ဆောက်ပေးရမယ်။ အဲဒီလိုနဲ့ သူတို့လိုအပ်တာကို ဖန်တီးပေးရင်း အစိုးရကလည်း အဲဒီအိမ်ခန်းတွေရောင်းစားတော့ ပိုက်ဆံရတယ်။

နောက် မီးသတ်စနစ်တွေလည်း ထည့်ပေးရမယ်။ နောက်ပြီး အာမခံစနစ်။ ကိုယ်ဝယ်ထားတဲ့အိမ်ဟာ ဘာအာမခံမှုမရှိဘူးဆို ကိုယ့်စိတ်ထဲမှာ မလုံခြုံဘူး။ ဆိုတော့ ပြည်သူကိုရောင်းလိုက်တဲ့ အိမ်တွေမှာ Warranty နဲ့ Insurance တွေ ပေးနိုင်ရမယ်။ ဒ့ါအပြင် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုတွေလည်း လုပ်ပေးနေရမယ်။

နောက်တစ်ခုက လူတွေဟာ သူတို့အိမ်ကနေ လုပ်ငန်းခွင်ကိုလာတဲ့အခါ အတိုဆုံးလမ်းကြောင်းဖြစ်အောင် စီမံပေးရမယ်။ အလုပ်သွားပြန်တဲ့အခါ မလိုအပ်ဘဲ အချိန်တွေမကုန်စေရဘူး။ Urban Planner ရဲ့အမှားကြောင့် ပြည်သူတွေဟာ နေ့စဉ်နဲ့အမျှ နာရီပေါင်းများစွာ ဆုံးရှုံးနေရတာမျိုး ဖြစ်ကိုမဖြစ်ရပါဘူး။ မြို့လယ် အဓိကစီးပွားရေးလုပ်ငန်းနေရာတွေကိုလည်း သွားလာရလွယ်ကူအောင် လုပ်ပေးရတယ်။ အဲဒီလို ဆေးရုံ၊ မီးသတ်စတာတွေကိုလည်း လူတွေဆီ သက်သောင့်သက်သာနဲ့ အချိန်တိုအတွင်းရောက်အောင် စီမံထားရတယ်။

နေရာအကန့်အသတ်ရှိတဲ့နေရာတွေမှာ ဈေးအတွက် သီးသန့်နေရာမပေးတော့ဘူး။ Mix Development လို့ခေါ်တဲ့ အဆောက်အအုံတွေဆောက်တယ်။ မြေအောက်မှာ ဘတ်စ်ကားဂိတ်၊ အဲဒီအပေါ် မြေညီထပ်မှာ ဈေး၊ အဲဒီအပေါ်မှာ ကားပါကင်။ ကားပါကင်ရဲ့အပေါ်မှာကျတော့ လူနေအိမ်။ အဲဒီလို အားလုံးပေါင်းပြီး အဆောက်အအုံတစ်ခုထဲမှာ ပေါင်းထည့်လိုက်တယ်။

နောက် Urban Planning လုပ်တဲ့အခါ စီးပွားရေးသမားတွေရဲ့ မျက်နှာတစ်ခုတည်း မကြည့်ရပါဘူး။ ကုန်စည်တွေ ဘယ်လိုစီးဆင်းမလဲဆိုတာလည်း အသေးစိတ်စဉ်းစားရပါတယ်။ နောက်ပြီး လူတွေဟာ အလုပ်သွားတဲ့အခါ ဘယ်မြို့နယ်ကနေ ဘယ်မြို့နယ်ကိုသွားတာ အများဆုံးလဲ။ ပြန်တဲ့အခါမှာလည်း ဘယ်မြို့နယ်ကနေ ဘယ်မြို့နယ်ကိုပြန်တာ အများဆုံးလဲ။ ထည့်တွက်ရပါတယ်။ နောက် ကျောင်းသားတွေ ကျောင်းကို ဘယ်လိုသွားသလဲ။ ကမ္ဘာလှည့်ခရီးသွားတွေအတွက်လည်း ထည့်စဉ်းစားရပါတယ်။ သူတို့ဆီက ငွေတွေ အများကြီးရနိုင်လို့ပါ။

မြို့ပြဒီဇိုင်းတွက်တဲ့အခါ မြေပြင်အခြေအနေတွေကို အားလုံးလေ့လာပြီးမှ ရတဲ့အချက်အလက်တွေပေါ်မူတည် တွက်ရပါတယ်။

နောက်တစ်ခုက Activity Focus။ ကိုယ့်မြို့ကလူတွေ ဘာတွေလုပ်ကြသလဲ။ မနက်ပိုင်း လမ်းလျှောက်ကြသလား။ အေးအေးဆေးဆေးထိုင်ပြီး စာဖတ်ကြသလား။ ကစားခုန်စားလုပ်သလားပေါ့။ အဲဒါတွေအတွက်လည်း သူတို့အဆင်ပြေအောင် နေရာတွေ၊ ထိုင်ခုံ၊ လျှောက်လမ်းစတာတွေ လုပ်ပေးရပါတယ်။

အစိုးရအနေနဲ့ကတော့ အလုပ်ချိန်များလေ၊ သူတို့အတွက် ငွေပိုရလေပဲ။ ညဘက် ၉ နာရီနောက်ပိုင်း ဘယ်သူမှ အလုပ်မလုပ်ကြတော့ဘူးဆို ငွေမရတော့ဘူး။ ဒီတော့ နေ့ပိုင်းမှာ ဘယ်သူတွေလုပ်သလဲ။ ညပိုင်းမှာ ဘယ်သူတွေ လုပ်သလဲဆိုတဲ့အပေါ်မူတည်ပြီး ဒီဇိုင်းလုပ်ပေးရတယ်။ ဒီလိုအပ်ချက်တွေအားလုံး ဖြည့်ဆည်းပေးတယ်ပေါ့။

လူဆိုတာ အမှားနဲ့မကင်းနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီအမှားတွေပေါ်က သင်ခန်းစာယူနိုင်ရမယ်။ ဆိုကြပါစို့၊ ပထမ ငါးနှစ်မှာ ပရောဂျက် ၂၀ ပြီးသွားတယ်။ အမှားတွေ အများကြီးတွေ့တယ်။ ဒါပေမဲ့ နောက်ထပ် ငါးနှစ်မှာ ဆောက်မယ့်ပရောဂျက်တွေကျ အဲဒီလိုမျိုးအမှားတွေ ထပ်မဖြစ်ရအောင် သင်ခန်းစာယူရတယ်။

ကိုယ့်မြို့သားတွေဟာ ကိုယ့်မြို့ကိုယ့်ဒေသကို ချစ်တတ်လာအောင် လုပ်ပေးဖို့။ ကမ္ဘာလှည့်ခရီးသွားတွေက မြန်မာနိုင်ငံလာတော့မယ်ဆို မန္တလေးကို မျက်စိထဲမြင်လာအောင် ဖန်တီးပေးရပါမယ်။ မန္တလေးရဲ့အလှအပတွေ မြန်မာမှုအနုပညာတွေကို ခံစားနိုင်အောင် လုပ်ပေးရမယ်။ ဥပမာ - လေယာဉ်နဲ့ မန္တလေးအလှကို ကောင်းကင်ကကြည့်နိုင်အောင် ဖန်တီးပေးတာမျိုးပေါ့။ မနက်ပိုင်းမှာ တစ်ခါ၊ ညနေပိုင်းမှာ တစ်ခါ ပျံသန်းပေးမယ် စသဖြင့်။ မန္တလေးဆိုတာ နှစ်ခုမရှိပါဘူး။ သူ့မှာ သူ့ပုံရိပ်ရှိပြီးသား။ ဒါက ပိုက်ဆံဘယ်လိုရှာမလဲလို့ နမူနာစဉ်းစားပေးတာပါ။

နောက် လမ်းပန်းဆက်သွယ်ရေး။ ဒီအကြောင်းစဉ်းစားတဲ့အခါ ကိုယ့်ဒေသမှာ လူတွေဘယ်လိုသွားတယ်။ စားသုံးကုန်တွေ ဘယ်လိုစီးဆင်းတယ်၊ ပြင်ပကကုန်တွေ ဘယ်လိုဝင်လာတယ်။ ဘယ်အချိန်တွေမှာ ပွဲတော်တွေရှိတယ်။ အဲဒီအချိန်မှာ ကားတွေ ပိုပြီးပြေးဆွဲပေးရမယ် စသဖြင့်ပေါ့။

ဒီလမ်းပန်းဆက်သွယ်ရေးစနစ်ကိုလည်း ဆယ်နှစ်တစ်ခါ ပြန်လေ့လာ၊ ဆန်းစစ်ပြီး ပိုကောင်းအောင်လုပ်ပါတယ်။ စီးပွားရေး အသက်သွေးကြောတွေကိုတော့ ဘယ်လိုနည်းနဲ့မှ အထိမခံပါဘူး။ ကြက်သွန်နီ၊ ငရုတ်သီး စတဲ့စားသောက်ကုန်တွေ မြို့ထဲမှာ ပြတ်မသွားရအောင် တစ်ချိန်လုံးစောင့်ကြည့်နေတယ်။ ပြည်သူတွေအတွက် အမြဲတမ်းဖူလုံနေရမယ်ပေါ့။ ■

(ဆောင်းပါးရှင်သည် စင်ကာပူတွင် မြို့ပြဖွံ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူ မြန်မာပညာရှင်ဖြစ်သည်။ ဤဆောင်းပါးမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ ယခုနှစ် ဧပြီလတွင်းသွားရောက်ခဲ့သည့် စင်ကာပူလေ့လာရေးခရီးစဉ်တွင် ဆွေးနွေးတင်ပြခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ – အယ်ဒီတာ)

တက္ကသိုလ် ဘယ်ဘဝကိုရွေးမလဲ

မိုးညွန့်လုလင်

တက္ကသိုလ်ဝင်တန်းအောင်စာရင်းများထွက်ပြီ။ ဘယ်ကျောင်းတက်မလဲ ရွေးကြရတော့မည်။ စင်စစ် ကိုယ်တက်သောကျောင်းသည် ကိုယ့်ဘဝကို အဆုံးအဖြတ်ပေးမည်ဖြစ်ရာ ကျောင်းရွေးခြင်းသည် ဘဝရွေးခြင်းပင်ဖြစ်သည်။ သတင်းများကို ဖတ်ရသည့်အတိုင်းဆိုလျှင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ နှစ်သိန်းလေးသောင်းကျော်ရှိသည့်အတွက် ဘဝပေါင်း နှစ်သိန်းခွဲခန့်၊ ဆက်စပ်မိသားစုပေါင်း နှစ်သိန်းခွဲခန့်။ မြန်မာပြည်အနာဂတ်အတွက် အရေးကြီးလှသော အင်အားစုကြီး။ သူတို့၏ ယနေ့အဆုံးအဖြတ်သည် မြန်မာ့မနက်ဖြန်အပေါ် ကြီးမားစွာ သက်ရောက်မည်။

ယခုဆောင်းပါးသည် တက္ကသိုလ်ဝင်တန်းအောင်များကို အဓိကရည်ရွယ်သော်လည်း အသက်အရွယ်အသီးသီး၊ ဘဝအဆင့်အသီးသီးနှင့်လည်း ဆိုင်သည်။ ဘယ်ဘဝကိုသွားမလဲ။ ကိုယ်ရွေးချင်တိုင်း ရွေးလို့မရ အမှတ်စာရင်းပေါ်မူတည်သည်ဟု ဆိုကြမည်။ စင်စစ်အမှတ်စာရင်းသည် လူ့ဘဝတွင် ကြုံရလေ့ရှိသည့် အကန့်အသတ်တစ်မျိုးသာဖြစ်သည်။ အကန့်အသတ်အမျိုးအစားသာ ကွာချင်ကွာမည် ဘဝတွင် မည်သူမဆို အကန့်အသတ်နှင့် ကြုံရသည်ချည်း။ ချမ်းသာဆင်းရဲ၊ ကျားမ၊ လူနေမှုအဆင့်အတန်း၊ နေသည့်ဒေသ စသည့်အချက်များစွာပေါ်မူတည်ပြီး အကန့်အသတ်များ ကွာခြားသွားသော်လည်း အကန့်အသတ်မှု မည်သူမဆိုအပေါ် ရှိနေသည်။ နောက်ဆုံးတွင် ရွေးချယ်မှုက စကားပြောသွားသည်။ ဥပမာ - ဥရောပနှင့် အာရှရှိ ဘုရင့်မိသားစုအချို့သည် အရာရာပြည့်စုံနေသည့်သဘောရှိသော်လည်း အိမ်ထောင်ပြုလျှင် အပြင်မိသားစုနှင့် လက်မထပ်ရ၊ လက်ထပ်လျှင် နန်းတော်မှခွာရမည်ဟူသော အကန့်အသတ်များရှိသည်။ ချမ်းသာသည့်နိုင်ငံတွင် မွေးဖွားလာသူသည် ဆင်းရဲနိုင်ငံတွင် မွေးဖွားသူထက် အကန့်အသတ်နည်းသည်ဆိုသော်လည်း နိုင်ငံတကာပညာသင်ဆုလျှောက်မည်ဆိုလျှင် ဆင်းရဲနိုင်ငံတွင် မွေးသူက အခွင့်အလမ်းပိုသာသည်။

ယနေ့ခေတ်သည် ပြောင်းသွားပြီ၊ ပွင့်သွားပြီ။ အလုပ်အကိုင်အမျိုးအစား စုံသွားပြီ။ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်မှ ဝင်ငွေအဆင်ပြေ တင့်တောင့်တင့်တယ်နေရမည်မဟုတ်ဘဲ ယခင်က မရှိခဲ့သော အလုပ်အမျိုးအစားများ (ဥပမာ - DJ) ဖြင့်လည်း ဘဝရပ်တည်နိုင်ပြီ။ သက်ဆိုင်ရာနယ်ပယ်တွင် အောင်မြင်ရန်သာလိုသည်။ အောင်မြင်သူတို့နောက်သို့ ငွေကြေးလိုက်လာမည်ဖြစ်သလို အောင်မြင်ကျော်ကြားမှုတို့လည်း ပါလာနိုင်သည်။

မည်သည့်လမ်းကြောင်းရွေးရွေး ထွန်းပေါက်ရန်သာလိုသည်။ မည်သည့်နယ်ပယ်မှသာ နောင်ရေးစိတ်အေးရမည်ဆိုသည့်သဘောတရားသည် ယနေ့ခေတ်ကြီးတွင် ခေတ်မမီတော့။

ထွန်းပေါက်ရန်ဆေးနည်းမှာ မြန်မာတို့နှင့်ရင်းနှီးပြီးသား။ ဝါသနာ၊ စေတနာ၊ အနစ်နာ ထိုသုံးဖြာနှင့် ပြည့်စုံလျှင် ဘယ်အလုပ်လုပ်ထွန်းပေါက်မည်။ ယင်းသုံးဖြာတွင်လည်း ဝါသနာသည် အခေါင်အချုပ်။ ဝါသနာပါသော အလုပ်၊ ပညာရပ်၊ နယ်ပယ်သာဆိုလျှင် စေတနာပိုမည်။ စေတနာပိုလျှင် အနစ်နာခံနိုင်သည်။ မည်မျှပင်ပန်းပင်ပန်း သည်းခံနိုင်သည်။ အလုပ်အရည်အသွေးပိုကောင်းရန် ကာယအား၊ ဉာဏအား ပိုထည့်မည်၊ အချိန်ကုန်သည်ကို သိပင်သိလိုက်မည်မဟုတ်။ ထို့ကြောင့် ကျောင်းရွေးရမည်ဆိုလျှင် ဝါသနာပါရာကို ဦးစားပေးရွေးစေလိုသည်။

ဝါသနာပါရာရွေးပါဟု ပြောရသည်မှာ လွယ်သည်။ မလွယ်သောအကြောင်းများ ရှိသည်။ ကိုယ်ဝါသနာပါသည်ကို အသက် ၂၀ မပြည့်မီသိရန်မလွယ်။ အချို့ဆိုလျှင် အောင်မြင်သည်ဟု လူအများက သတ်မှတ်ကြသော်လည်း ကိုယ်ဘာလုပ်ချင်သည်ကို သေသည်အထိ သိမသွား။ သိသောသူများသည် ကံကောင်းသောသူများဖြစ်သည်။ မသိသောသူများသည်လည်း စိတ်ပျက်ရန်မလို။ ကိုယ်ဝါသနာပါသည်ကို မသိသူသည် ပုံမှန်ဖြစ်သည်။ ကိုယ့်ဝါသနာကို သိလိုလျှင် အောက်ပါမေးခွန်းများ မေးနိုင်သည်။ ငွေအတွက် ပူစရာမလိုလျှင် ကိုယ်ဘာလုပ်ချင်လဲ။ ဘာလုပ်ရလျှင် ကိုယ်ပျော်လဲ။ ထိုမျှနှင့် မရှင်းသေးလျှင် နောက်ထပ်မေးခွန်းများ မေးနိုင်သည်။ နောက်ဆယ်နှစ်နေလျှင် ကိုယ်သေမည်ဆိုပါက ဘာတွေလုပ်သွားချင်လဲ။ နောက်ခြောက်လနေလျှင် သေမည်ဆိုပါက ဘာလုပ်ချင်လဲ။ နောက်တစ်မျိုး ရှိသေးသည်။ ဘာလုပ်ချင်လဲကို စဉ်းစားရခက်လျှင် ပြောင်းပြန်စဉ်းစားနိုင်သည်။ ဘာလုပ်ရမှာ ကိုယ်မုန်းလဲ။ ကြိုက်သည့်အရာ တိတိပပမရှိသူများအတွက် ယင်းမေးခွန်းသည် ထိရောက်သည်။ မကြိုက်သည့်နယ်ပယ်ကို ရှောင်လိုက်လျှင် ကျန်သည့်အထဲက ဘာရွေးရွေး။

နောက်ထပ် ရွေးနည်းတစ်နည်းမှာ စက်ဝိုင်းသုံးဝိုင်းစနစ်ဖြင့် ရွေးနည်း။ ကိုယ်ဝါသနာပါသည့်နယ်ပယ်က စက်ဝိုင်းတစ်ဝိုင်း၊ ဝင်ငွေကောင်းရန် သေချာသည့်နယ်ပယ်က စက်ဝိုင်းတစ်ဝိုင်း၊ အများအကျိုးပြုသည့်နယ်ပယ်က စက်ဝိုင်းတစ်ဝိုင်း။ ထိုသုံးဝိုင်းကို ချဆွဲပြီး သုံးဝိုင်းလုံးဆုံသည့်နယ်ပယ်ကိုရွေးခြင်းမျိုး။ ဝါသနာပါရုံနှင့်မပြီး၊ စားဝတ်နေရေးကလည်း အရေးကြီးသည်။ စားဝတ်နေရေးလည်းအဆင်ပြေ၊ ဝါသနာနှင့်လည်းကိုက်လျှင် အများကိုအကျိုးပြုနိုင်လေ ကောင်းလေလေ။

အများကို အကျိုးပြုနိုင်ခြေမြင့်မားသော ဘာသာရပ်များသည် နိုင်ငံခြားပညာရည်ချွန်ဆုများများပေးသော ဘာသာရပ်များဖြစ်လေ့ရှိသည်။ ဥပမာ - နိုင်ငံဖွံ့ဖြိုးရေး၊ ပြည်သူ့ရေးရာမူဝါဒ၊ ပြည်သူ့ကျန်းမာရေး၊ ဘောဂဗေဒတို့သည် နိုင်ငံခြားပညာရည်ချွန်ဆုများများပေးတတ်သည်။

မြန်မာနိုင်ငံသည် နယ်ပယ်စုံတွင် ထူးချွန်ထက်မြက်သောသူများ လိုအပ်နေရာ နယ်ပယ်များစွာသို့ဉာဏ်ရည်ကောင်းသူများ၊ ကြိုးစားအားထုတ်သူများ ပျံ့နှံ့သွားလျှင် အကောင်းဆုံး။ ဉာဏ်ရည်ကောင်းသူ၊ ကြိုးစားသူတို့သည် မည်သည့်နေရာရောက်ရောက် အောင်မြင်မည်သာ။ သူတို့အောင်မြင်လျှင် နယ်ပယ်လည်း အောင်မြင်မည်ဖြစ်သလို နိုင်ငံလည်း အကျိုးရှိမည်။ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒတို့ကဲ့သို့ ဘာသာရပ်များသည် မြန်မာနိုင်ငံတွင် အဆက်ပြတ်ခဲ့သဖြင့် ယင်းနေရာတွင် လူသားရင်းမြစ်များလိုအပ်သည်။

အချို့ဘာသာရပ်များသည် တူသလိုလိုနှင့်ကွဲသည်။ သိပ္ပံပညာစိတ်ဝင်စားသူသည် Pure Science ဖြစ်သည့် ဓာတုဗေဒ၊ ရူပဗေဒတို့ကို စိတ်ဝင်စားသလား၊ စက်မှုအင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ လေကြောင်းအင်ဂျင်နီယာစသော အင်ဂျင်နီယာပညာရပ်များကိုစိတ်ဝင်စားသလားကို ဆုံးဖြတ်ရန်လိုသည်။

အချို့ဘာသာရပ်များသည် တက္ကသိုလ်တက်ရန်ပင် မလိုဘဲ ပြင်ပတွင် သင်တန်းများတက်ပြီးသော်လည်းကောင်း၊ ကိုယ့်ဘာသာလေ့လာခြင်းဖြင့်သော်လည်းကောင်း လေ့လာနိုင်သောဘာသာရပ်များဖြစ်ရာ ဝါသနာပါသလိုလိုဖြစ်နေလျှင် တက္ကသိုလ်တွင်တက်လျှင် ပိုသင့်တော်ပြီး ပိုဝါသနာပါသော ဘာသာရပ်များကို ရွေးချယ်နိုင်သည်။ သဘောအားဖြင့် ဆရာဝန်ပညာရပ်ကိုကိုယ့်ဘာသာလေ့လာရန်၊ အပြင်သင်တန်းတက်ခြင်းဖြင့် လေ့လာရန်မလွယ်။

အင်္ဂလိပ်စာ၊ ကိုရီးယားစာနှင့် စီးပွားရေး Business ပညာရပ်ကို အပြင်တွင် လေ့လာနိုင်သည်။

အင်္ဂလိပ်စာကိုမူကား တက္ကသိုလ်ဝင်တန်းအောင် မည်သူမဆို တတ်အောင်လုပ်ရမည်သာ။ အင်္ဂလိပ်စာသည် မိမိတို့မည်သည့်နယ်ပယ်သို့ဝင်သည်ဖြစ်စေ တံခါးများကိုပွင့်စေမည့် သော့လိမ္မာ Smart Key ဖြစ်သည်။ ဆရာဝန် အင်္ဂလိပ်စာတတ်ရန်လိုသလို စိုက်ပျိုးရေးသမားလည်း အင်္ဂလိပ်စာလိုအပ်သည်။ နယ်ပယ်အသီးသီးတွင် နေ့စဉ်ထွက်ပေါ်နေသော နောက်ဆုံးပေါ် ပညာများသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားကြသည်ဖြစ်ပြီး နီးနှောဖလှယ်ကြရာတွင်လည်း အင်္ဂလိပ်ဘာသာကို သုံးစွဲကြသည်။

တက္ကသိုလ်တက်ကြရင်းနှင့် ကိုယ့်အကြောင်းကိုယ် ပိုသိလာနိုင်သည်။ ထိုအခါတွင် ဘဝကို ဘယ်လိုဆက်ကျောင်းသင့်သည်ကို နားလည်လာပြီး လိုင်းပြောင်းသွားနိုင်သည်။ လျှောက်မိသောလမ်းကိုပင်ဆုံးခန်းတိုင် ဆက်လျှောက်ချင်လည်း လျှောက်ဖြစ်မည်။ မည်သို့ပင်ဖြစ်စေ တက္ကသိုလ်ကာလသည် ဆယ်ကျော်သက်မှ လူကြီးဘဝ အကူးအပြောင်းကာလဖြစ်သည့်အတွက် အဖိုးတန်ကာလဖြစ်သည်။ တက္ကသိုလ်နေ့ရက်များသည် မိမိတို့ဘဝကို အဆုံးအဖြတ်များစွာပေးမည်။ သူငယ်ချင်း၊ မိဘတို့သည် မိမိတို့ကို ချစ်မြတ်နိုးသောကြောင့် အကြံဉာဏ်ကောင်းများပေးမည်ဖြစ်သော်လည်း တက္ကသိုလ်ဘဝသည်ပြန်မရသော ကိုယ့်ဘဝဖြစ်သည့်အတွက် အချိန်ယူစဉ်းစားပြီး ကိုယ်တိုင်ဆုံးဖြတ်ရမည်။

မြန်မာ့အနာဂတ်၊ ကိုယ့်အနာဂတ်အတွက် မှန်မှန်ကန်ကန် ကျောင်းရွေးကြပါစို့။ ■

မိုးညွန့်လုလင်

Cartoon Of The Week

The VOICE Weekly
The Product of Myanmar Partners
Think Tank Group
(A Sister Publication of
Living Color Magazine)

Publisher - U Zeya Thu (00943), **Finance** - Pe Aung Zin(Genernal Manager), San Thida (Manager), Htet Htet Nyein (Deputy Manager),
Marketing - Kyaw Than (Manager), Min Aung, Pyae Phyo Aung, Nu Nu Nge, Shwe Sin Tun,
Production - Soe Win Zaw, **DTP** - Khin Mar Myint, **Distribution** - Khin Myo Chit (Deputy Manager),
Receptionist - Lai Yee Oo, **Office** - No (458-460), 4th Floor (E), Corner of 31st Street and Mahabandula Road, Pabaedan Township, Yangon. **Tel:** 01 - 242424, 389206, 389207, 09 977204248, **Marketing** - 01 242424, 09 51 76835, 09 421107770, **Distribution** - 09 421118327

E-mail - Admin; Chief Editor : c-editor@thevoicemyanmar.com, News Room : newsroom@thevoicemyanmar.com,
Press - Daw Win Kalayar Swe- Hnit Thit Oo Press (00601), 27(A), Conor of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone

Editorial

လွတ်လပ်၍ သမာသမတ်ကျသော

မြန်မာနိုင်ငံသည် သတင်းမီဒီယာနှင့် စိမ်းနေဆဲ။ သတင်းမီဒီယာရှေ့မှ 'လွတ်လပ်၍ သမာသမတ်ကျသော' ဟူသည့် နာမဝိသေသနကပ်လိုက်လျှင် ပိုပြီးပင်စိမ်းမည်။

သတင်းမီဒီယာဟူသည် အများပြည်သူတို့ သိသင့်သိထိုက်သည်များကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ နားထောင်ချင်စဖွယ်၊ သိချင်စဖွယ်ဖြစ်အောင် တင်ဆက်ရေးသားထုတ်လွှင့်ကြသည့် နည်းပညာတစ်ရပ်ပင်ဖြစ်သည်။ သတင်းစာဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်စသည် ကွဲပြားသွားသော်လည်း အထက်ပါသဘောတရားနှင့် ညီညွတ်လျှင် သတင်းမီဒီယာသာ။

သတင်းမီဒီယာသည် လက်ရှိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေမှန်များကို သတင်းအချက်အလက်၊ အတွေးအခေါ်နှင့် အယူအဆများအဖြစ်ဖြင့် ရှုထောင့်စုံမှတင်ပြနိုင်ရန် တာဝန်ယူကြရသည်။ သတင်းမီဒီယာ၏ခေတ်ကို ထင်ဟပ်နိုင်မှုသည် နိုင်ငံတစ်နိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူအများ၏ ကိုယ်စီဘဝဆုံးဖြတ်ချက်များ မှန်ကန်ရေးအတွက် အရေးကြီးလှသဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ဒီမိုကရေစီခိုင်မာတည်တံ့ရေးတို့တွင် အဓိကဒေါက်တိုင်ကြီးတစ်ခုအဖြစ် ပညာရှင်များက သတ်မှတ်ကြသည်။

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအဆင့်အတန်းကို တိုင်းတာရာတွင် ထိုနိုင်ငံရှိ သတင်းမီဒီယာများ လွတ်လပ်မှုနှင့် အားကောင်းမောင်းသန်ရှိမှုတို့သည် အဓိကပေတံတစ်ချောင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ တရားမျှတ၊ လွတ်လပ်စွာ လည်ပတ်နိုင်ရေးအတွက် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းလုပ်ဆောင်လျက်ရှိသော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို စောင့်ကြည့် ကြပ်မတ်ထိန်းကျောင်းပေးခြင်းကို အားကောင်းမောင်းသန် သတင်းမီဒီယာက တာဝန်ယူရသည်။ အဆိုပါ မဏ္ဍိုင်သုံးရပ်၏ စောင့်ကြည့် ကြပ်မတ် ထိန်းကျောင်းမှုကို သူကိုယ်တိုင်လည်း တစ်ပြန်တစ်လှည့်လက်ခံရသည်။

ထိုသို့ တာဝန်ကြီးမားသည်နှင့်အမျှ သိသင့်သိထိုက်သည့် သတင်းအချက်အလက်၊ အတွေးအခေါ်နှင့် အယူအဆများကို ပြည်သူအများထံ ပို့ဆောင်ရာတွင် ဘက်လိုက်မှုကင်းနိုင်ခြင်းသည် သတင်းမီဒီယာ၏ ဂုဏ်ရည်ဖြစ်သလို ကျင့်ဝတ်လည်းဖြစ်သည်။ သို့သော် သတင်းမီဒီယာသမားများသည် လူသားများဖြစ်သည့်အတွက် အစွဲကင်းရန်ခက်သည်။ သတင်းမီဒီယာ၏ ကိုယ်ခံအစွဲမည်သို့ပင်ရှိနိုင်သော်လည်း သတင်းအချက်အလက်၊ အတွေးအခေါ် နှင့် အယူအဆအမျိုးမျိုးကို ဘက်စုံ၊ ထောင့်စုံမှစုံလင်စွာ တင်ပြခြင်းဖြင့် ထိုအစွဲအခက်အခဲကို ဖြေရှင်းနိုင်သည်။

အတိုချုပ်ပြောရလျှင် သတင်းမီဒီယာများသည် စင်မြင့်များ Platform များဖြစ်သည်။ လက်ရှိလောကတွင် အားပြိုင်နေသော အကြောင်းအရာများ၊ အယူအဆများ၊ အဖြစ်အပျက်များကို ပြည်သူအများ မြင်နိုင်၊ ခံစားနိုင်အောင်၊ အကျိုးရှိစွာ ထုတ်နုတ်သုံးစွဲနိုင်အောင် စင်တင်ပေးသည်။ သတင်းမီဒီယာများသည် အုပ်ချုပ်ရေးယန္တရားတွင် မပါဝင်သော်လည်း ကိုယ့်တာဝန်ကျေပွန်ခြင်းဖြင့် အုပ်ချုပ်ရေးယန္တရားကို တိုက်ရိုက်ကူညီသည်။

အသွင်ကူးပြောင်းဆဲ မြန်မာနိုင်ငံသည် ဒီမိုကရက်တစ် Institution များ၏ သဘောသဘာဝနှင့် စိမ်းနေသေးသည်။ လွန်ခဲ့သောငါးနှစ်ကျော်ကမှ လွှတ်တော် Institution ပြန်လည်ပေါ်ပေါက်လာသည်။ သတင်းမီဒီယာ Institution သည်လည်း ထိုနည်းလည်းကောင်း။ ထို့အပြင် အမျိုးသားရင်ကြား စေ့ရေးအတွက် အထူးတလည်ကြိုးစားနေရသေးသည့် နိုင်ငံဖြစ်သောကြောင့် သူ့ဘက်ကိုယ့်ဘက် 'ဘက်ဖြင့်' စဉ်းစားမှုများ ကြီးမားလွန်းသည့်အတွက် လွတ်လပ်စွာ၊ သမာသမတ်ကျစွာ ရပ်တည်လိုသော သတင်းမီဒီယာများအနေဖြင့် ကိုယ့်တာဝန်ကိုယ်ကျေရန်ပင် အခက်အခဲများစွာ ကြုံနေရသည်မှာ မဆန်း။ သတင်းမီဒီယာအပေါ် နားလည်မှုနှင့် ယုံကြည်မှုကို အချိန်ကသာ တည်ဆောက်နိုင်လိမ့်မည်။

'ဟိုဘက်ကကြည့်လျှင် သည်ဘက်နှင့် နီးစပ်သည်၊ သည်ဘက်ကကြည့်လျှင် ဟိုဘက်နှင့် ပင်းသည်' ဟု အထင်ခံရခြင်းသည် အလယ်တည့်တည့်ရပ်သော သတင်းမီဒီယာတို့၏ ဂုဏ်အင်္ဂါရပ် ဟုဆိုလျှင် The Voice သည် လမ်းမှန်ပေါ်တွင် လျှောက်လှမ်းနေသည်။ ယင်းသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေလည်း ဖြစ်သည်။ ■

အယ်ဒီတာ

၂၁.၆.၂၀၁၇



ဓာတ်ပုံ-မြင့်မိုးညို

စာမျက်နှာ ၁၆ | အွန်လိုင်းပေါ်က ဈေးသည်ကြီးတွေ မှအဆက် ...

ထိရောက်တွင်ကျယ်မှု မရှိသောကြောင့်ဖြစ်ပြီး ပစ္စည်း ရောင်းချသူများဘက်မှလည်း ပြသထားသည့် ပစ္စည်း နှင့် အမှန်တကယ်ပေးပို့သည့် ပစ္စည်းအကြား အရည် အသွေးကွာဟမှုများရှိနေကြောင်း အိုင်တီပညာရှင် ကိုသီဟထက်ကလည်းဆိုသည်။

"အွန်လိုင်းမှာ ပြထားတာတွေနဲ့ ကွဲပြားမှုရှိနေတာက ပြဿနာတစ်ရပ်ပါ။ အားလုံးကို မပြောလိုပေမယ့်မကြာခဏ ကြုံနေကြပါတယ်။ နောက်တစ်ချက်က ပြင်ပက ပစ္စည်းဈေးတွေထက်လည်း ဈေးပိုကြီးနေတတ်ပါသေးတယ်" ဟု ၎င်းကဆိုသည်။

ယင်းသို့သော အခက်အခဲများနှင့် အခြေအနေအရပ်ရပ်တို့ကြောင့် Online Shopping လုပ်ငန်း လုပ်ကိုင်သူများ၏ တရားဝင်မှုနှင့် ရပ်တည်မှုတို့အပေါ် ဝယ်သူများဘက်မှ မေးခွန်းထုတ်မှုများ ရှိနေသည်။ ယခင်က ယင်းကိစ္စရပ်များအပေါ် သာမန်ပြဿနာတစ်ခုအဖြစ်သာ သတ်မှတ်ထားကြသော်လည်း လုပ်ငန်း အရေအတွက်များပြားလာနေပြီး လူအများနှင့် ဆက်ဆံလုပ်ကိုင်လာနေရသည့်အတွက် အွန်လိုင်းရှော့ပင်လုပ်ငန်း လုပ်ကိုင်သူများကိုယ်တိုင်လည်း ဝယ်ယူသူများနှင့် ဆက်ဆံရေးတွင်သာမက လုပ်ငန်းရပ်တည်ရေးတွင်ပါ အခက်အခဲအချို့တွေ့ကြုံနေကြရသည်။

"အွန်လိုင်းပေါ်က စီးပွားရေး လုပ်ငန်းတွေက ဒီနှစ်ပိုင်းတွေမှာ သိပ်ခေတ်စားလာတယ်။ လုပ်ငန်းနဲ့ Brand ကိုလည်း ခပ်မြန်မြန်လူသိစေတယ်။ အချိန်တိုအတွင်း ထိုးဖောက်နိုင်တယ်။ အဓိကပြဿနာတွေက Payment System ပေါ့။ ဒီမှာ လူတော်တော်များများနဲ့ Mobile Banking နဲ့က မနီးစပ်သေးဘူး။ ဥပမာ - MPU Card ရှိပေမယ့် Mobile Banking ကို မသုံးတတ်သေးဘူး။ နောက်ပြီး တချို့အွန်လိုင်းရှော့ပင်းတွေနဲ့ ဝယ်သူတွေရဲ့အပြုအမူတွေကြောင့် ဝယ်ယူသူတွေနဲ့ အပြန်အလှန်ယုံကြည်မှု အားနည်းလာတာတွေလည်း ရှိတတ်တယ်" ဟုမသူသူထက်က ဆိုသည်။

လက်ရှိအချိန်တွင် အွန်လိုင်းရှော့ပင်လုပ်ငန်းများကိုစနစ်တကျနှင့် တရားဝင်ဖြစ်လာစေရန်လုပ်ငန်း မှတ်ပုံတင်စေပြီး အခွန်ကောက်ရန်ပြင်ဆင်နေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

"အွန်လိုင်းလုပ်ငန်းတွေကို အခွန်ကောက်မယ်ဆိုတာကို ကြားမိပါတယ်။ ဒီလိုလုပ်တာ တစ်ဖက်တစ်လမ်းက အခွန်ငွေတိုးမယ်၊ ဒီလုပ်ငန်းတွေကို လူတွေရဲ့ယုံကြည်မှုလည်း ပိုတိုးလာမှာမို့ကောင်းတယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ အွန်လိုင်းရှော့ပင်လုပ်ငန်းတွေက SME တွေဖြစ်တာကြောင့် သူတို့ရပ်တည်မှု ယိုယွင်းသွားတဲ့အထိ မတိုင်းမထွာ လုပ်မှာမျိုးတော့ မလိုလားဘူး။ အခွန်ကိစ္စလုပ်မယ်ဆို သူတို့ရဲ့အမြင်ကိုလည်း ယူသင့်တယ်" ဟု ကိုသီဟထက်က ဆိုသည်။

Mobile Payment,Online Payment ကဲ့သို့ ဝန်ဆောင်မှုများ တွင်ကျယ်အောင် မဖန်တီးပေးနိုင်သေးဘဲ အခွန်အတင်းကောက်ခြင်းမျိုး ပြုလုပ်ခြင်းမှာလည်း မသင့်လျော်ကြောင်း အဆိုပါစီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများက ဝေဖန်သုံးသပ်ကြသည်။

"သူတို့က လိမ်လည်မှုတွေကို လျှော့ချချင်လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကောင်းလုပ်တာ ဖြစ်ပေမယ့်လည်း ဒါကသိပ်တော့အဆင်မပြေဘူး။ လူတွေက အခွန်ကို အထပ်ထပ်ဆောင်နေရသလိုဖြစ်နေပြီလေ။ အခွန်ဆောင်ရတာကြောင့် ဈေးတွေတက်ကုန်ရင်၊ လူတွေကမတန်ဘူးထင်လာကြရင် ဒီဈေးကွက်က ပျက်သွားနိုင်တယ်" ဟုမသူသူထက်ကလည်း ဆိုသည်။

ထိုကဲ့သို့သော အငြင်းပွားဖွယ်ရာများ၊ အဆင်ပြေမှု အဆင်မပြေမှုများရှိနေသော်လည်း ပြည်တွင်းရှိ အွန်လိုင်းရှော့ပင်လုပ်ငန်းမှာ ရပ်တန့်သွားဖွယ်မရှိဘဲ ဆက်လက်တိုးတက်လာနေမည့် အရိပ်အယောင်များ ပြသနေသည်။

Mobile Penetration နှင့် Mobile Banking အသုံးပြုသူ အရေအတွက် တိုးတက်လာနေသည့်အတွက် လာမည့်နှစ်များအတွင်း အွန်လိုင်းရှော့ပင်းလုပ်ငန်းများ ပိုမိုအားကောင်းလာဖွယ်ရှိနေသည်ဟု သုံးသပ်ကြသည်။

လက်ရှိအချိန်အထိလည်း တန်ဖိုး ထောင်ဂဏန်းခန့်သာ တန်ကြေးရှိသည့် တိုလီမုတ်စ ပစ္စည်းများမှစ၍ ကျပ်သိန်းကျော်တန်ကြေးရှိသည့် Dorothy Perkins၊ Kate Spade၊ Tory Burch၊ Zara အစရှိသည့် ဖက်ရှင်အဝတ်ထည်များအထိ ရောင်းသူများက ရောင်းနေဆဲ၊ ဝယ်ယူသူများကလည်း ဒုနှင့်ဒေး ဝယ်ယူနေကြဆဲပင်ဖြစ်သည်။

"လူတွေက ဘာတွေပဲပြောပြောဝယ်တော့ ဝယ်နေကြတာပါပဲ။ Post လေးတင်လိုက်ရင် မေးကြ၊ ဝယ်ကြနဲ့ပါပဲ" ဟု ဆိုရင်း Uniqlo နှင့် Newlook အမှတ်တံဆိပ် အဝတ်အထည်များ ဈေးချနေ၍ ဝယ်ယူနိုင်ကြောင်း Post ကို မသူသူထက်က သူ့အွန်လိုင်းရှော့ပင် စာမျက်နှာတွင် တင်လိုက်လေသည်။ ■

Laptop ပါထည့်ထည့် ခရီးပါသွားသွား ပစ္စည်းခပ်များများဆံ့တဲ့အိတ်

Laptop ထည့်အိတ်တွေ တံဆိပ် အမျိုးမျိုး ပုံစံအမျိုးမျိုးနဲ့ စိတ်ကြိုက်ရွေးဝယ်နိုင်တဲ့အထဲ Laptop ထည့်ဖို့တင်မကဘဲ ခရီးရက်တိုသွားတဲ့အခါမျိုးမှာပါ အဝတ်အစားတွေ ထည့်သယ်နိုင်တဲ့အထိကျယ်တဲ့အိတ်မျိုးကိုမှ လိုချင်တယ်ဆိုရင်တော့ Xiaomi ထုတ် Travel Business Backpack က အဆင်ပြေနိုင်ပါတယ်။ ၁၅ ဒသမ ၆ လက်မအရွယ် Laptop အထိ ထည့်သယ်နိုင်မှာဖြစ်သလို Drone သယ်ဖို့အတွက် သုံးရင်လည်း အဆင်ပြေတယ်လို့ ဆိုပါတယ်။ အကြမ်းခံ ရေစိုခံ အသားနဲ့ ချုပ်ထားတဲ့ အိတ်ဖြစ်ပြီး ခရီးသွားတဲ့အခါ အဝတ်အစားတွေ ထည့်သယ်မယ်ဆိုရင်လည်း နေရာအတော်ဆံ့ပါတယ်။ ဈေးနှုန်းက ၅၁,၀၀၀ ကျပ်ဖြစ်ပြီး တယ်လီဖိုနီ အမှတ် C-5၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဖုန်း ၀၉၉၇၃၁ ၂၃၉၆၃ ကိုဆက်သွယ် ဝယ်နိုင်ပါတယ်။ ■

အသစ်ထွက် တေးသီချင်းတွေကို ဖန်တီးတီးခတ်နိုင်မယ့် Super Pads

ဂီတသံစဉ်တွေကို တူရိယာတွေနဲ့ တီးခတ်ဖို့အတွက်တူရိယာတွေဝယ်ဖို့ ငွေကြေးအခက်အခဲ၊ သိမ်းဆည်းဖို့ နေရာ အခက်အခဲ ရှိနေပေမယ့် သံစဉ်တွေကိုလည်း တီးခတ်ချင်သူတွေအတွက် Super Pads ဆိုတဲ့ ဆော့ဖ်ဝဲကို ညွှန်ပေးချင်တယ်။ ကိုယ့်စိတ်တိုင်းကျ ဂီတသံတွေ ကိုယ်တိုင်ဖန်တီးနိုင်သလို အပတ်စဉ်၊ နေ့စဉ်ထွက် တေးသီချင်းတွေကိုလည်း Online နဲ့ ချိတ်ဆက်ပြီး တီးခတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီ ဆော့ဖ်ဝဲရဲ့တီးခတ်ပုံကို Youtube ကနေ ကြည့်ရှုလေ့လာနိုင်မှာဖြစ်ပြီး အလွယ်တကူ တီးခတ်နိုင်မှာပါ။ https://play.google.com/store/apps/details?id=com.opalastudios.pads မှာ အခမဲ့ ရယူနိုင်ပါတယ်။ ■

လေးနာရီကြာ ဆက်တိုက်သုံးနိုင်မယ့် HYBRID Bluetooth Earphone

နားကျပ်ကောင်းကောင်းလေး တစ်ခုလောက် ဝယ်မယ်ဆိုသူတွေအတွက် Defunc HYBRID Bluetooth Earphone ကို ညွှန်ပေးချင်တယ်။ သီချင်းနားထောင်တာ၊ ဖုန်းပြောတာတွေအတွက် အသံအရည်အသွေးအထူး ကောင်းမွန်မှုရှိပြီး Bluetooth 4.1 နည်းပညာကြောင့် ချိတ်ဆက်မှုမြန်မြန်နဲ့ အသံထွက်ကောင်းကောင်းကို ခံစားနိုင်မှာပါ။ Talking Time နဲ့ သီချင်းဖွင့်ချိန်ကို လေးနာရီဆက်တိုက် သုံးနိုင်မှာဖြစ်ပြီး Standby အနေနဲ့ နာရီ ၈၀ ကြာထားနိုင်တယ်လို့ ဆိုပါတယ်။ ၇၈,၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး e-city ဖုန်း ၀၁ ၂၂၄၃၆၀ (လိုင်းခွဲ ၀) ကို ဆက်သွယ်စုံစမ်း ဝယ်နိုင်ပါတယ်။ ■

ဆူပါဟီးရိုးအဖြစ် ကစားရမယ့် Incredible Superheros Wars

ဆူပါဟီးရိုးတွေအဖြစ် တိုက်ခိုက်ချင်လာပြီး ခဏတာ ဝင်ခံစားကြည့်ချင်တယ်ဆိုရင်တော့ Incredible Superheros Wars ဆိုတဲ့ဂိမ်းက ကူညီပေးနိုင်မှာပါ။ ဒီဂိမ်းထဲမှာ ကမ္ဘာမှာရော မြန်မာမှာပါ မစိမ်းတဲ့ Super Hero တွေဖြစ်တဲ့ Spider Man, Hurk, Arrow စသလိုဇာတ်ကောင်တွေပါဝင်ပြီး စက်ရုပ်တွေနဲ့ Super Hero တွေ တိုက်ခိုက်ရမှာ ပါ။ Offline ပါ ကစားနိုင်မယ့် ဂိမ်းဖြစ်ပြီး ရုပ်ထွက်လည်း ကောင်းမွန်တာတွေ့ရပါတယ်။ Google Play ကနေ အခမဲ့ ရယူနိုင်မှာပါ။■

ပုံတစ်ပုံကို ၁၀ စက္ကန့်အတွင်း ထုတ်နိုင်မယ့် Smartphone Printer

ဖုန်းတွေမှာ ပါဝင်လာတဲ့ ကင်မရာတွေက အဆင့်မြင့်လာသလို ဖုန်းနဲ့ရိုက်တဲ့ ဓာတ်ပုံအရည်အသွေးကလည်း အတော်ကောင်းမွန်နေပါပြီ။ ကိုယ်ဖုန်းနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံလေးတွေကို ပိုပြီး လျင်လျင်မြန်မြန် ပုံထုတ်ချင်သူတွေအတွက် Instax SP-2 Smartphone Printer ကို ညွှန်ပေးပါ့မယ်။ Printing Speed က အရင် ထွက်ရှိထားတဲ့ Instax Printer တွေထက် ပိုမြန်အောင် အဆင့်မြှင့်တင်ထားပြီး ဒီ SP-2 က ပုံတစ်ပုံ Print ထုတ်ဖို့ ၁၀ စက္ကန့်ပဲကြာတယ်လို့ ဆိုပါတယ်။ Printing Resolution 320dpi ရှိပြီး iOS နဲ့ Android အတွက် ဖန်တီးထားတဲ့ SHARE App နဲ့ တွဲသုံးရမှာဖြစ်ပါတယ်။ ၂၇၃၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး တစ်နှစ်အာမခံပေးထားပါတယ်။ ဝယ်လိုတယ်ဆိုရင် 8 Ray အမှတ် ၄၉၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃ ၊ ၀၉ ၄၅၀၁ ၂၇၃၀၄ ကို ဆက်သွယ်နိုင်ပါတယ်။ ■

ယာဉ် လမ်းစည်းကမ်း ဖုန်းထဲကနေ လေ့လာမယ်

အခုမှစပြီး ယာဉ်မောင်းကြတော့မယ့် သူတွေအတွက် ယာဉ် စည်းကမ်း လမ်းစည်းကမ်းကို သေချာသိဖို့ လိုအပ်သလို ကား မောင်းတတ်တာကြာပြီဖြစ်ပေမယ့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဝေဝေဝါးဝါး ဖြစ်နေသေးတယ်ဆိုရင်တော့ ဖုန်းထဲကနေ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လေ့လာဖတ်ရှုနိုင်မယ့် ဆော့ဖ်ဝဲကို ညွှန်ပေးချင်ပါတယ်။ Safe Driving ဆိုတဲ့ ဆော့ဖ်ဝဲဖြစ်ပြီး ယာဉ်မောင်းနှင်မှု မပြုခင် စစ်ဆေးရမယ့် အချက်တွေ၊ ယာဉ်မောင်းတွေရဲ့အရည်အချင်းတွေ၊ မီးပွိုင့်နဲ့ လမ်းဆုံမှာ လိုက်နာရမယ့် အချက်တွေအပြင် ယာဉ်မောင်းလိုင်စင်ဖြေမယ့် သူတွေအတွက်လည်း သိမှတ်ဖွယ်ရာတွေကို ဒီဆော့ဖ်ဝဲထဲမှာ မေးခွန်းတွေ လေ့ကျင့်ဖြေဆိုနိုင်မှာပါ။ Google Play မှာ Safe Driving ဆိုပြီး အခမဲ့ရယူနိုင်ပါတယ်။ ■

မြန်မာ့လက်မှုတွေနဲ့ ဒီဇိုင်းထွင်ထားတဲ့ OMG ဖက်ရှင်ဆိုင်

အဝတ်အစားဖက်ရှင်အသုံးအဆောင်ပစ္စည်းတွေကို မြန်မာ့ရိုးရာပုံတွေနဲ့ ဒီဇိုင်းဆင်ပြီးဝတ်ဆင်ချင်သူတွေအတွက် နောက်ထပ်ဆိုင်ခွဲအဖြစ် အသစ်ထပ်ဖွင့်လိုက်တဲ့ OMG ဖက်ရှင်ဆိုင်လေးကို ညွှန်ချင်တယ်။ ဒီဆိုင်လေးမှာ မြန်မာလက်မှုဖက်ရှင်တွေဖြစ်တဲ့ မြန်မာပြည်မြေပုံ၊ ပဒေါင်၊ ဇော်ဂျီ၊ ဘီလူး စတဲ့ မြန်မာ့ရိုးရာဒီဇိုင်းပုံတွေနဲ့ အင်္ကျီတွေကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ မြန်မာမှုနဲ့ ပတ်သက်တဲ့ရုပ်ပုံတွေနဲ့ ထုတ်လုပ်ထားတဲ့ ဦးထုပ်၊ ဖိနပ်၊ လွယ်အိတ်၊ ကျောပိုးအိတ်စတဲ့ အသုံးအဆောင် ပစ္စည်းတော်တော်များများကို ကိုယ်ပိုင်ဒီဇိုင်းနဲ့ ထုတ်လုပ်ထားတာဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ ဈေးနှုန်းတွေက ထောင်ကျော်ကနေ သိန်းဂဏန်းအထိရှိပြီး ဝယ်ယူချင်တယ်ဆို ရင်တော့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ Junction City၊ တတိယထပ်မှာ ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ ■

iPhone 6 plus အရွယ် Capsule ပုံစံထီး

မိုးတွင်းမှာ ချစ်စရာထီးဒီဇိုင်းလေးတွေ ဆောင်းရတာကြိုက်သူတွေအတွက် ပေါ့ပေါ့ပါးပါး သယ်ယူသွားနိုင်မယ့် iphone 6 plus အရွယ် Capsule ပုံစံထီးကို ညွှန်ချင်ပါတယ်။ ဒီထီးရဲ့အရွယ်အစားက 18 cm အရွယ်အစားသာရှိတာမို့အိတ်ထဲကို ပေါ့ပေါ့ပါးပါးသယ်ဆောင်သွားချင်သူတွေအတွက် အကြိုက်တွေ့စေမှာဖြစ်ပြီး ကိုင်း ငါးကိုင်းပါဝင်ကာ နေပူတဲ့အခါဆောင်းရင်လည်း နေပူဒဏ်ကာကွယ်နိုင်အောင် UV ပါဝင်ပါတယ်။ အရောင်တွေက အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်နဲ့ ပန်းရောင်တို့ကို ရွေးချယ်နိုင်မှာဖြစ်ပြီး ဈေးနှုန်းက ၉၅၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းနဲ့ နယ်ကမှာယူသူတွေအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးနေတာဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် ၀၉-၇၈၁၀၀၀၅၅၅ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■

၅၀ ရာခိုင်နှုန်းအထိ ပိုးစစ်ချိတ်တွေ ဝယ်မယ်

ပွဲလမ်းအခမ်းအနားသွားဖို့ပဲဖြစ်ဖြစ် ကိုယ်တိုင်က ပိုးတွေ၊ ချိတ်တွေ၊ ဇာတွေ ကြိုက်နှစ်သက်လို့ပဲဖြစ်ဖြစ် ဝယ်ချင်သူတွေအတွက် ဆာယာရမ္မာ ပိုးထည်ဆိုင်လေးကို ညွှန်ပေးချင်တယ်။ ဒီဆိုင်လေးက မိုးရာသီကာလ အထူးအစီအစဉ်အနေနဲ့ ပိုးစစ်လွန်းရာကျော်အချိတ်တွေ၊ ပိုးဖဲလွန်းချိတ်တွေ၊ ကွန်ပျူတာပန်းထိုးဒီဇိုင်းတွေ၊ ပွဲထိုင်ဇာတွေ၊ ဘရိုကိတ်တွေနဲ့ အထည်လိပ်တွေကို ၅၀ ရာခိုင်နှုန်းလျှော့ဈေးအထိ လျှော့ချရောင်းပေးသွားမယ်လို့ ဆိုပါတယ်။ ဆာယာရမ္မာရဲ့ဆိုင်ခွဲတွေအားလုံးမှာ အထူးဈေးနှုန်းနဲ့ရောင်းပေးသွားမှာဖြစ်ပြီး ဇာအတွဲတွေနဲ့ ဘရိုကိတ်အတွဲတွေကိုလည်း ဈေးနှုန်းလျှော့ချရောင်းပေးသွားမှာပါ။ ဒီအစီအစဉ်ကို ဇူလိုင်လ ၅ ရက်နေ့အထိ ပြုလုပ်မှာဖြစ်ပြီး ဆာယာရမ္မာ အမှတ် ၄၊ ၃ရပ်ကွက်၊ ဝေဇယန္တာလမ်းနဲ့ ပါရမီလမ်းထောင့်၊ ငွေကြာယံရိပ်သာ၊ တောင်ဥက္ကလာ ဝေဇယန္တာလမ်းမပေါ်နဲ့ အမှတ် ၄၉၊ မြေညီထပ်၊ ဇေယျာဝတီ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မှာ မနက် ၉ နာရီကနေ ည ၈ နာရီအထိသွားဝယ်နိုင်ပါတယ်။ အသေးစိတ်ကို ဖုန်း ၀၉-၉၇၅ ၅၈၃၄၁ ကိုဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



ရုပ်ရှင်ဇာတ်လမ်းတွေ ကာတွန်းကားတွေထဲက ဇာတ်ကောင်သုံး

ဇာတ်ကားတွေထဲမှာပါတဲ့ အရုပ်လေးတွေကို သဘောကျတတ်သူ၊ ဇာတ်ကားတွေ
သုံးတဲ့ ပစ္စည်းလေးတွေနဲ့ ရှုးသွပ် ချင်သူဆိုရင်တော့ သွားဝယ်နိုင်မယ့် ဆိုင်လေးတစ်ဆိုင်ရှိပါ
Mimi Character Accessories for Daily Life ဆိုတဲ့ ဆိုင်လေးဖြစ်ပြီး ဒီဆိုင်
မှာ ကာတွန်းဇာတ်လမ်းတွေမှာပါတဲ့ တောင်ပံတွေ၊ မျက်နှာဖုံးတွေ၊ ခေါင်းအဆန်းလေးတွေ
မှာပါ။ Guardians of the Galaxy ဇာတ်ကားထဲက Groot၊ Totoro ချစ်သူတွေအ
တိုတိုရှိ ကျောပိုးအိတ်၊ Little Unicorn ၊ Little Pony အရုပ်လေးတွေအပြင် An
ချစ်သူ တွေအတွက် Animi ဇာတ်ကောင်လေးတွေ ရိုက်နှိပ်ထားတဲ့ ထီးမျိုးစုံ စိတ်
ရွေးဝယ်နိုင်မှာပါ။

ထိုင်းနာမည်ကြီး အချိုပွဲကို အိမ်အရောက်ပို့ ဝန်ဆောင်မှုနဲ့ မှာစားမယ်

ဒီလပိုင်းတွေထဲ မြန်မာနိုင်ငံမှာ နာမည်ကြီးလာတဲ့ သရေစာအဖြစ်ရော အချိုတည်းစာအဖြစ်ပါစားနိုင်မယ့် အစားအစာတစ်မျိုးရှိပါတယ်။ ထိုင်းအချိုပွဲတစ်မျိုးဖြစ်တဲ့ ကောက်ညှင်းအုန်းနို့ပေါင်း သရက်သီးဖြစ်ပြီး ရန်ကုန်မှာ ပြုလုပ်တဲ့ Bangkok Night Market ဈေးရောင်းပွဲတွေမှာလည်း ရောင်းချလာကြတာတွေ့ရပါတယ်။ အခုညွှန်ပေးချင်တာကတော့ Night Market တွေကိုလည်း မသွားနိုင် ထိုင်းအစားအစာရောင်းတဲ့ ဆိုင်တွေမှာလည်း သွားမစားနိုင်တဲ့လူတွေအတွက် ကောက်ညှင်းအုန်းနို့ပေါင်း သရက်သီးရောင်းပေးနေတဲ့ Online Shop လေးကိုပါ။ Nom Nom Thai Dessert ဖြစ်ပြီး ရာသီပေါ် ပြည်တွင်းဖြစ်သရက်သီးကို အသုံးပြုလို့ သန့်ရှင်းမှုကို အဓိကထားပြီး ဒီအချိုပွဲကို ပြုလုပ်ရောင်းပေးတယ်လို့ ရောင်းချသူက အာမခံစကားဆိုထားပါတယ်။

သုံးတဲ့ကုန်ကြမ်းနဲ့ ပစ္စည်းတွေကို City Mart ကနေ ဝယ်ထားပြီး ရက်လွန်ပစ္စည်းတွေ မပါဝင်ဘူးလို့ အာမခံထားတဲ့ ဒီအချိုပွဲတစ်ဘူးကို ကျပ် ၂၀၀၀ နဲ့ မှာစားနိုင်မှာပါ။ အုန်းနို့နဲ့ ပြုလုပ်ထားတဲ့ အချိုပွဲမို့ သွေးတိုးရှိသူတွေတော့ သတိထားပြီး စားဖို့ ရောင်းချသူက အကြံပြုထားပါသေးတယ်။ သုံးဘူးနဲ့အထက် မှာယူသူတွေကို အခမဲ့ပို့ဆောင်ပေးတဲ့ ဝန်ဆောင်မှုရှိတယ်လို့ ဆိုထားပြီး မှာယူလိုတယ် အသေးစိတ်သိလိုတယ်ဆိုရင် Nom Nom Thai Dessert ရဲ့ Facebook ပေ့ဖြစ်တဲ့ https://www.facebook.com/nomnomdessert/ မှာ ဝင်ရောက်ကြည့်ရှုမှာယူနိုင်ပါတယ်။ ■

စ္စည်းတွေနဲ့ အရုပ်တွေ ဝယ်နိုင်မယ့်ဆိုင်

ထဲမှာ
တယ်။
လေး
ရနိုင်
တွက်
imi
ကြိုက်

ဒီဆိုင်လေးမှာ Cosplay နှစ်ခြိုက်သူတွေအတွက်လည်း Cosplay ဝတ်စုံတွေ ဝတ်တဲ့အခါ သုံးနိုင်မယ့် ဆံပင်ပုံစံအမျိုးမျိုး၊ Harry Potter ကြိုက်သူတွေအတွက်လည်း မှော်ပိုက်ဆံ၊ မှော်ဝတ်ရုံ၊ Hogwarts နက်တိုင်၊ လည်ပတ်နဲ့ အင်္ကျီတွေအပြင် Harry Potter ထဲက အမှတ်အသားတွေပါတဲ့ အသုံးအဆောင် ပစ္စည်းတွေပါ ဝယ်ယူနိုင်ပါတယ်။ Mimi Character Accessories for Daily Life ဆိုင်လေးရဲ့ လိပ်စာက အမှတ် ၁၇၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်း (မြေနီ ကုန်း City Mart အနောက် ကားဝပ်ရှော့ဆိုင် အရှေ့လမ်း) ဖြစ်ပြီး ဆိုင်ဖွင့်ချိန်က နံနက် ၉ နာရီကနေ ည ၈ နာရီအထိပါ။ အသေးစိတ်ကို ဖုန်း ၀၉၉၆၄၀၀၇၈၈၃၊ ၀၉ ၄၂၁၀၀၇၈၈၃ ကို ဆက်သွယ် ဝယ်နိုင်ပါတယ်။ ■

ဇွန်လကုန်အထိ ၆၀ ရာခိုင်နှုန်းလျှော့ဈေးနဲ့ ဝန်ဆောင်ပေးနေတယ်ဆိုတဲ့ Zenith Photography

မိန်းကလေးတွေရဲ့လှပတဲ့ အချိန်တွေထဲမှာ ကိုယ်ဝန်ဆောင်ချိန်ဟာလည်း တစ်ခုအပါအဝင်ပါ။ အဲဒီလိုအလှပဆုံး အချိန်တွေထဲကတစ်ခုဖြစ်တဲ့ ကိုယ်ဝန်ဆောင်ချိန်မှာ အမှတ်တရ မှတ်တမ်းတင်ထားချင်သူတွေ ရှိကြမှာဖြစ်သလို ကိုယ်က မွေးလာတဲ့ သားသားမီးမီးလေးတွေရဲ့ ချစ်ဖို့ကောင်းတဲ့ သဘာဝဟန်ပန်တွေကိုလည်း မှတ်တမ်းတင်ထားချင်ကြမှာပါ။ အခုပြောပြပေးချင်တာကတော့ Zenith Photography ဆိုတဲ့ ဓာတ်ပုံဆိုင်လေးကိုဖြစ်ပြီး ဒီဆိုင်လေးရဲ့ထူးခြားချက်က မိခင်တွေ၊ မွေးကင်းစကလေးငယ်တွေနဲ့ မိသားစုလိုက် အလှဓာတ်ပုံရိုက်ချင်သူတွေကိုပါ အထူးဝန်ဆောင်မှု ပေးနေတာပါ။

ဒီဆိုင်လေးမှာ မိသားစုလိုက် အလှ ဓာတ်ပုံရိုက်ချင်သူတွေအတွက် Family Package၊ ကလေးငယ်လေးတွေရဲ့ချစ်ပုံကောင်းတဲ့ သဘာဝဟန်ပန်တွေကို မှတ်တမ်းတင်ချင်သူတွေအတွက် Baby Event/ Party Package ၊ အမြွှာကလေးငယ်တွေအတူတွဲရိုက်ကူးပေးနေတဲ့ Babe Twin Package၊ ဆိုင်မှာ သွားရောက်ရိုက်ကူးတာမျိုးမဟုတ်ဘဲ အိမ်ခေါ်ရိုက်ကူးချင်သူတွေအတွက်လည်း Home To Home Package (Baby & Family) စတဲ့ ဝန်ဆောင်မှုတွေ ပေးနေတာပါ။ ဒါ့အပြင် ချစ်သူစုံတွဲတွေအတွက် Couple Package ၊ Portrait Package(Adult)၊ Portrait Outdoor Package (Adult) ဓာတ်ပုံတွေပါ ရိုက်ကူးပေးနေတယ်လို့ ဆိုပါတယ်။

လတ်တလောမှာ ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အနေနဲ့ ဇွန်လ ၃၀ ရက်နေ့ အထိ ၆၀ ရာခိုင်နှုန်းအထူး လျှော့ဈေးနဲ့ ဝန်ဆောင်ပေးနေတယ်လို့ ဆိုပါတယ်။ ဒီလကုန်အတွင်း ဓာတ်ပုံရိုက်ကူးမယ်ဆိုရင် ကိုယ်ရိုက်ကူးလိုတဲ့ Package အလိုက် ကျပ် သုံးသောင်းကနေ ကျပ် ၆၀,၀၀၀ ဝန်းကျင်အထိသာကျသင့်မှာ ဖြစ်ပါတယ်။ Zenith Photography ဆိုင်ရဲ့ လိပ်စာက အမှတ် ၁၀၃၊ ဒုထပ် (ယာ)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန် ဖြစ်ပြီး အသေးစိတ်သိလိုတယ် ကြိုတင် Booking တင်လိုတယ်ဆိုရင် ဖုန်း ၀၉ ၀၉ ၇၉၇၇၂၀၉၆၈၊ ၀၉ ၄၃၀၃၄၂၇၄ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

New Books

ဂျင်မီ

ဝဲဩယမှာ တေးသံပြိုင်လို့

စေပွင့်လင်းလူ့အဖွဲ့အစည်းရဲ့ ဦးဆောင်သူတစ်ဦးလည်းဖြစ် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ ဂျင်မီရဲ့ ‘ဝဲဩယမှာ တေးသံပြိုင်လို့’ ဆိုတဲ့ စာအုပ်ထွက်ရှိလာတာဖြစ်ပါတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဇွန်လ ၁၉ ရက်နေ့မှာ ကျရောက်တဲ့ ၇၂ နှစ်ပြည့်မွေးနေ့အမှတ်တရအဖြစ် အလုပ်နဲ့သက်သေပြရင်း ဒီစာအုပ်ကို သူမရဲ့မွေးနေ့ဖြစ်တဲ့ ဇွန်လ ၁၉ ရက်နေ့မှာ စတင်ဖြန့်ချိတာဖြစ်ကြောင်းလည်း စာရေးသူက ဆိုပါတယ်။

စာရေးသူသာယာဝတီအကျဉ်းထောင်ထဲမှာ ရှိနေစဉ် ၂၀၀၃ ခုနှစ်က ဒီစာအုပ်ကို ရေးသားဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ကျောင်းသားဘဝကနေ နိုင်ငံရေးအကျဉ်း သားဘဝကို နှစ်ကာလများစွာ ဖြတ်သန်းခဲ့ရင်း ရေးသားဖြစ်ခဲ့တာမို့ အဲဒီကာလတစ်ဝိုက်က အခြေအနေတွေကို တစ်ပါတည်း လိုက်ပါစီးမျောရင်း ခံစားဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ အကျဉ်းထောင်ထဲမှာ ရေးသားခဲ့တာမို့အပြင် ရောက်မှ ရေးသားဖန်တီးကြတဲ့ လက်ရာတွေနဲ့ တမူ ထူးခြားကွဲပြားတာကို တွေ့မြင်ခံစားရမှာပါ။

ဒီစာအုပ်က ၂၅ ရာခိုင်နှုန်းက အပြင်မှာရှိပြီး ၇၅ ရာခိုင်နှုန်းက စာအုပ်ထဲမှာရှိတယ်လို့ စာရေးသူက ဆိုပါတယ်။

‘ကျော်ကျော်ဝိုင်း၊ နုသစ်၊ ယုသီတာအပါအဝင် ရှင်သူသေသူများစွာတို့သည် ဝတ္ထုဇာတ်ကောင်များအဖြစ် စာရေးဆရာ၏ ဖန်တီးခြင်းကို ခံထားရသည်။ သူ၏နှလုံးအိမ်တွင် ထာဝရနေထိုင်ခွင့်ပြုထားသည်။ သူဟာဘာကြောင့် ဒီလိုနေထိုင်ခွင့်ပြုထားသည်၊ သူဟာ ဘာကြောင့်ဒီလိုဇာတ်ကောင်တွေကို ရှာဖွေဖန်တီးခဲ့ပါသလဲ။ ဘာအတွက် ဝတ္ထုဇာတ်လမ်းတွေ ဖွဲ့စည်းခဲ့ပါသလဲ။ သူ ဘာလဲ။ ဒီမေးခွန်းတွေက ကျော်ကျော်ဝိုင်းအတွက် သိချင်စရာတွေရှိနေသည်။ သူ၏ နှလုံးသားအတွင်း ခရီးလှည့်လိုက်တိုင်း မိုင်တွေ ဆပွားလို့ စကြဝဠာတစ်ခုဖြစ်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျော်ကျော်ဝိုင်း၊ နုသစ်နှင့် ယုသီတာတို့လို ပို့စ်မော်ဒန်ခေတ် လူငယ်တွေကတော့ သူတို့ဘဝကို ဖန်တီးခဲ့သော စာရေးဆရာကို ရှာဖွေနေကြပြီ။ သူတို့ကို ရှာဖွေ တွေ့ရှိခဲ့သော စာရေးဆရာကို ပြန်ရှာဖွေကြပြီ။ သူ့ကို ရှာဖွေရင်း သူတို့ဘဝဟောင်းတွေကို ပြန်တွေ့ကြမှာ သေချာသည်။ ...’ စိတ်ကြွင်း (အရှေ့တိုင်းစကြဝဠာ) မှ ကောက်နုတ်ချက်

စာအုပ်ရဲ့နောက်ဆုံးပိုင်းမှာ ရေးသားထားတဲ့ စိတ်ကြွင်း (အထက်အရပ်တိုင်းစကြဝဠာ) မှာတော့ အကျဉ်းသားဝတ်စုံအဖြူရောင်အင်္ကျီ လုံချည်များ ဝတ်ဆင်ထားသော စာရေးဆရာနဲ့ ကျော်ကျော်ဝိုင်းတို့ တွေ့ဆုံဖြစ်ခဲ့ကြပါပြီ။

“စာရေးဆရာမဖြေဘဲ ငြိမ်နေမိသည်။”

ကျော်ကျော်ဝိုင်း ထပ်မေးသည်။

“ကျွန်တော်ဟာ ခင်ဗျားလား ... ဖြေပါဦး”

စာရေးဆရာ၏အဖြေက ထူးဆန်းလှသည်။

“ကျွန်တော့်ရဲ့ (၇၅ %) ဟာ ခင်ဗျားဖြစ်ပြီး.... ခင်ဗျားရဲ့ (၂၅ %) ဟာ ကျွန်တော်ဖြစ်ချင်တာပါ။”

အဲဒီကစလို့ ကျော်ကျော်ဝိုင်း စတင်မေးခွန်းထုတ်ပါတော့တယ်။ ကျော်ကျော်ဝိုင်းရဲ့ အမေး စာရေးဆရာရဲ့အဖြေတွေထဲက တချို့ကိုကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။

(၁) “ခင်ဗျားဟာ ခင်ဗျားရဲ့ ယုံကြည်မှုအတွက် ဘယ်လောက်တောင် ပေးဆပ်ခဲ့ရသလဲ”

“သာမန်လူတစ်ယောက်ရဲ့ဘဝအနေအထား ပုံစံမျိုးပြောရရင် အများကြီးပေးဆပ်ခဲ့ရတယ်ဆိုတဲ့ အဖြေထွက်မှာပဲ ... ဒါပေမဲ့ကျွန်တော်ဟာကိုယ့်ကိုယ်ကိုယ် တာဝန်ပေးပြီး အလုပ်လုပ်ခဲ့တာကြောင့် ပေးဆပ်မှုဆိုတာလည်း မရှိဘူး ... အကျိုးအမြတ်ဆိုတာလည်း မမျှော်လင့်ဘူး”

(၁၄) “ခင်ဗျားအပေါ် မတရားနှိပ်ကွပ်ခဲ့တဲ့ လူတွေကို စိတ်မနာဘူးလား”

“အရင်တုန်းကတော့ တော်တော်နာတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ရှာရင်း တွေ့ခဲ့တဲ့နောက်တော့ စိတ်မနာတော့ပါဘူး ... မနာလို၊ သဝန်တိုမှုတွေ၊ ဒေါသ၊ အာဃာတ၊ အမုန်းတွေဟာ ပထမဆုံး ကိုယ့်ကို အရင်ဒုက္ခပေးတာပဲ ... အဲဒါတွေဖြစ်လာရင် ရင်ထဲ နှလုံးထဲမှာ ပူလောင်ပြီး စူးအောင့်လာသလို တွေ့ရတယ် ... တော်တော်ပင်ပန်းတဲ့ကိစ္စပဲ ... အဲဒါတွေကို နိုင်သလောက်လျှော့ချပစ်လိုက်တော့ လူသက်သာတယ် ... ဆုံးဖြတ်ချက်တွေ ကလည်း အမှန်တရားနဲ့ နီးစပ်နိုင်တယ် ... ဘာသာ ရေးအရလည်း သံသရာရဲ့ သဘောတရားကို ကျွန်တော် ယုံလာတယ် ... ဝဋ်ကြွေးဆိုတာကိုနှစ်နှစ်ကာကာ လက်ခံလာတယ်... မေတ္တာထားနည်းကို သဘော တွေ့လာတယ်”

ကိုးတန်းကျောင်းသားဘဝကစတဲ့ ကျော်ကျော်ဝိုင်းရဲ့ ပျော်ရွှင်လွတ်လပ်ပေါ့ပါးတဲ့ ဘဝကစလို့ တက္ကသိုလ်ကျောင်းသားအဖြစ် ဖြတ်သန်းခဲ့ရပုံတွေ အဲဒီခေတ် အဲဒီအခါက လူငယ်တွေရဲ့ဖြူစင် စိတ်ထားတွေ၊ သူတို့ရဲ့ဝါသနာအရ လှုပ်ရှားပုံတွေ၊ အဲဒီကမှတစ်ဆင့် ပြောင်းလဲလာတဲ့ စိတ်ထားနဲ့ တာဝန်ယူမှု တာဝန်ခံမှုတွေအကြောင်းကို စိတ်လှုပ်ရှားတက်ကြွဖွယ်၊ ပျော်ရွှင်ဖွယ်၊ ဝမ်းနည်းဖွယ် စသလိုရသစုံခံစားရင်း ဖတ်ရှုရမှာပါ။ စာရေးသူပြောထားသလို ကျော်ကျော်ဝိုင်း၊ နုသစ်နဲ့ ယုသီတာတို့လို အဲဒီခေတ်က လူငယ်တွေရဲ့ဘဝကို ခံစားဖတ်ရှုရင်း စာဖတ်သူတွေရဲ့ဘဝဟောင်းတွေ အတိတ်တွေကို ပြန်လည်တမ်းတမိနိုင်ပါတယ်။ စာရေးသူကတော့ လူငယ်တွေအပေါ်အမြင်ကို အခုလိုပဲ ပြောပြပါတယ်။

“လူငယ်တွေဟာ ပျော်မယ်၊ ပါးမယ်၊ ဆိုးချင်ဆိုးမယ်၊ အိမ်အလုပ်တွေကို လုပ်ပေးချင်မှ လုပ်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ခေတ်တစ်ခေတ်ရဲ့တာဝန်၊ သမိုင်း ကပေးလာတဲ့ တာဝန်ကိုတော့ ဘယ်တော့မှ မငြင်းပယ်ဘဲ တာဝန်ကျေကျေ လုပ်ဆောင်ခဲ့ကြသူတွေ ချည်းပဲလို့ ကျွန်တော်ယုံတယ်”

ဩရသစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ၃၀၀၀ ကျပ်ပါ။ ဖတ်ကြည့်ကြဖို့ တိုက်တွန်းချင်တယ်။

အရိုးထဲက အနုပညာ

ယဉ်ယဉ်နှောင်း

ဓာတ်ပုံ-ယဉ်ယဉ်နှောင်း

အလင်းရောင်ခပ်မှိန်မှိန်ကျနေသော အလုပ်ရုံကလေးသည် အပြင်ပန်းအားဖြင့် မထည်ဝါလှသော်လည်း စိတ်ဝင်စားစရာတွေ ပြည့်နှက်နေသည်။ မှန်ဗီရိုထဲမှာ၊ စင်ပေါ်မှာ၊ စားပွဲပေါ်မှာ အားလုံးလိုလိုသည် တိရစ္ဆာန်ထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် အနုပညာပစ္စည်းများ၊ အသုံးအဆောင်များသာ။ ယုတ်စွအဆုံး ထိုင်ခုံသည်ပင်လျှင် ကျွဲချိုများ၊ နွားသားရေ ပြားများဖြင့် ပြုလုပ်ထားသော ထိုင်ခုံ၊ စားပွဲတင် တစ်ရှူးဘူးသည်ပင် လိပ်ခွံဖြင့် ပြုလုပ်ထားသည်ကို မြင်တွေ့ရမည်။

ထိုအလုပ်ရုံလေးသည် မန္တလေးမြို့ ဦးပွားခုံးကျော်တံတားအနီးရှိ အသက် ၆၁ နှစ်အရွယ်ရှိ အရိုးပန်းပုဆရာကြီး ဦးခင်မောင်၏ အလုပ်ရုံလေးဖြစ်သည်။ မန္တလေးတစ်မြို့လုံးသာမက မြန်မာတစ်နိုင်ငံလုံးတွင်ပင် ဆရာကြီးဦးခင်မောင်ကဲ့သို့သော ပညာရှင်တစ်ဦးသာ ရှိသည်ဟု ဆိုရသည်အထိ ကျွမ်းကျင်ပိုင်နိုင်သော ပညာရှင်ကြီးလည်းဖြစ်သည်။

မှန်ဗီရိုထဲမှာ၊ ထုပ်တန်းပေါ်မှာ၊ စင်ပေါ်မှာ၊စားပွဲပေါ်မှာ ဆရာကြီး ဦးခင်မောင်၏ လက်ရာများ ပြန့်ကျဲနေသည်။ အလုပ်ရုံနှင့်တွဲလျက် ဧည့်ခန်းမို့ အပြင်အဆင်မခမ်းနားလှသော်လည်း ပစ္စည်းတိုင်းက စိတ်ဝင်စားစရာတွေချည်းဖြစ်သည်။ ထိုပစ္စည်းတိုင်းတွင် ကုန်ကြမ်းအဖြစ် တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သော အရိုး၊ ချို၊ အစွယ်၊ သွား၊ သားရေ၊ ခွာ၊ လိပ်ခွံ၊ ခရုခွံ စသည်တို့သာမက သဘာဝပစ္စည်းများဖြစ်သော ထန်းသီးခွံ၊ အုန်းမှုတ်ခွံ၊ ငါးပေါက်သီးခွံ၊ ပဲစေ့၊ မန်ကျည်းစေ့၊ ဒိုးသီး၊ ထင်းရှူးသီး၊ သင်္ဘောရိုး၊ သစ်သား၊ သစ်မြစ်ဆုံ စသည်တို့လည်းပါသည်။ ကျောက်အမျိုးမျိုး၊ ဖန်၊ ကြေးနန်းကြိုး၊ ဘော် စသော ပစ္စည်းများလည်း ပါသေးသည်။

ထိုကုန်ကြမ်းများအားလုံးကို အနုပညာလက်ရာမြောက်စွာ ဖန်တီးထုတ်လုပ်သော လက်မှုပညာသည် ဆရာကြီးဦးခင်မောင်၏ အသွေးအသားထဲမှလာသော အနုပညာဟုဆိုလျှင် မှားမည်မထင်ပါ။ ယနေ့အချိန်လိုလက်ရာလှပသေသပ်ပြီး မြင်သူတိုင်း ချီးကျူးရလောက်သည့် ပညာရှင်ဘဝမရောက်မီဆရာကြီးဦးခင်မောင် အနေနှင့် အခက်အခဲများစွာကို ဖြတ်သန်းခဲ့ရသည်။

ပန်းတိမ်ဆရာတစ်ဦးအဖြစ် ဇနီးသည်ဒေါ်မြတ်မြတ်မူအပါအဝင် သားသမီးငါးယောက်တို့နှင့်အတူ ဘဝကို အေးဆေးစွာဖြတ်သန်းနေသော ဦးခင်မောင်၏ ဘဝကို တစ်ဆစ်ချိုးပြောင်းလဲပေးမည့် အဖြစ်အပျက်ကြီးတစ်ခု ၂၀၀၀ ပြည့်နှစ်မှာ ဖြစ်ခဲ့သည်။ ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပြီး ဘယ်ဘက်ဒူးဆစ်အောက်ပိုင်း ခြေသလုံးရိုး သွင်သွင်ကျိုးခဲ့ခြင်းပင်ဖြစ်သည်။

စုဆောင်းထားသမျှ ငွေကြေး၊ ပစ္စည်းဥစ္စာတို့ရောင်းချပြီး ကုသသော်လည်း ဆရာကြီး၏ ခြေထောက်ကတော့ အကောင်းပကတိဖြစ်မလာခဲ့။ ဆရာဝန်တွေလည်း လက်လျှော့လာပြီ၊ နောက်ဆုံးတော့ ဆရာကြီးကိုယ်တိုင် ဆေးဆက်မကုတော့ဘဲ မိမိသမာဓိ ခိုင်အောင်သာလုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီး အရိုးကို အခြေခံသည့် အနုစိတ်လက်ရာ လက်မှုပညာများကို လေ့လာခဲ့သည်ဟုဆိုသည်။

ချိုင်းထောက်ကို အားပြုပြီးသာ သွားလာရသောကြောင့်အပြင်သိပ်မထွက်ဖြစ်တော့ဘဲ အိမ်ထဲတွင် အလုပ်ရုံဖွင့်ပြီး နေ့စဉ်နှင့်အမျှ ခြေထောက်ဒုက္ခဝေဒနာကို အနုပညာစျာန်ဝင်မှုနှင့်သာ ကုစားခဲ့သည်ဟု ဆရာကြီးဦးခင်မောင်ကဆိုသည်။

"အဲတုန်းက ခြေထောက်အနာကလည်း တဆစ်ဆစ်ကိုက်တာ၊ ကိုက်ချင်သလောက်ကိုက် ငါ့အလုပ်ငါ ရအောင်လုပ်မယ်ဆိုပြီး ဇွဲတင်းပြီးလုပ်ရင်းက နာတာတွေလည်း ပျောက်၊ လက်ရာတွေလည်း မြောက်လာတာပဲ" ဟု ဆိုသည်။

လူပျိုဘဝ ရွှေတစ်ကျပ်သား ၃၅၀ ခေတ်ကတည်းက ပန်းတိမ်ပညာ သင်ယူဖူးသူဖြစ်သောကြောင့် နှစ် ၃၀ ကျော် ပန်းတိမ်လုပ်သက်က အရိုးပန်းပုများဖန်တီးရာတွင်အထောက်အကူပြုခဲ့သည်ဟုလည်း ဆိုနိုင်သည်။ ပန်းတိမ်လုပ်ရာတွင် လိုအပ်သော ကျောက်မျက်များအတွက် ခန္တီး၊ ဖားကန့်၊ နာဂ၊ လဟယ်စသော အရပ်ဒေသများကို သွားလာဝယ်ယူဖူးပြီး နာဂနှင့် ချင်းရိုးရာ တောတွင်းအသုံးအဆောင်ပစ္စည်း အနုပညာဖန်တီးမှုများကိုလည်း ကိုယ်တိုင် လေ့လာခဲ့ဖူးခြင်းကြောင့်လည်း တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများကို အခြေခံသည့် အသုံးအဆောင်များကို မျက်စိယဉ်လာခဲ့သည်။ ယာဉ်မတော်တဆမှုဖြစ်ပြီး ဝေဒနာခံစားရချိန်တွင်တော့ အရိုး၊ အစွယ်၊ သားရည်၊ ချို၊ သွားတို့ကို အသုံးပြုပြီး တိုင်းရင်းသားလူမျိုးစုများထဲမှ နာဂနှင့် ချင်းရိုးရာ အသုံးအဆောင်ပစ္စည်းများကို အနုပညာမြောက်စွာ ဖန်တီးလာနိုင်ခဲ့သည်။

"ပန်းတိမ်တုန်းကတော့ မြန်မာမှုကနုတ်တွေ အခြေခံတဲ့ အနုပညာပစ္စည်းတွေ ဖန်တီးရတာပေ့ါ။ တိရစ္ဆာန်ထွက်ပစ္စည်းတွေနဲ့ကျတော့အဲလိုအကွေးအညွှတ်ကနုတ်တွေ လုပ်လို့မရဘူး။ မျဉ်းဖြောင့်များများနဲ့ ပါးရဲထိုးထားတဲ့မျက်နှာတွေ၊ ဒိုင်းတွေ၊ ဓားတွေ၊ လှံတွေ၊ မြားတွေလို ပုံတွေ အခြေခံပြီး လုပ်ရတယ်။ အရောင်ဆိုလည်း အနီ၊ အညို၊ အဝါတွေနဲ့ ဖန်တီးရတယ်။ တစ်နှစ်တစ်ခါ နာဂရိုးရာပွဲအကြောင်း တီဗီကလာရင် ဂျာနယ်ထဲပါရင် သေချာမှတ်သားပြီး သူတို့ရိုးရာတွေကို လိုက်လုပ်ပေးရတယ်။ ဓားနဲ့ ခေါင်းရည်ဘူးနဲ့ မီးခြစ်ကျောက်တွဲလျက် ဘူးမျိုး၊ မြားထည့်တဲ့ဘူးမျိုး၊ လည်ဆွဲမျိုး၊ ခေါင်းမှာဆောင်းတဲ့ ခေါင်းဆောင်းမျိုး အကုန်လုပ်ပေးရတယ်။ နာဂတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုက စိတ်ဝင်စားစရာလည်းကောင်းတယ်" ဟု ဆရာကြီးဦးခင်မောင်က ဆိုသည်။

ဓာတ်ပုံ-ယဉ်ယဉ်နှောင်း

တစ်နှစ်တစ်ခါ နာဂပွဲတော်နီးပြီဆိုလျှင် တောလိုက်မုဆိုးများ၊ နာဂရိုးရာခေါင်းဆောင်များက အမဲလိုက်ရာ၊ စုဆောင်းရာမှရရှိသော တိရစ္ဆာန်များ၏ သားရေ၊ အရိုး၊ ချို၊ အစွယ်များ ပေးပို့ပြီး သူတို့လိုချင်သည့် အသုံးအဆောင်များပြုလုပ်ရန် အပ်နှံကြသည်များလည်းရှိသည်ဟု သိရသည်။ ဝက်စွယ်များ၊ ဒေါင်းမြီးများ၊ ရှားပါးငှက်မွေးများ၊ အရိုးနှင့်သွားများ အမျိုးမျိုးပါဝင်သလို ခေါင်းရည်ဘူးလုပ်ရန် နွားနောက်ချိုများလည်း ပါဝင်တတ်သည်။ တောကြောင်၊ မျောက်စသော တိရစ္ဆာန်များ၏ ခေါင်းရိုးခွံများလည်းပါဝင်သည်။ နာဂရိုးရာတွင် တောလိုက်ကျွမ်းကျင်လေ၊ ရရှိသော သားကောင်အရေအတွက် ပိုများလေမို့ သားကောင်များ၏ ဦးခေါင်းခွံရိုးများကို သူရဲကောင်းပြယုဂ်အဖြစ် ဂုဏ်ယူစွာ ချိတ်ဆွဲလေ့ရှိကြသည်။

နာဂပွဲတော်ချိန်ရောက်ပြီဆိုလျှင် ဆရာကြီး ဦးခင်မောင်တွင် လုပ်ထားသမျှ နာဂရိုးရာ အသုံးအဆောင်အလှဆင်ပစ္စည်းများ ပစ္စည်းပြတ်သည်အထိ ရောင်းချရလေ့ရှိသည်။ ပွဲတော်အကြောင်း ရိုက်ကူးထားသည့် ရုပ်သံများ၊ သတင်းမှတ်တမ်းများမှာ မိမိဖန်တီးထားသော လက်ရာပါလာပြီဆိုလျှင် ဆရာကြီးဦးခင်မောင်မှာ ဂုဏ်ယူမဆုံးခဲ့။ "နာဂရိုးရာ အသုံးအဆောင်တွေမှာ ထူးခြားတဲ့ ဂုဏ်သတ္တိတစ်ခုရှိတယ်လို့ ဆရာတော့မြင်တာပဲ။ ခေါင်းဆောင်းဆိုလည်း ဆောင်းလိုက်တာနဲ့ လူကို ထည်ဝါသွားစေတယ်။ လှံဆိုကိုင်လိုက်ရုံနဲ့ ခန့်ညားသွားတယ်။ တခြားအသုံးအဆောင်တွေလည်း အဲဒီလိုပဲ။ ဒီပစ္စည်းတစ်ခုချင်းစီမှာလည်း နာဂလူမျိုးတွေ သူတို့အသက်နဲ့ရင်းပြီး အမဲလိုက်ခဲ့ရတဲ့ သမိုင်းတွေ ရှိနေမှာပဲ။ ဆရာကြီးကတော့ ကိုယ့်နိုင်ငံထဲက လူသိပ်မသိသေးတဲ့ သဘာဝအရိုင်းဆန်လွန်းတဲ့ လူမျိုးတစ်စုရဲ့ အနုပညာပစ္စည်းတွေ ဖန်တီးခွင့်ရနေတာကိုပဲ ဂုဏ်ယူနေရတာ" ဟု ဆရာကြီး ဦးခင်မောင်က ဆိုသည်။

ယခုအခါ နာဂလူမျိုးများသာမက မန္တလေးမြို့ခံများ၊ နိုင်ငံခြားသားများကပါ ဆရာကြီးဦးခင်မောင်၏ လက်ရာများကို တန်ဖိုးထားဝယ်ယူလာကြသည်။ တရားမဝင် သတ်ဖြတ်ထားသော တောနေသားရိုင်းပစ္စည်းများမဟုတ်ဘဲ သားသတ်ရုံများမှရရှိသော ကျွဲ၊ နွားထွက် အရိုး၊ သွား၊ ချိုသားရေများကို အခြေခံဖန်တီးထားသောကြောင့် ဆရာကြီး၏လက်ရာများသည် လက်ရာမြောက်သော အနုပညာပစ္စည်းများဖြစ်လာခဲ့သည်။

"ခြေထောက်ကျိုးသွားခဲ့တာကြောင့်ပဲ ဒါတွေဆက်လုပ်ဖြစ်သွားတာ။ အခုဆို ကိုယ့်ကိုယ်ကိုယ် ခြေထောက်မကောင်းလို့သိမ်ငယ်စိတ်မဖြစ်မိတော့ဘူး။ ဒီလုပ်ငန်းလေးကိုလည်း အောင်မြင်အောင်လုပ်နိုင်ခဲ့ပြီ။ မိသားစုစားဝတ်နေရေးလည်း အဆင်ပြေတဲ့အပြင် သားသမီးတွေကိုလည်း ပညာအမွေပေးနိုင်ခဲ့ပြီ။ ဒီပစ္စည်းတွေ ဝယ်သူလာပြီဆိုလည်း ဆရာ့ဇနီးကပဲ လုပ်ခ၊လက်ခ၊ ပစ္စည်းဖိုးတန်ရာတန်ကြေးနဲ့ဖြတ်ပြီး ရောင်းပေးတယ်။ ကိုယ့်အနုပညာပစ္စည်းကို တန်ဖိုးထားဝယ်ကြတာကိုပဲ ဝမ်းသာရတာပါ" ဟု ဆရာကြီးက ဆိုသည်။

လွှစက်များ၊ တူများ၊ ဆောက်များ၊ အရိုးပန်းပု ကုန်ကြမ်းပစ္စည်းများ ဟိုတစ်စုဒီတစ်စုကြားမှ အလုပ်ရုံကလေးထဲတွင် ဆရာကြီးဦးခင်မောင်က ပျော်မွေ့နေတုန်း။ အရိုးထဲကလာသော အနုပညာအတွက် သူ့ဘဝသူ ဂုဏ်ယူမဆုံးဖြစ်နေတုန်း။ ခြေထောက်မသန်စွမ်းဘဝရောက်ခဲ့သော်လည်း အားငယ်မှုတို့က ဆရာကြီးဦးခင်မောင် မျက်နှာတွင် တစိုးတစဉ်းမျှ မတွေ့ရ။ ထိုဝေဒနာကပင် အနုပညာဖြစ်ခဲ့သည်ကို အနုပညာပစ္စည်းများ ပြည့်နှက်နေသော အလုပ်ရုံလေးက သက်သေခံလျက်ရှိပါသည်။ ■

မိုးရာသီရဲ့ ဧည့်သည်ဆိုး

မြတ်(ကလေး)

မိုးရာသီရောက်တိုင်း မဖြစ်မနေလက်ခံနေကြရသည့် ဧည့်သည်ဆိုးရှိသည်။ ငြင်းပယ်ချင်သော်လည်း ထိုဧည့်သည်က နှစ်စဉ်ရောက်ရှိလာသည်ပင်။

ဓာတ်ပုံ-မြတ်(ကလေး)

ဧည့်သည်အမည်ကား Dengue Hemorrhagic Fever ဟုခေါ်ဆိုသည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်။ အထူးသဖြင့် ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကပ်အသွင်ဖြစ်ပွားနိုင်သည်ဟု သုံးသပ်မှုများရှိနေသဖြင့် သတိပြုရမည့် နှစ်လည်းဖြစ်သည်။

"ဒီနှစ်က မန္တလေးတိုင်းအတွက် သွေးလွန်တုပ်ကွေးရောဂါဆိုးဝါးမှုဖြစ်နိုင်တဲ့ နှစ်တစ်နှစ်ပဲ" ဟု မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမျိုးသယ်ဆောင်ကာ ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ငှက်ဖျား) ဌာနမှ ဆရာဝန်ကြီး ဒေါက်တာတင်ဝေ့က ဆိုလေသည်။

၂ နှစ် သို့မဟုတ် သုံးနှစ်ခြားတစ်ခါ ရောဂါဖြစ်ပွားမှုပြင်းထန်လေ့ရှိပြီး ၂၀၁၅ ခုနှစ်တွင် ပြင်းထန်စွာဖြစ်ပွားခဲ့သဖြင့် သုံးနှစ်အကြာ ၂၀၁၇ ခုနှစ်သည် သတိပြုရမည့် ကာလဖြစ်သည်ဟု ၎င်းက ဆိုသည်။

"၂၀၁၅ ခုနှစ်တုန်းက တစ်တိုင်းလုံးမှာ ခြောက်ထောင်ကျော် ရောဂါဖြစ်ပွားခဲ့ပြီး ၁၇ ဦး သေဆုံးခဲ့တယ်" ဟု ဒေါက်တာတင့်ဝေက ပြန်ပြောင်းပြောပြသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များ၊ အထူးသဖြင့် အသက်ငါးနှစ်မှ ကိုးနှစ်တွင်းအရွယ်များတွင်အဖြစ်များလေ့ရှိပြီး ခြင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါဖြစ်သည်။ အေးဒီးစ် (Aedes) ဟုခေါ်သည့် ခြင်အမျိုးအစားသည် သွေးလွန်တုပ်ကွေး ရောဂါပိုးများကို သယ်ဆောင်ထားတတ်ပြီး ထိုခြင်များ ကိုက်လျှင် ရောဂါပိုးကူးစက်သည်။ ထိုခြင်သည် နေ့ခင်းဘက်အချိန်တွင် ကိုက်တတ်လေ့ရှိပြီး အလင်းရောင်ကွယ်သည့် နေရာများတွင် ပုန်းခိုနေလေ့ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတွင် အဆင့်လေးဆင့်ရှိသည်။ အဆင့်တစ်တွင် သာမန်တုပ်ကွေးဖြစ်ပွားမှုကဲ့သို့ ဖျားနာမှုဖြစ်ပြီး နေပြန်ကောင်းရန် မြန်ဆန်သည်။ အဆင့်နှစ်တွင်တော့ အဖျားကြီးကာ ကော်ဖီရောင်အရည်များ အန်ခြင်း၊ သွားဖုံးသွေးယိုခြင်း၊ နှာခေါင်း သွေးလျှံခြင်း၊ ဝမ်း အမည်းများသွားခြင်း စသည့် လက္ခဏာတို့ ဖြစ်ပေါ်တတ်သည်။

အဆင့်သုံးတွင်တော့ ယင်းလက္ခဏာများအပြင်ကလေးငယ်မှာအလွန်အမင်း မှိန်းလာခြင်း၊ သတိလစ်ခြင်း၊ ခြေဖျား လက်ဖျားများ အေးစက်လာခြင်းတို့အထိ ဖြစ်ပေါ်တတ်သည်၊ စိုးရိမ်ရသည့်အခြေအနေဖြစ်လာပြီ။ သွေးလန့်ခြင်း(Shock) ဖြစ်တော့မည့်လက္ခဏာလည်းဖြစ်သည်။ ထိုအဆင့်ရောက်လျှင် ဆက်ဖြစ်မည်က အဆင့်လေး ဖြစ်ပြီး သွေးပေါင်ချိန်နှင့် သွေးခုန်နှုန်းတို့ကို တိုင်းတာ၍မရဘဲ Shock အဆင့်ထိ ရောက်သွားတတ်ပါသည်။

အဆင့်လေးဆင့် ရှိသော်လည်း ရောဂါဖြစ်ပွားသည့် ကလေးငယ်တိုင်း ထိုအဆင့်လေးဆင့် ဖြစ်ပေါ်သည်တော့ မဟုတ်ပေ။ သတိပြုသင့်သည်က အဆင့်တစ်ဖြစ်ပေါ်နေသော်လည်း ကျန်အဆင့်များသို့ ရုတ်ချည်းဖြစ်ပွားတတ်သည်ကို ဂရုပြုရမည်ဖြစ်သည်။

"ကြောက်ဖို့အကောင်းဆုံးက Shock ပဲ။ ရောဂါဖြစ်ပွားတဲ့ကလေးက ငါးရက်ကနေ ခုနစ်ရက်အထိ ဖျားတတ်တယ်။ Shock ဖြစ်တတ်တာက သုံးရက်ကနေ ငါးရက်အတွင်းဖြစ်တတ်ပြီး ကလေးက ကိုယ်ပူကျသွားတတ်တယ်။ ဒီတော့ မိဘတွေက ကလေးကိုဂရုစိုက်တာ ပေါ့သွားနိုင်တယ်။ တကယ်တော့ ဒါက ကိုယ်ပူကျတာမဟုတ်ဘဲ Shock ဖြစ်ချင်နေတာ" ဟု ကလေးအထူးကု ဆရာဝန်တစ်ဦးက ရှင်းပြသည်။

ကလေးငယ် ကိုယ်ပူရှိန်ပြင်းလာလျှင် နီးစပ်ရာ ဆေးရုံဆေးခန်းများသို့သာ သွားရောက်ပြသခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ၎င်းက ဆက်လက်အကြံပြုပြောဆိုသည်။

မန္တလေးတိုင်းသည် နှစ်စဉ်သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားပြီး တစ်နိုင်ငံလုံးနှင့်နှိုင်းယှဉ်လျှင် အဆင့် ၂ တွင် ရပ်တည်နေလေ့ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမျိုး သယ်ဆောင်ကာ ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ငှက်ဖျား) ဌာနမှ သိရှိရသည်။ အဆင့် ၁ ဖြစ်ပွားမှုမှာ ရန်ကုန်တိုင်းဖြစ်သည်။

"လူနေထူထပ်တာရယ်၊ ရေကိုသိုလှောင်တဲ့နည်းစနစ် မှားယွင်းနေမှုတွေကြောင့်ဖြစ်တဲ့လူနာများတယ်။ ကပ်ရောဂါဖြစ်ပွားနိုင်တယ်ဆိုပေမယ့် အရမ်းကြီးစိုးရိမ်ရတဲ့အနေအထားလည်း မဟုတ်ဘူး။ ဒါပေမဲ့စောင့်ကြည့်ရဦးမယ်" ဟုဒေါက်တာတင်ဝေ့က ပြောသည်။

လက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်း ကလေးငယ် ၂၉၂ ဦး သွေးလွန်တုပ်ကွေးရောဂါခံစားခဲ့ရပြီး သေဆုံးသူ မရှိသေးပေ။

မေလအတွင်းက အောင်မြေသာစံမြို့နယ် ကံတက်ကုန်းဘုန်းတော်ကြီးသင်စာသင်ကျောင်းမှ ကလေးငယ် ၁၉၆ ဦး အစုလိုက်အပြုံလိုက် ဖျားနာခဲ့ပြီး ၅၆ ဦး ဆေးရုံတက်ခဲ့ရသည်။ ယင်းအနက် ၄၆ ဦးတွင် သွေးလွန်တုပ်ကွေးလက္ခဏာများ တွေ့ရှိခဲ့ရသဖြင့် ကုသမှုခံယူခဲ့ရသည်။

"ကျွန်တော်တို့ဆီမှာ ကျောင်းအိပ်ကျောင်းစားနေတဲ့ကလေးငယ် ၁၀၆၀ ဦး ရှိတယ်။ လူများပြားတဲ့အတွက် အနေအထိုင်လည်း ကျပ်တည်းပါတယ်။ အဲဒီတုန်းက ရာသီဥတု ပူပြင်းတဲ့အချိန်ဆိုတော့ တောင်ပေါ်တို့ ဘာတို့က လာခဲ့ကြတဲ့ကလေးတွေက ရာသီအကူးအပြောင်းမှာ ဖြစ်သွားတဲ့သဘောပါ။ ကျန်းမာရေးဘက်ကတော့ ခြင်ကြောင့်လို့ ပြောပါတယ်၊ အရင်နှစ်တွေက မဖြစ်ခဲ့ဖူးဘူး" ဟု အဆိုပါကျောင်းမှ ပညာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

ဇွန်လပထမပတ်အတွင်းကလည်း ပုသိမ်ကြီးမြို့နယ်ရှိဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ကိုရင်၊ သီလရှင်တို့အပါအဝင် ကလေးငယ် ၁၀ ဦးခန့် ဖြစ်ပွားခဲ့သေးသည်။

"ဒီနှစ်ဖြစ်တာမှာ အဆင့်နှစ်တွေများတယ်။ အရမ်းစိုးရိမ်ရတဲ့ ကလေးတွေ မရှိဘူး။ ကျွန်တော်တို့ကလည်း ရောဂါလက္ခဏာပြတာသိရင် သေချာအောင် မစောင့်တော့ဘဲ ဆေးရုံကိုပဲ သွားခိုင်းတယ်။ အဲဒါကြောင့်အခုထိသေဆုံးတာမျိုး မရှိသေးတာ" ဟု ဒေါက်တာတင့်ဝေက ဆိုသည်။

မန္တလေးတိုင်းအတွင်း ၂၈ မြို့နယ်အနက် မန္တလေးခရိုင်အတွင်းသာ လူနေထူထပ်မှုကြောင့် ဖြစ်ပွားမှုများလေ့ရှိပြီး အသိပညာပေး ဟောပြောမှုများအပြင် ပိုးလောက်လန်းသတ်ဆေး (Abate) တို့ကိုလည်း ဆေးပုံး ၁၀၀၀ ခန့် ဝေငှထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။ ယင်းအပြင် ရောဂါဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကုသမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများက အသင့်ပြင်ဆင်ထားကြောင်း ၎င်းကဆိုသည်။

မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမျိုး သယ်ဆောင်ကာ ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ငှက်ဖျား) ဌာန၏ စာရင်းများအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ ၁၈ နှစ်တာကာလအတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားခဲ့သူ သုံးသောင်းတစ်ထောင်ကျော် ရှိခဲ့သည်။ ထိုအထဲတွင် သေဆုံးသူ ၁၄၅ ဦး ရှိသည်။

ရာခိုင်နှုန်းအားဖြင့် သေဆုံးမှုမှာ ၁ ရာခိုင်နှုန်းပင် မရှိခဲ့သဖြင့် နည်းပါးသည်ဟု ဆိုရနိုင်သော်လည်း ဖြစ်ပွားမှုနှုန်းမှာ ကြောက်မတ်ဖွယ်ကောင်းလှသည်။

"၂၀၁၅ ခုနှစ်က ဖြစ်ပွားသူ အများဆုံးပါပဲ။ ခြောက်ထောင့်လေးရာကျော်ထိ ဖြစ်ပွားခဲ့တယ်။ အဲဒီနှစ်က ရေကြီးရေလျှံမှုတွေ ဖြစ်နေတော့ ရေတွေကနေ ပေါက်ဖွားလာတဲ့ခြင်ကြောင့် ပိုဖြစ်တယ်လို့ ယူဆတယ်။ ၂၀၀၈ ခုနှစ်တုန်းကလည်း ဖြစ်ပွားသူက လေးထောင့်ငါးရာနီးပါးရှိခဲ့တယ်"

စာမျက်နှာ ၃၉ သို့

ဓာတ်ပုံ-မိုးကျော်လွင်

မွန်

၂ နှစ်ဆက် ပထမ

တစ်နိုင်ငံလုံးတွင် ယခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ပထမအဖြစ် မွန်ပြည်နယ်က ၂ နှစ်ဆက် အောင်ပွဲခံလိုက်ပြီဖြစ်သည်။

မွန်ပြည်နယ်သည် ယခုနှစ်တွင် စာမေးပွဲအောင်စာရင်း အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် ပထမနေရာတွင် ရပ်တည်နေပြီး ပြီးခဲ့သည့် နှစ်ကမူ ၃၉ ဒသမ ၃၇ ဖြင့် ယင်းနေရာတွင် ရပ်တည်ခဲ့ဖူးသည်။ ယခုနှစ်တွင် ဖြေဆိုသူ ၂၂,၆၁၈ ဦးအနက် ၉,၃၀၁ ဦး အောင်မြင်ခဲ့သည်။

၂၀၁၅ ခုနှစ်ကမူ ဧရာဝတီက ၅၁ ရာခိုင်နှုန်းကျော်ဖြင့် ပထမဖြစ်ခဲ့ပြီး ယင်းမတိုင်ခင် ၂၀၁၄၊ ၂၀၁၃ ခုနှစ်တို့တွင် မွန်ပြည်နယ် ပထမဖြစ်ခဲ့သည်။ ■

ဓာတ်ပုံ-မိုးကျော်လွင်

ဧရာဝတီ

ရေလုပ်သား တစ်ထောင်ကျော် ဆန္ဒပြ

ဧရာဝတီတိုင်းတွင် ရေပေါ်ရေလျှံလုပ်ကိုင်နေသော ရေလုပ်သားငယ် ၁၃၀၀ ခန့်က အင်းသူကြီးများကို ဇွန်လ ၂၀ ရက်တွင် ဆန္ဒပြခဲ့ကြသည်။

ရပ်ရွာအခြေပြု ရေချိုငါးလုပ်ငန်းဥပဒေပေါ်ပေါက်ရေး၊ အင်းသူကြီးများ၏ ရေချိုငါး လုပ်ငန်းဥပဒေချိုးဖောက်မှုကို တားဆီးပေးရေး၊ တိုင်းအစိုးရ၏ ရေလုပ်သားအပေါ် ထားရှိသည့် ကတိများကို အကောင်အထည်ဖော်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဧရာဝတီတိုင်းတွင် အင်းပေါင်း ၁၇၇၀ ရှိပြီး အများစုကို အင်းသူကြီးများက လုပ်ကိုင်ခွင့် ရထားသည်။ ■

ဧရာဝတီ

ထိုင်းရောက် မြန်မာ့ကျွဲနွားများ

ဧရာဝတီတိုင်းမှ ထိုင်းနိုင်ငံသို့ ရေကြောင်းဖြင့် ကျွဲနွား တင်ပို့မှု များပြားလျက်ရှိပြီး ယခုနှစ်အတွင်း ကျွဲနွားသယ်ဆောင်မှု ၃၅ မှု ဖမ်းမိခဲ့သည်။

အဆိုပါ ၃၅ မှုမှ ကျွဲနွားကောင်ရေ ၂၂၀ ကျော်ကို သိမ်းဆည်းထားပြီး သယ်ဆောင်သူ ၆၅ ဦးကို ဖမ်းမိထားသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ လပွတ္တာခရိုင်၊ ဖျာပုံခရိုင်နှင့် ပုသိမ်ခရိုင်တို့တွင် ကျွဲနွားခိုးယူမှုများဖြစ်ပေါ်လျက်ရှိပြီး လပွတ္တာခရိုင်တွင် အများဆုံးဖြစ်ပွားသည်။ ■

ရခိုင်

နှစ်ခါရှုံးသူ

အရှုံးတစ်ခုကို လက်မခံနိုင်သဖြင့် နောက်ထပ်အရှုံး တစ်ခု ဖန်တီးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲ ကျရှုံးခဲ့သဖြင့် ဇွန်လ ၁၇ ရက်နေ့က မင်းပြားမြို့နယ်ငပုတောကျေးရွာမှကျောင်းသူ တစ်ဦး ပိုးသတ်ဆေးသောက်ကာ မိမိကိုယ်ကိုယ် အဆုံး စီရင်ခဲ့ကြောင်း အဆိုပါမြို့နယ် ရဲစခန်းက အတည်ပြုထားသည်။ ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း အသက်ကို မကယ်နိုင်ခဲ့တော့ပေ။

ပြီးခဲ့သည့် နှစ်ကလည်း ကျောက်တော်မြို့နယ် တွင် ကျောင်းသူတစ်ဦး စာမေးပွဲကျရှုံးသဖြင့် တံတားပေါ်မှ ခုန်ဆင်းကာ အဆုံးစီရင်ခဲ့ဖူးသည်။ ■

ရခိုင်

ဘိတ်ချေး အသစ်

တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း အနည်းဆုံးနေရာအတွက် ချင်းထံမှ ရခိုင်လွှဲပြောင်းယူလိုက်ရသည်။

ချင်းပြည်နယ်သည် လွန်ခဲ့သည့် နှစ်အချို့တွင် အောင်ချက်ရာခိုင်နှုန်း ၁၈ ရာခိုင်နှုန်းအောက်တွင် ရှိပြီး အောက်ချက်အနည်းဆုံးအဖြစ် ရပ်တည်ခဲ့ကာ ရခိုင်ပြည်နယ်က ဒုတိယလိုက်ခဲ့သည်။ ယခုနှစ်တွင်မူ ရခိုင်ပြည်နယ်က ၁၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်ပြီး ချင်းပြည်နယ်က ၁၉ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်။

ရခိုင်ပြည်နယ်သည် ငါးနှစ်အတွင်း အဆိုးဆုံး ရာခိုင်နှုန်းကို ရခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဂုဏ်ထူးဖြင့် အောင်မြင်သူဦးရေ ၉၁၄ ဦးရှိပြီး ယင်းအနက် ငါးဘာသာ ဂုဏ်ထူး ၂၆ ဦးနှင့် ဘာသာစုံဂုဏ်ထူး ၂၆ ဦးပါဝင်ခဲ့သည်။

မကွေး

၆၆ (ဃ) ဖြင့် အတိုင်ခံရသည့် မကွေးသတင်းထောက်သုံးဦးကို ရဲခေါ်စစ်

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တိုင်ကြားခံထားရသော မကွေးမြို့အခြေစိုက် သတင်းထောက်သုံးဦးကို မကွေးမြို့ အမှတ်(၂) နယ်မြေရဲစခန်းက ခေါ်ယူစစ်ဆေးခဲ့သည်။ တိုင်ကြားသူ မယ်လှတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးကို ဦးစွာခေါ်ယူစစ်ဆေးပြီးနောက် တိုင်ကြားခံရသူများကို စစ်ဆေးခြင်းဖြစ်သည်။

ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့် တိုင်ကြားခံထားရသူများမှာ မကွေးအခြေစိုက် သတင်းထောက်များဖြစ်သည့် တင်ရွှေ(မင်းဘူး)၊ ဇာဇာ (မကွေး) နှင့် ဖူးပွင့်နေခြည်တို့ဖြစ်သည်။ တင်ရွှေ (မင်းဘူး) က Facebook တွင် ပို့စ်တစ်ခု ရေးသားသည့်အတွက် အမှုဖွင့်တိုင်ကြားခံရခြင်းဖြစ်ပြီး ဇာဇာ (မကွေး) မှာမူ ယင်းပို့စ်အောက်တွင် မှတ်ချက်ပေးထားသဖြင့် ထည့်သွင်းတိုင်ကြားခံရခြင်းဖြစ်သည်။ ဖူးပွင့်နေခြည်မှာမူ မည်သည့်အတွက်ကြောင့် ၆၆ (ဃ) ဖြင့် အမှုဖွင့်ခံရသည်ကို မသိရသေးပေ။

ရဲစခန်းက ၎င်းတို့သုံးဦးကို ခေါ်ယူစစ်ဆေးပြီးနောက် ဦးတင်ရွှေနှင့် ဒေါ်ဇာဇာတို့၏ လက်ကိုင်ဖုန်းများကို သိမ်းယူခဲ့ပြီး စီအိုင်ဒီသို့ ပေးပို့စစ်ဆေးရမည်ဟုဆိုသည်။ ■

ပဲခူး

ကြီးငယ်မဟူ

ပဲခူးတိုင်းတွင်လည်း အသက် ၆၃ နှစ်အရွယ် လယ်သူမကြီးကို တစ်ရွာတည်းနေ အသက် ၂၈ နှစ်အရွယ် အမျိုးသားက အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည်။

လယ်သူမကြီးသည် လယ်စောင့်တဲတွင် တစ်ဦးတည်း ရှိနေစဉ် အဆိုပါအမျိုးသားက လယ်တဲအနီး ကောက်ရိုးပုံပေါ်သို့ခေါ်ဆောင်ကာ အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူအမျိုးသားကို ဖမ်းဆီးထားသည်။

နိုင်ငံအတွင်း မုဒိမ်းမှုများ များပြားလျက်ရှိပြီး သက်ကြီးသာမက သက်ငယ်မုဒိမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ■

ဓာတ်ပုံ-မြတ်(ကလေး)

ချင်း

သေနတ်မကိုင်ရ

ချင်းပြည်နယ်တွင် လိုင်စင်မဲ့ လက်လုပ်သေနတ် (တူမီး) များ မကိုင်ဆောင်ကြရန် သတိပေးထားသည်။

တောရိုင်တိရစ္ဆာန်များ တစ်နှစ်ထက်တစ်နှစ် ပိုမို ပြုန်းတီးလာမှုကို ထိန်းချုပ်ရန်လိုင်စင်မဲ့တူမီးသေနတ်များ မကိုင်ကြရန် အသိပေးထားရခြင်းဖြစ်ကြောင်း ပြည်နယ်ဥပဒေအရာရှိချုပ်က ပြောဆိုသည်။

ချင်းဝိသေသတိုင်းအက်ဥပဒေတွင် လိုင်စင်မဲ့သေနတ်ကိုင်လျှင် ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ■

ရှမ်း

လားရှိုးမှာမိတဲ့ ဆေးပြားသုံးသန်းကျော်

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ဆူဒိုအဖက်တမင်း စိတ်ကြွဆေးပြား ၃ ဒသမ ၈ သန်းကို လားရှိုးရဲက ဖမ်းဆီးရမိခဲ့သည်။ စုစုပေါင်း ကာလတန်ကြေး သိန်းခြောက်ထောင်နီးပါးရှိသည့် ယင်းဆေးပြားများကို မော်တော်ယာဉ်တစ်စီးပေါ်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆေးပြားသုံးသန်းကျော်မှာ တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ဆေးပြားများဖြစ်ကြောင်း လားရှိုးမြို့မရဲစခန်း စခန်းမှူးက ဆိုသည်။

ဆူဒိုအဖက်တမင်းဆေးပြားများကိုစိတ်ကြွဆေးပြား ချက်လုပ်ရာတွင် ပြန်လည်အသုံးပြုပြီး လားရှိုးမြို့နယ်တွင် မကြာခဏ ဖမ်းဆီးရမိလေ့ရှိသည်။ ယခု ဆေးပြားများ ဖမ်းဆီးရမိမှုတွင်ယာဉ်မောင်းကိုအမှုဖွင့်အရေးယူထားသည်။

ပဲခူး

ကျပ် ၁၄ ဘီလီယံ ပြန်အပ်

ယခုဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ချပေးသော ဘတ်ဂျက်ငွေ ၁၅၈ ဘီလီယံအနက် ကျပ် ၁၄ ဘီလီယံကို ပဲခူးတိုင်းဒေသကြီးအစိုးရက ပြန်အပ်မည်ဖြစ်သည်။

သို့သော်လည်း လာမည့် ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၌ အဆိုပါငွေကို အခြားနည်းဖြင့် သုံးစွဲရန် ရှိ၊ မရှိ ဆွေးနွေးမည်ဖြစ်သည်။

အခြားနည်းဖြင့်သုံးစွဲမည်ဆိုပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ထံ ပြန်လည်တင်ပြရမည်ဖြစ်သည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက...

ဖုန်း-၀၉၇၃၀၆၄၅၉၂၊၀၉၇၃၂၄၈၈၈၆

မွန်

သွေးလွန်တုပ်ကွေး တိုးလာ

မွန်ပြည်နယ်တွင် ယခုနှစ်ငါးလကျော်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ခုနစ်ရာခန့်အထိ ရှိလာသည်။ ပြီးခဲ့သည့်နှစ် တစ်နှစ်လုံးတွင် ခြောက်ရာခန့်သာရှိခဲ့သည်။

ယခုနှစ် ဇွန်လ ၁၈ ရက်နေ့အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ခုနစ်ရာခန့်ရှိခဲ့သော်လည်း သေဆုံးသူ မရှိသေးပေ။ ဇွန်လ ပထမပတ်တွင် ၉၉ ဦးဖြစ်ပွားပြီး ဒုတိယပတ်တွင် ၁၃၃ ဦး ဖြစ်ပွားခဲ့သည်။

မွန်ပြည်နယ် မြို့နယ်များအနက် မော်လမြိုင်မှာ ၂၀၁ ဦးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေသည်။ ■

ကချင်

ဖားကန့်မှာ ရေကျပြီ

လူနေအိမ် ၅၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့သော ဖားကန့်မြို့တွင် ရက်ပိုင်းအတွင်း ရေပြန်ကျသွားပြီဖြစ်သည်။ မိုးအဆက်မပြတ် ရွာသွန်းသဖြင့် ဥရုချောင်းရေလျှံရာမှ တစ်ဆင့် ဖားကန့်မြို့တွင်းရှိရပ်ကွက်အချို့တွင် ရေကြီးရေလျှံခဲ့သည်။

မိုးများလျှင် ဥရုချောင်းမှတစ်ဆင့် ဖားကန့်မြို့ပေါ်တွင် ရေကြီးရေလျှံလေ့ရှိသည်မှာ နှစ်စဉ်ဖြစ်နေကျ ဆိုသော်လည်း ယခုနှစ်တွင် ပိုမိုစောစီးစွာ ရေကြီးမှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ရေကြီးရခြင်း အဓိကအကြောင်းအရင်းမှာ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများမှ စွန့်ပစ်မြေစာများကို ဥရုချောင်းအတွင်း စွန့်ပစ်မှုကြောင့်ဖြစ်ကြောင်း ဒေသခံတို့က ဆိုသည်။

ရေပြန်ကျပြီဖြစ်၍ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ သောက်သုံးရေပိုက်လိုင်းများ စစ်ဆေးခြင်းတို့ကို ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ဒေသခံများ ဝိုင်းဝန်းလုပ်ဆောင်လျက်ရှိသည်။ ■

News in Brief

ဆဋ္ဌမအကြိမ်ပြည်ဘားကမ့်ကို တက္ကသိုလ်တွင်ကျင်းပမည်

ရန်ကုန်၊ ဇွန် ၂၀

ဆဋ္ဌမအကြိမ်ကျင်းပသည့် ပြည်ဘားကမ့်ကို ဇွန်လ ၂၄ ရက်မှ ၂၅ ရက်အထိ ပြည်တက္ကသိုလ်တွင် ပထမဆုံးကျင်းပမည်ဖြစ်ကြောင်း ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်နီလာမြင့်က ပြောကြားသည်။

ပြည်ဘားကမ့်ပွဲများကို ပဉ္စမအကြိမ်အထိ ပြည်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ပြည်ဘားကမ့်တွင် စိုက်ပျိုးရေး၊ ရှေးဟောင်းသုတေသန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ သတင်းနှင့် နည်းပညာ၊ အိမ်တွင်းစက်မှုလက်မှု၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာများနှင့် ကာတွန်း၊ ပန်းချီပညာဆိုင်ရာများ ဆွေးနွေးဖလှယ်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ ပခုက္ကူမြို့တို့မှ နည်းပညာနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စာရေးဆရာ၊ ကာတွန်းဆရာများကို ဖိတ်ကြားထားကြောင်း ဘားကမ့်ဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

၂၀၁၆ ခုနှစ် ပဉ္စမအကြိမ်တွင် တက်ရောက်သူဦးရေ လေးထောင်ကျော်အထိရှိခဲ့ပြီး မြန်မာနိုင်ငံရှိ ဘားကမ့်များအနက် ပြည်ဘားကမ့်သည် တက်ရောက်သူ တတိယအများဆုံးနေရာတွင် ရပ်တည်ခဲ့ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။ ■

တောင်ကြီး၊ လွိုင်ကော်မြို့တို့တွင် ငြိမ်းချမ်းရေးနှင့် ပုံပြောသင်တန်းဖွင့်မည်

ရန်ကုန်၊ ဇွန် ၂၀

ရှမ်းပြည်နယ်တောင်ကြီးမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် Third Story Project နှင့် ဆွေသဟာ လူမှုကွန်ရက်အဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် Story of Friendship (မိတ်ကောင်းဆွေမွန်ပုံပြင်များ) အစီအစဉ်အရ ငြိမ်းချမ်းရေးနှင့် ပုံပြောခြင်းခြောက်ရက်တာ အခမဲ့သင်တန်းကို ICCO Cooperation ၏ အကူအညီဖြင့် ပထမဆုံးအကြိမ် သင်တန်းဖွင့်မည်ဖြစ် ကြောင်း အဆိုပါအစီအစဉ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းသင်တန်းကို လွိုင်ကော်မြို့တွင် ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၁ ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပထမသုံးရက်တွင် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာများ သင်ကြားမည်ဖြစ်ကာ ဒုတိယသုံးရက်တွင် ပုံပြောခြင်းအနုပညာကို သင်ကြား ဆွေးနွေးမည်ဖြစ်ကြောင်း၊ တောင်ကြီးမြို့တွင်မူ ဇူလိုင်လ တတိယပတ်တွင် သင်တန်းဖွင့်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Third Story Project မှ Project Coordinator မချမ်းငြိမ်းဖြူက The Voice သို့ပြောသည်။

သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးဆိုင်ရာနားလည်မှု တိုးတက်လာစေရန်နှင့် ပုံပြောခြင်းအနုပညာကိုအသုံးပြု၍ စာပေဆိုင်ရာ ဖန်တီးမှုမြင့်မားလာစေရန်ဖြစ်ကြောင်း၊ အသက် ၁၆ နှစ်နှင့် ၃၀ ဝန်းကျင် လူငယ်များ၊ မူလတန်းပြဆရာ၊ ဆရာမများကို အဓိကထားရည်ရွယ်၍ သင်တန်းဖွင့်ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

သင်တန်းတက်ရောက်လိုသူများ ဖုန်း ၀၉-၄၅၂၉၆၅၉၆၁၊ ၀၉-၇၃၁၈၀၀၄၇ သို့ စာရင်းပေးနိုင်သည်။ ■

MI Authorized Reseller Junction City ဆိုင်ခွဲဖွင့်

ရန်ကုန်၊ ဇွန် ၂၁

MI စမတ်ဖုန်းနှင့် တက်ဘလက်တို့၏ တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရထားသော Strong Source Holding ကုမ္ပဏီ၏ ၂၅ ဆိုင်ခွဲမြောက် MI Authorized Reseller Junction City ဆိုင်ခွဲကို ဇွန်လ ၂၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း ယင်းကုမ္ပဏီထံမှ သိရှိရသည်။

အဆိုပါ MI Authorized Reseller ဆိုင်ခွဲများတွင် Xiaomi Smart ဖုန်းအမျိုးအစား ၁၇ မျိုးကျော်ကို တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပြီး Smart Phone အပြင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ချိထားကာ ဆိုင်ခွဲဖွင့်ပွဲအမှတ်တရအနေနှင့် ဟန်းဆက်ဝယ်ယူသူတိုင်းကို တီရှပ်၊ USB Fan နှင့် Tempered Glass ကပ်ပေးခြင်းတို့ မေတ္တာလက်ဆောင်ပေးသွားမည်ဖြစ်သည်။ ■

Sule Shangri-La ပိတ်ရက် အထူးအစီအစဉ်ပြုလုပ်

ရန်ကုန်၊ ဇွန် ၂၁

Sule Shangri-La ဟိုတယ် ရန်ကုန်က မုတ်သုန်အထူးအစီအစဉ်အဖြစ် စနေ၊ တနင်္ဂနွေပိတ်ရက်တို့တွင် Package သုံးမျိုးစီစဉ်ထားပြီး လာရောက်တည်းခိုမှုများအတွက် အမေရိကန်ဒေါ်လာ ၉၉ မှ စတင်ဝန်ဆောင်ပေးနေကြောင်း Sule Shangri-La မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လာရောက်တည်းခိုသူများအတွက် Health Club၊ Spa၊ Café’ Sule၊ Summer Palace တွင် အနားယူစားသောက်မှုများအတွက်လည်း ၂၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝန်ဆောင်ပေးနေပြီး အသေးစိတ်သိရှိလိုသည်များနှင့် Reservation ပြုလုပ်လိုသူများ Sule Shangri-La, Yangon ဖုန်း ၀၁ ၂၄၂၈၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။ ■

တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားများအတွက် ရွေးချယ်စရာလမ်းကြောင်းတစ်ခုဖြစ်သည့် နိုင်ငံခြားပညာသင်ဆုများ

အုန်းဇင်လင်း (ပညာရေး)

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ပြီးတဲ့ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေအနေနဲ့ အောင်စာရင်းထွက်တဲ့အချိန်ကစလို့ ရှေ့ဆက်ရမယ့် ပညာရေးခရီးအတွက် စဉ်းစားစရာတွေ များလာပါတယ်။ နိုင်ငံခြားပညာသင်လွှတ်ဖို့ဆိုတာကိုလည်း စဉ်းစားစရာလမ်းကြောင်းတစ်ခုအဖြစ် ထည့်စဉ်းစားလို့ ရနိုင်တဲ့အတွက် စာရေးသူအနေနဲ့ လမ်းညွှန်ပြချင်ပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်စွာအောင်မြင်ခဲ့သူတွေအတွက် ပိုမိုတောက်ပတဲ့ အနာဂတ်တစ်ခု ပုံဖော်နိုင်စေဖို့ ဘွဲ့ကြိုတန်း ပညာသင်ဆုများကို ရေးသားမျှဝေလိုက်ရပါတယ်။

စင်ကာပူနိုင်ငံပညာသင်ဆုများ

(က) NUS ပညာသင်ဆုများ

National University of Singapore က ဘွဲ့ကြိုတန်းများအတွက် ASEAN Undergraduate Scholarship (AUS) နဲ့ Science & Technology (S&T) Undergraduate Scholarship ကို ကမ်းလှမ်းထားပါတယ်။ အဆိုပါပညာသင်ဆုတွေဟာ အာဆီယံနိုင်ငံများအတွက် သီးသန့်ပေးအပ်တာဖြစ်ပြီး http://www.nus.edu.sg//oam/scholarships/freshmen/scholarship-international.html မှာ လေ့လာနိုင်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် အခြေခံပညာ ၁၂ တန်းပညာရေးစနစ်မရှိတဲ့ နိုင်ငံတွေအတွက် ACT (American College Testing) with writing သို့မဟုတ် SAT(the Scholastic Aptitude Test)၊ SAT Subject Tests စတာတွေ လိုအပ်ပါတယ်။ ပညာသင်ဆုအတွက် သီးသန့်လျှောက်ထားစရာမလိုဘဲ ကျောင်းဝင်ခွင့်ရတဲ့ သူတွေထဲက စဉ်းစားပေးမှာဖြစ်ပါတယ်။

(ခ) NTU ပညာသင်ဆုများ

Nanyang Technological University က ကမ်းလှမ်းထားတဲ့ Nanyang Scholarship ရှိပါတယ်။ ပညာသင်ဆုနဲ့ ပတ်သက်ပြီး အသေးစိတ်ကို http://admissions.ntu.edu.sg/Undergraduate Admissions/Pages/NanyangScholarship.aspx မှာ ကြည့်နိုင်ပါတယ်။ မြန်မာနိုင်ငံသားများအတွက် အခြားလျှောက်ထားနိုင်တဲ့ ပညာသင်ဆုတွေလည်း ရှိပါတယ်။ NTU မှာ တက်ရောက်နိုင်ဖို့အတွက် College Scholarship၊ Earth Observatory of Singapore (EOS) Undergraduate Scholarship၊ Renaissance Engineering Programme Scholarship၊ University Scholars Programme (USP) Scholarship၊ စတဲ့စကော်လာတွေကိုလျှောက်ထားနိုင်ပါတယ်။ လျှောက်ထားရမယ့်ပုံစံတွေက အားလုံးအတူတူဖြစ်ပါတယ်။ အထက်ဖော်ပြပါ ပညာသင်ဆုတွေကို http://admissions.ntu.edu.sg/ graduate/scholarships/Pages/default.aspx မှာ အသေးစိတ်ကြည့်နိုင်ပါတယ်။

ကျောင်းဝင်ခွင့်ရရှိသူများသာ ပညာသင်ဆုပေးမှာဖြစ်တဲ့အတွက် ကျောင်းဝင်ခွင့်ရဖို့လိုပါတယ်။ ကျောင်းဝင်ခွင့်အတွက် မြန်မာနိုင်ငံက အထက်တန်းစာမေးပွဲအောင်မြင်သူတွေအနေနဲ့ ဘာသာအားလုံးအတွက် စာမေးပွဲရမှတ်ပျမ်းမျှ ၈၀ ရာခိုင်နှုန်း ရှိရမယ်လို့သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံအတွက် ဝင်ခွင့်လမ်းညွှန်နဲ့ လျှောက်ထားခြင်းကို http://admissions.ntu.edu.sg/UndergraduateIntnlAdmissions/Pages/MyanmarMatriculationExam_Criteria.aspx မှာ လေ့လာနိုင်ပါတယ်။ https://venus.wis.ntu.edu.sg/adm_af/webpages/others.aspx မှာ ကျောင်းဝင်ခွင့် လျှောက်လွှာတင်ပြီးတဲ့အခါ လျှောက်လွှာနံပါတ်ပို့ပေးမှာဖြစ်ပြီး စကော်လာကို https://wis.ntu.edu.sg/pls/webexe/adm_fore_appl.login မှာ လျှောက်ထားနိုင်ပါတယ်။

(ဂ) Dr.Goh Keng Swee Scholarship

စင်ကာပူနိုင်ငံမှာ တက်ရောက်ဖို့ ကမ်းလှမ်းတဲ့ ပညာသင်ဆုဖြစ်ပါတယ်။ မြန်မာအပါအဝင် အာရှ ၁၅ နိုင်ငံကို ကမ်းလှမ်းထားတဲ့ ပညာသင်ဆုဖြစ်ပါတယ်။ စင်ကာပူနိုင်ငံအတွင်းမှာရှိတဲ့ National University of Singapore (NUS)၊ Nanyang Technological University (NTU)၊ Singapore Management University(SMU)၊ Singapore University of Technology and Design(SUTD) စတဲ့ တက္ကသိုလ်တွေမှာ တက်ရောက်ဖို့ ကမ်းလှမ်းထားတဲ့ ပညာသင်ဆုပါ။ လျှောက်လွှာလျှောက်ထားနိုင်တဲ့ကာလက နှစ်စဉ် (အောက်တိုဘာနဲ့ မတ်လကြားကာလဖြစ်ပါတယ်)။

ပညာသင်ဆုနဲ့ပတ်သက်ပြီး အသေးစိတ်ကိုhttps://www.gksscholarship.sg/app/gks/sp/ မှာ ရှာဖွေပါ။ အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာမတင်ခင်မှာ Registerion for GKS မှာ ပထမဆုံး လိုအပ်တာတွေ ဖြည့်ဖို့လိုပါမယ်။ ထပ်မံသိရှိလိုတာတွေကိုGKS_Scholarships@abs.org.sg ကို အီးမေးလ်ပို့ပြီး စုံစမ်းမေးမြန်းနိုင်ပါတယ်။

စင်ကာပူမှာ ဘွဲ့ကြိုလျှောက်ထားဖို့အတွက် လိုအပ်တဲ့ SAT စာမေးပွဲနဲ့ ပတ်သက်ပြီး အမေရိကန်စင်တာရဲ့ဖုန်းနံပါတ် ၀၁-၂၂၃-၁၀၆/၂၂၃-၁၄၀/၂၂၁-၅၈၅ ကိုဆက်သွယ်မေးမြန်းနိုင်သလို ttnrgn@usia.gov ကိုလည်း အီးမေးလ်ပို့ မေးမြန်းနိုင်ပါတယ်။

ဓာတ်ပုံ-မြင့်မိုးညို

ဂျပန်နိုင်ငံပညာသင်ဆုများ

(က) MEXT ပညာသင်ဆု

MEXT ပညာသင်ဆုကို Myanmar Association of Japan Alumni(MAJA)မှတစ်ဆင့်လျှောက်ထားနိုင်ပြီး နှစ်စဉ် ဧပြီ၊ မေလဝန်းကျင်မှာ လျှောက်ထားနိုင်ပါတယ်။ MAJA ရဲ့ဖုန်းနံပါတ်တွေဖြစ်တဲ့ ၀၉-၂၆၂၆၀၂၁၂၁၊ ၀၉-၈၆၁၂၁၅၁ စတဲ့ တယ်လီဖုန်းနံပါတ်တွေကတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ပညာသင်ဆုနဲ့ပတ်သက်ပြီး အသေးစိတ်ကို http://www.mm.emb-japan.go.jp/profile/english/J-Gov%20Scholar%202018.html မှာ လေ့လာနိုင်ပါတယ်။

(ခ) IUCHI ပညာသင်ဆု

အိအုချိ (IUCHI) အများဆိုင်ရာယုံကြည်မှုပညာတော်သင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းမှ ဂျပန်နိုင်ငံတွင် ဘွဲ့ကြိုတန်းတက်ရောက်နိုင်ရန်အတွက် အထက်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ထားတဲ့ မြန်မာကျောင်းသားများအတွက် သီးသန့်ပညာသင်ဆု ကမ်းလှမ်းထားရှိပါတယ်။ ဖောင်ဒေးရှင်းက သတ်မှတ်တဲ့ သင်တန်းကျောင်းတွင် ခြောက်လနဲ့ ဂျပန်နိုင်ငံမှာ အနည်းဆုံး ခြောက်နှစ်ပညာသင်ခွင့်ရရှိမှာဖြစ်တဲ့အပြင် နှစ်စဉ်မြန်မာလူငယ် ၁၀ ဦးကို ရွေးချယ်ချီးမြှင့်လျက်ရှိပါတယ်။ ၁၀ နှစ်တာအတွင်း ထူးချွန်မြန်မာ ကျောင်းသား ၁၀၀ ယောက်ကို တစ်နှစ် ၁၀ ယောက်နှုန်းဖြင့် ပညာသင်ဆုချီးမြှင့်မှာဖြစ်ပြီး ထူးချွန်မြန်မာလူငယ်များအတွက် အင်မတန်ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ အသေးစိတ်ကို http://www.resonabank.co.jp/kojin/kanri_unyo/koken/pdf/d12_26a.pdf မှာ လေ့လာပါ။

ထိုင်ဝမ်ပညာသင်ဆု

ထိုင်ဝမ်မှာ ပညာသင်ကြားနိုင်ဖို့အတွက် International Higher Education Scholarship Program ကို ကမ်းလှမ်းထားပါတယ်။ ဘွဲ့ကြို၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအားလုံး လျှောက်ထားလို့ရပါတယ်။ အသေးစိတ်ကို http://www.icdf.org.tw/ct.asp?xItem=12505&CtNode=30316&mp=2 မှာ လေ့လာနိုင်ပါတယ်။

ထိုင်းနိုင်ငံပညာသင်ဆု

ထိုင်းနိုင်ငံ Siam Technology College မှာ တက်ရောက်နိုင်ရန်အတွက် ၈၀ ရာခိုင်နှုန်းနဲ့ ၁၀၀ ရာခိုင်နှုန်း ပညာသင်ဆုများကို ကမ်းလှမ်းထားပါတယ်။ ဂုဏ်ထူးနှစ်ဘာသာနှင့်ရမှတ် ၃၅၀ အထက် ရရှိရန် လိုအပ်ပါတယ်။ Business administration in international business management ဘာသာရပ်နှင့် Arts in hotel and tourism management ဘာသာရပ်များအတွက် လျှောက်ထားနိုင်ပါတယ်။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်မှာရှိတဲ့ Orient Trust Co., Ltd.ရဲ့တယ်လီဖုန်း ၀၉၇၇၀၀၉၀၈၂၂၊ ၀၉၇၇၀၀၉၀၉၂၁ ကိုဆက်သွယ်ပြီးဖြစ်စေ orienttrust16@gmail.com သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

တက္ကသိုလ်ဝင်တန်းအောင် မြန်မာလူငယ်တွေအနေနဲ့ ပြည်တွင်းပညာရေးသာမက ပြည်ပပညာရေးအထိပါ ရွေးချယ်ရန်လမ်းကြောင်းများ ရှိနေပါကြောင်းနှင့် ပြည်တွင်းတက္ကသိုလ် လျှောက်ထားဆဲကာလများနှင့် တက်နေဆဲ ကာလများမှာ ပြိုင်ဆင်လျှောက်ထားနိုင်ပါရန် ပညာသင်ဆုအနည်းငယ်ကို ထုတ်နုတ်ရေးသား လမ်းညွှန်လိုက်ရခြင်းဖြစ်ပါတယ်။

■

မေတ္တာဖြင့်
အုန်းဇင်လင်း(ပညာရေး)

Scholarship Info

Nanjing Municipal Government Scholarships

တရုတ်နိုင်ငံသားမဟုတ်တဲ့ နိုင်ငံတကာက ကျောင်းသူကျောင်းသားတွေကို နန်ကျင်းတက္ကသိုလ်မှာ ကျောင်းတက်ရောက်နိုင်ဖို့ ပေးအပ်တဲ့ နန်ကျင်းမြူနီစပယ် အစိုးရပညာသင်ဆု ဖြစ်ပါတယ်။

ဒီနှစ်မှစတင်ပြီး တက္ကသိုလ်စတက်မယ့်သူ၊ ဘွဲ့ဒီဂရီရထားပြီး ဘွဲ့လွန်သင်တန်း ဆက်တက်ရောက်လိုသူ၊ ဘွဲ့ဒီဂရီမဟုတ်တဲ့ အခြားသော ဒီပလိုမာသင်တန်းတက်လိုသူတွေအတွက် ပေးအပ်တဲ့ ပညာသင်ဆုဖြစ်ပါတယ်။

အခုမှ တက္ကသိုလ်စတက်မယ့်သူတွေအနေနဲ့ အသက် ၃၀ နှစ်အောက်၊ မဟာဘွဲ့သင်တန်းအတွက် အသက် ၃၅ နှစ်အောက်၊ ပါရဂူဘွဲ့သင်တန်းအတွက် အသက် ၄၀ နှစ်အောက်ဖြစ်ဖို့လိုပြီး အင်္ဂလိပ်ဘာသာနဲ့ သင်ကြားမယ့်သင်တန်း၊ တရုတ်ဘာသာနဲ့သင်ကြားမယ့်သင်တန်း အမျိုးအစားပေါ်မူတည်ပြီး ဘာသာစကားကျွမ်းကျင်မှု အထောက်အထားတွေ ပူးတွဲလျှောက်ထားရမှာဖြစ်ပါတယ်။ အသေးစိတ်ကို http://en.njnu.edu.cn/admissions/nanjing-municipal-government-scholarship မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒီနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးလျှောက်ထားရမှာဖြစ်ပါတယ်။

NUS Graduate School Scholarship

စင်ကာပူ အမျိုးသားတက္ကသိုလ် (National University of Singapore)သိပ္ပံနဲ့အင်ဂျင်နီယာဘာသာရပ်ကိုပါရဂူဘွဲ့သင်တန်း ဆက်တက်မယ့် ကျောင်းသူကျောင်းသားတွေအတွက် ပေးအပ်တဲ့ ပညာသင်ဆု ဖြစ်ပါတယ်။

ဒီပညာသင်ဆုမှာ လစဉ်ထောက်ပံ့ကြေးအပြင် လေးနှစ်စာ ကျောင်းစရိတ်၊ ကွန်ပျူတာ၊ စာအုပ်နဲ့ သုတေသနစာတမ်းအတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ ပစ္စည်းတွေကိုပါ ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။

လျှောက်ထားမယ့် သူဟာ စင်ကာပူအစိုးရရဲ့သတ်မှတ်ချက် 2nd Upper Honours သို့မဟုတ် ယင်းအရည်အချင်းနဲ့ညီမျှတဲ့ ပညာရေး အထောက်အထားရှိရမှာဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်အတွက် GRE အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမှာဖြစ်ပါတယ်။

အသေးစိတ်ကို http://www.nus.edu.sg/ngs/NGSS.html မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒီနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးလျှောက်ထားရမှာ ဖြစ်ပါတယ်။

Financial Assistance for International Students at Harvard University

ဒါကတော့ နာမည်ကျော် ဟားဗတ်တက္ကသိုလ်မှာ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့ သင်တန်းဆက်တက်မယ့် နိုင်ငံတကာကျောင်းသူကျောင်းသားတွေကို ငွေကြေးထောက်ပံ့ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်မယ့် အမျိုးအစား အများအပြားရှိပြီး လျှောက်ထားမယ့်သူရဲ့ ငွေကြေးလိုအပ်ချက်အပေါ်မူတည်ပြီး ကျောင်းပညာသင်စရိတ် တစ်ဝက်ကနေ ရာနှုန်းပြည့်ထောက်ပံ့မှုအထိ ရှိပါတယ်။

မဟာဘွဲ့နဲ့ ပါရဂူဘွဲ့သင်တန်းအတွက်ဖြစ်တာကြောင့် အရင်ရပြီးသားဘွဲ့ဒီဂရီနဲ့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုတွေ မဖြစ်မနေလိုအပ်ပါတယ်။ အသေးစိတ်ကို https://www.hks.harvard.edu/degrees/sfs/prospective-students/apply မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ နောက်ဆုံးလျှောက်ထားနိုင်ပါတယ်။

News in Brief

အခမဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်မည်

ရန်ကုန်၊ ဇွန် ၂၁

စင်ကာပူအစိုးရနှင့် မြန်မာအစိုးရတို့ပူးပေါင်းဖွင့်လှစ်သည့် အခမဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းကို စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း Myanmar Vocational Training Institute သင်တန်းကျောင်းထံမှ သိရသည်။

ယင်းသင်တန်းတွင် ဟိုတယ်နှင့်ခရီးသွားအတွက် ဘာသာရပ်လေးခုနှင့် အင်ဂျင်နီယာအတွက် ဘာသာရပ်ခြောက်ခုတို့ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံရှိ ITE College အသိအမှတ်ပြုသင်ရိုးများအတိုင်း သင်ကြားပို့ချသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက စင်ကာပူနှင့်မြန်မာပူးပေါင်းပေးအပ်သည့် အသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်များကို ပေးအပ်သွားမည်ဖြစ်သည်။ သင်တန်းကာလခြောက်လကြာမြင့်မည်ဖြစ်ပြီး ကျောင်းဝင်ခွင့်များကို ဇူလိုင်လ ၁၅ ရက်နေ့အထိ ပေးပို့နိုင်မည်ဖြစ်သည်။ အသေးစိတ်ကို အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၇၈၁၀၀ ၂၅၇၁ ထံ ဆက်သွယ်စုံစမ်းနိုင်သည်။

ဓာတ်ပုံ-မြင့်မိုးညို

Northumbria University တွင် စီးပွားရေးဘွဲ့ဒီဂရီများ လျှောက်ထားနိုင်

ရန်ကုန်၊ ဇွန် ၂၁

စီးပွားရေးဘာသာရပ်များကို Northumbria University တွင် တက်ရောက်ရန် ဘွဲ့ဒီဂရီတန်းများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း Study Aborad ပညာရေးဝန်ဆောင်မှုထံမှ သိရသည်။

မြန်မာကျောင်းသူ၊ ကျောင်းသားများ စင်ကာပူနိုင်ငံရှိ Kaplan တွင် ၁၆ လ တက်ရောက်ပြီး ယူကေရှိ Northumbria University မှ ပေးအပ်သော ဘွဲ့ကိုရယူနိုင်မည်ဖြစ်ကာ Northumbria University ၏ Bachelor တိုက်ရိုက်ဝင်ခွင့်အနေနှင့် CAT ရရှိထားသူများ၊ ABE Business Diploma ရရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

စီးပွားရေးဘာသာရပ်များစွာကို ရွေးချယ်တက်ရောက်နိုင်ကာ ဘွဲ့လွန်ဘာသာရပ်များအနေနှင့် Master of Science in Business (Financial Management , Marketing Management, Hospitality Management) တို့ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

အသေးစိတ်ကို ဒိုင်းမွန်းကွန်ဒို၊ တိုက် (ဘီ)၊ အခန်းအမှတ် (၁၅၀၂)၊ ပြည်လမ်း (မေတ္တာဦး ဆေးခန်းအနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉ ၅၁၅၁ ၀၀၈ ကို ဆက်သွယ်စုံစမ်းနိုင်သည်။

iOS Application Development Training သင်တန်းဖွင့်မည်

ရန်ကုန်၊ ဇွန် ၂၁

iOS Developer အဖြစ်လုပ်ငန်းခွင်ဝင်လိုသူများအတွက် iOS Application ကို ကိုယ်တိုင်ရေးသားနိုင်သည့်အထိ သင်ကြားပေးမည့် iOS Application Development Training သင်တန်းကို Mynamar IT Consulting လှည်းတန်းကျောင်းခွဲတွင် ဇွန်လအတွင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းသင်တန်းထံမှ သိရသည်။

နှစ်လခွဲကြာမြင့်မည့် အဆိုပါသင်တန်းတွင် Learning Swift Language 3.0 and iOS 10 API ၊ Logical Thinking Developments ၊ Understanding iOS UI Elements and Effective usages၊ iOS App Lifecycle and view controller management စသည့် စိတ်ဝင်စားစရာဘာသာရပ်များကို Project ပိုင်းနှင့် စာသင်ကြားရေးအပိုင်းတွင် အတွေ့အကြုံရှိသော ဆရာ၊ ဆရာများမှ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တို့တွင်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကြေး ၂၀၀,၀၀၀ ကျပ်ဖြစ်ကြောင်း ယင်းသင်တန်းထံမှသိရသည်။ သင်တန်းနှင့်ပတ်သက်၍ တိုက်အမှတ် ၅(ဘီ)၊ လေးလွှာ၊ ဇေယျာသီရိလမ်း၊ လှည်းတန်း၊ ရန်ကုန်၊ ဖုန်း ၀၉-၇၇၂၇၅၀၅၀၂ တို့ကိုဆက်သွယ်မေးမြန်းနိုင်သည်။

ဓာတ်ပုံ-ထွန်းထွန်းမြင့်

“Limited Edition ဆိုတဲ့အတိုင်း တကယ် Limited ထားတာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်တောင်းဆိုတိုင်း ထပ်ထုတ်လိုက်ရင် Limited Edition မဟုတ်တော့ဘူး။ ခေါင်းစဉ်တပ်ထားတာကြီး ဖြစ်သွားမယ်”

မကြာခင်ထွက်မယ့် ဂီတဗေဒအခွေအတွက် ပြင်ဆင်မှုအပိုင်းတွေ၊ Limited Edition ထုတ်ဖြစ်ပုံ၊ လုံခြုံရေးအခြေအနေကြောင့် မန္တလေးမှာ ပရိုမိုးရှင်းပွဲမလုပ်ဖြစ်ပုံနဲ့ တေးသံရှင် The Jokerr ရဲ့ သီချင်းကို ကော်ပီယူထားတယ်လို့ ပရိသတ်တွေရဲ့ဝေဖန်မှုအပေါ် အမြင်တွေကို The Voice က တေးသံရှင်လွှမ်းပိုင်နဲ့ တွေ့ဆုံပြီး မေးမြန်းထားတာဖြစ်ပါတယ်။

ဆုအိမ်ငြိမ်း

Voice : ဂီတဗေဒအခွေက ထွက်မယ်ပြောပြီး သုံးနှစ်လောက်ကြာသွားတာ ဘာကြောင့်လဲ။

HP : ဒီအခွေက ဘာကြောင့် ဒီလောက်ကြာသွားတာလဲဆိုတော့ အရှေ့က ဂီတစာဆိုအခွေရဲ့ DVD ဖန်တီးမှုတွေရဲ့ ရိုက်ကူးရေးတွေကြောင့်လည်း ပါတယ်။ ပြီးတော့ ဒီကြားထဲမှာ ကျွန်တော် ရုပ်ရှင်ကားတွေ ရိုက်ဖြစ်သွားတယ်။ အဲဒါကြောင့် အခွေကို ဒီထက်ဘယ်လိုလေး ပိုကောင်းအောင်လုပ်မလဲဆိုပြီး လုပ်ရင်းလုပ်ရင်းနဲ့ အခုလောက်အထိ ကြာသွားတာပါ။

Voice : ဒီအခွေမှာ သီချင်းက ၁၈ ပုဒ်လုံးထည့်ထားတယ်ဆိုတော့ သီချင်းတွေ မချန်ဘဲ အကုန်ထည့်ဖြစ်လိုက်တာ ဘာကြောင့်လဲ။

HP : ကျွန်တော်ဖန်တီးထားတဲ့ သီချင်းတွေက ကြာလို့မကောင်းဘူး။ ဒီလိုစတိုင်မျိုးကို လက်ရှိလုပ်နိုင်ရင် ထုတ်လိုက်တာ ပိုကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြာသွားရင် ကြားထဲမှာ အဲဒီလိုမျိုးလုပ်တဲ့ လူတွေရှိလာရင် ကျွန်တော့်သီချင်းတွေလည်း ထွက်ရော ခေတ်ကအောက်သွားပြီ။ ကျွန်တော်က တော့ အဲဒီလိုမျိုးခံစားတဲ့အတွက် အခုလက်ရှိဖန်တီးထားတဲ့ ကျွန်တော့်ရဲ့သီချင်းတွေကို ချပြနိုင်အောင် အကုန်လုံးထည့်လိုက်တာပါ။

Voice : ဂီတစာဆိုအခွေနဲ့ ဂီတဗေဒအခွေကိုဘယ်လိုမျိုးကွဲပြားအောင် ဖန်တီးထားလဲ။

HP : သီချင်းရေးတဲ့ပုံစံတွေ၊ စတိုင်တွေကအစ ကွဲသွားတယ်။ ပြီးတော့ ဒီအခွေထဲမှာ Story ပြောပြတဲ့ ပုံစံမျိုးတွေ များတယ်။ အမြဲတမ်းသီချင်းထဲမှာ ကျွန်တော်က ကာရိုက်တာနှစ်ခု နှစ်ခုထည့်ထည့်ပြီး သီချင်းတော်တော်များများမှာ ဆိုထားတာများတယ်။ ဥပမာ - ဒီထဲမှာပါတဲ့သီချင်းတစ်ပုဒ်ဆိုရင် သူငယ်ချင်းနှစ်ယောက် စကားပြောတဲ့ပုံစံကို သီချင်းလုပ်ထားတာ အဲဒီလိုပုံစံမျိုးတွေ များတယ်။

Voice : အခွေနှစ်ခုစလုံးရဲ့ သီချင်းခေါင်းစဉ်မှာ ဂီတဆိုတာပါနေတော့ ဘယ်လိုအမှတ်တရတွေရှိလို့ ပေးဖြစ်တာလဲ။

HP : ပထမ ဂီတစာဆိုက ဘာရယ်မဟုတ်ဘူး။ ဒီအတိုင်းပဲ ဂီတကို စာလိုဆိုတယ်ဆိုပြီး ပေးဖြစ်လိုက်တာပါ။ အခုဂီတဗေဒမှာတော့ ဂီတပညာရပ်ပေ့ါ။ ကျွန်တော် ဖန်တီးထားတဲ့ ဂီတပညာရပ်က ဒီလိုဒီလိုမျိုးဆိုပြီး အဓိပ္ပာယ်ဖွင့်ပေးလိုက်တာပါ။

Voice : ဒီအခွေကို Limited Edition ထုတ်ဖြစ်တာ ဘာကြောင့်လဲ။

HP : တကယ့်ကိုLimited Edition ပုံစံမျိုးဖြစ်အောင် လုပ်ထားတာပါ။ ဥပမာ- Limited Edition လို့ပြောပြီး ဖြစ်ကတတ်ဆန်းကြီး ခေါင်းစဉ်တစ်ခုပေးပြီးလုပ်ထားတာမျိုး မဖြစ်ချင်ဘူး။ ဒီထဲမှာပါတဲ့ ဦးထုပ်၊ ဘူးပါကင်၊ လယ်သာနဲ့လုပ်ထားတဲ့ စာအုပ်၊ ပဝါဆိုလည်း ကနုတ်တွေနဲ့ သေသေချာချာကို ကျွန်တော့်ကိုယ်ပိုင် ဒီဇိုင်းဖြစ်အောင် သေချာလေး ဒီဇိုင်းဆွဲခိုင်းပြီး လုပ်ထားတာပါ။ အဲဒီလိုမျိုး ကွာလတီနဲ့ တကယ့် Limited Edition ဆိုတဲ့ ခံစားချက် တစ်ခုလေးရအောင်ကို လုပ်ထားတာပါ။

Voice : Limited Edition ခေါင်းစဉ်တပ်ထားပြီး ပရိသတ်တောင်းဆိုလို့ ထပ်ထုတ်တာမျိုးတွေ လုပ်ဖြစ်မလား။

HP : မရှိဘူး။ အဓိက Limited Edition ဆိုတဲ့အတိုင်း တကယ် Limited ထားတာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်တောင်းဆိုတိုင်း ထပ်ထုတ်လိုက်ရင် Limited Edition မဟုတ်တော့ဘူး။ ခေါင်းစဉ်တပ်ထားတာကြီး ဖြစ်သွားမယ်။

Voice : မန္တလေးမှာ ပရိုမိုးရှင်းပွဲမလုပ်ဖြစ်တာ ဘာကြောင့်လဲ။

HP : အဓိက လုံခြုံရေးကြောင့်ပါ။ အဲဒီအတွက် ပထမဆုံးအကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုက ဘာလဲဆိုတော့ ပရိသတ်နဲ့ ကျွန်တော်မတွေ့ဖြစ်တော့ဘူး။ ရောင်းရတယ်၊ မရောင်းရဘူးဆိုတာ ကျွန်တော် မပြောဘူး။ မလုပ်ဖြစ်တဲ့အကြောင်းအရင်းက ပရိသတ်တွေရဲ့လုံခြုံရေးပါ။ ကျွန်တော့် လုံခြုံရေး မဟုတ်ပါဘူး။ ဒါပေမဲ့ တချို့တွေကလည်း အထင်မှားနေတာရှိတယ်။ ကျွန်တော်က ကြောက်တယ်၊ အဲဒါကြောင့် မန္တလေးမှာ မလုပ်ဖြစ်တာပေ့ါ။ အမှန်ကတော့ အဲဒီလိုမျိုးမဟုတ်ပါဘူး။ အဆိုတော်တွေက အောက်မှာရန်ဖြစ်နေလည်း ကျွန်တော်တို့ဘက်ကို ရောက်လာဖို့ဆိုတာ တော်တော်ခဲယဉ်းတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နားမှာ လုံခြုံရေးကအပြည့်ရှိတယ်။ အောက်မှာ တိုးနေကြတဲ့ ပရိသတ်တွေနားမှာ လုံခြုံရေးကနေဖို့က မလွယ်ဘူး။ လူတွေကအရမ်းများတော့ ဘယ်လိုမှ မထိန်းနိုင်ဘူး။ ပြီးတော့ လုပ်မယ့်နေရာကလည်း လုံခြုံရေးက အဆင်မပြေဘူး။ အဲဒါကြောင့် မလုပ်ဖြစ်တာပါ။

Voice : နောက်ပိုင်း MTV မထွက်ဖြစ်တော့ဘူးဆိုတော့ အခုလက်ရှိဈေးကွက်ကြောင့်လား၊ ဘာကြောင့်လဲ။

HP : ပြန်ရတာ၊ ပြန်မရတာထက် စာရင် ကျွန်တော့်အခွေ MTV ရိုက်တုန်းကလည်း သိန်းလေးရာလောက်ကုန်တယ်။ ဒါပေမဲ့အခွေထွက်တော့ ပြန်ရောင်းရတဲ့အခါ မဆိုးပါဘူး။ အရင်းကျေပါတယ်။ အရင်းကျေပေမယ့် အဓိကဆုံးရှုံးတာက အချိန်။ အချိန်က အရမ်းတန်ဖိုးကြီးတယ်။ ကုန်ဆုံးသွားတဲ့အချိန်တွေမှာ သီချင်းသစ် မထွက်လိုက်ရဘူးဆိုတာ တော်တော်ဆုံးရှုံးတယ်လို့ထင်တာကြောင့် နောက်ပိုင်း MTV မထွက်ဖြစ်တော့တာပါ။

Voice : အွန်လိုင်းပေါ်မှာ အမြည်းတင်ထားတဲ့ လွှမ်းပိုင်ရဲ့သီချင်းတစ်ပုဒ်က တေးသံရှင် The Jokerr ရဲ့ I Give It All သီချင်းကို ကော်ပီလုပ်ထားတယ်လို့ ပြောနေကြတဲ့ ပရိသတ်ကို ဘာများပြောချင်လဲ။

HP : အဓိကတော့ Reference (မှီငြမ်းတာ) နဲ့ Copy (ပုံတူးကူးချတာ) ကွာခြားပုံကို ပြောချင်တယ်။ ပရိသတ်တွေကို ဒိုင်ခံပြီးတော့ ငြင်းနေရင်မရဘူးလေ။ အဲဒါကြောင့် ကျွန်တော်စဉ်းစားမိတယ်။ အဆိုတော်ကို ကိုယ်တိုင်သွားမေးလိုက်မယ်။ ကျွန်တော့်သီချင်းကို ပြလိုက်တယ်။ ဒီသီချင်းက ဘယ်လိုဖြစ်နေလဲ၊ ဘယ်လိုမြင်လဲ၊ ဒါကိုမှ သူက အဲဒါဟုတ်တယ်။ မင်း ငါ့ကို Copy ပုံစံလုပ်ထားတယ်။ အဲဒီလိုမျိုးဖြစ်တယ်ဆိုရင်တော့ ကျွန်တော် ဒါကတော့ နောက်မလုပ်ရမယ့်ဟာပေ့ါ။ ဒါပေမဲ့ ဒီဟာကို Reference ယူထားတယ်လို့ ကျွန်တော်ဝန်ခံတယ်။ Reference ယူထားတဲ့အတွက် မူရင်းသီချင်းရဲ့ Inspiration ကျွန်တော့်ဆီမှာ အနည်းနဲ့အများတော့ ရှိမယ်။ အဲဒါကြောင့် မှီနားထောင်လိုက်တာနဲ့ ဒီဟာက ဘယ်ဟာကို Reference ယူထားတယ်လို့ ဆိုတာ တန်းသိတယ်။ ဒါပေမဲ့ Reference ယူထားတာနဲ့ Copy နဲ့ကျတော့ မတူဘူး။ Reference လုပ်ထားတဲ့သီချင်းရဲ့ ၂၀ ရာခိုင်နှုန်းက ပါနေပေမယ့် ကျန်တဲ့ ၈၀ ရာခိုင်နှုန်းက ကျွန်တော့်ရဲ့ဖန်တီးမှုဖြစ်တယ်။ အဲဒါတွေ မတူဘူး။ အဲဒါမျိုးတွေက ကျွန်တော်တို့ ဒီနိုင်ငံမှမဟုတ်ဘူး၊ နိုင်ငံတကာမှာလည်း ဒီလိုမျိုးတွေ လုပ်နေကြတာလေ။ ဒါကို ပရိသတ်တွေ သိစေချင်တာကြောင့်ပါ။

Voice : The Jokker နဲ့ သီချင်းအတူတူလုပ်ဖို့ လွှမ်းပိုင်ရဲ့ကမ်းလှမ်းမှုကို သူ့ဘက်က လက်ခံလား။

HP : အခုထိတော့ လက်ခံတယ်လို့ မဟုတ်သေးဘူး။ ဒါပေမဲ့ ကျွန်တော်ကလည်း သူနဲ့ သီချင်းလုပ်ချင်တာပါ။ ဒီကိစ္စဖြစ်လို့မှမဟုတ်ဘူး။ အရင်တုန်းက သူ ဘယ်အကောင့်သုံးတာလဲဆိုတာ မသိဘူး။ အခုမှသိသွားတာ။ အဲဒါကြောင့် ကျွန်တော်က သီချင်းလုပ်ချင်တယ်လို့ ပြောထားတာ။ သူက Yes Or No မပြောသေးပေမယ့် သူက အဆင်ပြေပါတယ်လို့ ပြောပါတယ်။ လုပ်ဖြစ်ရင်တော့ ဝမ်းသာစရာကြီးပေ့ါ။

Voice : ပထမဆုံးသရုပ်ဆောင်ထားတဲ့ကြွေဇာတ်ကား ရုံတင်တော့မှာဆိုတော့ ရင်ခုန်သံဘယ်လိုဖြစ်နေလဲ။

HP : ရင်ကတော့ တော်တော်ကို ခုန်နေပါတယ်။ ကိုယ်သရုပ်ဆောင်ထားတဲ့ဟာကို ကိုယ်တိုင်သွားကြည့်မယ်။ ဗီဒီယိုတွေကျတော့ အိမ်မှာကြည့်ကြတယ်။ ကောင်းတယ်၊ မကောင်းဘူးဆိုတာကို ဖေ့စ်ဘွတ်ခ်ကနေ Status တွေ ပြန်တင်ကြတယ်။ ဒီမှာကျတော့ ကြည့်နေချိန်မှာ ဘေးနားကနေ ကောင်းတယ်၊ မကောင်းဘူးဆိုတာ ပြောနေသံကိုကြားရမှာဆိုတော့ ကြောက်စရာကြီးပါ။တချို့နေရာတွေဆို ကျွန်တော့်ရဲ့အိုင်ဒီယာနဲ့ တင်ဆက်ပုံတွေ တစ်မျိုးပြောင်းထားတာတွေရှိတယ်။ ဥပမာ - သနပ်ခါးသွေးတဲ့အခန်းဆိုရင် Musical ပုံစံလေးဖြစ်အောင် ပုံစံလေးပြောင်းပြီးတော့ လုပ်ထားတယ်။ ကျွန်တော်ကတော့ အဲဒီအခန်းလေးကို တော်တော်သဘောကျတယ်။ အဲဒီကားလေးမှာ အဲဒီသီချင်းလေးနဲ့အဲဒီလိုမျိုးဝင်လာတာ Taste တစ်မျိုးလေးခံစားရမယ်လို့ ထင်ပါတယ်။

Voice : ဇာတ်ကားတစ်ကားကမ်းလှမ်းမှုကို ငြင်းထားတာ ဘာကြောင့်လဲ။

HP : ဘာလို့လဲဆိုတော့ လူတွေ အများကြီးပါတယ်။ အခုအချိန်ကတော့ အများကြီး အများကြီးက မိုက်နေတာလေ။ ဒါပေမဲ့အများကြီး အများကြီးတွေက ကျွန်တော်တို့ ဒီကားရိုက်ပြီးသွားချိန်မှာ မိုက်ချင်မှ မိုက်တော့မှာ။ ကျွန်တော့်ကားလည်း ရုံတင်တဲ့အချိန်ကျတော့ မမိုက်တော့ဘူးဆိုတဲ့ အချိန်ဖြစ်နိုင်တယ်။ အဲဒီတော့ ကျွန်တော်က လက်ရှိဖြစ်နေတဲ့ အရာကို လိုက်မလုပ်လိုက်ဘဲနဲ့ ငြင်းဖြစ်တာပါ။

Voice : ဂီတဝါသနာရှင်လူငယ်တွေကို အခွေထုတ်ပေးဖို့အခြေအနေ ဘယ်လိုဖြစ်သွားပြီလဲ။

HP : အခုထိတော့လက်ခံနေတုန်းပဲ။ ဒီနှစ်ထဲမှာထွက်ဖြစ်မလား၊ မဖြစ်ဘူးလား ဆိုတာ လာပေးတဲ့သီချင်းတွေအပေါ် မူတည်တယ်။ လာပေးတဲ့သီချင်းတွေ ကောင်းမှလည်း ထုတ်ဖြစ်မှာလေ။ မကောင်းရင်တော့ မထုတ်ဖြစ်သေးဘူး။ အခုကတော့ သီချင်းရွေးနေတဲ့ အဆင့်ပဲ ရှိတယ်။ ■

သူငယ်ဇာတ်ကားကြည့်ရတာ တန်မယ်ထင်တယ်လို့

ယုံကြည်ထားဟု ဒါရိုက်တာပွင့်သိင်္ဂီဇော်ဆို

ရန်ကုန်၊ ဇွန် ၂၁

ဒါရိုက်တာနဲ့ အဓိကဇာတ်ဆောင်မင်းသားတို့ရဲ့ပထမဆုံး ပွဲဦးထွက်ရုပ်ရှင်ဖြစ်တဲ့ သူငယ်ဇာတ်ကားက ပရိသတ်တွေအတွက် ကြည့်ရတာတန်မယ်ထင်တယ်လို့ ယုံကြည်ကြောင်း ဒီဇာတ်ကားရိုက်ကူးသူဒါရိုက်တာ ပွင့်သိင်္ဂီဇော်က The Voice ကို ပြောကြားပါတယ်။

"ဒီကားက တခြားဟာသကားတွေလို့ ပြူးတူးပြဲတဲကြီး မလုပ်ထားဘူး။ အကုန်လုံးက ပေါပေါပဲပဲလုပ်ထားတာ တစ်ခုမှ မရှိဘူး။ ပရက်ရှိုးမကြည့်ခင်ကလည်း ကျေနပ်တယ်။ အခုကြည့်ပြီးချိန်မှာလည်း အကုန်လုံးကို ကျေနပ်ပါတယ်။ ဒီကားက ပရိသတ်တွေအတွက် ကြည့်ရတာတန်မယ်လို့ ထင်တယ်လို့ ယုံကြည်ပါတယ်" လို့ ၎င်းကဆိုပါတယ်။

ဒီဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်း မိုးနီလွင်၊ သရုပ်ဆောင် ကျော်ထက်အောင်၊ ရဲအောင်၊ ရန်အောင်၊ မင်းဦး၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုနဲ့ ခိုင်သင်းကြည်တို့က ပါဝင် သရုပ်ဆောင်ထားပါတယ်။

"ကျွန်တော်အနေနဲ့ အကောင်းဆုံး သရုပ်ဆောင်ခဲ့တယ်။ အဲဒီအချိန်တုန်းက အရမ်းသဘောကျပါတယ်။ ဒီနေ့ဒီချိန်မှာ ကားခြောက်ကားလောက်ရိုက်ပြီးချိန် အဲဒီတုန်းက ကျော်ထက်အောင်ကို အခုနေပြန်ကြည့်ရင် အားသိပ်မရပါဘူး" ဟု အစီအစဉ်တင်ဆက်သူအဖြစ်မှ သရုပ်ဆောင်ဘက်သို့ ကူးပြောင်းလာသူ သရုပ်ဆောင် ကျော်ထက်အောင်က ဆိုပါတယ်။

ဒီဇာတ်ကားကို ဇွန်လ ၂၃ ရက်နေ့မှာ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ အဆင့်မြင့် ရုပ်ရှင်ရုံတွေမှာ ပြသသွားမှာ ဖြစ်ပါတယ်။■

ထပ်မံရိုက်ကူးမယ့် Spider Man ရုပ်ရှင်မှာ

Iron Man ပါဝင်မှာမဟုတ်ဟု ရောဘတ်ဒေါင်းနင်းဂျူနီယာပြော

ဟောလိဝုဒ်၊ ဇွန် ၂၂

၂၀၁၉ ခုနှစ်မှာထွက်ရှိမယ့် Spider Man ဇာတ်ကားအသစ်မှာ Iron Man ထပ်မံပါဝင်တော့မှာ မဟုတ်ဘူးလို့ Iron Man သရုပ်ဆောင် ရောဘတ်ဒေါင်းနင်း ဂျူနီယာက ပြောကြားကြောင်း contactmusic.com မှာ ဖော်ပြထားပါတယ်။

ယခုလထဲမှာ ထွက်ရှိမယ့် Spider Man ဇာတ်ကားသစ် Homecoming မှာ Iron Man ဇာတ်ကောင်ပါဝင်ပေမယ့် ထပ်မံရိုက်ကူးမယ့် နောက်ဆက်တွဲဇာတ်ကားမှာတော့ Iron Man ကို မြင်တွေ့ရမှာ မဟုတ်ဘူးလို့ ရောဘတ်ဒေါင်းနင်း ဂျူနီယာက ပြောကြားလိုက်တာပါ။

ဇွန်လ ၂၈ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုမှာ စတင်ရုံတင်ပြသမယ့် Spider Man : Homecoming ရဲ့ပွဲကြိုအထူးပွဲကို ရောဘတ်ဒေါင်းနင်း ဂျူနီယာ တက်ရောက်ကြည့်ရှုခဲ့ပြီး ယင်းဇာတ်လမ်းအပေါ် ကျေနပ်အားရမှုအပြည့်ရှိကြောင်း ပြောကြားခဲ့ပြီးနောက်မှာ အဲဒီလိုသတင်းထွက်ပေါ်လာတာပါ။

အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရောဘတ်ဒေါင်းနင်းဂျူနီယာက သူ့အနေနဲ့ Spider Man : Homecoming ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခွင့်ရတဲ့အတွက် ပျော်ရွှင်မိကြောင်းနဲ့ အဆိုပါရုပ်ရှင်ဟာ ယခုနှစ်နွေရာသီရဲ့ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားတစ်ကားဖြစ်လာလိမ့်မယ်လို့ ထင်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဆိုနီရုပ်ရှင်ကုမ္ပဏီကတော့ ၂၀၁၉ ခုနှစ်မှာထွက်မယ့် Spider Man နောက်ဆက်တွဲဇာတ်ကားမှာ အခြားနာမည် ကျော်ဆူပါဟီးရိုးဇာတ်ကောင်တွေ တွဲဖက်ပါဝင်မယ်လို့ ပြောကြားထားပါတယ်။ ■

အာဖရိကခရီးစဉ်အတွင်း ခင်ပွန်းဟောင်းဘရက်ပစ်ကို သတိရစိတ်ဖြင့်

အိန်ဂျလီနာဂျိုလီ စိတ်ထိခိုက်ခဲ့ရဟုဆို

လော့စ်အိန်ဂျလိစ်၊ ဇွန် ၂၂

ဟောလိဝုဒ်ရဲ့နာမည်ကျော်အမျိုးသမီးသရုပ်ဆောင်နဲ့ ဒါရိုက်တာ အိန်ဂျလီနာဂျိုလီဟာ မကြာသေးမီက သူမရဲ့ကလေးတွေနဲ့အတူ သွားရောက်ခဲ့တဲ့ အာဖရိကခရီးစဉ်အတွင်းမှာ ခင်ပွန်းဟောင်း ဘရက်ပစ်ကိုသတိရပြီး စိတ်ထိခိုက်ခဲ့ရတယ်လို့ contactmusic.com မှာ ဖော်ပြထားပါတယ်။

အိန်ဂျလီနာဂျိုလီဟာ သူမရဲ့မွေးစားသမီးတစ်ဦးဖြစ်သူ ဇာဟာရာကို မွေးစားခြင်းအထိမ်းအမှတ်နေ့ပွဲကျင်းပဖို့အတွက် ဇာဟာရာရဲ့မွေးရပ်မြေ အီသီယိုးပီးယားကို ကျွန်ကလေးတွေနဲ့အတူ သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း ဘရက်ပစ်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေကို သတိရပြီး စိတ်ထိခိုက်ခဲ့ရတယ်လို့ သူမနဲ့ ရင်းနှီးသူတစ်ဦးက ပြောကြားလိုက်တာပါ။

အိန်ဂျလီနာဂျိုလီဟာ ကလေးတွေနဲ့အတူ အီသီယိုးပီးယားကို သွားရောက်ခဲ့တာမှန်ပေမယ့် ဘရက်ပစ်နဲ့ သူမတို့ရဲ့ ရင်သွေးတစ်ဦးဖြစ်တဲ့ ရှီလိုကို မွေးဖွားခဲ့ရာ နေရာဖြစ်သလို အမှတ်တရတွေလည်း အများကြီးရှိတဲ့ ကင်ညာကိုပါ သွားရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျိုလီနဲ့ ဘရက်ပစ်တို့ဟာ ၂၀၀၅ ခုနှစ်မှာ စတင်ချစ်ကြိုက်ခဲ့ကြပြီး အဲဒီအချိန်တုန်းက ဘရက်ပစ်ဟာ ဂျင်နီဖာအန်နစ်စတန်နဲ့ လက်ထပ်ထားဆဲကာလ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၄ ခုနှစ်မှာ တရားဝင်လက်ထပ်ခဲ့ကြပြီး အိမ်ထောင်သက် ၂ နှစ်အကြာ ၂၀၁၆ ခုနှစ်မှာ ကွာရှင်းခဲ့ရာ ကမ္ဘာ့တစ်ဝန်းက ပရိသတ်တွေအတွက် အံ့အားသင့်စရာ ဖြစ်ခဲ့ရပါတယ်။

■

လူငယ်အကြိုက် အချစ်ဇာတ်ကားထုတ်လုပ် ရိုက်ကူးသွားမည်ဟု သရုပ်ဆောင်ပိုင်ဖြိုးသုဆို

ရန်ကုန်၊ ဇွန် ၂၁

ဓာတ်ပုံ-မြင့်မိုးညို

လတ်တလောမှာတော့ နေဝင် အိပ်တန်းတက် ဇာတ်ကားနဲ့ပရိသတ်အားပေးမှုရနေတဲ့ Victoria ထုတ်လုပ်ရေးကနေ ဒုတိယမြောက် ရိုက်ကူးမယ့် ဇာတ်ကားကို လူငယ်တွေကြိုက်တဲ့ အချစ်ဇာတ်ကား ရိုက်ကူးသွားမယ်လို့ ထုတ်လုပ်သူ၊ သရုပ်ဆောင် ပိုင်ဖြိုးသုက The Voice ကိုပြောကြားပါတယ်။

"သု ကြိုက်တာတွေက စိတ်ညစ်စရာတွေ၊ လူကြီးအကြိုက်ပဲ သုက ကြိုက်တာ။ နောက်ပိုင်း မေမေကဝင်ပြောတယ်။ သု ကြိုက်တာတွေချည်းပဲလုပ်မနေနဲ့ ပရိသတ်ကြိုက်တာတွေလည်း လုပ်ဆိုတော့ အခုပရိသတ်ကို ပေါ့ပေါ့ပါးပါးလူငယ်လေးတွေကြိုက်တဲ့ ရိုမန့်ဇာတ်ကားရိုက်မယ်" လို့ ၎င်းက ဆိုပါတယ်။

ဒီဇာတ်ကားကို ဩဂုတ်လမှာ ဒါရိုက်တာရာဇဝင်ကိုက ရိုက်ကူးသွားမှာဖြစ်ပြီး ဇာတ်ဆောင်မင်းသားနေရာအတွက် ကမ်းလှမ်းထားဆဲဖြစ်ကြောင်း ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် ပိုင်ဖြိုးသုက ဆိုပါတယ်။

"ဇာတ်လမ်းကရွှေးပြီးပြီ။ ဖန်စီလည်း ဖြစ်တယ်၊ ရယ်လည်း ရယ်ရမယ်။ ရယ်ရတယ်ဆိုတာ ဒိုင်ယာလော့တွေ ထက်စာရင် Flow တွေ ရယ်ရမယ့်ဟာမျိုး လုပ်ထားတယ်။ ဇာတ်လမ်းက သုကြိုက်တဲ့ပုံစံကို ဒါရိုက်တာ ရာဇဝင်ကိုနဲ့တိုင်ပင်ပြီး လုပ်ထားတယ်" လို့သရုပ်ဆောင် ပိုင်ဖြိုးသုက ဆက်လက်ပြောကြားပါတယ်။

ဇာတ်လမ်းပုံစံက ငယ်ချစ်နှစ်ဦး အိမ်ထောင်ကျပြီးနောက်မှာ ယောကျ်ားလေးဘက်က လူကြီးမဆန်၊ ရင့်ကျက်မှုမရှိတာတွေကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်ပုံတွေကို အလွဲလွဲအချော်ချော် ဟာသနှောပြီး ရိုက်ကူးပုံဖော်မှာ ဖြစ်ပါတယ်။ ■

ရခိုင်အစီရင်ခံစာတင်သွင်းရေးဆွေးနွေးရန် ကိုဖီအာနန်နှင့် ကော်မရှင်ဝင်များ ဂျနီဗာတွင်တွေ့မည်

ရန်ကုန်၊ ဇွန် ၂၂

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အပြီးအသတ်အစီရင်ခံစာတင်သွင်းရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်မှအဖွဲ့ဝင် ဒေါ်စောခင်တင့်က ပြောကြားသည်။

ယင်းသို့တွေ့ဆုံရန် ကော်မရှင်အဖွဲ့ဝင်များသည် ဇူလိုင်လ လလယ်ပိုင်းတွင် ဂျနီဗာသို့သွားရောက်မည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်တွင်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း ၎င်းကဆိုသည်။

ဂျနီဗာသို့မသွားမီ ရခိုင်ပြည်နယ်နှင့် နေပြည်တော်သို့ ကော်မရှင်အဖွဲ့ဝင်များ တစ်ကြိမ်ခန့်သွားရန် အစီအစဉ်ရှိသေးသော်လည်း မသေချာသေးကြောင်း ဒေါ်စောခင်တင့်က ပြောဆိုသည်။

ကြားဖြတ်အစီရင်ခံစာပါ အချက်များကို အသေးစိတ်ထပ်မံဖြည့်စွက်ပြီး မပါသေးသည့်အချက်များကို အပြီးသတ်အစီရင်ခံစာတွင် ထည့်သွင်းရေးသားသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် အဓိကကျတဲ့ တောင်သူလယ်သမားတွေကို ချန်ထားလို့မရဘူး။ တောင်သူလယ်သမားကဏ္ဍကို အဓိကထားရမယ်။ မျိုးနွယ်စုတွေကဏ္ဍကိုအဓိကထားရမယ်လို့ ဆရာမ အကြံပြုခဲ့တယ်" ဟု ၎င်းကပြောဆိုသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်သို့ လေးကြိမ်ခန့် ကွင်းဆင်းခဲ့ပြီး ဇွန်လအတွင်းသွားရောက်ခဲ့သည့် ခရီးစဉ်တွင်တောင်သူလယ်သမားများ၊ လူငယ်များ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ မျိုးနွယ်စုများ နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အဆိုပါ ကော်မရှင်ထံမှ သိရသည်။

"ကော်မရှင်မှာ ပါတဲ့သူတွေက လွတ်လပ်စွာ အကြံပြုခွင့်ရှိ။ တွေ့ခဲ့တဲ့ ကြားခဲ့တဲ့ အတွေ့အကြုံအပေါ်မူတည်ပြီးပြောရတယ်။ ရခိုင်ဘက်က အများကြီး ပြောဖို့လိုတယ်။ အများကြီးကြားရင် အများကြီး အကြံပေးလို့ရတယ်။ အခုတော့ အများကြီး မကြားရဘူး" ဟုဒေါ်စောခင်တင့်က ပြောဆိုသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို နိုင်ငံခြားသား သုံးဦးအပါအဝင် ပုဂ္ဂိုလ်ကိုးဦးဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ပြီးခဲ့သည့်မတ်လတွင် ထုတ်ပြန်ခဲ့သည်။

အပြီးသတ်အစီရင်ခံစာကိုမူ ယခုနှစ် ဩဂုတ်လ လကုန်တွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ ■

ရုရှား တိုက်လေယာဉ်သစ်များ တပ်ချုပ်ကိုယ်တိုင် မောင်းနှင်လေ့လာ၊ သင်တန်းသားများစေလွှတ်ရေး ဆွေးနွေး

ရန်ကုန်၊ ဇွန် ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှား၊ တရုတ်လေတပ်များတွင် အဓိကအသုံးပြုလျက်ရှိသော တိုက်လေယာဉ်သစ်များကိုလေ့လာခဲ့ပြီး တပ်မတော်(လေ) မှ သင်တန်းသားများ ရုရှားသို့ စေလွှတ်လေ့ကျင့်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

ရုရှား အမှတ် (၄) လေကြောင်းအတတ်သင် သင်တန်းကျောင်းသို့သွားရောက်သည့် ခရီးစဉ်တွင် SU30 နှင့် SU34 တိုက်လေယာဉ်များကိုလေ့လာခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်ရေးလေယာဉ်များ လေ့ကျင့်ပျံသန်းသည့် Simulator အတွင်း ယင်းလေယာဉ်အမျိုးအစားနှစ်ခုလုံးကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စမ်းသပ်မောင်းနှင်ခဲ့ကြောင်း အထက်ပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းနောက် အဆိုပါလေကြောင်းအတတ်သင် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံပြီး မြန်မာ့တပ်မတော်(လေ)မှ သင်တန်းသားများ စေလွှတ်လေ့ကျင့်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ပါရှိသည်။

SU အမျိုးအစား တိုက်လေယာဉ်များမှာ ရုရှားနိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး SU35၊ SU34၊ SU30 နှင့် SU25 လေယာဉ်များကို ရုရှားစစ်ဘက်ဆိုင်ရာလေယာဉ်ကွင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အသေးစိတ် လေ့လာခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ဆိုသည်။

ရုရှားနှင့် တရုတ်လေတပ်များတွင် ပင်မတိုက်ခိုက်ရေး လေယာဉ်များအဖြစ် အသုံးပြုသော SU အမျိုးအစား လေယာဉ်မှာ ဝေဟင်မှ ဝေဟင်နှင့် မြေပြင်သို့လည်းကောင်း၊ ဗုံးကြဲလေယာဉ် အဖြစ်လည်းကောင်း စွမ်းဆောင်ရည် အမျိုးမျိုးရှိပြီး အင်ဂျင်နှစ်လုံးတပ် လေသူရဲနှစ်ဦး လိုက်ပါနိုင်သည့် တိုက်လေယာဉ် အမျိုးအစားများဖြစ်သည်။

မြန်မာ့တပ်မတော် (လေ) တွင် ရုရှားနိုင်ငံထုတ် MiG-29 တိုက်လေယာဉ်များရှိပြီး ယင်းတိုက်လေယာဉ်များမှာ သက်တမ်းကြာမြင့်နေပြီဖြစ်၍ အစားထိုးရန်အတွက် တရုတ်နှင့် ပါကစ္စတန် ပူးတွဲထုတ်လုပ်သည့် JF-17 တိုက်လေယာဉ်သစ် ၁၆ စင်း မှာယူထားပြီးဖြစ်သည်။

ယခုရုရှားထုတ်တိုက်လေယာဉ်သစ်များကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင် အသေးစိတ်လေ့လာခြင်း၊ လေတပ်သင်တန်းသားများ စေလွှတ်ရန် ဆွေးနွေးခြင်းတို့ကြောင့် မကြာမီ မြန်မာ့တပ်မတော်အတွက် ရုရှားထုတ် တိုက်လေယာဉ်သစ်များ ထပ်မံဝယ်ယူဖွယ်ရှိကြောင်း တပ်မတော်(လေ)နှင့် နီးစပ်သော အသိုင်းအဝိုင်းက ခန့်မှန်းထားသည်။ ■

ဓာတ်ပုံ-မြင့်မိုးညို

ရန်ကုန် အိမ်၊ ခြံ၊ မြေ တစ်ပေပတ်လည်စံနှုန်း ၃၀ ရာခိုင်နှုန်းအထိလျှော့ကျဟုဆို

ရန်ကုန်၊ ဇွန် ၂၂

၂၀၁၇-၁၈ ဘဏ္ဍာနှစ် ရန်ကုန်မြို့ အိမ်၊ ခြံ၊ မြေ တစ်ပေပတ်လည်စံနှုန်း သတ်မှတ်ချက်သည် ယခင်နှစ်နှုန်းထားထက် ၃၀ ရာခိုင်နှုန်း လျှော့ချသတ်မှတ်ထားကြောင်း အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုလုပ်ငန်းရှင်များ ပြောကြားသည်။

၂၀၁၇-၁၈ စည်းကြပ်နှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်၊ ခြံ၊ မြေ အဆောက်အအုံ၊ တိုက်ခန်းရောင်းဝယ်တည်ဆောက်မှုအပေါ် တန်ဖိုးသတ်မှတ်သော တစ်ပေပတ်လည်စံနှုန်းကို ယခုနှစ် မေလ ၂၃ ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာနက တရားဝင်ထုတ်ပြန်ခဲ့သည်။

ထိုသတ်မှတ်ချက်အရ ယခင်ပေါက်ဈေးထက် ၃၀ ရာခိုင်နှုန်း လျော့ကျခြင်းဖြစ်ကြောင်း Success Property Consultant ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဦးကျော်စည်သူက The Voice သို့ ပြောကြားသည်။

"ဈေးနှုန်းကို အကြမ်းဖျင်းတွက်ကြည့်တာ ဒီနှစ် တန်ဖိုးသတ်မှတ်ချက်က ယခင်နှုန်းထားထက် ၃၀ ရာခိုင်နှုန်းလောက် လျှော့ပြီးတော့ ရာပြတ်ဈေးဖြတ်တာတွေ့ရတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ စံနှုန်းသတ်မှတ်ချက်သည် မြို့နယ်၊ လမ်း၊ ရပ်ကွက်များအလိုက် ရာပြတ်တန်ဖိုးသတ်မှတ်ကာ အိမ်၊ ခြံ၊ မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းများရောင်းဝယ်ခြင်းကိုအခွန်စည်းကြပ်ကောက်ခံခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးက ပြောကြားသည်။

ယခုစံနှုန်းသတ်မှတ်ချက်မပြောင်းလဲခင်က နှုန်းထားသည် ယခင်သမ္မတဟောင်း ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက နှုန်းထားတစ်ခုဖြစ်ပြီး မြေပြင်ဈေးကွက်ပေါက်ဈေး ပိုမိုများပြားနေခြင်းကြောင့် ဝယ်ယူသူများအပေါ် အခွန်နှုန်းပိုမိုကျသင့်သကဲ့သို့ဖြစ်နေကြောင်း ၎င်းကဆိုသည်။

ဥပမာ - မြေပြင်ပေါက်ဈေးမှာ မြေကွက်တစ်ခုလျှင် ကျပ်သိန်း ၈၀၀ သာ ဈေးပေါက်သော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်သော တစ်ပေပတ်လည်စံနှုန်းဖြင့် တွက်ချက်လျှင် ကျပ်သိန်း ၁၀၀၀ အထိရှိကြောင်း၊ အခွန်စည်းကြပ်ရာတွင်လည်း သတ်မှတ်ထားသောစံနှုန်းဖြင့် စည်းကြပ်ခြင်းဖြစ်သဖြင့် ပကတိအခြေအနေနှင့်မကိုက်ညီကြောင်း ၎င်းကဆိုသည်။

အိမ်၊ ခြံ၊ မြေရောင်းဝယ်ရာတွင် ယခုထုတ်ပြန်လိုက်သည့် တစ်ပေပတ်လည် စံနှုန်းသတ်မှတ်ချက်အပေါ် မူတည်ကာ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ စည်းကြပ်ကောက်ခံသည်။

ယခုထုတ်ပြန်လိုက်သည့် စံနှုန်းသတ်မှတ်ချက်အသေးစိတ်ကို ပြည်တွင်းအခွန်များဦးစီးဌာန၏အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင် ကြည့်နိုင်သည်။ ■

ကချင်ရွာလေးရွာကို တပ်မတော်သတိပေးစာပို့

ရန်ကုန်၊ ဇွန် ၂၂

ကချင်ပြည်နယ် တနိုင်းဒေသရှိ တရားမဝင် ရွှေမှော်၊ ပယင်းမှော်များ အတွင်း နယ်မြေရှင်းလင်းရေးလုပ်မည်ဟု ပြောဆိုထားသော တပ်မတော်သည် ယခုအခါ ဖားကန့်နှင့် တနိုင်းမြို့နယ် အတွင်းရှိ ကျေးရွာလေးရွာကို နယ်မြေ ရှင်းလင်းမည့် သတိပေးစာကို ဇွန်လ ၂၂ ရက်နေ့က ပေးပို့လိုက်ကြောင်း ဒေသခံ များထံမှ သိရသည်။

တပ်မတော်စစ်ကြောင်းများသည် လီဒိုလမ်းမကြီးနံဘေး ဝဲယာ မီတာ ၅၀၀၀ အတွင်း နယ်မြေရှင်းလင်း ပစ်ခတ်မှုများ ဆောင်ရွက်မည်ဖြစ်၍ တနိုင်းနှင့် ဖားကန့် မြို့နယ်တို့တွင် ပါဝင်သော နောင်းမီ၊ ဝါရာ ဇွတ်၊ ရှာဒူဇွပ်နှင့် တိန်ကောက် ကျေးရွာ လေးရွာမှ ပြည်သူများ ရွာပြင်မထွက်ရန် တပ်မတော်က အဆိုပါ သတိပေးစာတွင် ရည်ညွှန်းပြောဆိုထားသည်။

တပ်မတော်က နယ်မြေရှင်းလင်း ပစ်ခတ်မည်ဖြစ်၍ အထက်ပါကျေးရွာ လေးရွာနေ ပြည်သူများအနေနှင့် ဇွန်လ ၂၃ ရက်မှ ဇူလိုင်လ ၂ ရက်နေ့အတွင်း အမဲလိုက်ခြင်း၊ သစ်၊ ဝါးခုတ်ခြင်း၊ ဟင်းသီး ဟင်းရွက်၊ သား၊ ငါးများ ရှာဖွေခြင်းနှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရန် တပ်မတော်က သတိပေးထား သည်။

အထက်ပါလုပ်ရပ်များ မလုပ်ဆောင် မိစေရေး ကျေးရွာအုပ်ချုပ်ရေးမှူးများ မှတစ်ဆင့် ရွာသားများကို အသိပေး အကြောင်းကြားရန် အမှတ် (၂၉၇) ခြေလျင်တပ်ရင်းက ညွှန်ကြားထားပြီး ရွာသားများ မသိရှိ၍ ထိခိုက်နစ်နာမှုများ ရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ တာဝန်ဖြစ်ကြောင်း တပ်ရင်းမှူးလက်မှတ် ရေးထိုးကာ အကြောင်းကြားထားသည်။

တနိုင်းမြို့နယ်အတွင်းရှိ ရွှေမှော်၊ ပယင်းမှော်များမှ ရွှေ့ပြောင်းလုပ်သားများ၊ ဒေသခံများကိုဇွန်လ ၁၅ ရက်နေ့နောက်ဆုံး ထား၍ မှော်များအတွင်းမှ ထွက်ခွာရန် တပ်မတော်က ပထမအကြိမ် သတိပေး ထားပြီးဖြစ်ပြီး နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာထားသည်။

ဖားကန့်နှင့် တနိုင်းဒေသတွင် တပ်မတော်နှင့် ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (KIA) တို့အကြား ထိတွေ့မှုများ ဆက်တိုက်ဖြစ်ပွားနေပြီး မြစ်ကြီး နား-တနိုင်း ခရီးသည်တင်ကား ပြေးဆွဲမှုများလည်း ကျဆင်းသွားကြောင်း မြစ်ကြီးနားဒေသခံများက ပြောဆိုသည်။■

အမေရိကန်ဒေါ်လာတစ်သန်းဆုချမည့် စွန့်ဦးတီထွင်ပြိုင်ပွဲကျင်းပ

ရန်ကုန်၊ ဇွန် ၂၀

နိုင်ငံအသီးသီးရှိ စျေးကွက်အသစ် များမှ စွန့်ဦးတီထွင်သူများကို ပျိုးထောင် ပေးသော ဆွစ်ဇာလန် အခြေစိုက် ကုမ္ပဏီ များ အဖွဲ့အစည်းဖြစ်သည့် Seedstars Yangon က ကျင်းပသော အမေရိကန် ဒေါ်လာတစ်သန်း ဆုချမည့် မြန်မာပြည်မှ စွန့်ဦးတီထွင် သူ ရှစ်ဦး၏ နောက်ဆုံးအဆင့် နည်းပညာ ယှဉ်ပြိုင်ပွဲကို ဇွန်လ ၂၀ ရက် နေ့တွင် ရန်ကုန်မြို့ River View Hotel ရှိ ဧရာဝတီဘဏ် ရုံးချုပ်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ များသည် လူထုကျန်းမာရေး ဝန်ဆောင်မှု၊ လယ်ယာကဏ္ဍတွင် သတင်းအချက် အလက် တိကျစွာရစေခြင်း၊ သယ်ယူ ပို့ဆောင်ရေးကဏ္ဍ၊ အလုပ်အကိုင် အခွင့် အလမ်းများကို စမတ်ဖုန်းဖြင့်ပေးသော ဝန်ဆောင်မှုတို့ကို Software / Application များ တီထွင်ယှဉ်ပြိုင်ရ ခြင်းဖြစ်ပြီး နှစ်ရက်တာ စခန်းသွင်း၍ လေ့ကျင့်ပေးခဲ့ကြောင်း Seedstars World ၏ အာရှတာဝန်ခံ Rosie Keller က သတင်းမီဒီယာများသို့ ရှင်းလင်းပြောကြားသည်။

အကောင်းဆုံးဆု ရရှိသူသည် ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပမည့် Seedstars ညီလာခံသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်နှင့် ဆုကြေးအမေရိကန်ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံရန် ရရှိမည်ဖြစ်သည်။ ဆု ကြေညာမည့် ရက်ကိုမူ မသိရှိရသေး ချေ။

Seedstar Yangon 2017 စွန့်ဦးတီထွင်ပြိုင်ပွဲကို Omidyar Network ဧရာဝတီဘဏ်နှင့် အူရီဒူး တို့မှ အဓိက ပံ့ပိုးကူညီထားပြီး မြန်မာနိုင်ငံ တွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ် ပေါက်ရန် Thura Swiss, Phandeeyar, Strategy First နှင့် အင်တာနက် ဂျာနယ်တို့မှလည်း ပံ့ပိုးကူညီကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။ ■

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ကွယ်လွန်

ရန်ကုန်၊ ဇွန် ၂၂

အစိုးရသစ်လက်ထက်အတွင်း အသစ်ဖွဲ့စည်းထားသည့်အမျိုးသားပညာ ရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌဒေါက်တာမျိုးမြင့် သည်ဇွန်လ ၂၀ ရက်နေ့နံနက်က ရန်ကုန် မြို့တွင် ကွယ်လွန်သည်။

ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်တွင် ဆေးကုသ ခံယူရင်း ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန် ချိန်တွင် အသက် ၆၄ နှစ် ရှိပြီ ဖြစ်သည်။

ဒေါက်တာမျိုးမြင့်သည် ပြီးခဲ့သည့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံ ခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စု ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယ ဝန်ကြီးအဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်သည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၏ ပါမောက္ခချုပ်လည်းဖြစ်ခဲ့သည့် ဒေါက်တာမျိုးမြင့်အနေနှင့် ရန်ကုန် တက္ကသိုလ်အင်္ဂလိပ်စာအဓိကကျောင်းသား ဟောင်းတစ်ဦးဖြစ်ပြီး ငယ်စဉ်က လက်ရှိ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဖြစ်သူ ဒေါ်စုစုလွင်နှင့်လည်း ပညာသင် ဖက်ဖြစ်သည်။

ပညာရေးလောကအတွင်းအောက် လက်ငယ်သားများ၏ချစ်ခင်ရင်းနှီးမှုကို ရရှိခဲ့သူဒေါက်တာမျိုးမြင့်ကွယ်လွန်မှုအပေါ် ချစ်ခင်လေးစားရသည့် သူငယ်ချင်း တစ်ယောက်အဖြစ်သာမက ပညာရေး လောကအတွက်ဆုံးရှုံးရခြင်းကြောင့်ထမ်းနည်း ရကြောင်း ဒေါ်စုစုလွင်က ဆိုသည်။

ကွယ်လွန်သည့်နေ့ကလည်း နိုင်ငံ တော်သမ္မတဦးထင်ကျော်က၎င်းနေထိုင်ရာ ကမာရွတ်မြို့နယ်ရှိနေအိမ်သို့သွားရောက် ကာ ကျန်ရစ်သူမိသားစုများနှင့် တွေ့ဆုံ ခဲ့သေးသည်။

၎င်း၏ ဈာပနအခမ်းအနားကို ဇွန်လ ၂၂ ရက်နေ့တွင် ရေဝေးသုသာန်၌ ပြုလုပ်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်ကိုယ်တိုင် လိုက်ပါပို့ဆောင်ခဲ့ သလို တက္ကသိုလ်၊ ဒီဂရီ ၊ ကောလိပ်နှင့် အစိုးရအဖွဲ့အစည်းများမှလုပ်ဖော်ကိုင်ဖက် များ၊ တပည့်များက လာရောက်ခဲ့ကြသည်။

ဒေါက်တာမျိုးမြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့်အမျိုးသားပညာရေးမူဝါဒ ကော်မရှင်သည်နိုင်ငံ၏ပညာရေးမူဝါဒများ ချမှတ်ခြင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ ပညာရေးအရည်အသွေး အာမခံမှုနှင့် အကဲဖြတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပညာရေးဆိုင်ရာစီမံကိန်း များ အကောင်အထည်ဖော်မှုများကို အကဲဖြတ်သုံးသပ်ခြင်း စသည်တို့ကို ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်။

အဆိုပါကော်မရှင်၏ ဆောင်ရွက် မှုများနှင့်ပတ်သက်၍ဇွန်လ ၂၀ ရက်နေ့က ပညာရေးဝန်ကြီးဌာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပြည်ထောင် စုလွှတ်တော်သို့ လာရောက်ရှင်းလင်းခဲ့ သေးသည်။ ■

Voice Of The Week

"စီးပွားရေးကို Take Off လုပ်မယ့်အဆင့်ထိ ရောက်အောင် တော်တော်လေးလုပ်ရမယ်။ ကုန်ပစ္စည်းများများ ထုတ်နိုင်ရမယ်။ လယ်ယာ စိုက်ပျိုးရေးမြှင့်တင်ရမယ်။ သူများနိုင်ငံမှာ ဘာလို့အထွက်နှုန်းကောင်း သလဲဆိုတာ သွားလေ့လာရမယ်။ ပါးစပ်ကမပြောဘဲ တကယ်အလုပ်လုပ်ကြဖို့ လိုတယ်"

အတွဲ ၁၊ အမှတ် ၁၅၇၊ ဇွန်လ ၂၂ ရက်နေ့ထုတ် မြန်မာတိုင်းမ် သတင်းစာပါ 'မြန်မာတိုင်းမ်နေ့စဉ်နှင့် စီးပွားရေးလုပ်ငန်းရှင် ဦးမြတ်သင်းအောင် တွေ့ဆုံမေးမြန်းခြင်း' မှ ကောက်နုတ်ချက်

"လမ်းမပေါ်ကျွန်တော်တောက်လျှောက်ယူသွားမယ်။ ဒီအောက်မှာတော့ နေချင်စဖွယ် မြေအောက်မြို့တော်ကြီးအဖြစ် ကျွန်တော်ဖန်တီးမယ်။ သို့သော် ကျွန်တော်လိုချင်တာ နှစ်ခုရှိတယ်။ ကျွန်တော်မပိုင်သေးတာက နံပါတ်တစ်က လျှပ်စစ်အဓိက၊ လျှပ်စစ်က ကျွန်တော့်လက်ထဲမရောက်သေးတဲ့အတွက် ကျွန်တော်တိုက်နေရတုန်းပဲ။ လျှပ်စစ်ပါရင် ရေကြီးတာလည်း မကြောက် တော့ဘူး"

အမှတ် ၁၀၈၀၊ ဇွန်လ ၂၂ ရက်နေ့ထုတ်၊ ပြည်မြန်မာ သတင်းဂျာနယ်ပါ 'မြေအောက်မြို့တော်သည် စိတ်ကူးယဉ်ခြင်းမဟုတ်ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးရေးသား'သတင်းမှ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ပြောကြားချက်မှ ကောက်နုတ်ချက်

"ဒုက္ခသည်တွေအနေနဲ့ပြန်လာတော့မယ်ဆိုရင် နေရပ်မှာပဲပြန်နေချင်တဲ့ ဒုက္ခသည်များရှိသလို နေရပ်မပြန်ဘဲ ရန်ကုန်ကိုဆင်းလာပြီး စီးပွားရေးလုပ် ချင်တဲ့သူတွေရှိပါတယ်။ ကရင်ပြည်နယ်နေရပ်ကို ပြန်သွားလိုတဲ့သူတွေကို တော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"

အတွဲ ၇၊ အမှတ် ၃၄၉၊ ဇွန်လ ၂၃- ၂၉ ရက်နေ့ထုတ်၊ The Hot News Weekly ဂျာနယ်ပါ 'ပြည်တွင်း နေရပ်စွန့်ခွာသူများဆန္ဒရှိပါက ရန်ကုန်မြို့၌ ပြန်လည်နေရာချထားပေးမည်ဟုဆို' သတင်းမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး ပြောကြားချက်မှ ကောက်နုတ်ချက်

"အဖွဲ့ဝင်အသစ်တွေ တိုးလာနိုင်တယ်လို့ကြားနေရတယ်။ ကျွန်တော့် အတွေ့အကြုံအရ UNFC မှာ အဖွဲ့ဝင်အသစ်တွေတိုးလာရင် လက်ရှိအဆင်ပြေ နေတဲ့ အရာတွေပါ ခက်ခဲသွားနိုင်တယ်။ ဒါကို သေချာစဉ်းစားဖို့လိုပါတယ်"

အတွဲ ၁၃၊ အမှတ် ၂၃၊ ဇွန်လ ၂၀ - ၂၆ ရက်နေ့ထုတ် The Flower News ဂျာနယ်ပါ 'UNFC မှ အဖွဲ့ဝင်အသစ်များတိုးလာပါက ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှု ခက်ခဲသွားနိုင်သည်ဟုဆို' သတင်းမှ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာ ပြောကြားချက်မှ ကောက်နုတ်ချက်

သစ်ပင်စိုက်ရုံမှတစ်ပါး

ချိုးငှက် (သံတွဲ)

ဒီနှစ်နွေအနှောင်း မိုးဦးသို့ပင် မပြောင်းသေးမီ ‘မိုရာ’ က နှုတ်ခွန်းဆက်သလာချေပြီ။ မေ ၂၅ ရက်က ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် သန္ဓေတည်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ‘မိုရာ’ (Mora) သည် မေ ၃၀ ရက်တွင် စစ်တွေမြို့နှင့် မိုင် ၄၀ ခန့်အကွာမှနေ၍ ရခိုင်ပြည်နယ်မြောက်ဖျားသို့ ဖြတ်သန်းတိုက်ခတ်သွားခဲ့သည်။ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၆၀ ရှိသည်ဟုဆို၏။ စစ်တွေမြို့တွင် အပျက်အစီးများသည်ဟု သိရသည်။ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင် အစရှိသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်ခုနစ်ခုတွင် အပျက်အစီးများရှိခဲ့သည်။ ရခိုင်ပြည်နယ်အလယ်ပိုင်း ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တွင်လည်း မုန်တိုင်းဒဏ်ခံကြရ၏။ ပြည်နယ်တောင်ပိုင်းတောင်ကုတ်နှင့် သံတွဲမြို့နယ်တို့အထိပင် မုန်တိုင်းအဖျားခတ်သွားသေးသည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် အမ်းမြို့နယ်နှင့် ဂွမြို့နယ်မှလွဲ၍ ကျန် ၁၅ မြို့နယ် မုန်တိုင်းဒဏ်ခံစားခဲ့ကြရသည်။

ဆိုင်ကလုန်း ‘မိုရာ’ သည် လေတိုက်ခတ်နှုန်း အလွန်မပြင်းထန်လှသော်လည်း မုန်တိုင်းရွေ့လျားမှု နှေးကွေးသဖြင့် မပျက်ပျက်အောင် အချိန်ယူဖျက်ဆီးသလို ဖြစ်နေသည်ဟု ဒေသခံတစ်ဦးက ပြောပြပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး နေအိမ်အဆောက်အအုံ ၁၅,၀၀၀ ခန့် ပျက်စီးခဲ့သည်။ မုန်တိုင်း၏အရှိန်ကြောင့် ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း နေအိမ်၊ အဆောက်အအုံတစ်ထောင်ခန့်ပျက်စီးပြီး၊ ချင်းပြည်နယ်တွင် လူတစ်ဦးသေဆုံးသည်ဟု သိရသည်။

ပြီးခဲ့သည့် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်း ‘မာရသာ’ (Maratha) သည် သံတွဲမြို့အနီးမှဖြတ်၍ မြောက်ဘက်သို့ တိုက်ခတ်သွားသေး၏။ ငပလီကမ်းခြေတစ်လျှောက် အဆောက်အအုံများ ပျက်စီးမှုအနည်းငယ်ရှိသည်၊ မာန်အောင်မြို့နယ်တွင် အဆောက်အအုံများ ပျက်စီးမှု၊ သစ်ပင်များ ကျိုးကျမှုအချို့ ရှိခဲ့သည်ဟု သိရပါသည်။ မတ်လ ၆ ရက်ကလည်း ရခိုင်ပြည်နယ်ကျောက်တော်မြို့ကို လေပြင်းများ မွှေသွားခဲ့ရာ နေအိမ် ၉၀ ကျော် ပျက်စီးသွားခဲ့ရပါသေးသည်။ အလားတူပင် မတ်လနှင့် မေလအတွင်း စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေပြင်းများ ကျရောက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ဖြစ်ပွားခဲ့သည်။ ထိုကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအရ လူ ၁၇ ဦး သေဆုံးပြီး နေအိမ်အဆောက်အအုံတစ်ထောင်ကျော် လုံးဝပျက်စီးသွားခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောဆိုကြပါသည်။

ဤကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းများ ကျရောက်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းတို့၏ အကြောင်းရင်းတစ်ရပ်မှာ နွေရာသီ၏ ပြင်းထန်လှသော အပူရှိန်ပင် ဖြစ်ပါသည်။ ယခုနှစ်နွေရာသီသည် ၂၀၁၆ ခုနှစ်လောက် အပူချိန်မမြင့်မားဟု ဆိုကြသော်လည်း မေလဆန်းစအချိန်မှာပင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့အပူချိန်သည် ၁၁၃ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်နေပေပြီ။ ဤသည်မှာ ပြဒါးတိုင်က ညွှန်ပြသော အပူချိန်သာဖြစ်၏။ ပတ်ဝန်းကျင်လေထုထဲမှ ရေငွေ့၏ အပူချိန်လည်း ရှိသေးသည်။ ၎င်းကို ‘ခံစားရသောအပူချိန်’ (Feel Temperature) ဟု ခေါ်သည်။ ဤအပူချိန်နှစ်ရပ်ကြောင့် ယခုနှစ်နွေရာသီတွင် မီးအုံးသကဲ့သို့ အပူဒဏ်ကို ခံစားကြရသည်။ အပူလျှပ်ဝေဒနာရှင်များ ဆေးရုံ၊ ဆေးခန်းသို့အရောက်များလာသည်ဟုဆိုသည်။ မေလ ၁ ရက်က မန္တလေးတိုင်းတွင် နိုင်ငံခြားသားတစ်ဦး၊ မေလ ၂၄ ရက်က မြင်းခြံတွင် နိုင်ငံခြားသားတစ်ဦး အပူကြောင့်သေဆုံးခဲ့ရသည်။ မေလ ၂၃ ရက်နေ့ကလည်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေဆဲ ယာဉ်ထိန်းရဲတစ်ဦး အပူလျှပ်သေဆုံးသွားရကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် ဆောင်းရာသီကာလက ရန်ကုန်မြို့တွင် လေးငါးရက်ခန့်သာ စောင်ခြုံခဲ့ရပါသည်။ တစ်ဆောင်းလုံး နှင်းမကျသလောက်ပင်။ ဘုရားစူး ကျိန်တွယ်ပြောရမည့် ဆောင်းဥတုပေတည်း။ တစ်ဖက်တွင် ဇန်နဝါရီလ ၁၄ ရက်က ချင်းပြည်နယ်၊ ဟားခါးမြို့၏ အပူချိန်သည် - ၃ ဒီဂရီစင်တီဂရိတ် (ရေခဲအမှတ်အောက် ၃ ဒီဂရီ) အထိ ကျဆင်းခဲ့သည်။ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ထိခိုက်မှုရှိသည်ဟု ကြားသိရ၏။ အပူချိန်ကွာခြားမှုများလွန်းသည့် ဆောင်းဥတုဟု သုံးသပ်မိပါသည်။ ယနေ့အထိ ၂၀၁၇ ၏ ဆောင်းနှင့် နွေကို ဖြတ်သန်းခဲ့ပြီးပါပြီ။ မိုးရာသီကာလကို မည်သို့ဆက်လက်ဖြတ်ကျော်ရမည်ကို စိုးထိတ်နေမိ၏။

၂၀၁၆ အတွေ့အကြုံ

၂၀၁၆ နွေရာသီကား မကြုံစဖူး ထူးထူးကဲကဲ ပူပြင်းခြောက်သွေ့လှသည့် ကာလဟု ပြောကြ၏။ ဆောင်းဥတုပင် မကုန်ဆုံးသေး၊ ရန်ကုန်မြို့၏အပူချိန်သည် ၁၀၂ ဒီဂရီဖာရင်ဟိုက် ကျော်နေချေပြီ။ အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံသည် ရာသီဥတုအပူပြင်းဆုံးအခြေအနေသို့ရောက်ရှိနေကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ထောက်ပြ၏။ မှန်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ မြို့ပေါင်း ၂၃ မြို့ အပူချိန်စံချိန်များ တင်ခဲ့၏။ အပူချိန် အမြင့်မားဆုံးမြို့မှာ မကွေးမြို့ဖြစ်ပြီး အပူချိန် ၁၁၅ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့သည်။ အပူချိန်လွန်ကဲမှုကြောင့် လေပြင်းများ တိုက်ခတ်ပြီး မိုးထစ်ချုန်းရွာသွန်းမှုနှင့်အတူ မိုးသီးများ ကြွေကျခဲ့၏။ ဧပြီလ နောက်ဆုံးအပတ်တွင် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ သမိုင်းတွင် မကြုံဖူးသည့် ကြီးမားကျယ်ပြန့်သော မိုးသီးကြွေကျမှုကြီးများ ဖြစ်ပေါ်ခဲ့သည်။ လူ ၁၇ ဦး ထိခိုက်သေဆုံးပြီး ဘေးသင့်သူ ခြောက်သောင်းကျော်ရှိခဲ့ကြောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့်စိုက်ပျိုးရေးခြံများ ပျက်စီးကုန်ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းပေါင်း ၁၆၃၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ နောက်ပိုင်းတွင် အပူရှိန်လွန်ကဲမှုကြောင့်သက်ကြီးရွယ်အိုများ အဖိတ်အစင်ရှိသည်ဟု ဆိုပါသည်။

၂၀၁၆ ၏ မိုးဦးကို ‘ရွှန်နူ’ (Roanu) ဆိုင်ကလုန်းမုန်တိုင်းဖြင့် ဖွင့်လှစ်လိုက်သည်၊ မုန်တိုင်းအရှိန်ကြောင့်ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်း၏။ ဇွန်လဆန်းတွင် တောင်ကျရေများ ရုတ်တရက် ဒလဟောစီးဆင်းလာမှုကြောင့်ကောလင်းမြို့နယ်တစ်ခုလုံး ရေဖုံးလွှမ်းခံရလေသည်။ အိမ်ခြေပေါင်း ၅၄၀၀ ကျော်ရေနစ်မြုပ်ကုန်ပြီး လူပေါင်း ၂၅,၀၀၀ ကျော် ရေဘေးသင့်ခဲ့ရ၏။ ရခိုင်ပြည်နယ်တွင်လည်း မကြုံစဖူး မိုးကြီးခဲ့သည်။

ဇွန်လ ၁၁ ရက်က ကျောက်ဖြူမြို့နယ်တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၁၄ ဒသမ ၆၈ လက်မအထိ စံချိန်တင်ရွာသွန်းခဲ့သည်။ ရေကြီးရေလျှံ၊ ကမ်းပြို၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး လူ ၁၂ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ နိုင်ငံတစ်ဝန်း ရေကြီး၊ ရေလျှံမှုများကြောင့် လူ ၁၄ ဦးသေဆုံးပြီး လူဦးရေ ၂၆၀၀၀ ကျော် အကူအညီအထောက်အပံ့လိုအပ်ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှု ဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဆိုသည်။ ရခိုင်ပြည်နယ်တွင် နောက်တစ်ကျော့မိုးသည်းလာပြန်၏။ ဇူလိုင် ၅ ရက်က ကျောက်တော်မြို့နယ်တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၁၅ ဒသမ ၆၇ လက်မရွာသွန်းပြီး စံချိန်တင်လိုက်ပြန်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်ငါးမြို့နယ် ရေလွှမ်းမိုးခြင်းခံရပြီး မြေပြို၊ ကမ်းပြိုမှုများဖြစ်ပွားကာ လူအသေအပျောက်ရှိခဲ့သည်။ ရခိုင်ပြည်နယ်တစ်ခုလုံး အိမ်ခြေ ၅၀၀၀ ခန့်မှ လူဦးရေ ၂၀၀၀၀ ကျော် ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရသည်။

မနှစ်က ဆောင်းရာသီတွင်လည်း မြန်မာပြည်အနှံ့အပြား အအေးပိုခဲ့သည်။ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ချင်းပြည်နယ် ဟားခါးမြို့၏ အပူချိန် -၁ ဒီဂရီစင်တီဂရိတ်အထိ (ရေခဲအမှတ်အောက်) ကျဆင်းခဲ့သည်။ အပူချိန်စံချိန်သစ်များ

စာမျက်နှာ ၃၅ သို့

စာမျက်နှာ ၃၄ | သစ်ပင်စိုက်ရုံမှတစ်ပါး မှအဆက် ...

ထုတ်ပြန်ချက်အရ ၂၀၁၆ ဇန်နဝါရီ ၁၈ ရက်က ရမည်းသင်းမြို့သည် အပူချိန် ၆ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော် စံချိန်ကို ချိုးလိုက်၏။ ကြို့ပင်ကောက်မြို့သည်လည်း အပူချိန် ၉ ဒီဂရီစင်တီဂရိတ်ဖြင့် နှစ်ပေါင်းသုံးဆယ်ကျော် စံချိန်ကို ချိုးပြန်သည်။ စင်စစ်တွင် ဤနှစ်မြို့သည် နွေရာသီ၌ အလွန်ပူပြင်းသောမြို့များ ဖြစ်ကြ၏။ ပူလွန်းအေးလွန်းသော အစွန်းရောက်ရာသီဥတု၏ လက္ခဏာပေတည်း။

မြန်မာနိုင်ငံနှင့် သဘာဝဘေး

မြန်မာနိုင်ငံတွင် ၁၉၈၇ ခုနှစ်ခန့်မှစ၍ ရာသီဥတု စတင်ဖောက်ပြန်လာပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုနှင့် အတူ သဘာဝဘေးများ ကြုံတွေ့လာရကြောင်း မှတ်သားခဲ့ဖူးပါသည်။ မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် ဥတုသဘာယ ညီညွတ်မျှတ၍ လုပတင့်တယ် နေချင့်စဖွယ်နိုင်ငံ ဖြစ်ပါ၏။ ဘာသာသာသနာ ထွန်းကားသော၊ မေတ္တာစေတနာ ကြီးမားသော၊ အလှူရေစက်လက်နှင့်မကွာသော ထူးခြားသည့်နိုင်ငံဖြစ်၍ ကပ်ဘေးများ မကျရောက်နိုင်ဟု လူကြီးသူမများ ပြောဆိုသံကို ငယ်စဉ်က ကြားခဲ့ရဖူးပါသည်။ အမှန်တကယ်တွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သဘာဝဘေးအန္တရာယ်ကျရောက်မှု အလွန်နည်းပါးခဲ့ပါသည်။

ယခုနှစ် မတ်လအတွင်း နေပြည်တော်တွင်ကျင်းပခဲ့သည့် 'ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့်စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်' တွင် 'ကမ္ဘာ့ရာသီဥတုဘေးအန္တရာယ်ညွှန်းကိန်း ၂၀၁၄' အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်ကူမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်ခြောက်ခုအတွင်း ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုနှင့် မိုးခေါင်ရေရှားပါးမှုဒဏ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ယခင်က သဘာဝဘေးအန္တရာယ်ကျရောက်မှုနည်းပါးသည့်နိုင်ငံဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု အများဆုံးနိုင်ငံများစာရင်းတွင် ယခင်က ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က မြန်မာ အထက်တွင်ရှိခဲ့ကြောင်း၊ ယခု ဘင်္ဂလားဒေ့ရှ်က မြန်မာအောက် ရောက်သွားပြီဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သဘာဝဘေးကျရောက်မှု အမြင့်ဆုံးစာရင်းထဲသို့ ရောက်လာပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောဆိုဖူးပါသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဆုံးရှုံးနေကြောင်း၊ ထိုပမာဏသည် ၂၀၁၄ GDP အချိုး၏ ၃ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း မတ်လ ၃၁ ရက်က နေပြည်တော် 'ပွဲခ်ရှိုင်ရယ်' ဟိုတယ်တွင်ပြုလုပ်သော 'မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေး အမျိုးသားအဆင့်မူဘောင်' စာအုပ်မိတ်ဆက်ခြင်းအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားခဲ့ပါသည်။ ၁၉၉၀ မှ ၂၀၁၅ အထိ ဖြစ်ပွားခဲ့သော သဘာဝဘေးများကြောင့် လူတစ်သိန်းလေးသောင်းခန့် အသက်ဆုံးရှုံးပြီး လူငါးသန်းကျော်အသက်မွေးလုပ်ငန်းများ ထိခိုက်ခဲ့ကာ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရှိရပါသည်။

သဘာဝဘေးနှင့် သစ်တော

သစ်ပင်သည် ပုံမှန်ဝတ္တရားတစ်ရပ်အနေဖြင့် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်ပေး၏။ နေပူချိန်ကို အောင်းထားတတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်က စုပ်ယူဝါးမျိုပစ်လိုက်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ဖြေလျှော့ပေးလေသည်။ ဤသို့ဖြင့် သစ်ပင်၊ သစ်တောသည် ရာသီဥတုကို ထိန်းညှိရင်း သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်လာနိုင်အောင် စွမ်းဆောင်ပေး၏။ သစ်ပင်အစာချက်လုပ်မှုဖြစ်စဉ်၏ ဘေးထွက်ပစ္စည်းဖြစ်သော ရေကို အခိုးအငွေ့အဖြစ် လေထုထဲသို့ ထုတ်လွှတ်ပေးခြင်းဖြင့် လေထုကိုအေးမြစေသည်။ အေးမြသောလေထုသည် မုတ်သုံလေနှင့်အတူ ပါလာသော ရေခိုးရေငွေ့များကို မိုးအဖြစ် ပြောင်းလဲပေးသည်။ တောအုပ်ကောင်းသောနေရာများတွင် လေထုက အေးနေသောကြောင့် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လေ့မရှိပေ။ ထို့ကြောင့် မုန်တိုင်းများ သန္ဓေတည်ရန်ခဲယဉ်း၏။ အခြားနေရာမှ ရွေ့လျားလာသော မုန်တိုင်းများကိုလည်း သစ်ပင်၊ သစ်တောများက အားပျော့သွားစေသည်။ ပင်လယ်ကမ်းရိုးတန်းရှိ ဒီရေတောများသည် ဆူနာမီလှိုင်းလုံးကြီးများကိုပင် အရှိန်လျော့သွားစေနိုင်သည်ဟု ဆိုပါသည်။ သစ်တောသည် ရွာချလိုက်သော မိုးရေများ မြောင်း၊ စမ်းချောင်း၊ မြစ်များအတွင်းသို့ ဒလဟော ရောက်ရှိမသွားနိုင်ရန် တားဆီးပေးခြင်းနှင့် မြေဆီလွှာများ မြစ်တွင်းသို့ မဖို့ချနိုင်ရန် စစ်ထုတ်ပေးခြင်း စသည်တို့ဖြင့် ရေကြီးရေလျှံသဘာဝဘေးရန်ကို ကာကွယ်ပေးပါသည်။ စင်စစ်တွင် သစ်ပင်သည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မလာစေရန် စွမ်းဆောင်ပေးသကဲ့သို့ဖြစ်ပေါ်လာလျှင်လည်း တံတိုင်းသဖွယ် တွန်းလှန်ကာကွယ်ပေးသည်။

မြန်မာနှင့် သစ်တော

'သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး...' ဟု စာချိုးကြ၏။ မှန်ပါသည်။ ပြည်သူလူထုသည် သစ်တော၊ သစ်ပင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကြပါသည်။ မချစ်ခင်မမြတ်နိုးသူများမှာ ခေတ်အဆက်ဆက် အုပ်စိုးသူများသာ ဖြစ်ပေ၏။ သီပေါဘုရင်လက်ထက် ၁၈၈၃ မှ ၁၈၈၅ ခုနှစ်အတွင်း မန္တလေးတစ်ဝိုက်တွင် မိုးခေါင်မှုကြီး သုံးနှစ်ဆက်တိုက် ဖြစ်ပွားခဲ့သည်။ အဓိကအကြောင်းရင်းမှာ ၁၈၆၂ ခုနှစ်နောက်ပိုင်းတွင် အထက်မြန်မာပြည်ရှိသစ်တောများကို အလွန်အကျွံ ခုတ်ရောင်းခြင်းကြောင့် ဖြစ်သည်ဟု ပညာရှင်များက ထောက်ပြကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၅၈ ခုနှစ်က နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုဧရိယာ ၅၇ ရာခိုင်နှုန်းရှိသည်ဟု မှတ်တမ်းတစ်ခုတွင် တွေ့ဖူးသည်။ ဦးသိန်းစိန်အစိုးရ နောက်ဆုံးနှစ် ၂၀၁၅ တွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၄၅ ရာခိုင်နှုန်းသာရှိသည်ဟု ပညာရှင်တစ်ဦးက ဆိုပါသည်၊ Global Resources Assessments 2015 Desk reference တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းဟု ထုတ်ပြန်ထား၏။ NGO ပညာရှင်အချို့က ၂၀ ရာခိုင်နှုန်းဝန်းကျင်သာ ကျန်တော့သည်ဟု ထောက်ပြကြပြန်သည်။ ဤသို့ကွဲပြားနေကြခြင်းမှာ 'သစ်တော' ဟူသော ဝေါဟာရသတ်မှတ်ချက်အပေါ်တွင် ပညာရှင်များ အဓိပ္ပာယ်ဖွင့်ဆိုချက် မတူညီသောကြောင့် ဖြစ်ဟန်တူပါသည်။ ပြည်သူများမှာမူ မည်သူ့စကား ယုံရမှန်းမသိဖြစ်နေကြ၏။ မည်သို့ပင်ဆိုစေ သစ်တောနှင့်ပတ်သက်၍ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် သာမန်ပြည်သူများ တစ်ညီတညွတ်တည်း သဘောတူလက်ခံထားသောအချက်ကား ရှိပါ၏။ ယင်းမှာ 'တောတွေပြောင်၍ တောင်တွေ ခေါင်းတုံးဖြစ်နေပြီ' ဟူသော အချက်ပေတည်း။

အနာသိဆေးရှိ

မြန်မာနိုင်ငံသည် ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံး နိုင်ငံများစာရင်းတွင် ယခင်က အဆင့် ၄ နေရာတွင် ချိတ်ခဲ့ရာမှ ငါးနှစ်အတွင်း အဆင့် ၃ သို့ ရောက်ရှိသွားခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံသည် သဘာဝဘေးထိခိုက်မှု အများဆုံးနိုင်ငံများစာရင်းတွင် ယခင်အဆင့် ၃ နေရာမှ ယခု အဆင့် ၂ သို့ တက်လှမ်းလိုက်ပြီဖြစ်၏။ သစ်တောပြုန်းတီးမှုများလေလေ သဘာဝဘေးအန္တရာယ်ကျရောက်မှုများလေလေဟု ကောက်ချက်ဆွဲ၍ ရနိုင်ပေသည်။ စင်စစ်တွင် ကျွန်ုပ်တို့သည် 'အနာ' ကို သိပြီဖြစ်၏။ 'ဆေး' လည်း ရှိနေပါသည်။ 'ဆေး' မှာ 'နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်း' ပင် ဖြစ်ပါ၏။

ပြည်သူ့အစိုးရတက်လာပြီး ရက်ပေါင်း တစ်ရာအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ပဲခူးရိုးမမှ သစ်ထုတ်မှု ၁၀ နှစ်ရပ်နားလိုက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးသစ်ထုတ်မှု တစ်နှစ်ရပ်နားလိုက်ပါသည်။ သစ်တောများ ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၇ မှ ၂၀၂၆ အထိ ၁၀ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိ၏။ ဤသည်မှာ သဘာဝသစ်တောများအပိုင်း ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေနှင့် သစ်တောစိုက်ခင်းများ တည်ထောင်မှုလည်းရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အစိုးရသစ်တောစိုက်ခင်းများ တည်ထောင်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်အထိ စုစုပေါင်း စိုက်ခင်းဧက ၂ သန်းကျော် စိုက်ပျိုးပြီးစီးကြောင်း ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း၏ 'မြန်မာနိုင်ငံ သစ်အခြေခံ စက်မှုလုပ်ငန်းအခြေအနေ စိစစ်သုံးသပ်ချက်' စာတမ်းတွင် ဖော်ပြထားပါသည်။ အောင်မြင်သော ဧကပမာဏကိုမူ ဖော်ပြမထားပေ။ အလားတူပင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစတင်၍ ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်ခွင့်ပြုခဲ့ရာ ၂၀၁၀-၂၀၁၁ တွင် ကျွန်းနှင့် သစ်မာ စုစုပေါင်း စိုက်ခင်း ၈၁၄၂၅ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထားသည်။ အောင်မြင်သော ဧကပမာဏကို ဖော်ပြမထားပါ။ သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကို အမှန်တကယ် ခံစားနေရသော ပြည်သူလူထုကမူ 'စိုက်ဧက' ထက် 'အောင်ဧက' ကို ပို၍ စိတ်ဝင်စားပါသည်။

စင်ကာပူနိုင်ငံအခြေစိုက် Timberland Plantation Investment ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ သစ်တောလုပ်ငန်းရှင်များသည် ဧရာဝတီတိုင်း၌ မြေဧကတစ်ထောင်ကျော်တွင် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် ဖက်စပ်လုပ်ငန်းကိုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလိုက်ကြောင်း သိရှိရပါသည်။ ဝမ်းမြောက်ဖွယ်ပင်။ ယခုအခါ NGO အချို့ကလည်း တတ်နိုင်သလောက် သစ်ပင်များစိုက်ပျိုးပေးလျက်ရှိ၏။ လွန်ခဲ့သည့်နှစ် မိုးရာသီကာလတွင် City Love & Hope Foundation က သစ်ပင်ပေါင်း ငါးသောင်းကျော်စိုက်ပျိုးခဲ့သည်ဟု သိရှိရသည်။ အလားတူပင် Green Land သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရပ်ဘက်အဖွဲ့သည် ဖားကန့်ဒေသ သဘာဝပတ်ဝန်းကျင်ပျက်စီးနေမှုကို ကုစားနိုင်ရန် နှစ်ရှည်သစ်ပင် နှစ်သောင်းခွဲကို ယခုနှစ် ဇွန်လအတွင်း အပြီးစိုက်ပျိုးမည်ဟု သိရှိရ၏။ သာဓုခေါ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဇူလိုင်လတိုင်း သစ်ပင်စိုက်ပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ ဝန်ကြီးဌာန၊ NGO များနှင့် ပြည်သူလူထု ပါဝင်ဆင်နွှဲကြ၏။ မနှစ်က အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအနေဖြင့် တစ်နိုင်ငံလုံးတွင် ပျိုးပင်ပေါင်း ၅၈ သန်း စိုက်ပျိုးခဲ့သည်ဟု သိရပါသည်။ 'သစ်ပင်စိုက်ပွဲတော်က မနှစ်ကလည်း ဒီနေရာမှာဆိုတော့ မနှစ်က စိုက်ပြီးသားအပင် ဘယ်ရောက်သွားလဲဟင်...' ဟု ကာတွန်းဆရာက ထေ့ထားပါသည်။

"သစ်တောပြုန်းရင် ရာသီဥတုအပေါ် ထိခိုက်နိုင်သလို ရာသီဥတုဖောက်ပြန်ရင်လည်း သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်တယ်။ ဒီနှစ်ခုက တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတယ်" ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ညွှန်ပြပြောဆိုဖူးပါသည်။ မှန်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် 'သစ်တောအခြေပြု ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု' ၏ အကျိုးရလဒ်ဖြစ်သော သဘာဝဘေးအဖုံဖုံကို ဆက်လက်မကြုံတွေ့လိုလျှင် သစ်ပင်စိုက်ရုံမှတစ်ပါး အခြားမရှိပါကြောင်း။ ။■

ချိုးငှက် (သံတွဲ)
၆-၆-၂၀၁၇

ဓာတ်ပုံ-မြင့်မိုးညို

နိုင်ငံခြားသားတို့အတွက် ခွင့်ပြုသွင်းကုန် အမယ်အသစ် - အဖွင့်လား၊ အပိတ်လား

The Voice

ပြည်တွင်းလုပ်ငန်းရှင်များကိုသာ တင်သွင်းခွင့်ပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများကို ယခုအခါနိုင်ငံခြားလုပ်ငန်းရှင်များကိုတင်သွင်းခွင့်ပေးမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၁၂ ရက်တွင် ကြေညာသည်။

ဓာတ်ပုံ-မြင့်မိုးညို

အဆိုပါကြေညာချက်အရမျိုးစေ့၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို နိုင်ငံခြားသားလုပ်ငန်းရှင်များတင်သွင်းခွင့်ရရှိမည် ဖြစ်သည်။

ယင်းသို့ခွင့်ပြုရာတွင် တင်သွင်းမည့်ကုမ္ပဏီသည် ကူးသန်းရောင်းဝယ်ရေးလိုင်စင်ရရှိရန်၊ တင်သွင်းသည့်ကုန်ပစ္စည်းသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီတင်သွင်းရန် အစရှိသည့်ကန့်သတ်ချက်များလည်းပါဝင်သည်။

ပြည်တွင်းဈေးကွက်အတွင်း ဓာတ်မြေသြဇာကဲ့သို့လယ်ယာကဏ္ဍနှင့်ဆက်စပ်သည့် ကုန်စည်များမှာယှဉ်ပြိုင်မှုနည်းသည့်ဈေးကွက်ဖြစ်သည်။ ဓာတ်မြေသြဇာတင်သွင်းမှုသည်ပြည်တွင်းလုပ်ငန်းရှင်အနည်းစုသာ လုပ်ကိုင်လျက်ရှိပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်းနှင့်ချီသော ဈေးကွက်ကြီးဖြစ်သည်။

ပြည်ပယှဉ်ပြိုင်မှုဝင်ရောက်လာချိန်တွင်ပြည်တွင်းဈေးကွက်ရှိဓာတ်မြေသြဇာဈေးနှုန်းများ ကျဆင်းနိုင်သည်ဟုမျှော်လင့်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဒေးဒရဲမြို့နယ် သင်ပေါင်းချောင်ကျေးရွာမှ လယ်သမား ဦးကျော်ထက်က ဆိုသည်။

သို့သော်လည်း ပြည်တွင်းလုပ်ငန်းရှင် အချို့ကမူ တွေးဆရမည့် ကိစ္စကို ထောက်ပြကြသည်။

“ဓာတ်မြေသြဇာနဲ့ သွင်းအားစုတွေ ဆိုတာကလည်း လယ်သမားတွေခံရသလို ကျန်တဲ့ဟာလည်းလူတွေ ခံရမှာပဲ။ အရည်အသွေးညံ့ဖျင်းတဲ့ဟာဈေးပေါပေါနဲ့ ဆော်တော့မှာပေါ့ဗျာ”ဟု ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးကပြောကြားသည်။

ယခုကဲ့သို့ ကုန်သွယ်ရေးပိုင်းကိုပြည်ပ ကုမ္ပဏီများလုပ်ကိုင်ခွင့်ပေးခြင်းအတွက်အခြားတစ်ဖက်တွင်လည်းစဉ်းစားစရာများရှိကြောင်း ပြည်တွင်းလုပ်ငန်းရှင်များကထောက်ပြကြသည်။

“ဈေးကွက်က ဒီလိုဖွင့်ပေးတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ပြန်ကြည့်ရမယ့်အပိုင်းကဘာလဲဆိုတော့ ကုန်သွယ်မှုကိုလွယ်လွယ်ကူကူခွင့်ပြုရင် ရင်းနှီးမြှုပ်နှံမှုကိုတချို့ကစိတ်ဝင်စားမှု နည်းသွားနိုင်တယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောကြားသည်။

လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ပြီးခဲ့သည့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် တက်မလာသကဲ့သို့ယနေ့အစိုးရလက်ထက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုတက်မလာသေးချေ။ သမ္မတဦးထင်ကျော်တာဝန်ယူချိန်မှ ယနေ့အထိလယ်ယာကဏ္ဍသို့ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သည့် ပမာဏမှာအမေရိကန်ဒေါ်လာ ၄ ဒသမ ၈၀၉ သန်းသာရှိသည်။

“အကုန်လုံးကို နိုင်ငံခြားကနေမှာယူတင်သွင်းပြီးဖြန့်ဖြူးတာ။ တစ်ခုတည်းက ရေတိုအတွက်ကတော့ အဆင်ပြေကောင်းပြေမယ်။ ရေရှည်မှာတော့ မြန်မာပြည်မှာ ဓာတ်မြေသြဇာစက်ရုံတွေအများကြီးလာရောက် ရင်းနှီးမြှုပ်နှံဖို့လည်းလိုသေးတယ်လေ”ဟုဦးရဲမင်းအောင်ကရှင်းပြသည်။

ဦးရဲမင်းအောင်က ကုန်သွယ်မှုကိုဦးစားပေး၍ ရင်းနှီးမြှုပ်နှံမှုနည်းမည်ကိုစိုးရိမ်နေခြင်းဖြစ်သည်။

ဓာတ်မြေသြဇာနည်းတူအမေရိကန်ဒေါ်လာသန်းနှင့်ချီသော အခြားဈေးကွက်တစ်ခုမှာ ဆေးရုံးသုံးပစ္စည်းများတင်သွင်းသည့် ဈေးကွက်ဖြစ်သည်။ ဆေးဝါးဈေးကွက်လည်း ထို့အတူပင်။သို့သော်လည်း ဆေးဝါးဈေးကွက်တွင် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်ရန် အစိုးရက ခွင့်မပြုပါ။

“ဒီ Medical Equipment ပိုင်းကတော့ ကုမ္ပဏီကြီးတွေအနေနဲ့ ဒီမှာတိုက်ရိုက် ရုံးခန်းဖွင့်ပြီးတော့ တိုက်ရိုက်ရောင်းတာ နည်းသေးတယ်ပေါ့နော်။ များသောအားဖြင့် ဒီမှာ Local ကုမ္ပဏီတွေကို Distributor ပေးပြီးတော့၊ Dealer ပေးပြီးတော့ ရောင်းတာပဲများတယ်ပေါ့နော်။ ကုမ္ပဏီကြီးတွေအနေနဲ့ အခုထိလည်း မဝင်ကြသေးဘူးပေါ့နော်။ ဒါပေမဲ့ ကျွန်တော်တို့ မှန်းတာကတော့ မကြာခင်မှာ ဝင်လာလိမ့်မယ်လို့မှန်းထားတယ်”ဟုMedi Tech ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်ဦးကဆိုသည်။

မြန်မာနိုင်ငံသည်စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာတွင် အားနည်းချက်များရှိရာ အစိုးရကမည်သို့ကြပ်မတ်မည်ဆိုသည့် မေးခွန်းများလည်း ပေါ်ထွက်လာခဲ့သည်။

စာမျက်နှာ ၃၇ သို့

စာမျက်နှာ ၃၆ | နိုင်ငံခြားသားတို့အတွက် ခွင့်ပြုသွင်းကုန် အမယ်အသစ် - အဖွင့်လား၊ အပိတ်လား မှအဆက် ...

"ဒီမှာက Rule and Regulations (စည်းမျဉ်းစည်းကမ်း) ပေါ့နော်။ အဲဒီလိုမျိုး စည်းကမ်းသတ်မှတ်ချက်တွေက တိတိကျကျ ပြတ်ပြတ်သားသားမရှိသေးတဲ့အတွက် နိုင်ငံပေါင်းစုံကနေ ဖြစ်ချင်သလိုလာပြီး Dump (အမှိုက်စွန့်သလို) လုပ်မှာ ကြောက်ရပါတယ်"ဟု ဒေါက်တာမောင်မောင်လေးကဆိုသည်။

မြန်မာနိုင်ငံတွင် စည်းမျဉ်းစည်းကမ်းများ တင်းကျပ်မှုမရှိခြင်း၊ ကုန်စည်များ၏ စံချိန်စံညွှန်းများကို ပြတ်ပြတ်သားသားသတ်မှတ်မထားခြင်းကြောင့် ပြည်ပနိုင်ငံများမှ အရည်အသွေးမပြည့်သည့် ပစ္စည်းများ တင်သွင်းလာမည်ကိုစိုးရိမ်ရကြောင်း ဒေါက်တာမောင်မောင်လေးကဆိုသည်။

"ပြည်ပကပဲ သွင်းနေတော့ ကျွန်တော်တို့ပြောတာကကုမ္ပဏီပေါင်းစုံ၊ အိမ်နီးနားချင်းနိုင်ငံကကော အကုန်လုံးကလာဖွဲ့ပြီးတော့ လုပ်စားသွားလို့ရပါတယ်။ ဒါကို ထိန်းသိမ်းဖို့ တော်တော်တော့ ခက်တယ်ဗျ"ဟု ၎င်းက ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အဆိုပါထုတ်ပြန်ချက်တွင် ဆောက်လုပ်ရေးသုံး ပစ္စည်းများလည်း ပါဝင်သည်။

ဆောက်လုပ်ရေးသုံး ပစ္စည်းများ တင်သွင်းရောင်းချသူ ဦးဌေးနိုင်လင်းက ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခွင့်ကို ပြည်ပကုမ္ပဏီများသို့ ခွင့်ပြုလိုက်ခြင်းသည်ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအတွက် အခက်တွေ့နေကြောင်းပြောကြားသည်။

"သူတို့ကစီးပွားလာရှာတာလေ။ Customer တွေအတွက်ကတော့ ကောင်းမယ်လို့ မပြောနိုင်ဘူး။ သူတို့က ကျွန်တော်တို့ပေးတဲ့ ဈေးနှုန်းလိုလျှော့လုပ်မှာလည်း မဟုတ်ဘူးလေ။ ဒီဈေးနှုန်းအတိုင်းပဲလေ။ Customer ကိုချက်ချင်းဘာအကျိုးအမြတ်မရှိနိုင်ဘူး"ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် ကိုယ်ကျိုးစီးပွားကာကွယ်မှု (Protectionism) နှင့် အမျိုးသားအကျိုးစီးပွား(Nationalism) ကို ကွဲပြားမှုမရှိကြောင်း ဒေါက်တာမောင်မောင်လေး ကဆိုသည်။

တရုတ်နိုင်ငံတွင် အမျိုးသားအကျိုးစီးပွားအတွက် ဆန်တင်သွင်းမှုကို ပိတ်ပင်ထားပြီး အမေရိကန်နိုင်ငံတွင် သမ္မတဒေါ်နယ် ထရမ့် တက်လာပြီးနောက် အမျိုးသား အကျိုးစီးပွားကို အဓိကထားလုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒါကိုယ့်လူမျိုး၊ ကိုယ့်အကျိုးကိုယ့်နိုင်ငံသားချမ်းသာအောင်လို့ Protect လုပ်ရမယ့်တာဝန်က အစိုးရတိုင်းမှာတာဝန်ရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

သို့သော်လည်းအခြားဘက်တွင် တောင်သူလက်ထဲ အရောက် အဆင့်ဆင့်ဖြန့်ဖြူးလာသော ဓာတ်မြေသြဇာများကို တောင်သူများက ဈေးကြီးစွာဝယ်ယူသုံးစွဲနေရခြင်းကဲ့သို့ ဖြစ်စဉ်များလည်းရှိသည်။

ထိုမှုမကစက်သုံးဆီ ဈေးကွက်တွင်လည်း အရည်အသွေးမမီသည့်စက်သုံးဆီများကို ဈေးနှုန်းကြီးမြင့်စွာကာလရှည်ကြာဝယ်ယူသုံးစွဲခဲ့ရသည့် သာဓကများလည်းရှိခဲ့ဖူးသည်။ ယင်းကဲ့သို့ ပြည်တွင်းဈေးကွက်အတွက် ပြိုင်ဆိုင်မှုမရှိချိန်တွင် စားသုံးသူများသာ ဈေးနှုန်းကြီးမြင့်စွာခံစားခဲ့ရသည့် သာဓကများကြောင့် ယခုဖြေလျှော့မှုအပေါ် လယ်သမားအချို့ကကြိုဆိုကြသည်။

ကုန်သွယ်ရေးကဏ္ဍ၏ ယခုဖြေလျှော့မှုတွင် ပြည်ပကုမ္ပဏီများကို မျိုးစေ့များလည်း တင်သွင်းခွင့်ပြုထားရာ အရည်အသွေးကောင်းသော သီးနှံမျိုးစေ့များကိုလည်း စိုက်ပျိုးနိုင်ခြေရှိနိုင်ကြောင်း ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မှ တောင်သူ ဦးလှဝင်းကမှတ်ချက်ပြုသည်။

မူဝါဒအပြောင်းလဲတစ်ခုတွင် အသာရသူနှင့် အနာခံရသူများကရှိစမြဲဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလွှတ်တော်၌ ဆွေးနွေးခဲ့စဉ်ကလည်း ယခုထက်ပိုမို၍ အပြင်းအထန်ပင် ဝိဝါဒကွဲပြားခဲ့ကြသည်။

ကိုယ်ကျိုးစီးပွား ကာကွယ်လိုသူနှင့် စားသုံးသူများအတွက် ပြိုင်ဆိုင်မှုရှိသော ဈေးကွက်ဖြစ်ပေါ်လာရေး ဦးတည်သူတို့ကြားပွတ်တိုက်မှုများမှာ မူဝါဒအပြောင်းအလဲတစ်ခု ထွက်ပေါ်လာတိုင်းရှိခဲ့ဖူးသည်။

သို့သော်လည်း ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ ပြည်ပကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရန်မဆိုနှင့် ပြည်တွင်း၌ပင် ရပ်တည်ရန် အခက်ကြုံနေရသည်ဟု ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်သွင်းရောင်းချသူ ဦးဌေးနိုင်လင်းကဆိုသည်။

ဓာတ်ပုံ-မြင့်မိုးညို

"ဘာဖြစ်နိုင်လဲဆိုတော့ ကျွန်တော်တို့ပြည်တွင်း Local က စားနေတဲ့ထမင်းအိုးထဲကနေ သူတို့ကိုတစ်ဝက်ခွဲပေးလိုက်ရတာပဲရှိတယ်။ ကျွန်တော်တို့ ဆယ်ယောက်စာကနေ ငါးယောက်စာပဲမဝတော့ဘူးပေါ့"ဟု ၎င်းကဆိုလေသည်။

ဈေးကွက်ကိုဖွင့်ပေးမည်သို့မဟုတ် ပိတ်မည်ဆိုသည်မှာတစ်ထစ်ချပြောရန် လွယ်မည်မတုတ်ပေ။ သို့သော်လည်း ပြည်တွင်းစီးပွားရေးအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်ကိုလိုက်၍ ဈေးကွက်အတွက် မူဝါဒချမှတ်ရသည်ပင်။ ဈေးကွက်အဖွင့်တွင် လေကောင်းလေသန့်များရနိုင်သကဲ့သို့ ခြင်၊ ယင်များလည်းဝင်လာနိုင်ပေသည်။

အစိုးရ၏ မူဝါဒနှင့်ပတ်သက်၍ UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကယခုလိုဆိုသည်။

"Trading (ကုန်သွယ်ရေး) က တိုင်းရင်းသားလုပ်ငန်းရှင်တွေ အကုန်လုံးလုပ်တတ်ပါတယ်။ ဒါလေးတွေကို ဖြည်းဖြည်း၊ ဖြည်းဖြည်းမှ ဖွင့်ပေးပြီးတော့ Step by Step (တစ်ဆင့်ချင်းတစ်ဆင့်) သွားသင့်ပါတယ်။ Step by Step မသွားရင် အိုးနင်းခွက်နင်းဖြစ်တတ်ပါတယ်" ■

စာမျက်နှာ ၉ | CB ဘဏ် ချေးငွေဌာန တာဝန်ခံနှင့် တွေ့ဆုံခြင်း မှအဆက် ...

ပေါင်းပေါ်မှာပဲ ကြည့်တယ်။ JICA ချေးငွေကတော့ သိန်းငါးထောင်အထိ ချေးလို့ရတယ်။ ချေးငွေသက်တမ်းကငါးနှစ်အထိ၊ အတိုးနှုန်းကသူလည်း ၈ ဒသမ ၅ ရာခိုင်နှုန်းပဲ။ ဒီတော့ SME လုပ်ငန်းရှင်တွေအနေနဲ့ သိန်း ၂၀၀ အထိဆိုရင် CGI နဲ့ ချေးလို့ရတယ်။ သိန်း ၂၀၀ ထက် ကျော်သွားရင် KFW ချေးငွေနဲ့ ချေးလို့ရမယ်။ သိန်း ၁၀၀၀ ကျော်သွားရင် JICA ချေးငွေနဲ့ပေါ့။ ကျွန်တော်တို့ဘဏ်ရဲ့ SME ချေးငွေသတ်မှတ်ချက်ကတော့ အများဆုံးသိန်း ၆၅၀၀ အထိပဲ။ အပေါင်ပစ္စည်းကတော့ ပုံမှန်သတ်မှတ်ချက်တွေအတိုင်းမရွှေ့ပြောင်းနိုင်တဲ့ အိမ်၊ ခြံ၊ မြေတွေပေါ့။

Voice : ဒီချေးငွေအတွက် ပုံမှန်အတိုးနှုန်းအပြင် တခြားကော်မရှင်ခနဲ့ အပိုဆောင်းကုန်ကျစရိတ်တွေ ပေးရတာရှိသလား။

SDNK : ကျွန်တော်တို့ SME လုပ်ငန်းနဲ့ပတ်သက်တဲ့ ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေမှာဆိုရင် လုပ်ငန်းရှင်တွေကို ဘဏ်မှာငွေချေးမယ်ဆိုရင် ကော်မရှင်ခ မပေးရဘူးဆိုတာ အတိအကျကိုပြောထားတယ်။ ဒါပေမဲ့ အပြင်မှာတချို့တွေကျတော့ ကော်မရှင်တွေဘာတွေ ပေးရတယ်လို့ကြားရတယ်။ ဒါတွေကတော့ ဘဏ်မှာလုပ်မယ်ဆိုရင် ဂုဏ်သိက္ခာပိုင်းအရ ဒါကိုထိန်းသိမ်းဖို့လိုတယ်။ ချေးငွေရဖို့အတွက် ကော်မရှင်ခပေးရတယ်ဆိုတာမျိုးကြားရင် ကျွန်တော်တို့ကို ပြောပါ။ ကျွန်တော်တို့ဝန်ထမ်းတွေ ကျွန်တော်အပါအဝင် လာဘ်မစားပါဘူးဆိုတဲ့ Anti-Bribery မှာလက်မှတ်ထိုးထားကြတဲ့အတွက် ဖောက်ဖျက်ရင် အရေးယူရမှာပါ။

Voice : JICA ရဲ့နှစ်ဆင့်ချေးငွေနဲ့ လုပ်ငန်းရှင်ဘယ်လောက်၊ ချေးငွေပမာဏ ဘယ်လောက်အထိ ချေးပြီးပြီလဲ။

SDNK : JICA ချေးငွေက စချေးတာ တစ်နှစ်လောက်တော့ရှိပြီ။ လုပ်ငန်းရှင် ၃၉ ယောက်ကို ချေးငွေထုတ်ပေးထားတယ်။ ချေးငွေပမာဏကတော့ ကျပ်သန်းပေါင်း ၉၀၀၀ ကျော်ပြီ။ ချေးထားတဲ့လုပ်ငန်းတွေမှာ စက်ရုံ၊ အလုပ်ရုံ၊ အထည်ချုပ်စက်ရုံတွေ များတယ်။ စတီးလ်ထုတ်တဲ့လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ ပါတယ်။

Voice : ခုချိန်ထိ ပြည်တွင်း SME လုပ်ငန်းတွေအတွက် ချေးငွေရဖို့ ခက်ခဲနေသေးတယ်၊ ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ငွေကြေးထောက်ပံ့မှုအပြင် ဘာတွေလိုအပ်မလဲ။

SDNK : SME တွေဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက ဘဏ်တစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ အစိုးရဘက်ကလည်း ထောက်ပံ့မှုတွေ အများကြီးလိုတယ်၊ ဥပမာ CGI လိုဟာမျိုးပေါ့။ အဲဒီလိုထောက်ခံပေးတာမျိုးတွေမရှိရင် ဘဏ်တွေဘက်ကလည်းဆုံးရှုံးနိုင်ခြေကိုချိန်နေရတာပေါ့။ ဘဏ်ရဲ့ပိုက်ဆံဆိုတာက ပြည်သူတွေကယုံကြည်လို့အပ်နှံထားတဲ့ပိုက်ဆံတွေ။ ဒါကို ဘဏ်က မှန်ကန်တဲ့လုပ်ငန်းတွေကို ထုတ်ချေးနိုင်မှဖြစ်မှာပေါ့။ အဲဒီလိုမဟုတ်ဘဲ ပြဲလရမ်းကြီး ပိုက်ဆံရှိတိုင်းထုတ်ချေးနေရင်တော့ လောက်တောင် လောက်မှာမဟုတ်ဘူး။ SME တွေဘက်မှာလည်း ဘာတွေရလဲဆိုတော့ သူတို့က SME ဆိုမှတော့ လုပ်ငန်းလိုင်စင် ဘယ်ရှိမှာတုန်း၊ အခွန်ဆောင်ထားတာဘယ်ရှိမှာတုန်းတို့ ပြောကြတယ်။ လုပ်ငန်းလုပ်ပြီဆိုရင်တော့ SME လုပ်ငန်းမှတ်ပုံတင်တာငါးထောင်လောက်ပဲ ကုန်တာပါ။ ဒါလုပ်သင့်တယ်။ သက်ဆိုင်ရာအခွန်ကိုလည်းပေးသင့်တယ်။ အခွန်ဌာနဘက်ကလည်း SME တွေကို ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေကိုအခွန်လျှော့ပေါ့တာတို့၊ သက်သာခွင့်တို့လုပ်ရမှာပေါ့နော်။ ဥပမာ လုပ်ငန်းတစ်ခုကဘဏ်ချေးငွေရဖို့ အခွန်ဆောင်ဖို့လိုတယ်ဆိုရင် သွားဆောင်တယ်ပေါ့။ ဒါကိုအခွန်ဌာနကအခွန်တွေ အများကြီးကောက်လိုက်တာမျိုး၊ လုပ်ငန်းရှင်ရဲ့လိုအပ်ချက်အပေါ်မှာအဲဒီလိုလုပ်တာမျိုးတွေ မဖြစ်သင့်ဘူး။ တာဝန်လည်း သိရမယ်၊ စေတနာလည်းထားတတ်ရမယ်။ ကိုယ်ချင်းစာတရားလည်းရှိရမယ်။ ကျွန်တော်တို့ဘဏ် ဆိုရင်လည်း လုပ်ငန်းရှင်က ချေးငွေလျှောက်တာကို အချိန်တွေအကြာကြီးဆွဲထားတာမျိုး မလုပ်ရဘူး၊ မလုပ်သင့်ဘူးပေါ့။ ဒါက ကျွန်တော့်ရဲ့အမြင်ပါ။

Voice : အခုလက်ရှိငွေချေးပေးတဲ့ပုံစံကအပေါင်ပြရင် ပြ၊ မပြရင် CGI နဲ့ ချေးပေါ့။ အခု JICA၊ KFW ချေးငွေတွေကိုရော အပေါင်မပါဘဲနဲ့ဖြစ်ဖြစ်၊ တခြားပုံစံတစ်မျိုးမျိုးနဲ့ ချေးဖို့ရှိလား။

SDNK : ရေရှည်မှာတော့ JICA နဲ့ မြန်မာ့အာမခံပေါင်းပြီးတော့ CGI လိုမျိုးအပေါင်ပစ္စည်းမပါဘဲချေးဖို့တော့ လုပ်နေတာရှိတယ်။ သေချာတော့ မပြောတတ်သေးဘူး။ KFW ချေးငွေကိုလောလောဆယ် နှစ်မျိုးတော့ စဉ်းစားနေတယ်။ ပုံမှန်မရွှေ့ပြောင်းနိုင်တဲ့ အပေါင်အာမခံနဲ့ ချေးတာအပြင် အကယ်၍ လုပ်ငန်းရှင်မှာကုန်ပစ္စည်း Stock ရှိတယ်၊ ဒါမှမဟုတ် ကုမ္ပဏီတစ်ခုကနေ လုပ်ငန်းလုပ်ဖို့ ကန်ထရိုက်ရထားတယ် ဆိုပါတော့၊ ကျွန်တော်တို့က ဒီကန်ထရိုက်စာချုပ်ကိုကြည့်ပြီးတော့ ချေးငွေထုတ်ချေးတာမျိုး၊ Contract Financing လုပ်ကြည့်ချင်တယ်။ ဒါကလောလောဆယ်တော့ စဉ်းစားနေတုန်းပါ။ ■

စာမျက်နှာ ၁၀ | တံငါသည်သား ဆရာဝန်လောင်း မှအဆက် ...

ယင်းဖောင်ဒေးရှင်းကို ရေရှည်လုပ်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းကဆိုသည်။

လူမျိုးတစ်မျိုးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံလိုလျှင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံရမည်ဟု ခံယူထားကြောင်း ၎င်းကဆိုသည်။

“ပညာတော်ပေမယ့်မိဘကဆင်းရဲလို့ ကိုးတန်း၊ ဆယ်တန်း စာမသင်ရဘဲ လက်ဖက်ရည်ဆိုင်တွေမှာ စားပွဲထိုးလုပ်နေကြတယ်။ အဲဒီလိုမျိုး ရခိုင်မှာ အများကြီးရှိတယ်” ဟု ဝေဟင်အောင်က ပြောဆိုသည်။

မောင်သန်းဝေဆရာဝန်ဖြစ်လိုသည့် အကြောင်းအရင်းက မည်သို့နည်း။

မြို့နှင့် အလှမ်းဝေးသည့်အပြင် ကျေးလက်ဒေသများတွင် ကျန်းမာရေးဌာနများလည်း မရှိ၊ ငွေကြေးလည်း မတတ်နိုင်၍ မြို့ပေါ်သို့ သွားရောက်ဆေးမကုသနိုင်သဖြင့် မသေသင့်ဘဲ သေသွားသည်များကို ကြုံဖူးကြောင်း၊ ယင်းကဲ့သို့ဒေသများတွင် အကူအညီပေးလို၍ ဆရာဝန်ဖြစ်လိုကြောင်း မောင်သန်းဝေက ပြောဆိုသည်။

ဓာတ်ပုံ-ဝေဟင်အောင်

မိမိရပ်ရွာ၊ မြို့နယ်၊ ရခိုင်ပြည်နယ်ကို အကျိုးပြုနိုင်သည့်ဆရာဝန်ကောင်းဖြစ်လိုကြောင်း၊ ပညာရေးထူးချွန်သော်လည်း ဆင်းရဲနွမ်းပါးသဖြင့် ပညာသင်ရန် အခက်အခဲ ရှိသူများကိုလည်း အနာဂတ်တွင် တတ်နိုင်သလောက် ကူညီရန် ရည်မှန်းထားကြောင်း ၎င်းကဖွင့်ဟသည်။

လက်ရှိတွင် စစ်တွေ၌ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများကိုတက်ရောက်နေကြောင်း ၎င်းကဆိုသည်။

ရမှတ်၅၀၃ မှတ်ရသဖြင့်၎င်းအိပ်မက်မက်နေသည့်ဆရာဝန်လောင်းအိပ်မက်ကို ဆက်မက်နိုင်သေးသည်။ သို့သော်လည်း ဆရာဝန်လောင်းဦးရေ အကန့်အသတ်ရှိသဖြင့် ဆေးတက္ကသိုလ်တက်ခွင့် အရွေးမခံရလျှင် ပညာရေးတက္ကသိုလ် တက်မည်ဟု မောင်သန်းဝေက ပြောဆိုသည်။

ယင်းသို့တက်ပြီးပါက ပညာရေးနိမ့်ပါးသည့် ကျေးလက်ဒေသများတွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်လိုပြီး အနာဂတ်တွင် ပညာရေးဌာန၏ အကြီးအကဲဖြစ်အောင် ကြိုးပမ်းသွားမည်ဟု ၎င်းကဆိုသည်။

တံငါသည်သားဖြစ်သော်လည်း ဘာသာစုံဂုဏ်ထူးရှင် ဖြစ်လာအောင် ကြိုးစားနိုင်ခဲ့သူ၊ ဆရာဝန်အိပ်မက်ကို လက်တွေ့အကောင်အထည်ရန် ကြိုးပမ်းနေသည့် မောင်သန်းဝေက အနာဂတ်ရည်မှန်းချက်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောဆိုလိုက်သည်။

“ကျေးလက် တိုက်နယ်ဆေးရုံတွေမှာ ဆရာဝန်အဖြစ်နဲ့ နေချင်တယ်။ အဲဒီဒေသက လူတွေက ကျန်းမာရေးမကောင်းရင် မြို့သွားပြီး ဆေးကုဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး” ■

အောင်မြင့်ထွန်း

စာမျက်နှာ ၁၃ | လျှာနှစ်ခွ ကုန်သွယ်ရေးမူဝါဒကြားမှ မူဆယ် မှအဆက် ...

“ဘဏ်ကို ခုတုံးလုပ်ပြီးဘဏ်က Customer တွေရဲ့ ငွေတွေကိုမတရားသိမ်းပိုက်တဲ့ပုံစံမျိုး လုပ်နေတယ်။ နိုင်ငံကြီးမပီသဘူးပေါ့လေ။ အဲလိုမြင်တယ်။ အကုန်သိမ်းကြုံးပြီးလုပ်တော့ တချို့ဆို ဘဝပျက်သလိုကိုဖြစ်နေတယ်” ဟု ယခုဖြစ်ရပ်အပေါ် ခွာညိုသစ်သီးပွဲရုံပိုင်ရှင် စိုင်းခင်မောင်က မှတ်ချက်ပြုသည်။

ကုန်သည်များအဆိုအရ ဇွန်လ ၁၉ ရက်အထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အတွင်းဝန်ကဲ့သို့ မည်သည့်ထိပ်ပိုင်းပုဂ္ဂိုလ်မျှ အဆိုပါကိစ္စအတွက် မူဆယ်သို့ရောက်မလာကြောင်းသိရသည်။

“ဌာနဆိုင်ရာကဘာသံမှ မကြားဘူးကွာ။ သူတို့ကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘူး။ ဒါက G to G အဆင့်လောက်မှရမယ်ထင်တယ်။ တစ်ဖက်နဲ့ ညှိနှိုင်းမှုတွေပြီးမှ အဆင်ပြေမယ်။ သိရသလောက်တော့ ငွေပမာဏကလည်း အရမ်းများတယ်” ဟု မူဆယ်ဆန်ကုန်သည် ဦးစိုင်းကျော်ကဆိုသည်။

သို့သော်လည်း စီး/ကူးမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကမူ တရုတ်သံရုံး၊ တရုတ်စီးပွားရေးကောင်စစ်ဝန်တို့ထံ အဆိုပါကိစ္စအတွက် အကြောင်းကြားထားသည်ဟုဆိုသည်။

ထို့အပြင် ဘဏ်စာရင်းများအမြန်ဆုံးပြန်ဖွင့်ပေးရန် နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းလျက်ရှိပြီး ရွှေလီဒုတိယမြို့တော်ဝန်ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့ဖွဲ့၍ ဘဏ်စာရင်းများကို ပြန်လည်စစ်ဆေးလျက်ရှိကြောင်း ၎င်းက The Voice သို့ ပြောကြားသည်။

မြန်မာတို့ဘာမှမတတ်နိုင်။ ရပ်ကြည့်နေရသည်။ စစ်ဆေးမှုပြီးမှသာ တစ်စုံတစ်ရာ ရလဒ်ထွက်မည့် သဘော။

မဖော်စပ်နိုင်သည့် ဖြေဆေး

မူဆယ်အတွက် ဖြေဆေးကိုလွန်ခဲ့သည့် ဆယ်စုနှစ်ခန့်ကပင် ဝေဒနာခံစားရသည့် ကုန်သည်များက တွေ့ရှိပြီးဖြစ်သည်။ သို့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရ မဖော်စပ်နိုင်သကဲ့သို့ ယနေ့ သမ္မတဦးထင်ကျော်အစိုးရလည်း မစွမ်းနိုင်သေးပါ။ ထို့ကြောင့် အနာရင်း၍ ရောဂါရင့်လာခြင်းဖြစ်သည်။

ဖြေဆေးမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် ဆန်ကို တရုတ်က တရားဝင်ဝယ်ယူရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အစောပိုင်းကလည်း G to G (အစိုးရချင်းချိတ်ဆက်) ဝယ်ယူရန် ညှိနှိုင်းခဲ့သေးသည်။ ယင်းသို့ဝယ်ယူရမည်ဆိုသည့်အခါ ကလေးစားသည့်မုန့်မှစ၍ မြန်မာသို့ ပေါပေါလောလောနှင့် စားသုံးရန်မသင့်သည့် ပစ္စည်းမျိုးစုံကို တင်ပို့လျက်ရှိသည့်တရုတ်သည် AQSIQ အကြောင်းပြောလာသည်။

AQSIQ ဆိုသည်မှာအရည်အသွေးစံချိန်စံညွှန်း စစ်ဆေးခြင်းပင်ဖြစ်သည်။ နိုင်ငံအလိုက် ကုန်သွယ်မှုဖြစ်၍ လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သော်လည်း မြန်မာ့အားနည်းချက်ကို တရုတ်ကသိသည်။ မြန်မာတွင် မျိုးကွဲစပါးများခြင်း၊ ဆန်စက်အရည်အသွေးနိမ့်ကျခြင်း၊ ခေတ်မီနည်းပညာနှင့် အရင်းအနှီးမရှိခြင်းကြောင့် အရည်အသွေးပြည့်ဆန်ကို မထုတ်လုပ်နိုင်။ ဤသို့ထုတ်လုပ်နိုင်လျှင်လည်း တရုတ်သို့တင်မျှမဟုတ် တစ်ကမ္ဘာလုံးသို့ တင်ပို့နိုင်သည်။

အရည်အသွေးစကားပြောလာလျှင် ဆန်စပါးအသင်းချုပ်ဝင် ရန်ကုန်ရှိ ဆန်ကုမ္ပဏီကြီးများက တင်ပို့နိုင်ခြေရှိသော်လည်း မူဆယ်နယ်စပ်ရှိ ဆန်ကုန်သည်အများစု ကမတင်ပို့နိုင်။ ပြီးခဲ့သည့်နှစ်ကမူ အစိုးရချင်းစနစ်ဖြင့် တရုတ်က ဆန်တန်ချိန် တစ်သိန်းဝယ်ယူသည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ဆိုသည်။

မြန်မာသည် တရုတ်အကြောင်းကိုသိသည်ထက် တရုတ်က မြန်မာအကြောင်းကိုပိုသိသည်။ မြန်မာသည် အရပ်စကားပြောလျှင် ဗိုက်နာနေသည့် ဈေးသည်နှင့်တူသည်။ မြန်မာ့ဆန်အရည်အသွေးနှင့်ဆိုလျှင် တရုတ်မဝယ်ချိန်၌ ရောင်းရန်ဈေးကွက်က သိပ်မရှိ။ ယခင်ကမူ အာဖရိကသို့ တင်ပို့ခဲ့သည်။ ယခုမူ ဥရောပသို့ ပို့နိုင်သည်ဆိုသော်လည်း လက်ချိုးရေ၍ရသည့် ကုမ္ပဏီအနည်းငယ်သာ။ ဤအကြောင်းကိုတရုတ်တို့ ကောင်းကောင်းသိသည်။ မြန်မာဘက်မှ ထွက်ရှိသည့် သတင်းစာ၊ ဂျာနယ်များကိုပင် မြန်မာ့အခြေအနေနှင့် ဈေးကွက်အခြေအနေသိရန် တရုတ်လိုဘာသာပြန်၍ရောင်းချခြင်းများရှိသည်ဟု မူဆယ်ကုန်သည်တို့က ပြန်လည်ဖောက်သည်ချသည်။

ဆန်ကုမ္ပဏီကြီးများကမူ WTO စည်းမျဉ်းအရ တရုတ်ကပေးသည့် ဆန်တင်ပို့ရမည့်ခွဲတမ်းရရန် လိုလားကြသည်။ ယင်းသို့ဆိုလျှင် ရရှိသည့်ခွဲတမ်းအတိုင်း သဘောဖြင့် အလုံးအရင်းပို့နိုင်မည်။ မူဆယ်ကုန်သည်များကမူ နယ်စပ်မှသာ တရားဝင်တင်ပို့ခွင့်ရရန် လိုလားကြသည်။ ထိုမှသာ တစ်ပိုင်တစ်နိုင် ဆန်ကုန်သည်များ အကျိုးခံစားရမည်။ သို့မဟုတ်ပါက ဒုံရင်းသာဖြစ်မည်ဟု ဆိုကြသည်။

လက်ရှိ ဘဏ်စာရင်းပိတ်သည့်ကိစ္စတွင်လည်း တရုတ် ABC ဘဏ်တွင်ဖြစ်ပွားခြင်းဖြစ်သည်။ မူဆယ်ဘက်တွင် နိုင်ငံခြားငွေစာရင်းဖွင့်နိုင်သည့် မြန်မာဘဏ်မရှိ။ ဆန်စပါးအသင်းချုပ်က နိုင်ငံခြားငွေစာရင်းဖွင့်နိုင်သည့် ဘဏ်ကို မူဆယ်တွင်တည်ထောင်ရန် တင်ပြဖူးသော်လည်း အစိုးရကခွင့်မပြု။ ထို့ကြောင့် မြန်မာဘဏ်ကရနိုင်သည့် ဝန်ဆောင်ခကို တရုတ်ဘဏ်များက ရရှိလျက်ရှိသည်။ မူဆယ်တွင် မြန်မာဘဏ်သာရှိပါက တရုတ်တို့လည်း ယခုကဲ့သို့ ခပ်လွယ်လွယ်ဖြင့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းကိုပိတ်ရန် မဖြစ်နိုင်ခြေ။

တရုတ်သည် လိုချင်သည်ကိုသာဝယ်သည်။ ကျောက်စိမ်း၊ သစ်နှင့် သဘာဝဓာတ်ငွေ့ဆိုလျှင် တရုတ်ကမငြင်း။ ကျောက်စိမ်းနှင့် သစ်တင်ပို့မှုသည် မြန်မာနိုင်ငံတွင် တရားမဝင်ဖြစ်သည်။ သို့သော် တရုတ်က တရားဝင်ဝယ်ယူခြင်းဖြစ်သည်။ ဆန်တင်ပို့မှုသည် မြန်မာဘက်က တရားဝင်ဖြစ်သော်လည်း တရုတ်က မှောင်ခိုဟု သတ်မှတ်သည်။ ထို့ကြောင့် ဖမ်းသည်။ ဘဏ်စာရင်းပိတ်ပစ်သည်။ ထို့ကြောင့် လျှာနှစ်ခွကုန်သွယ်ရေးမူဝါဒဟု ကင်ပွန်းတပ်ရပေလိမ့်မည်။

မည်သို့ဆိုစေ မြန်မာ့အကြီးဆုံးကုန်သွယ်ရေးဇုန်ဖြစ်သည့် မူဆယ်ကုန်သွယ်ရေးဇုန်သည် ရောဂါရင့်နေသည်မှာ ကြာပြီဖြစ်သည်။ ဈေးကွက်အရ တရုတ်ကို အားကိုးနေရသော်လည်း တရုတ်မဝယ်လျှင် ဖရဲသီးများ လမ်းဘေးပုံနေသည်။ ယူနန်တွင် တရုတ်အာဏာပိုင်များ လမ်းသလားလျှင် မူဆယ်ဆန်ကုန်သည်တို့ ကျောချမ်းကြသည်။ ရုံဖန်ရုံခါ ရွှေလီမြစ်ကလည်းရေကြီး၍ မြေပြုရာကင်းမှောင့်တတ်သေးသည်။ ယခုမူဘဏ်သို့ရောက်ရှိသည့် ငွေများပင် စိတ်မချရတော့။

ဆန်ကုန်သည်များ၏ခန့်မှန်းချက်အရ မူဆယ်ဆန်ဈေးကွက်မှာ လာမည့်သီတင်းတစ်ပတ်ခန့်ကြာသည့်တိုင် အရောင်းအဝယ်ရပ်ဆိုင်းနေဦးမည်ဖြစ်သည်။

ထို့ကြောင့် မူဆယ်အတွက် ဖြေဆေးတစ်ရပ် အလျင်အမြန်ဖော်စပ်ရန် လိုအပ်နေပြီဖြစ်သည်။

ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကမူ ပေါက်ဖော်တို့၏ လျှာနှစ်ခွကုန်သွယ်ရေးမူဝါဒ အကိုက်ခံရသော ဖြေဆေးမတွေ့သည့် မူဆယ်အတွက် စိတ်နာနာနှင့် ယခုလိုဆိုသည်။

“တရုတ်နဲ့ တခြားကုန်သွယ်ဖက်နိုင်ငံတွေ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတွေမှာလည်း သူက မယူဘူးဆိုရင် မှောင်ခို၊ သူကတဖက်လှည့်နဲ့ တံခါးကြီးဖွင့်ပေးပြီး လမ်းမှာဖမ်းရင်ဖမ်းတယ်။ ဒီလိုမဟုတ်လည်း အဲဒီငွေတွေကို ငွေမည်းအဖြစ်လုပ်တယ်ဆိုတော့ ဒါကသိပ်ပြီးနည်းလမ်းမကျဘူး။ မဖြစ်သင့်ဘူး။ ပိတ်ချင်ရင်လည်း အသေပိတ်လိုက်” ■

ရဲနိုင်ဦး

မိုးပျံ့ မြေလျှိုး မြန်မာ့စီးပွား

ဇေယျာသူ

မြန်မာ့စီးပွားရေး လက်ရှိအခြေအနေသည် မည်သည့်ဘက်သို့ ပြောင်းသည်ဖြစ်စေ အပြောင်းအလဲကြီးတစ်ရပ်သို့ တာစူနေသည်။ မပြောင်းလျှင်လည်း မရတော့။ ၂၀၁၇ တွင်မှ မြန်မာ့စီးပွားရေး စမလှုပ်လျှင် နောင်နှစ်များအတွက် နောက်ကျသွားမည်။ ငြိမ်းချမ်းရေးသည် တိုးတက်မှုအချို့ရှိသော်လည်း ညှိကြနှိုင်းကြရဦးမည်ဖြစ်ရာ စီးပွားရေးသည်သာ မျှော်လင့်ချက်ထွက်ပေါက်ဖြစ်သည်။

မြန်မာ့စီးပွားရေးသည် ၂၀၁၆– ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းခဲ့ရာ ကမ္ဘာ့အမြင့်ဆုံးတိုးတက်နှုန်းဖြင့် တိုးတက်မည်ဟု ခန့်မှန်းလိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်က ၈ ဒသမ ၄ ရာခိုင်နှုန်းဟု ထိုနှစ်အတွက် ခန့်မှန်းသည်။ လက်တွေ့တွင် ၆ ဒသမ ၅ရာခိုင်နှုန်းဟု ကမ္ဘာ့ဘဏ်က ပြောင်းလဲခန့်မှန်းသည်။ နောက်သုံးနှစ်အတွက် ခန့်မှန်းချက်သည် ၇ ဒသမ ၁ ရာခိုင်နှုန်းပတ်ဝန်းကျင်သို့ ပြောင်းလဲခန့်မှန်းကြရာ မျှော်မှန်းချက်နိမ့်လာခြင်း။ မြန်မာပြည်ကဲ့သို့ အခြေခံနိမ့်သည့် နိုင်ငံများသည် မြောင်းပိတ်သကဲ့သို့ဖြစ်နေရာ မြောင်းဖွင့်လိုက်လျှင် ရေဒလဟော စီးသွားသကဲ့သို့ ၈၊ ၉ ရာခိုင်နှုန်းလောက်ဖြင့် တိုးတက်သင့်သည်ဟု မြင်သည့် စီးပွားရေးပညာရှင်များလည်း ရှိသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၅- ၂၀၁၆ခုနှစ်က ဒေါ်လာသန်း ၉၄၈၁ ဒသမ ၂၈ ဖြစ်သော်လည်း ၂၀၁၆- ၂၀၁၇ခုနှစ်တွင်မူ ဒေါ်လာသန်း ၆၆၄၉ ဒသမ ၈၁ ဖြစ်သွားသည်။ ၄၀၊ ၅၀ ရာခိုင်နှုန်းလောက် ကျသွားခြင်း။ အစိုးရအဟောင်းအသစ် အပြောင်းအလဲတွင် မသေချာမရေရာခြင်း၊ မူဝါဒစည်းမျဉ်းစည်းကမ်း လုပ်ကိုင်ဆောင်ရွက်ပုံအပြောင်းအလဲတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းသွားသည်ဟု ထင်ရသည်။

စီးပွားရေးလုပ်ငန်းရှင်များ အသိုင်းအဝိုင်းတွင် စိုးရိမ်ပူပန်မှုများ များပြားနေသည်။ ကိန်းဂဏန်းအချက်အလက်များ မည်သို့ပင်ရှိစေ လူတို့၏ စိတ်ပေါ်တွင် စီးပွားရေးသည် များစွာမူတည်နေသည့်အတွက် စီးပွားရေးကျနေသည်ဟူသော စိတ်ကိုဖြေပေးနိုင်ရန်လိုအပ်သည်။ ယင်းသို့ပူပန်စိတ် ရှိနေကြောင်းကို အောက်ပါဥပမာက သက်သေခံသည်။ ၂၀၁၇ တွင် စီးပွားရေး ပျံတက်မည်ဟူသော ဂျက်လေယာဉ်ဥပမာသည် ပွက်လောရိုက်စေခဲ့သည်။ စီးပွားရေးအပေါ် ယုံကြည်မှုအားနည်းနေကြသည့်အတွက် ယခုကဲ့သို့ အသံထွက်ကြခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးတွင် တိုးတက်မှုဖြစ်သည်။ ပြည်နယ်၊ တိုင်းများကို လုပ်ပိုင်ခွင့်ပိုပေးလိုက်ခြင်းသည် ပြည်နယ်နှင့် တိုင်းများနှင့် ပြည်ထောင်စုအစိုးရတို့ အာဏာခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်စနစ်အတိုင်း သွားခြင်းဖြစ်သလို ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်လက်ခံရာတွင် ပိုလက်တွေ့ကျသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည်နယ်တိုင်းအစိုးရများက အကဲခတ် အကဲဖြတ်နိုင်စွမ်းကိုမူ တိုးတက်အောင် ပြည်ထောင်စုအစိုးရက ကူပံ့ရဦးမည်။

စွမ်းအင်ထုတ်လုပ်ရေးပိုင်းတွင် မူဝါဒများ ပြောင်းလဲလာသည်။ မည်သည့်စွမ်းအင်ကို သုံးစွဲမည်နည်း မူဝါဒအငြင်းအခုန်များ အရှိန်မြင့်လာသည်။ မြို့ကြီးများတွင်သာ လျှပ်စစ်မီး အဓိကသုံးစွဲနေသည့်အတွက် မီတာခကို အစိုးရက စိုက်မပေးတော့ဘဲ ဈေးတက်မည်ဟု ပြောလာသည်။ ယင်းသည် လူထုထောက်ခံမှုများသည့် အစိုးရဖြစ်သောကြောင့်သာ ပြောရဲခြင်း။ ယခင်က ထည့်စကားပြောရန်ပင် ခက်သည့် ကျောက်မီးသွေးစွမ်းအင်ကိုပင် လက်ခံစဉ်းစားလာကြသည့်အတွက် စွမ်းအင်အငြင်းအခုံသည် စိတ်ဝင်စားဖွယ်ကောင်းလာသည်။ ထိုအငြင်းအခုံမှ နိုင်ငံအတွက် အကောင်းဆုံးရလဒ်ကို ရယူရန်မှာ အစိုးရ၏အခန်းကဏ္ဍဖြစ်သည်။ လျှပ်စစ်စွမ်းအင်အတွက် မှန်ကန်သော ဈေးနှုန်းချမှတ်နိုင်လျှင် ပြည်သူ့ဘဏ္ဍာမှ လျှပ်စစ်မီတာခအတွက် စိုက်သုံးနေရသော ငွေကြေးများစွာ အခြားအရေးကြီးနယ်ပယ်များသို့ ရွှေ့သုံးနိုင်မည်။ ပြည်သူတစ်ဦးချင်းသည်လည်း ချွေတာသုံးစွဲကြသဖြင့် သားရွှေအိုးထမ်းသည့်ကိန်းဆိုက်မည်။ အနည်းဆုံးအားဖြင့် ထိုပိုထွက်လာသည့်ငွေများကို ဓာတ်ကြိုးဟောင်းများ လဲလှယ်ရာတွင် သုံးနိုင်လျှင်ပင် လျှပ်စစ်ဓာတ်ဆုံးရှုံးမှု များစွာသက်သာမည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေအား၊ လေအား စသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုနည်းနေသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သင့်သည်။

စွမ်းအင်မူဝါဒအရွှေ့သည် စီးပွားရေးအပေါ် များစွာသက်ရောက်မည်။ ကားများ ဆီသန့်သန့်သုံးရလျှင်ပင် ကားပစ္စည်းများ သက်တမ်းမကုန်ခင် လဲရခြင်းကဲ့သို့အသေးအမွှားကိစ္စများတွင်ပင် ကုန်ကျစရိတ်များစွာ သက်သာသွားမည်။ စွမ်းအင်နှင့် ပတ်သက်ဆက်စပ်နေသော ဝန်ကြီးဌာနများသည် တစ်ဌာနနှင့်တစ်ဌာန ညှိနှိုင်းဆောင်ရွက်မှု မြန်ဆန်လျှင် စွမ်းအင်မူဝါဒ မြန်မြန်ရွှေ့မည်။

အစိုးရတက်စတွင် စီးပွားရေးလုပ်ငန်းရှင်များကို နိုင်ငံတော်ခရီးစဉ်များတွင် ခေါ်သွားရန်ပင် ရှိန့်နေခဲ့သည်။ ခရိုနီအန္တရာယ်ကိုကြောက်သောကြောင့်ဟု ယူဆရသည်။ စာရေးသူအမြင်မှာ အလွန်အမင်းကြောက်နေလျှင်လည်း အလုပ်ဖြစ်မည်မဟုတ်။ အခြားနိုင်ငံခေါင်းဆောင်များသည်လည်း နိုင်ငံတော်ခရီးစဉ်များတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို ခေါ်ဆောင်သွားပြီး နှစ်နိုင်ငံစီးပွားရေးတိုးမြင့်အောင် ကြိုးစားကြသည်။ ယခုအခါတွင်မူ ပြန်လည်နီးစပ်လာပြီဟု မြင်ရကြားရသည်။ ကိုယ်ခံအားကောင်းလျှင် နိုင်ငံအကျိုးယုတ်မည်မဟုတ်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများ ကျင့်သုံးတော့မည်မဟုတ်ဟု ကြားရသည်။ နိုင်ငံခြားဘဏ်များဝင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့သွားမည်။ ယခုအခါ နိုင်ငံခြားဘဏ်များသည် ပုံရိပ်မြှင့်တင်ရေး၊ လူသားအရင်းအမြစ်ပျိုးထောင်ရေးတို့တွင် ခြေလှမ်းအမြန်ပြင်နေကြသည်။ ဈေးကွက်စီးပွားရေးတွင် အရင်းသည် အဓိကဖြစ်ရာ မြန်မာ့စီးပွားရေးအတွက် ထိုအရင်းကို မြန်မာလုပ်ငန်းရှင်များသာမက မြန်မာ့မြေပေါ်တွင် လုပ်ကိုင်ကြမည့် စီးပွားရေးလုပ်ငန်းရှင်များပါ ရရှိနိုင်ရေးသည် မြန်မာ့စီးပွားဖွံ့ဖြိုးရေး၏ သော့ချက်ဖြစ်သည်။ နိုင်ငံခြားမှ အရင်းများ ဝင်ရောက်လာရေးအတွက် နိုင်ငံခြားဘဏ်များ၏ အခန်းကဏ္ဍကို သေချာစဉ်းစားသင့်သည်။ ပြည်တွင်းဘဏ်များလည်း မသေအောင်၊ နိုင်ငံခြားဘဏ်များထံမှ ကျွမ်းကျင်မှုနှင့် အရင်းများလည်း ဝင်ရောက်အောင် စဉ်းစားလုပ်ဆောင်သွားမည်ဟု မျှော်လင့်သည်။

ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများ၊ ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများအား နိုင်ငံခြားကုမ္ပဏီများက ကုန်သွယ်ခွင့်ကို လွှန်ခဲ့သောရက်ပိုင်းကမှ ပေးလိုက်သည့်အတွက် ကျန်းမာရေးလောက၊ စိုက်ပျိုးရေးလောက၊ ဆောက်လုပ်ရေးလောကတွင် ကြီးမားသော အပြောင်းအလဲကြီးဖြစ်သည်။ ကျန်းမာရေးလောကသည် စီးပွားရေးကို လက်တွေ့ဖော်ဆောင်မည့် မြန်မာ့လူသားအရင်းအမြစ်၏ ရေခံမြေခံဖြစ်သလို စိုက်ပျိုးရေးလောကသည် မြန်မာသုံးပုံနှစ်ပုံ၏ ဘဝနှင့် ဆက်စပ်နေသည်။

ဆောက်လုပ်ရေးကဏ္ဍသည် စီးပွားရေး ပြန်နိုးထအောင် လှုပ်နှိုးသည့်နယ်ပယ်ဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍ ပြန်ထလာလျှင် အခြားစီးပွားရေးကဏ္ဍများပါ လန့်နိုးလာကြမည့်အတွက် ယင်းနယ်ပယ်ကိုဆိုင်းထားသည့်ကြိုးများကို ဖယ်ရှားပေးသင့်သည်။ လူ့အသက်များစွာနှင့် သက်ဆိုင်နေသည့်အတွက် ဆောက်လုပ်ရေးကဏ္ဍတွင် အရည်အသွေးကို မြှင့်တင်ရမည့်နည်းတူ ထိုနယ်ပယ်တိုးတက်အောင်လည်း မျှခြေယူရမည်ဖြစ်သည်။ ဆောက်လုပ်ရေးပစ္စည်းများ ကုန်သွယ်ခွင့်နိုင်ငံခြားကုမ္ပဏီများကို ပေးခြင်းသည် ထူးခြားသောပြောင်းလဲမှုဖြစ်သည်။

ရန်ကုန်မြို့သည် မြန်မာ့စီးပွားရေး၏ ဗဟိုချက်မဖြစ်သည့်အတွက် ရန်ကုန်မြို့စီးပွားရေးကို မောင်းနှင်ပုံမောင်းနှင်နည်းသည် မြန်မာတစ်နိုင်ငံလုံး စီးပွားရေးပေါ်သက်ရောက်သည်။ ယင်းသည် ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်နိုင်ငံလုံးအဆင့် စီးပွားရေးမူဝါဒချမှတ်သူများနှင့်လည်း ဆိုင်သည်။ ရန်ကုန်မြို့စီးပွားရေးသာမက ရန်ကုန်မြို့၏ အခြေခံအဆောက်အဦများသည်လည်း နိုင်ငံ့စီးပွားရေးပေါ် ရိုက်ခတ်သည်။ ဥပမာ - ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုကိုသာ အဆင့်တစ်ဆင့်သို့ လျှော့ချနိုင်လျှင် မြန်မာ့စီးပွားရေး ယခုထက်အားကောင်းလာမည်။ ရန်ကုန်မြို့သည် ရောမမြို့ကြီး Mega City အဖြစ် ကြီးထွားသထက် ကြီးထွားလာနေရာ မြန်မာ့စီးပွားရေးကို ယခုထက်ပိုတွန်းနိုင်ရေးအတွက် ရန်ကုန်မြို့အတွက် ရေရှည်မျှော်မှန်းချက်ကို စနစ်တကျရေးဆွဲသင့်ပြီဖြစ်သည်။

၂၀၁၇ သည် မြန်မာ့စီးပွားရေးအတွက် အဆုံးအဖြတ်နှစ်ဖြစ်သည်။ မိုးပျံ့မလား၊ မြေလျှိုးမလား။ ■

ဇေယျာသူ

စာမျက်နှာ ၁၆ | မိုးရာသီရဲ့ ညှော်သည်ဆိုး မှအဆက် ...

ဟု ဒေါက်တာတင့်ဝေက ရှင်းပြသည်။

သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ဖုံး၊ သွန်၊ လဲ၊ စစ် ဖြစ်သည်။ ထိုလေးမျိုးကိုသာ ပုံမှန်လုပ်ဆောင်လျှင် သွေးလွန်တုပ်ကွေးကို ကြောက်စရာမလို။

“ဒါက အကောင်းဆုံး ကာကွယ်နည်းပဲ။ ခြင်ဆေးဖျန်းတာတို့၊ ဘာညာတို့ကို အားမပေးဘူး။ ဒါက လွဲမှားတဲ့ အယူအဆ ဖြစ်တယ်။ သွေးလွန်တုပ်ကွေး ကာကွယ်ဖို့ ခြင်ဆေးဖျန်းတယ်ဆိုတာမှားတယ်” ဟု ဒေါက်တာတင့်ဝေက ဆက်လက် ပြောဆိုသည်။

အိမ်တွင်သွေးလွန်တုပ်ကွေး လူမမာဖြစ်လာလျှင်လည်း အခြားသူများသို့ ထပ်မံမကူးစက်ရန်အတွက် လူနာ၏မီတာ ၁၀၀ အကွာအတွင်း ဖုံးသွန်လဲစစ် ပြုလုပ်ခြင်း၊ အေးဒီးစ်ခြင်ကို သေစေသည့် ခြင်ဆေးမှုတ်ခြင်းတို့ကို ပြုလုပ်သင့်ကြောင်း ၎င်းကထပ်လောင်းပြောဆိုသည်။

လက်ရှိအချိန်ထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် ကလေးငယ်များ ရပ်ကွက်အတွင်း မရှိသေးကြောင်း၊ သို့သော်လည်း သတိနှင့်နေထိုင်ရန်လိုအပ်ပြီး ကျန်းမာရေးဟောပြောပွဲများသို့ တက်ရောက်နားထောင်ရန် လိုအပ်ကြောင်း ချမ်းမြသာစည်တောင်စံပြရပ်ကွက်နေ အိမ်ရှင်မတစ်ဦးဖြစ်သည့် ဒေါ်မြမြဝေက ပြောကြားသည်။

သွေးလွန်တုပ်ကွေး၊ သို့မဟုတ် မိုးရာသီ၏ ညှော်သည်ဆိုးကို ဖိတ်ခေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကို အပြီးပြတ်ချေမှုန်းနိုင်သည့် ဆေးမရှိသေးဘဲ ရောဂါကြောင့်ဖြစ်ပွားသည့် လက္ခဏာများကိုသာ ကုသပေးနေခြင်းဖြစ်ပြီး အသုံးပြုသည့် ဓာတုဆေးဝါးများကြောင့်လည်း မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးပညာရှင်တို့က ဆိုသည်။

ယင်းကြောင့် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ပြီး ဖြစ်ပွားလျှင်လည်း အမြန်ဆုံး ကုသမှုခံယူခြင်းသည်သာ အကောင်းဆုံး တွန်းလှန်ခြင်းဖြစ်သည်။

မဖိတ်ခေါ်ဘဲလာသော မိုးရာသီ၏ ညှော်သည်ဆိုးနှင့်ပတ်သက်၍ ဒေါက်တာတင့်ဝေက ယခုကဲ့သို့ တပ်လှန့်ပြောကြားသည်။

“သွေးလွန်တုပ်ကွေးဆိုတာက ကလေးငယ်တွေမှာပဲဖြစ်တတ်တာ မဟုတ်ပါဘူး။ ကျွန်တော့်အတွေ့အကြုံအရ အသက် ၆၀ အရွယ်ထိဖြစ်တာ တွေ့ဖူးတယ်။ လူတစ်ယောက်ရဲ့ဘဝမှာ သွေးလွန်တုပ်ကွေး လေးကြိမ်အထိ ဖြစ်နိုင်ပါတယ်။ မပေါ့သင့်ဘူး” ■

မြတ်(ကလေး)

နောက်ကျောဖုံး | အရှေ့အလယ်ပိုင်းဆိုင်ရာ ရုရှားစွမ်းအင်သံတမန်ရေး မှအဆက် ...

Foreign Affairs

၃၀ အတွင်း ၃၈ ဘီလီယံကုဗမီတာ ပမာဏ ရှိသည့် ခာတ်ငွေ့များထောက်ပံ့ရေး ရုရှားဂတ်ပရွန်ကုမ္ပဏီက ၂၀၁၄ ခုနှစ် မေလတွင် သဘောတူညီခဲ့သလို ရုရှားနိုင်ငံ ငွေချေးရာ ပင်မနိုင်ငံသည် တရုတ်နိုင်ငံ ဖြစ်လာသည်။

သို့သော် ယင်းကာလနောက်ပိုင်းမှ စတင်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေး နှေးကွေးလာခြင်း၊ ရုရှားအတွက် အရှေ့ဖျားဈေးကွက် ရှားပါးနေခြင်းတို့ကြောင့် ဈေးဆစ်ရာတွင် တရုတ်နိုင်ငံ အသာစီးရခြင်းတို့ကြောင့် ရုရှား၏ အရှေ့ပိုင်းခာတ်ငွေ့ မဟာဗျူဟာ တိုးတက်မှု လျော့ပါးလာသည်။ ရလဒ်အားဖြင့် ဆိုဗီယက်ပြည်ထောင်စု၏ ပထဝီနိုင်ငံရေးရာ လွှမ်းမိုးမှု ဒေသဟောင်းဖြစ်သည့် အရှေ့အလယ်ပိုင်း ဒေသထံသို့ ကရင်မလင် ခြေဦးလှည့်ခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား သက်တမ်း ဒုတိယကာလတွင် ဒေသတွင်း အရေး အဓိကပါဝင်လှုပ်ရှားသူအဖြစ်မှ ဆုတ်ခွာမှုသည် အရှေ့အလယ်ပိုင်းအရေးတွင် ကရင်မလင် ပါဝင်လှုပ်ရှားရေး၊ ဒေသတွင်း ရေနံနှင့် သဘာဝခာတ်ငွေ့ဈေးကွက်တွင်းသို့ ရုရှားဝင်ရောက်ရေးကို လမ်းဖွင့်ပေးခဲ့သည်။ ဆီးရီးယားအရေးတွင် ဂ ငယ်ကွေ့ကွေ့ကာ ဝင်ရောက်မစွက်ဖက်ရန် ရွေးချယ်မှု၊ ၂၀၁၆ ခုနှစ် နျူကလီးယား သဘောတူညီချက်ရရှိပြီးနောက်တွင် ဆော်ဒီနှင့် အီရန် ကြားဒေသတွင်း ပါဝါမျှခြေရှိစေရန် သွယ်ဝိုက်လုပ်ဆောင်မှုတို့သည် အမေရိကန်စွန့်ခွာမှု လက္ခဏာများဖြစ်သည်။

စွမ်းအင်သဘောတူညီချက်များ

ရေနံဈေးနှုန်းမြှင့်တင်နိုင်ရေးထုတ်လုပ်မှု ကန့်သတ်ရန် အိုပက် (OPEC) နှင့် အိုပက်မဟုတ်သည့်နိုင်ငံများ ၂၀၁၇ ခုနှစ်မေလတွင် သဘောတူညီလိုက်မှုသည် အိုပက်မဟုတ်သည့် နိုင်ငံများအတွင်း ထုတ်လုပ်မှုအများဆုံးဖြစ်သည့် ရုရှားနိုင်ငံနှင့် အိုပက်အဖွဲ့ဝင်များကြား ရေနံထုတ်လုပ်မှု အကြီးမားဆုံးဖြစ်သည့် ဆော်ဒီအာရေးဗီးယားနိုင်ငံတို့ နီးကပ်လာစေရန် လုပ်ဆောင်ပေးခဲ့သည်။ ၂၀၁၈ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲ မတိုင်ခင် ဘက်ဂျက်ကို ဆက်လက်အသုံးပြုရန် ရုရှားလိုလားခြင်း၊ ယီမင်ရှိ ကုန်ကျစရိတ်များလှသည့် စစ်ပွဲကို ငွေကြေးထောက်ပံ့ရန် ဆော်ဒီလိုလားခြင်း၊ ပြည်တွင်းမတည်ငြိမ်မှုပေါ်မလာစေရန် လူမှုရေးထောက်ပံ့မှုပေးရခြင်း၊ နိုင်ငံတွင်း အရေးကြီးဆုံးကုမ္ပဏီဖြစ်သည့် Saudi Armco ကို ထောက်ပံ့လိုခြင်းတို့ကြောင့် ရုရှားနှင့် ဆော်ဒီနှစ်နိုင်ငံလုံးသည် ရေနံဈေးကို တစ်စည်လျှင် ဒေါ်လာ ၅၀ အထက်တွင်သာ ရှိနေစေချင်သည်။

အိုပက်မဟုတ်သည့် နိုင်ငံများ၏ ရေနံထုတ်လုပ်မှုပမာဏ ထက်ဝက်ဖြစ်သည့် ရေနံစည်ပေါင်း ၃၀၀,၀၀၀ ထုတ်လုပ်မှုနေ့စဉ်လျှော့ချရန် ရုရှားနိုင်ငံက ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ဆုံးဖြတ်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံထုတ်လုပ်မှုအများဆုံး နှစ်နိုင်ငံဖြစ်သည့် ရုရှားနှင့် ဆော်ဒီကြား အထူးသဖြင့် ဆက်ဆံရေးနီးကပ်လာသည်။ ထို့အပြင် ရုရှားနှင့် အိုဝက်ကြား ဆက်ဆံရေးကို တိတိကျကျစည်းမျဉ်းဖြင့် ရှိစေလိုကြောင်း ဆော်ဒီက ဖော်ပြခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် ဆော်ဒီဒုတိယ အိမ်ရှေ့မင်းသား မိုဟာမတ်ဘင် ဆယ်မန်နှင့် စွမ်းအင်ဝန်ကြီး ခါလစ်ခါဖာလစ်တို့ စိန့်ပီတာစဘတ်မြို့သို့ သွားရောက်လည်ပတ်ခဲ့သည်။ ယင်းသို့ သွားရောက်ရာတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ စွမ်းအင်ဝန်ကြီး အလက်ဇန်းဒါးနိုဗတ်တို့နှင့် တွေ့ဆုံပြီး ပူးတွဲရေနံဈေးကွက် မဟာဗျူဟာ အောင်မြင်မှုအတွက် အပြန်အလှန်ဂုဏ်ပြုခြင်း၊ ရေနံလုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းမှုတို့လုပ်ဆောင်ရန် ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

သို့သော် ရုရှားသည် ဆော်ဒီနှင့် မဟာမိတ်မဖွဲ့နိုင်ပေ။ ပြီးခဲ့သည့် ၂နှစ်အတွင်း နိုင်ငံအသီးသီးနှင့် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်များကို ကြည့်ခြင်းဖြင့် အရှေ့အလယ်ပိုင်း ဒေသတွင်းပျံ့နှံ့နိုင်ရေး မော်စကို၏ ကြိုးပမ်းမှုများကို သိနိုင်သည်။ အီရတ်နိုင်ငံ ရှိ အနောက် ကွာနာ ရေနံမြေတွင် ရုရှားကုမ္ပဏီ လူကွိုင်း ၂၀၀၉ ခုနှစ်မှ စတင်ပြီး ရေနံထုတ်လုပ်လျက်ရှိသလို အနီးရှိ အသစ်ရှာဖွေတွေ့ရှိထားသည့် အီရိဒူရေနံမြေတွင် ထုတ်လုပ်မှု စတင်ရန်လည်း ဆွေးနွေးလျက်ရှိသည်။ အီရန်နှင့် ရုရှားနှစ်နိုင်ငံကြား ကမ်းလွန်ရေနံထုတ်လုပ်မှုနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံရေး လူကွိုင်း CEO အလတ်ကီရော့နှင့် အီရန်ရေနံဝန်ကြီး ဘီဂျန်ဇန်ဂျီနက်တို့ မကြာသေးခင်က တွေ့ဆုံခဲ့သေးသည်။ ကာ့ဒစ်စတန်ဒေသတွင်းရှိ စွမ်းအင် လုပ်ကွက်သုံးခုကို ဂတ်ပရွန်၏ လုပ်ငန်းခွဲဖြစ်သည့် ဂက်ပရွန်နက်က လုပ်ကိုင်လျက်ရှိသလို အီရတ်တောင်ပိုင်းရှိ ဘာဒရာ ရေနံမြေတွင်လည်း လုပ်ငန်းလည်ပတ်လျက်ရှိသည်။ အခြားသော ရုရှားရေနံလုပ်ငန်းကြီးဖြစ်သည့် ရော့နက်သည် ကာ့ဒစ်စတန်၊ လစ်ဗျားတို့နှင့် သဘောတူညီချက်များ ရရှိထားပြီး အီဂျစ်နိုင်ငံ၏ ကြီးမားလှသော ကမ်းလွန်ရေနံလုပ်ကွက် ဇိုဒါ ၏ ရှယ်ယာ ၃၀ ရာခိုင်နှုန်းကို ဝယ်ယူထားသည်။ ၎င်း၏ လုပ်ငန်းခွဲဖြစ်သည့် ဘတ်ရက်သည် အီရန်လုပ်ကွက် အမှတ် ၁၂ တွင် စတင်တူးဖော်နေသလို ဆီးရီးယားနိုင်ငံတွင်း၌လည်း ရုရှားရေနံကုမ္ပဏီလေးခု စေ့စပ်ဆွေးနွေးလျက်ရှိသည်။ ဆီးရီးယားနိုင်ငံတွင်း ရေနံတွင်းသစ်များ ရှာဖွေနိုင်ခြေသည် နည်းပါးလျက်ရှိပြီး ယင်းမှာ စီးပွားရေးထက် နိုင်ငံရေးရာ အကြောင်းရင်းကြောင့်ဖြစ်မည်။

အီရန်နိုင်ငံ မြောက်ပိုင်းပါး ရေနံမြေနှင့် ဇာဇတ်ဘီကမ်းလွန် သဘာဝခာတ်ငွေ့တို့တွင် ရင်းနှီးမြှုပ်နှံရေး အာဏာပိုင်များနှင့် ဂတ်ပရွန်ဆွေးနွေးလျက်ရှိသည်။ ဇာဇာတ်ဘီ ကမ်းလွန်သဘာဝခာတ်ငွေ့မှ တစ်ဆင့် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ တင်ပို့နိုင်မည်ဟု ရုရှားက ထုတ်ပြန်ထားသည်။ ယင်းတို့ဖြင့် အဆိုပါနိုင်ငံများနှင့် ဆွေးနွေးရာတွင် အသုံးပြုနိုင်မည့် သံတမန်ရေးကိရိယာတစ်ခု ရုရှားရရှိလာမည်ဖြစ်သည်။ ရေနံနှင့် ကုန်စည် သဘောတူညီချက်ကို ရုရှားနှင့် အီရန်တို့လက်မှတ်ရေးထိုးထားပြီး အီရန်ရေနံစိမ်းစည် တစ်သိန်းကို ရုရှားက နေ့စဉ်ဝယ်ယူမည်ဖြစ်သည်။

သုံးပွင့်ဆိုင် သံတမန်ရေး

များစွာသော နိုင်ငံများအကြား အထူးသဖြင့် အီရန်နှင့် ဆော်ဒီအာရေးဗီးယားကြားတွင် စေ့စပ်သူအဖြစ် ပါဝင်ရေး ရုရှားနိုင်ငံက စွမ်းအင်သံတမန်ရေးနှင့် စွမ်းအင်ကုမ္ပဏီများကို အသုံးပြုလျက်ရှိသည်ကိုအထက်ဖော်ပြပါ လုပ်ဆောင်ချက်အသီးသီးက ပြသလျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်သည် ကြမ်းတမ်းခက်ခဲစွာ စတင်ခဲ့ရခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ဧပြီတွင် ဒိုဟာမြို့တော်တွင် ကျင်းပသည့် အိုပက်အစည်းအဝေးတွင် အီရန်ကို စေ့စပ်ရေးစားပွဲသို့ရောက်အောင် ရုရှားခေါ်ဆောင်နိုင်ခြင်းမရှိခဲ့ဘဲ အရေးနိမ့်ခဲ့သည်။ အဆိုပါ ဖြစ်ရပ်နောက်ပိုင်းမှ စတင်ပြီး နိုင်ငံများကြား ဆက်ဆံရေး မျှခြေတွင် ရှိနေစေရန် ရုရှားနိုင်ငံ ကြိုးပမ်းနိုင်ခဲ့သည်။ ယင်းလုပ်ဆောင်မှုသည် ပြန်လည်သင့်မြတ်မှုကို ဖော်ဆောင်ပေးနိုင်ခြင်းမရှိသော်လည်း ရန်ဘက်များကြား မျှတသည့် ဆက်ဆံရေးရှိနေစေရန် လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ယင်းသို့ဖြင့် နိုင်ငံအားလုံးနှင့် စီးပွားရေးသဘောတူညီချက် ရရှိအောင် ရုရှားနိုင်ငံ လုပ်ဆောင်နိုင်ခဲ့သလို အိုပက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးနိုင်ခဲ့သည်။ ရလဒ်အားဖြင့် နိုင်ငံအသီးသီးနှင့် ယုံကြည်ရသည့် ဆက်ဆံရေးကို ရုရှားနိုင်ငံတည်ဆောက်နိုင်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသတွင်း ရုရှား ရပ်တည်ချက် တိုးမြှင့်နိုင်ခဲ့သည်။

အရှေ့အလယ်ပိုင်း ရုရှားပါဝင်မှု တိုးချဲ့ခြင်းဖြင့် ရလာသည့် အကျိုးအမြတ်သည် နိုင်ငံရေးရာအမြတ်တစ်ခုတည်းပင် မဟုတ်ပေ။ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ရုရှားကို အရေးယူမှုမှ ပေါ်ထွက်လာသည့် အရေးကြီးဆုံးသောရလဒ်သည် ငွေကြေးပိုင်းဆိုင်ရာဖြစ်သည်။ ရုရှားကုမ္ပဏီအချို့အပြည်ပြည်ဆိုင်ရာငွေကြေးဈေးကွက်တွင်း ဝင်ရောက်မှုကို ပိတ်ဆို့လိုက်ခြင်းကြောင့် ကာလတိုချေးငွေများ လုပ်ငန်းလည်ပတ်အောင် လုပ်ဆောင်ရန် အခက်အခဲဖြစ်စေခဲ့သည်။ ယင်းကို တုံ့ပြန်သည့်အနေနှင့် ငွေရရှိရေးအခြားသော နည်းလမ်းများကို ရုရှားနိုင်ငံ ရှာဖွေခဲ့ရသည်။ အသိသာဆုံးသော လမ်းကြောင်းများသည် Glencore, Vitol, Trafigura ကဲ့သို့သော စွမ်းအင်ရောင်းဝယ်ရေး ကုမ္ပဏီများဖြစ်သည်။ ယင်းလုပ်ငန်းများသည် ရေနံများကို ရောင်းချပေးကြပြီး ကုန်သွယ်ရေးလုပ်ငန်းများက ရေနံစိမ်းပေးပို့မှုအတွက် ငွေကို တစ်လုံးတည်းပေးချေကြသည်။

ရေနံဈေးကွက်အတွင်း အရေးပါသဖြင့် အဆိုပါ ကုန်သည်များအားလုံးသည် သဘာဝကျစွာပင် အရှေ့အလယ်ပိုင်းနှင့် ခိုင်မာသည့် ဆက်ဆံရေး ရှိနေပြီးဖြစ်ကာ ရုရှားနိုင်ငံ ပါဝင်ပတ်သက်ရေး လမ်းကြောင်းတစ်ခု ဖွင့်ပေးလိုက်တော့သည်။ ကာခ့်ရေနံစိမ်း (ဈေးကွက်ပေါက်ဈေးထက် နိမ့်နေခြင်းကို အမြတ်ထုတ်ခြင်း) ရောင်းဝယ်မှုတွင် ရုရှားကုမ္ပဏီများ ပါဝင်လျက်ရှိသည်။ ဥပမာအားဖြင့် ရိုကက်လုပ်ငန်းသည် ဥရောပတိုက်တွင်းရှိ ရေနံချက်စက်ရုံများအတွက် ရေနံရရှိရေး ငွေကြိုပေးလျက်ရှိသည်။ ပို၍ အရေးကြီးသည်မှာ ရုရှားကုမ္ပဏီများ ငွေကြေးရင်းမြစ်သစ်ရရှိရေး ရေနံကုန်သည်များကလုပ်ဆောင်ပေးနေမှုဖြစ်သည်။ ■

ကိုးကား -Foreign Affairs

ချမ်းမြေ့

ရုရှားနဲ့ ချီလီတို့က အားပေးသူပရိသတ်တွေအတွက် မိတ်ဆွေကောင်းတွေဖြစ်လာနိုင်ပါတယ်

၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား အုပ်စုပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ရုရှား VS မက္ကဆီကို

ထိပ်တိုက်တွေ့ဆုံမှု

ရုရှားနိုင်	သရေ	မက္ကဆီကိုနိုင်	ပေါင်း
၂	၀	၀	၂

နောက်ဆုံး(၂)ကြိမ်တွေ့ဆုံမှု

မက္ကဆီကို ၁ - ၄ ရုရှား
ရုရှား ၂ - ၀ မက္ကဆီကို

ဂိုးခန့်မှန်း 1-1
အင်တာနက်အကြိုက် ရုရှား
The Voice အကြိုက် ရုရှား

ရုရှား၏နောက်ဆုံး(၃)ပွဲရလဒ်	မက္ကဆီကို၏နောက်ဆုံး(၃)ပွဲရလဒ်
ရုရှား ၀ - ၁ ပေါ်တူဂီ	မက္ကဆီကို ၂ - ၁ နယူးဇီလန်
ရုရှား ၂ - ၀ နယူးဇီလန်	ပေါ်တူဂီ ၂ - ၂ မက္ကဆီကို
ရုရှား ၁ - ၁ ချီလီ	မက္ကဆီကို ၁ - ၁ အမေရိကန်

မက္ကဆီကိုက နှစ်ပွဲကစားပြီးချိန်မှာ ရမှတ်လေးမှတ် ရယူထားနိုင်ပြီဖြစ်လို့ ဒီပွဲမှာ သရေရလဒ် ရယူနိုင်ရုံနဲ့တင် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ကို ရရှိနိုင်မှာပါ။ အိမ်ရှင်ဖြစ်နေတဲ့ ရုရှားကတော့ အနိုင်ရလဒ်ကိုဦးတည်ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်သွားပါလိမ့်မယ်။ သရေဟာ အမျှတဆုံးသော အဖြေပါပဲ။ ရုရှားကို ရွေးပါ။

ပေါ်တူဂီ VS နယူးဇီလန်

ထိပ်တိုက်တွေ့ဆုံမှု

(မရှိပါ)

နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု

(မရှိပါ)

ဂိုးခန့်မှန်း 2-0
အင်တာနက်အကြိုက် ပေါ်တူဂီ
The Voice အကြိုက် နယူးဇီလန်

ပေါ်တူဂီ၏နောက်ဆုံး(၃)ပွဲရလဒ်	နယူးဇီလန်၏နောက်ဆုံး(၃)ပွဲရလဒ်
ရုရှား ၀ - ၁ ပေါ်တူဂီ	မက္ကဆီကို ၂ - ၁ နယူးဇီလန်
ပေါ်တူဂီ ၂ - ၂ မက္ကဆီကို	ရုရှား ၂ - ၀ နယူးဇီလန်
လတ်ဗီးယား ၀ - ၃ ပေါ်တူဂီ	ဘီလာရုစ် ၁ - ၀ နယူးဇီလန်

ပေါ်တူဂီဟာ နယူးဇီလန်ကို အနိုင်ကစားပြီး အုပ်စုဗိုလ်အဖြစ်နဲ့ နောက်တစ်ဆင့်တက်ခွင့်ရနိုင်အောင်ကြိုးပမ်းသွားပါလိမ့်မယ်။ နယူးဇီလန်ဟာ ပေါ်တူဂီရဲ့တိုက်စစ်ကိုခံစစ်သက်သက်နဲ့ပဲ တုံ့ပြန်သွားရမှာပါ။ ဒါပေမဲ့ ပေါ်တူဂီရဲ့အနိုင်က သုံးဂိုးမပြတ်လောက်ဘူးလို့ယူဆမိပါတယ်။ နယူးဇီလန်ကိုအားပေးလိုက်ပါ။

ချီလီ VS သြစတြေးလျ

ထိပ်တိုက်တွေ့ဆုံမှု

ချီလီနိုင်	သရေ	သြစတြေးလျနိုင်	ပေါင်း
၄	၁	၀	၅

နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု

ချီလီ ၃ - ၁ သြစတြေးလျ
ချီလီ ၂ - ၁ သြစတြေးလျ
သြစတြေးလျ ၀ - ၁ ချီလီ

ဂိုးခန့်မှန်း 1-1
အင်တာနက်အကြိုက် ချီလီ
The Voice အကြိုက် သြစတြေးလျ

ကင်မရွန်း၏နောက်ဆုံး(၃)ပွဲရလဒ်	သြစတြေးလျ၏နောက်ဆုံး(၃)ပွဲရလဒ်
ချီလီ ၂ - ၀ ကင်မရွန်း	သြစတြေးလျ ၂ - ၃ ဂျာမနီ
ရုရှား ၁ - ၁ ချီလီ	သြစတြေးလျ ၃ - ၂ ဆော်ဒီအာရေဗျ
ချီလီ ၃ - ၀ ဘာကီနာဖာဆို	သြစတြေးလျ ၂ - ၀ ယူအေအီး

အသင်းနှစ်သင်းအကြားမှာ ကွာဟချက်ကြီးမားလွန်းလှပါတယ်။ သြစတြေးလျက အာရှအဆင့်မှာတောင် ဂျပန်နဲ့ တောင်ကိုရီးယားတို့လို ပြိုင်ဘက်တွေကိုပြတ်ပြတ်သားသား အသာရရှိခြင်း မရှိတော့ပါဘူး။ ဂိုးပြတ်မရှုံးခဲ့ရင် သြစတြေးလျအတွက် ကျေနပ်စရာကောင်းလွန်းနေပါပြီ။ ချီလီနဲ့ စွန့်စားလိုက်ပါရစေ။

ဂျာမနီ VS ကင်မရွန်း

ထိပ်တိုက်တွေ့ဆုံမှု

ဂျာမနီနိုင်	သရေ	ကင်မရွန်းနိုင်	ပေါင်း
၂	၁	၀	၃

နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု

ဂျာမနီ ၂ - ၂ ကင်မရွန်း
ဂျာမနီ ၃ - ၀ ကင်မရွန်း
ကင်မရွန်း ၀ - ၂ ဂျာမနီ

ဂိုးခန့်မှန်း 2-1
အင်တာနက်အကြိုက် ဂျာမနီ
The Voice အကြိုက် ကင်မရွန်း

ဂျာမနီ၏နောက်ဆုံး(၃)ပွဲရလဒ်	ကင်မရွန်း၏နောက်ဆုံး(၃)ပွဲရလဒ်
သြစတြေးလျ ၂ - ၃ ဂျာမနီ	ချီလီ ၂ - ၀ ကင်မရွန်း
ဂျာမနီ ၇ - ၀ ဆန်မာရီနို	ကင်မရွန်း ၀ - ၄ ကိုလံဘီယာ
ဒိန်းမတ် ၁ - ၁ ဂျာမနီ	ကင်မရွန်း ၁ - ၀ မော်ရိုကို

ဂျာမနီဟာ တိုက်စစ်လုပ်အားနှုန်း မဆိုးလှပေမယ့် ခံစစ်ကတော့ အမှားများလွန်းပါတယ်။ ကင်မရွန်းသာ မာမာ ထန်ထန်နဲ့ တုံ့ပြန်ကစားလာခဲ့ရင် ဂျာမနီ အကျပ်ရိုက်သွားမှာပါ။ ဂျာမနီအနိုင်ခဲ့ရင်တောင် နှစ်ဂိုး အကွာပြတ်သားမှုမျိုး ပုံဖော်နိုင်ဖို့ကတော့ ခက်ပါလိမ့်မယ်။ ကင်မရွန်းနဲ့လက်တွဲလိုက်တာက အမှန် ကန်ဆုံးဖြစ်မှာပါ။

၂၀၁၇-၁၈ ပရီးမီးယားလိဂ် ပွဲစဉ်ဇယား (ပထမအကျော့ပွဲစဉ်များ)

ပရီးမီးယားလိဂ် ပွဲစဉ်(၁) (၁၂/၁၃-၈-၂၀၁၇)

အာဆင်နယ် - လက်စတာ
ဘရိုက်တန် - မန်စီးတီး
ချယ်လ်ဆီး - ဘန်လေ
ခရစ္စတယ်ပဲလေ့စ် - ဟတ်ဒါးစဖီးလ်
အဲဗာတန် - စတုတ်စီးတီး
မန်ယူ - ဝက်စ်ဟမ်း
နယူးကာဆယ် - စပါး
ဆောက်သမ်တန် - ဆွမ်ဆီး
ဝက်ဖို့ဒ် - လီဗာပူး
ဝက်စ်ဘရွန်း - ဘုန်းမောက်

ပရီးမီးယားလိဂ် ပွဲစဉ်(၂) (၁၉/ ၂၀-၈- ၂၀၁၇)

ဘုန်းမောက် - ဝက်ဖို့ဒ်
ဘန်လေ - ဝက်စ်ဘရွန်း
ဟတ်ဒါးစဖီးလ် - နယူးကာဆယ်
လက်စတာ - ဘရိုက်တန်
လီဗာပူး - ခရစ္စတယ်ပဲလေ့စ်
မန်စီးတီး - အဲဗာတန်
ဆောက်သမ်တန် - ဝက်စ်ဟမ်း
စတုတ်စီးတီး - အာဆင်နယ်
ဆွမ်ဆီး - မန်ယူ
စပါး - ချယ်လ်ဆီး

ပရီးမီးယားလိဂ် ပွဲစဉ်(၃) (၂၆/ ၂၇-၈- ၂၀၁၇)

ဘုန်းမောက် - မန်စီးတီး
ချယ်လ်ဆီး - အဲဗာတန်
ခရစ္စတယ်ပဲလေ့စ် - ဆွမ်ဆီး
ဟတ်ဒါးစဖီးလ် - ဆောက်သမ်တန်
လီဗာပူး - အာဆင်နယ်
မန်ယူ - လက်စတာ
နယူးကာဆယ် - ဝက်စ်ဟမ်း
စပါး - ဘန်လေ
ဝက်ဖို့ဒ် - ဘရိုက်တန်
ဝက်စ်ဘရွန်း - စတုတ်စီးတီး

ပရီးမီးယားလိဂ် ပွဲစဉ်(၄) (၉/၁၀-၉-၂၀၁၇)

အာဆင်နယ် - ဘုန်းမောက်
ဘရိုက်တန် - ဝက်စ်ဘရွန်း
ဘန်လေ - ခရစ္စတယ်ပဲလေ့စ်
အဲဗာတန် - စပါး
လက်စတာ - ချယ်လ်ဆီး
မန်စီးတီး - လီဗာပူး
ဆောက်သမ်တန် - ဝက်ဖို့ဒ်
စတုတ်စီးတီး - မန်ယူ
ဆွမ်ဆီး - နယူးကာဆယ်
ဝက်စ်ဟမ်း - ဟတ်ဒါးစဖီးလ်

ပရီးမီးယားလိဂ် ပွဲစဉ်(၅) (၁၆/၁၇-၉-၂၀၁၇)

ဘုန်းမောက် - ဘရိုက်တန်
ချယ်လ်ဆီး - အာဆင်နယ်
ခရစ္စတယ်ပဲလေ့စ် - ဆောက်သမ်တန်
ဟတ်ဒါးစဖီးလ် - လက်စတာ
လီဗာပူး - ဘန်လေ
မန်ယူ - အဲဗာတန်
နယူးကာဆယ် - စတုတ်စီးတီး
စပါး - ဆွမ်ဆီး
ဝက်ဖို့ဒ် - မန်စီးတီး
ဝက်စ်ဘရွန်း - ဝက်စ်ဟမ်း

ပရီးမီးယားလိဂ် ပွဲစဉ်(၆) (၂၃/ ၂၄-၉- ၂၀၁၇)

အာဆင်နယ် - ဝက်စ်ဘရွန်း
ဘရိုက်တန် - နယူးကာဆယ်
ဘန်လေ - ဟတ်ဒါးစဖီးလ်
အဲဗာတန် - ဘုန်းမောက်
လက်စတာ - လီဗာပူး
မန်စီးတီး - ခရစ္စတယ်ပဲလေ့စ်
ဆောက်သမ်တန် - မန်ယူ
စတုတ်စီးတီး - ချယ်လ်ဆီး
ဆွမ်ဆီး - ဝက်ဖို့ဒ်
ဝက်စ်ဟမ်း - စပါး

ပရီးမီးယားလိဂ် ပွဲစဉ်(၇) (၃၀/၁-၉။၁၀-၂၀၁၇)

အာဆင်နယ် - ဘရိုက်တန်
ဘုန်းမောက် - လက်စတာ
ချယ်လ်ဆီး - မန်စီးတီး
အဲဗာတန် - ဘန်လေ
ဟတ်ဒါးစဖီးလ် - စပါး
မန်ယူ - ခရစ္စတယ်ပဲလေ့စ်
နယူးကာဆယ် - လီဗာပူး
စတုတ်စီးတီး - ဆောက်သမ်တန်
ဝက်စ်ဘရွန်း - ဝက်ဖို့ဒ်
ဝက်စ်ဟမ်း - ဆွမ်ဆီး

ပရီးမီးယားလိဂ် ပွဲစဉ်(၈) (၁၄/၁၅-၁၀- ၂၀၁၇)

ဘရိုက်တန် - အဲဗာတန်
ဘန်လေ - ဝက်စ်ဟမ်း
ခရစ္စတယ်ပဲလေ့စ် - ချယ်လ်ဆီး
လက်စတာ - ဝက်စ်ဘရွန်း
လီဗာပူး - မန်ယူ
မန်စီးတီး - စတုတ်စီးတီး
ဆောက်သမ်တန် - နယူးကာဆယ်
ဆွမ်ဆီး - ဟတ်ဒါးစဖီးလ်
စပါး - ဘုန်းမောက်
ဝက်ဖို့ဒ် - အာဆင်နယ်

ပရီးမီးယားလိဂ် ပွဲစဉ်(၉) (၂၁/ ၂၂-၁၀- ၂၀၁၇)

ချယ်လ်ဆီး - ဝက်ဖို့ဒ်
အဲဗာတန် - အာဆင်နယ်
ဟတ်ဒါးစဖီးလ် - မန်ယူ
မန်စီးတီး - ဘန်လေ
နယူးကာဆယ် - ခရစ္စတယ်ပဲလေ့စ်
ဆောက်သမ်တန် - ဝက်စ်ဘရွန်း
စတုတ်စီးတီး - ဘုန်းမောက်
ဆွမ်ဆီး - လက်စတာ
စပါး - လီဗာပူး
ဝက်စ်ဟမ်း - ဘရိုက်တန်

ပရီးမီးယားလိဂ် ပွဲစဉ်(၁၀) (၂၈/ ၂၉-၁၀- ၂၀၁၇)

အာဆင်နယ် - ဆွမ်ဆီး
ဘုန်းမောက် - ချယ်လ်ဆီး
ဘရိုက်တန် - ဆောက်သမ်တန်
ဘန်လေ - နယူးကာဆယ်
ခရစ္စတယ်ပဲလေ့စ် - ဝက်စ်ဟမ်း
လက်စတာ - အဲဗာတန်
လီဗာပူး - ဟတ်ဒါးစဖီးလ်
မန်ယူ - စပါး
ဝက်ဖို့ဒ် - စတုတ်စီးတီး
ဝက်စ်ဘရွန်း - မန်စီးတီး

ပရီးမီးယားလိဂ် ပွဲစဉ်(၁၁) (၄။၅-၁၁- ၂၀၁၇)

ချယ်လ်ဆီး - မန်ယူ
အဲဗာတန် - ဝက်ဖို့ဒ်
ဟတ်ဒါးစဖီးလ် - ဝက်စ်ဘရွန်း
မန်စီးတီး - အာဆင်နယ်
နယူးကာဆယ် - ဘုန်းမောက်
ဆောက်သမ်တန် - ဘန်လေ
စတုတ်စီးတီး - လက်စတာ
ဆွမ်ဆီး - ဘရိုက်တန်
စပါး - ခရစ္စတယ်ပဲလေ့စ်
ဝက်စ်ဟမ်း - လီဗာပူး

ပရီးမီးယားလိဂ် ပွဲစဉ်(၁၂) (၁၈/၁၉-၁၁- ၂၀၁၇)

အာဆင်နယ် - စပါး
ဘုန်းမောက် - ဟတ်ဒါးစဖီးလ်
ဘရိုက်တန် - စတုတ်စီးတီး
ဘန်လေ - ဆွမ်ဆီး
ခရစ္စတယ်ပဲလေ့စ် - အဲဗာတန်
လက်စတာ - မန်စီးတီး
လီဗာပူး - ဆောက်သမ်တန်
မန်ယူ - နယူးကာဆယ်
ဝက်ဖို့ဒ် - ဝက်စ်ဟမ်း
ဝက်စ်ဘရွန်း - ချယ်လ်ဆီး

ပရီးမီးယားလိဂ် ပွဲစဉ်(၁၃) (၂၅/ ၂၆-၁၁- ၂၀၁၇)

ဘန်လေ - အာဆင်နယ်
ခရစ္စတယ်ပဲလေ့စ် - စတုတ်စီးတီး
ဟတ်ဒါးစဖီးလ် - မန်စီးတီး
လီဗာပူး - ချယ်လ်ဆီး
မန်ယူ - ဘရိုက်တန်
နယူးကာဆယ် - ဝက်ဖို့ဒ်
ဆောက်သမ်တန် - အဲဗာတန်
ဆွမ်ဆီး - ဘုန်းမောက်
စပါး - ဝက်စ်ဘရွန်း
ဝက်စ်ဟမ်း - လက်စတာ

အခွန်ပြဿနာအရိပ်ဆိုးကြောင့် စပိန်ဘောလုံး

လောကရဲ့ပုံရိပ်ကောင်းတွေ ပျောက်ဆုံးသွားလေတော့မလား

ဥရောပဘောလုံးလောကရဲ့ထိပ်တန်းအမှတ်ပေး လိဂ်ပြိုင်ပွဲကြီးတွေကိုတန်းစီလိုက်ရင်စပိန်လာလီဂါက ထိပ်ဆုံး နေရာမှာရှိလို့နေပါတယ်။ ကွင်းဝင်ပရိသတ်အရ ဘွန်ဒက်စ်လီဂါ၊ ရုပ်သံကြည့်ပရိသတ်အရ ပရီးမီးယားလိဂ်တို့ကိုမယှဉ်နိုင်ပေမယ့်လာလီဂါရဲ့ပုံရိပ်ဟာ ကျဆင်းသွားခြင်းလုံးဝမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ထိပ်သီးကစားသမားတွေ ဖြတ်သန်းကျင်လည်ရာ နယ်ပယ်ဒေသက လာလီဂါဖြစ်နေလို့ပါပဲ။ ကစားသမားတစ်ယောက်ဟာ ထိပ်တန်းအဆင့်ကို တက်လှမ်းရောက်ရှိလာပြီဆိုရင် သူ့ရဲ့စိတ်ကူးအိပ်မက်က ရီးရဲလ်မက်ဒရစ် ဒါမှမဟုတ် ဘာစီလိုနာကို ကိုယ်စားပြုခွင့်ရနိုင်ရေးဆိုတာမျိုးတွေ ဖြစ်လာတတ်ပါတယ်။ အခုဆိုရင်လည်း ဘတ်ပီ၊ ဘယ်လာရင်၊ အော်ဘာမီယန်နဲ့ ကော်တင်ညိုတို့လိုကစားသမားတွေက ရီးရဲလ်မက်ဒရစ်နဲ့ဘာစီလိုနာတို့ဆီ ပြောင်းရွှေ့ခွင့်ရနိုင်ဖို့စိတ်အားထက်သန်နေကြပါပြီ။ ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ဆီကို ထိပ်တန်းကစားသမားတွေ ဘာကြောင့်ပြောင်းရွှေ့ချင်သလဲ။ အဖြေက ရှင်းပါတယ်။ ဥရောပအဆင့် အောင်မြင်မှုတွေကို ရယူပိုင်ဆိုင်လိုတာကြောင့်ပါပဲ။ မော်ဒန်ခေတ်ဘောလုံးပရိသတ်တွေ ကိုယ်တိုင်ကလည်း ကစားသမားတစ်ယောက်ဟာ ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်ခွင့်ရချင်ရင် ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာ နှစ်သင်းအနက် တစ်သင်းဆီကိုပြောင်းမှဖြစ်လိမ့်မယ်လို့ယေဘုယျသဘော ယူဆလက်ခံထားကြပါတယ်။ ဒါဟာ လာလီဂါရဲ့ပုံ ရိပ်ကို ဥရောပဘောလုံးလောကအလယ်မှာ ဝင့်ထည်စေတဲ့ပုံရိပ်တစ်ခုဆိုရင်လည်း မမှားပါဘူး။

အခုအချိန်မှာတော့ လာလီဂါပြိုင်ပွဲဟာ တစ္ဆေတစ်ကောင်ရဲ့ ခြောက်လှန့်ခြင်းကို ခံနေရပါပြီ။ အဲ့ဒီတစ္ဆေကတော့ အခွန်ပြဿနာပါပဲ။ မီးခိုးကြွက်လျှောက်ထွက်ပေါ်လာခဲ့တဲ့ အခွန်ပြဿနာဂယက်ဟာ မီးခိုးမဆုံး မိုးမဆုံးဖြစ်လာလေတော့စပိန်ကလပ်အသင်းတွေခမျာ သူတို့ဆီကို ထိပ်တန်းကစားသမားတွေ ရောက်မလာမှာကိုတောင် စိုးရိမ်ပူပန်နေကြပါပြီ။ စပိန်အစိုးရရှေ့နေတွေက လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်ကတည်းက အခွန်ပြဿနာကိုအစဆွဲထုတ်နေခဲ့တာပါ။ ဘာစီလိုနာတိုက်စစ်မှူးတွေဖြစ်ကြတဲ့ မက်ဆီနဲ့ နေမာတို့ကို တရားစွဲဆိုလိုက်နိုင်အပြီးမှာ စပိန်အစိုးရရှေ့နေတွေဘက်က ပိုပြီးလုပ်ရဲကိုင်ရဲဖြစ်လာတဲ့အရိပ်အယောင်တွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီနှစ်မှာ ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူးစီရော်နယ်ဒိုနဲ့ ထိပ်တိုက်တွေ့မယ့်အခြေအနေတစ်ရပ်ကို သူ တို့ဘက်က ဖန်တီးလိုက်တာဖြစ်ပါတယ်။ စပိန်အစိုးရရှေ့နေတွေဟာ ကစားသမားတွေကိုပုံရိပ်အသုံးပြုခမှုပိုင်ခွင့် အတွက် ရရှိတဲ့ဝင်ငွေအပေါ် အခွန်ဆောင်ဖို့ ပျက်ကွက်ခဲ့တယ်လို့ စွပ်စွဲပြီး အမှုစွဲဆိုခဲ့တာပါ။ အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်ဆိုရင်လည်း ဘာစီလိုနာဆီမှာ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်က အခွန်ကြွေးကျန်ရှိခဲ့တယ်လို့စွပ်စွဲခံခဲ့ရတဲ့အတွက် ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင် လုပ်လိုက်ရပါသေးတယ်။ ဆန်းချက်ဇ်ဟာ စပိန်အစိုးရရှေ့နေတွေ၊ စပိန်အခွန်ဦးစီးဌာနတာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး စွပ်စွဲခြင်းခံထားရတဲ့ အခွန်ကြွေးကျန်ကို အကျေအလည် ပေးသွင်းလိုက်တာပါ။ ဒါကြောင့်လည်း သူ့အမှုက တရားရုံးအဆင့်အထိ ရောက်မသွားခဲ့ပါဘူး။

ဘာစီလိုနာအသင်းရဲ့နောက်ခံကစားသမား မာရှေယာနို ဆိုရင်လည်း အခွန်တိမ်းရှောင်သူအဖြစ် အမှုစွဲဆိုခြင်းခံခဲ့ရဖူးပါတယ်။ အမှုဖြစ်စဉ်မှာ မာရှေယာနိုဘက်က ဖြောင့်ချက် ပေးဝန်ခံလိုက်တဲ့အတွက် အဆုံးသတ်မှာ အခွန်ကြွေး ကျန်အားလုံး ပြန်လည်ပေးဆောင်လိုက်ရတဲ့ အပြင် ထောင်ဒဏ်ပါ ချမှတ်ခံလိုက်ရတာပါ။ ဒါပေမဲ့ စပိန်ဥပဒေအရ ၂နှစ်နဲ့အောက်ထောင်ဒဏ်ကိုအကျဉ်းထောင်ပြင်ပမှာ ခြေချုပ်နဲ့နေထိုင်ပြီး ဖြတ်သန်းခွင့်ရှိတဲ့အတွက် မာရှေယာနိုက ဘောလုံးဆက်ကစားခွင့်ရရှိနေတာပဲဖြစ်ပါတယ်။ မက်ဆီနဲ့ သူ့အဖေတို့ရဲ့အမှုတွဲကိုလည်း ဘာစီလိုနာတရားရုံးက ထောင်ဒဏ် ၂၁ လနဲ့ အခွန်ကြွေးကျန်ပေးသွင်းဖို့ပြစ်ဒဏ်နှစ်ရပ်ပူးတွဲချမှတ်ပြီးပါပြီ၊ ဒီအမှုကိုအယူခံတင်တော့မက်ဆီရဲ့ထောင်ဒဏ်က လျော့ကျသွားခဲ့ပေမယ့်သူ့အဖေရဲ့ထောင်ဒဏ်နဲ့အခွန်ကြွေးကျန်ပေးသွင်းရဖို့တွေက ပယ်ဖျက်ပေးခြင်း မခံခဲ့ရပါဘူး။ မက်ဆီကတော့ သူတို့ဘက်က မဟုတ်မမှန်တာ ဘာတစ်ခုမှ လုပ်မထားတဲ့အတွက် အဆင့်ဆင့် အယူခံတင်ပြီး ရေဆုံးမြေဆုံး တိုက်ပွဲဝင်သွားမယ်လို့ ပြောကြားထားပါတယ်။ မက်ဆီဟာ အခွန်ပြဿနာအတွက် အမှုရင်ဆိုင်ရချိန်မှာ စိတ်ဓာတ်တွေကျဆင်းပြီး ဘာစီလိုနာကိုစွန့်ခွာဖို့အထိတောင် စဉ်းစားတာမျိုးတွေဖြစ်ခဲ့ဖူးပါတယ်။ သူ့ဆရာဟောင်း ဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်နေတဲ့ မန်စီးတီးဆီကို ပြောင်းရွှေ့ကစားဖို့အထိ မက်ဆီက စိတ်ကူးပစ်ခဲ့တာပါ။ နေမာဆိုရင်လည်း အခွန်တိမ်းရှောင်မှုနဲ့ စွပ်စွဲခံထားရလို့ အခုအချိန်ထိ တရားရုံးတက်နေရဆဲပဲ ဖြစ်ပါတယ်။

ဒီဘက်ရက်တွေထဲမှာ စပိန်အစိုးရရှေ့နေတွေနဲ့စပိန်အခွန်ဦးစီးဌာနတို့ခပ်စိတ်စိတ်ဆိုသလို ထုတ်ဖော်လိုက်တာ က စီရော်နယ်ဒို၊ မော်ရင်ညိုနဲ့ ဒီမာရီယာတို့ရဲ့ အခွန်တိမ်းရှောင်မှုတွေပါပဲ။ ဒီမာရီယာအမှုကတော့ အပြီးသတ်စီရင် ချက်ချမှတ်လိုက်တဲ့အမှုဖြစ်ပါတယ်။ ဒီမာရီယာဟာ အခွန်တိမ်းရှောင်ခဲ့မှုအတွက် ဒဏ်ကြေးပေါင် ၁ ဒသမ ၇၆ သန်း ပေးဆောင်ရမှာဖြစ်ပြီး ထောင်ဒဏ်က တစ်နှစ်ကျခံရမှာပါ။ ဒါပေမဲ့ ၂ နှစ်နဲ့အောက် ထောင်ဒဏ်အမျိုးအစားဖြစ်နေလို့ ဒီမာရီယာက ထောင်ထဲသွားပြီး အကျဉ်းကျခံစရာတော့ မလိုပါဘူး။ မော်ရင်ညိုကိုတော့ စပိန်အစိုးရရှေ့ နေတွေက ပုံရိပ်အသုံးပြုခမှုပိုင်ခွင့်အတွက်ရရှိတဲ့ဝင်ငွေအပေါ် ပေါင်နှစ်သန်းကျော် အခွန်ထမ်းဖို့ ပျက်ကွက်ခဲ့တယ်လို့ စွပ်စွဲထားပါတယ်။ ဒီပြဿနာအပေါ် မော်ရင်ညိုဘက်က ဘာတစ်ခုမှမှတ်ချက်ပေးပြောကြားတာမျိုးတော့ မရှိသေးပါဘူး။ အခုအချိန်မှာ စပိန်ဘောလုံးလောကကို ရိုက်ခတ်မှုကြီးမားနေတာက စီရော်နယ်ဒိုရဲ့ပြဿနာပါပဲ။ စပိန်အစိုးရရှေ့နေတွေနဲ့ စီရော်နယ်ဒိုအကြားမှာ သဘောထားတင်းမာမှုတွေရှိနေလို့ လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီနဲ့ ရီးရဲလ်မက်ဒရစ် တာဝန်ရှိသူတွေက ကြားဝင်ရမယ့်သဘောမျိုးတောင် ရှိလို့နေပါတယ်။ စပိန်အစိုးရရှေ့နေတွေက စီရော်နယ်ဒိုဟာ ပေါင် ၁၃ သန်း အခွန်တိမ်းရှောင်ထားတယ်လို့ စွပ်စွဲထားပြီး စီရော်နယ်ဒိုကလည်း သူ့ဘက်က ဘာတစ်ခုမှအမှားလုပ်ထားတာ မရှိဘူးလို့အခိုင်အမာငြင်းဆိုထားပါတယ်။ စပိန်အစိုးရရှေ့နေတွေဟာ သူ့ကို အခွန်နောက်တစ်ကျော့ပေးဆောင်ဖို့ အတင်းအကျပ်ဖိအားပေးနေတယ်လို့ခံစားရကြောင်း စီရော်နယ်ဒိုကပြောကြားထားသေးတာပါ။ တစ်ဖက်ကကြည့်မယ်ဆိုရင်ဒါဟာစီရော်နယ်ဒိုအတွက် ဂုဏ်သိက္ခာထိုးနှက်တိုက်ခိုက်ခံရတဲ့သဘောမျိုးလည်းဖြစ်လို့နေပါတယ်။

စပိန်အစိုးရရှေ့နေတွေဟာ စီရော်နယ်ဒိုကို တော်ရုံနဲ့အလျှော့ပေးဖို့ မရှိတာ အသေအချာပါပဲ။ ဒါကြောင့်လည်း လာမယ့် ဇူလိုင်လ ၃၁ ရက်နေ့ကိုရောက်ရင် သူတို့ဆီကိုလာရောက်ပြီး စစ်ဆေးမှုခံယူရမယ်လို့ ဆင့်ခေါ်စာထုတ်ပြီး စပိန်အစိုးရရှေ့နေတွေက ရှေ့ကိုခြေတစ်လှမ်း ထပ်တိုးထားတာပါ။ စီရော်နယ်ဒိုရဲ့သဘောထားကတော့ ရှင်းပါတယ်။ သူ့ကို အမှုစွဲဆိုတာမျိုး လုပ်လာခဲ့ရင် စပိန်မြေကို စွန့်ခွာဖို့ သူ့ရဲ့အေးဂျင့်ဖြစ်သူ ဂျော့ချ်မန်ဒက်စ်နဲ့ တိုင်ပင်လိုက်တော့မှာပါ။ ရီးရဲလ်မက်ဒရစ် တာဝန်ရှိသူတွေနဲ့လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီဟာ အဲဒီလိုအခြေအနေတွေကြောင့်ပဲ ကြားဝင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ လက်ရှိမှာ သူတို့အတွက် ငွေတွင်းသဘောမျိုး ဖြစ်နေတယ်ဆိုရင်လည်း မမှားပါဘူး။ စီရော်နယ်ဒိုသာ လာလီဂါပြိုင်ပွဲကိုကျောခိုင်းသွားခဲ့ရင် ရုပ်သံကြည့်ပရိသတ်အရေအတွက်ရော ပြိုင်ပွဲပုံရိပ်ပါကျဆင်းသွားတဲ့ဒဏ်ကို လာလီဂါက မလွဲမသွေ ခံစားရမယ်ဆိုတာ ပြိုင်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူတွေက သဘောပေါက်ပြီးသားပါ။ လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂျာဗီးယားတီဘတ်စ်ဆိုရင် ဒီကိစ္စမှာ စီရော်နယ်ဒိုဘက်က ထောက်ခံသွားဖို့ရှိတယ်လို့ သူ့သဘောထားကို အတိအလင်း ပြောထားပြီးပါပြီ။ စပိန်အစိုးရရှေ့နေတွေနဲ့ စပိန်အခွန်ဦးစီးဌာနတို့ဟာ သူတို့လုပ်ရပ်ကြောင့်ပြိုင်ပွဲအပေါ်ဘယ်လောက်အထိကြီးမားတဲ့သက်ရောက်မှုမျိုးဖြစ်လာမယ်ဆိုတာ ထည့်မတွက်ဘဲ မဆင်မခြင်လုပ်နေကြတာဖြစ်တယ်လို့ကို တီဘတ်စ်က ပြောကြားထားတာပါ။

စီရော်နယ်ဒိုရဲ့အကျိုးဆောင်ကိုယ်စားလှယ် Gestifute ကလည်း စပိန်အစိုးရရှေ့နေတွေနဲ့ စပိန်ဦးစီးဌာနတို့ကို ဥပဒေကြောင်းအရတုံ့ပြန်သွားဖို့ပြင်ဆင်နေပါတယ်။ စပိန်နိုင်ငံမှာ လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းအားလုံးအတွက် စီရော်နယ်ဒိုဟာ အခွန်ဆောင်ပြီးသားဖြစ်လို့ ဒီကိစ္စမှာ သူတို့ဘက်က လုံးဝမမှားဘူးလို့ကို Gerstifute က အခိုင်အမာ အသိပေးထားတာပါ။ ပြည်ပနိုင်ငံတွေဆီကိုသွားရောက်လုပ်ကိုင်ခဲ့တဲ့စီးပွားရေးလုပ်ငန်းတွေအတွက် ပေးဆောင်ရမယ့်အခွန်ကတော့ စပိန်အစိုးရနဲ့ မသက်ဆိုင်ဘူးလို့လည်း Gestifute က တုံ့ပြန်ပြောကြားထားပါသေးတယ်။ ရီးရဲလ်မက်ဒရစ်တာဝန်ရှိသူရဲ့သဘောကတော့ဒီကိစ္စကိုတတ်နိုင်သလောက်အမြန်ဆုံးနည်းနဲ့ပြီးပြတ်သွားစေချင်ပုံပါပဲ။ လိုအပ်လာခဲ့ရင် စပိန်အစိုးရရှေ့နေတွေနဲ့ စပိန်အခွန်ဦးစီးဌာနတို့က တောင်းဆိုနေတဲ့ အခွန်ငွေပေါင် ၁၃ သန်းကို သူတို့က ကြားဝင်ပေးဆောင်လိုက်ဖို့အထိ ရီးရဲလ်မက်ဒရစ်တာဝန်ရှိသူတွေက စဉ်းစားထားပါတယ်။ စီရော်နယ်ဒိုရဲ့အခွန်ငွေပြဿနာကိစ္စထွက်ပေါ်လာချိန်မှာ ပွဲလန့်တုန်း ဖျာခင်းဖို့ ချိန်သားကိုက် ကြိုးပမ်းလာတာက မန်ယူနဲ့ ပီအက်စ်ဂျီပါပဲ။

မန်ယူနဲ့ပီအက်စ်ဂျီတို့ဟာ စီရော်နယ်ဒိုကိုရနိုင်မယ်ဆိုရင်ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၁၈၀ ဝန်းကျင်လောက် သုံးစွဲသွားဖို့ အသင့်ရှိတယ်လို့လေသံတွေပစ်နေကြပါတယ်။ ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်က စီရော်နယ်ဒိုကို လိုချင်တဲ့ဘယ်အသင်းမဆို ကစားသမားဖြစ်သူရဲ့စာချုပ်ဖျက်သိမ်းခတန်ကြေး ပေါင်သန်း ၈၈၀ ကို ပေးချေဖို့လိုလိမ့်မယ် အသိပေးထားပေမယ့်တကယ်တမ်း တိုက်တိုက်ဆိုင်ဆိုင် ရောင်းထုတ်မယ်ဆိုရင် အဲ့ဒီပြောင်းရွှေ့ကြေးမျိုးကို ဘယ်အသင်းကမှပေးချေဖို့ မရှိပါဘူး။ စီရော်နယ်ဒိုက လက်ရှိမှာ အသက် ၃၂ နှစ် ရှိနေပါပြီ။ သူ့ကို ပေါင်သန်း ၂၀၀ ဝန်းကျင် ပြောင်းရွှေ့ကြေးမျိုး ပေးချေဝယ်ယူဖို့ဆိုတာက စွန့်စားလွန်းရာ ရောက်မနေဘူးလားလို့မေးခွန်းထုတ်မှုတွေလည်း ရှိနေပါတယ်။ စီရော်နယ်ဒိုက ဈေးကွက်ထဲမှာ ထိပ်တန်းအဆင့် ပုံရိပ်တစ်ခုကို တည်ထောင်ထားတဲ့ကစားသမားပါ။ အနိမ့်ဆုံးအဖြစ် သူ့အတွက်သုံးလိုက်ရတဲ့ငွေဟာ သူ့ဆီကနေ ပြန်ရဖို့အ ရမ်းလွယ်နေပါတယ်။ အနိမ့်ဆုံးအဖြစ် အပြောင်းအရွှေ့ဖြစ်တယ်ဆိုတာနဲ့တင် သူ့ကိုခေါ်ယူလိုက်နိုင်တဲ့အသင်းက ဂျာစီအကျႌရောင်းချရာကနေ ဝင်ငွေသန်းပေါင်းများစွာကို စတင်ပိုင်ဆိုင်ခွင့်ရရှိမှာပါ။ အသင်းနဲ့စပွန်ဆာစာချုပ် ချုပ်ဆိုထားတဲ့ စီးပွားရေးလုပ်ငန်းတွေကလည်း သူတို့ရဲ့ဈေးကွက်မြှင့်တင်ရေးအစီအစဉ်တွေမှာ စီရော်နယ်ဒိုပါဝင်စေချင်တယ်ဆိုရင် စပွန်ဆာကြေးကို မလွဲမသွေ တိုးမြှင့်ပေးရမှာပဲဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ အခုအချိန်ထိ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို လက်မလွှတ်ချင်တာက အဲ့ဒီလိုအကြောင်းအချက်တွေကြောင့်ပါပဲ။ စပိန်သတင်းမီဒီယာတွေရဲ့အဆိုအရ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ပတ်သက်ပြီး ရီးရဲလ်မက်ဒရစ် အကျိုးခံစားခွင့်ရနေတဲ့ စပွန်ဆာဝင်ငွေဟာ တစ်သင်းလုံးကို လစာပေးချေဖို့ လုံလောက်တယ်လို့ သိကြရပါတယ်။ ■

ယခုသီတင်းပတ်အတွင်း ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ	
၂၆-၆-၂၀၁၇(စနေနေ့)	
၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား အုပ်စုပွဲစဉ်များ	
ည ၉း၃၀ နာရီ	မက္ကဆီကို - ရုရှား
ည ၉း၃၀ နာရီ	နယူးဇီလန် - ပေါ်တူဂီ
၂၅-၆-၂၀၁၇(တနင်္ဂနွေနေ့)	
ယူ-၂၁ ဥရောပဖလား အုပ်စုပွဲစဉ်များ	
နံနက် ၁း၁၅ နာရီ	အီတလီ - ဂျာမနီ
နံနက် ၁း၁၅ နာရီ	ချက် - ဒိန်းမတ်
၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား အုပ်စုပွဲစဉ်များ	
ည ၉း၃၀ နာရီ	ဂျာမနီ - ကင်မရွန်း
ည ၉း၃၀ နာရီ	ချီလီ - ဩစတြေးလျ
၂၇-၆-၂၀၁၇(အင်္ဂါနေ့)	
ချန်ပီယံလိဂ် ပထမအဆင့်ခြေစစ်ပွဲများ	
ည ၉း၃၀ နာရီ	အေလတ်ချ်ကတ်(အာမေးနီးယား) - ဆန်တာကိုလိုမာ(အန်ဒိုရာ)
ည ၁၁း၃၀ နာရီ	ပါလိုအာ(မော်လ်တာ) - အင်ဖိုနက်(အက်စ်တိုးနီးယား)
၂၈-၆-၂၀၁၇(ဗုဒ္ဓဟူးနေ့)	
ချန်ပီယံလိဂ် ပထမအဆင့်ခြေစစ်ပွဲများ	
နံနက် ၀၀း၃၀ နာရီ	လင်းဖီးလ်(မြောက်အိုင်ယာလန်) - လာဖီအိုရိတာ(ဆန်မာရီနို)
နံနက် ၀၀း၃၀ နာရီ	နယူးစိန့်(ဝေလ) - ယူရိုပါအက်ဖ်စီ(ဂျီဘရော်လ်တာ)
၂၉-၆-၂၀၁၇(ကြာသပတေးနေ့)	
၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်	
နံနက် ၀၀း၃၀ နာရီ	အုပ်စု(က)ပထမ - အုပ်စု(ခ)ဒုတိယ
၃၀-၆-၂၀၁၇(သောကြာနေ့)	
၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား ဆီမီးဖိုင်နယ်	
နံနက် ၀၀း၃၀ နာရီ	အုပ်စု(ခ)ပထမ - အုပ်စု(က)ဒုတိယ

The VOICE Weekly

Vol. 13 / No. 21, Monday, June 26 - July 2, 2017

FOREIGN AFFAIRS

အရှေ့အလယ်ပိုင်းဆိုင်ရာ ရုရှားစွမ်းအင်သံတမန်ရေး

ချမ်းမြေ့

ဒေသတွင်း အခြေခိုင်လာအောင် ရုရှား မည်ကဲ့သို့ဆောင်ရွက်ခဲ့သနည်း။

Foreign Affairs

ယူကရိန်း ပဋိပက္ခအလွန် ၂၀၁၄ ခုနှစ်မတ်လတွင် ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့ရန် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂတို့ကြိုးပမ်းရာတွင် ရုရှားပထဝီနိုင်ငံရေးရာ လွှမ်းမိုးမှု၏ အဓိကလက်တံဖြစ်သည့်စွမ်းအင်နယ်ပယ်ကိုလည်း အရေးယူပိတ်ဆို့ရန် ကြိုးပမ်းခဲ့ကြသည်။ အရေးယူမှုတွင် ရုရှားစွမ်းအင်စီမံကိန်း ငွေကြေးထောက်ပံ့ရေး သဘောတူညီချက်များကိုရှုပ်ထွေးစေခြင်း၊ ရုရှားချေးငွေနှင့်ပတ်သက်သည့်အန္တရာယ် တိုးမြင့်လာစေခြင်းတို့ပါဝင်သည်။ ယင်းကို တန်ပြန်သည့်အနေနှင့် စွမ်းအင်-ငွေကြေး ချန်နယ်သစ်များ၊ ပို့ကုန်ဈေးကွက်သစ်များကို ကရင်မလင်ရှာဖွေခဲ့သည်။ ဦးစွာ အာရှဒေသတွင်း အလျင်အမြန် တိုးတက်လျက်ရှိသည့်စွမ်းအင်အသုံးပြုနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံဆီသို့ဦးတည်ခဲ့သည်။ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းကိုနှစ်ပေါင်း

စာမျက်နှာ ၄၀ သို့